၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI

MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၂၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့ ၊ ကြာသပတေး၊ (ဩဂုတ် ၂ ၊ ၂၀၁၂)


# ရခိုင်ပြည်နယ် ပဋိပက္ခများတွင် အိုင်အင်န်ဂျီအိုဝန်ထမ်းကိုးဦး ပါဝင်ပတ်သက်ခဲ့

## အသိုင်းအဝိုင်းအချို့က ဘာသာရေးပြဿနာအဖြစ် နိုင်ငံရေးနှင့် နိုင်ငံတကာကိစ္စရပ်အသွင် ဖြစ်ပေါ်စေရန်ကြိုးပမ်းမှုကို မြန်မာနိုင်ငံက လုံးဝပယ်ချ

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၃၀**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစိုးရကတရားဝင်သတင်းထုတ်ပြန်လိုက်ပြီဖြစ်ရာ ပဋိပက္ခများ၌ အိုင်အင်န်ဂျီအိုသုံးခုမှ ဝန်ထမ်းကိုးဦးပါဝင်ပတ်သက်မှုရှိခဲ့ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ပြောကြားသည်။

ယခုနှစ် ဇွန်လကဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင်ပါဝင်ပတ်သက်ခဲ့သော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း(INGO) သုံးခုမှ ဝန်ထမ်း ၁၀ ဦးအား ဖမ်းဆီးစစ်ဆေးခဲ့ရာတစ်ဦးမှာအပြစ်မရှိသည့်အတွက်ဇူလိုင် ၃ ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။ ဖမ်းဆီး၍ ရုံးတင်တရားစွဲခံနေရသောဝန်ထမ်းကိုးဦးမှာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့နှစ်ခုဖြစ်သော UNHCR မှ ငါးဦး၊ WFP မှ တစ်ဦးဖြစ်ပြီး AZG မှလည်း သုံးဦး ပါဝင်သည်။


**စာ(၁၂)သို့**




**ရခိုင်ပြည်နယ်သို့ စုံစမ်းလေ့လာရေးမသွားမီ သတင်းထောက်များနှင့်တွေ့ရသော မစ္စတာကင်တားနား**

ဓာတ်ပုံ-AFP

# The Voice နှင့် Envoy ဂျာနယ်တို့အား ထုတ်ဝေခွင့် ယာယီရပ်ဆိုင်း

**ရန်ကုန်၊ဇူလိုင်-၃၁**

The Voice နှင့် Envoy သတင်းဂျာနယ်တို့အား စည်းကမ်း သတ်မှတ်ချက်များ မလိုက်နာသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ထုတ်ဝေခွင့် ယာယီရပ်ဆိုင်းလိုက်သည်။

ပြီးခဲ့သည့်စနေနေ့ထုတ် The Voice Weekly ဂျာနယ် မျက်နှာဖုံးအပါအဝင်သတင်း ၈ ပုဒ်ကို စာပေစိစစ်ရေး မတင်ခဲ့ခြင်းအပါအဝင်၊


**အချပ်ပို(D)သို့**


## မွေးဖွားနှုန်းများသော ဘင်္ဂါလီများကို အိမ်ထောင်ပြုခြင်း၊ သားသမီးယူခြင်းများတွင် ဥပဒေဖြင့် ကန့်သတ်ရန်မရှိ

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၃၀**

ရခိုင်ပြည်နယ်ရှိ လူဦးရေမွေးဖွားနှုန်းများသော ဘင်္ဂါလီလူမျိုးများ၏ အိမ်ထောင်ပြုခြင်း၊ သားသမီးယူခြင်းများတွင် ဥပဒေဖြင့် ကန့်သတ်ရန်မရှိသော်လည်း


**အချပ်ပို(D)သို့**


## ထိုင်းနိုင်ငံတောင်ပိုင်းတွင် တစ်ရက်တည်း သေနတ်ပစ်မှုနှစ်ကြိမ်ဖြစ်ပွားကာ မြန်မာအလုပ်သမားသုံးဦး သေဆုံး

**အေးမြကျော်**

**ရန်ကုန်၊ ဇူလိုင် - ၂၈**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၂၅ ရက် တစ်ရက်တည်း နေရာနှစ်ခု၌ မြန်မာအလုပ်သမားများကို သေနတ်ဖြင့် ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း


**စာ(၁၂)သို့**


# ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်တွင် သားကြီးဖြစ်သူနှင့် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံဖွယ်ရှိ

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဇူလိုင်-၃၀**

ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလအတွင်း သွားရောက်မည့်အမေရိကန်ခရီးစဉ်တွင် နှစ်ပေါင်း ၁၀ နှစ်ကျော်ကြာ ဝေးကွာနေသော သားကြီးဖြစ်သူနှင့်ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံရန်ရှိကြောင်း သတင်းရရှိသည်။


**စာ(၃)သို့**


**သားကြီး၊ သားငယ်တို့နှင့်အတူ တွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်**



# ပူတာအိုတွင် ဆန်တစ်ပြည် ကျပ်သုံးထောင်ခန့် ဖြစ်နေ

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ပူတာအိုခရိုင်တွင် မိုးရွာသွန်းမှုနှင့် နယ်မြေမအေးချမ်းမှုများကြောင့် ဆန်ရှားပါးပြတ်လပ်မှုဖြစ်ပေါ်နေပြီး ဆန်ဈေးများနှင့် ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်နေသည်ဟု ပူတာအိုမြို့ခံများ၏ ပြောကြားချက်အရသိရသည်။


**စာ(၁၂)သို့**





7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ရေနံသဘာဝလုပ်ကွက်များတွင် ပြည်ပရင်းနှီးမြှုပ်နှံလိုသူများကို ဈေးပြိုင်စနစ်ဖြင့်သာ ခေါ်ယူတော့မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင် - ၂၅**

ကမ်းလွန်ရေနံသဘာဝလုပ်ကွက်များတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံလိုသူများ များလာသဖြင့် တိုက်ရိုက်အဆိုပြု ခွင့်ပြုသည့်ပုံစံမှ ဈေးပြိုင်စနစ်ဖြင့် ရင်းနှီးမြှုပ်နှံမှု ခေါ်ယူသည့်ပုံစံသို့ပြောင်းလဲကျင့်သုံး သွားမည်ဖြစ်ကြောင်း စွမ်းအင်စီမံရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၂၈ကွက်လစ်လပ်နေရာမှ ၂၃ကွက်ကို ပြည်ပမှရင်းနှီးမြှုပ်နှံရန် ဈေးပြိုင်စနစ်ဖြင့် ပထမဆုံးအကြိမ်ဖိတ်ခေါ်မည်ဖြစ်ပြီး ယင်းကမ်းလွန်လုပ်ကွက်များသည် ရခိုင်၊ မုတ္တမနှင့် တနင်္သာရီဒေသရှိ ကမ်းလွန်လုပ်ကွက်များဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"အရင်ကတော့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံတဲ့စနစ်နဲ့ခေါ်ပေမယ့် လာလုပ်မယ့်သူက စီးပွားရေးပိတ်ဆို့မှုကြောင့်နည်းတယ်။ အခုကအရမ်းများလာတယ်။ အဲဒါကြောင့် ဈေးပြိုင်စနစ်နဲ့ခေါ်ပြီး ပေးနိုင်တဲ့သူ ပေးလုပ်တဲ့စနစ်နဲ့သွားမယ်။ အဲဒါ စက်တင်ဘာလကုန်မှခေါ်မှာပါ။ အခုမဟုတ်သေးဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။



ရခိုင်ပြည်နယ်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းခွင်

စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် ပြည်ပနိုင်ငံများ စိတ်ပါဝင်စားမှု များလာသောကြောင့် ကမ်းလွန်လုပ်ကွက်နည်းတူ ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်ကို ယခုနှစ်ဆန်းပိုင်းတွင် နိုင်ငံတကာဈေးပြိုင်တင်ဒါစနစ်ဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသည့်နိုင်ငံများကို ဖိတ်ခေါ်ခဲ့သည်။ ယင်းလုပ်ကွက်များကို နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီ ၃၇ ခုက အဆိုပြုတင်ပြကြသည့်အနက် ကုန်းပိုင်းလုပ်ကွက် ၁၀ ကွက်ကို ကုမ္ပဏီရှစ်ခုအား လုပ်ပိုင်ခွင့်ပေးခဲ့သည်။

လက်ရှိတွင် သဘာဝဓာတ်ငွေ့စီမံကိန်းနှစ်ခုဖြစ်သော ရတနာနှင့်ရဲတံခွန်စီမံကိန်းကိုထိုင်း၊မလေးရှား၊ ပြင်သစ်၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံနေကြပြီး မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းတစ်ခုချင်းဆီမှ နှစ်စဉ် ကန်ဒေါ်လာနှစ်ဘီလီယံနှင့်သုံးဘီလီယံကြား ရရှိသည်။ ဓာတ်ငွေ့သိုက်တွေ့ရှိပြီးစီမံကိန်းနှစ်ခုမှာ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇော်တိကသဘာဝဓာတ်ငွေ့စီမံကိန်းတို့ဖြစ်သည်။

# မြို့နယ်အုပ်ချုပ်ရေးမှူးများကို လက်ထောက်ညွှန်မှူးအဆင့် တိုးမြှင့်မည်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇူလိုင်- ၂၆**

သက်ဆိုင်ရာမြို့နယ်အတွင်းရှိဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်ရာတွင် အဆင်ပြေနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများအား ဦးစီးအရာရှိအဆင့်မှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့တိုးမြှင့်သတ်မှတ်နိုင်ရန်အတွက်စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးတင်သိန်းက ပြောသည်။

"လက်ရှိမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသူတွေထဲမှာ သတ်မှတ်လုပ်သက်ရှိသူတွေကိုလက်ထောက်ညွှန်ကြားရေးမှူးရာထူးတိုးပေးဖို့ သင်တန်းပေးနေပြီ။ မြို့နယ်အုပ်ချုပ်ရေးမှူးကသူ့မြို့နယ်အတွင်းမှာကျန်တဲ့ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရတာဖြစ်တဲ့အတွက် ရာထူးကြီးဖို့လိုပါတယ်။ အဲဒါကြောင့်အဆင့်တိုးမြှင့်သတ်မှတ်ဖို့စီစဉ်တာပါ"ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးများကို အဆင့်တိုးမြှင့်သတ်မှတ်ရန်အတွက် ဦးစီးအရာရှိ လုပ်သက် ၇ နှစ်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူးများအား သင်တန်းပေးနေပြီဖြစ်ကြောင်း သင်တန်းမှာ ၂ လခန့် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဝန်ကြီး၏အမိန့်အရ အသုတ်လိုက်ခွဲဝေတာဝန်ချထားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

လက်ရှိတွင် တာဝန်ထမ်းဆောင်နေသော မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ဦးစီးအရာရှိအဆင့်ဖြစ်သဖြင့် အဆင့်တိုးမြှင့်လိုက်ပါက သတ်မှတ်လုပ်သက်မပြည့်မီသေးသော အုပ်ချုပ်ရေးမှူးများသည် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း အဆင့်တိုးမြှင့်မှုများကို တစ်နိုင်ငံလုံးရှိမြို့နယ်များတွင် တာဝန်ပေးမည်ဖြစ်ပြီး ယခင်တာဝန်ကျသည့် မြို့နယ်များကို ပြန်လည်ချထားမည်မဟုတ်ကြောင်း ညွှန်ကြားရေးမှူးက ပြောသည်။

**စာ(၂၅)သို့**



7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်တွင် သားကြီးဖြစ်သူနှင့် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံဖွယ်ရှိ မှ



**ပညာရပ်ဆိုင်ရာ လူမှုဝက်ဘ်ဆိုက်တစ်ခုတွင် ရှားရှားပါးပါးတွေ့ရသည့် မစ္စတာအလက်ဇန္ဒား၏ အမှတ်တရပုံ**

ဓာတ်ပုံ-meetup.com

မြန်မာနာမည် ကိုမြင့်ဆန်းအောင်ဟုခေါ်သော မစ္စတာ အလက်ဇန္ဒားအဲရစ်သည် အမေရိကန်ပြည်ထောင်စု၊ဝါရှင်တန်ပြည်နယ်ရှိ စီရက်တဲလ်မြို့တွင် နေထိုင်လျက်ရှိပြီး လေယာဉ်စီးရန် အဆင်မပြေသည့်ဝေဒနာရှိသည့်အတွက် မိခင်ဖြစ်သူထံလာရောက်တွေ့ဆုံနိုင်ခြင်းမရှိခဲ့ဘဲဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့သော အင်္ဂလန်ခရီးစဉ်အတွင်း မိသားစုပြန်လည် တွေ့ဆုံမှုတွင်လည်း သားကြီးအလက်ဇန္ဒား တက်ရောက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ သားနှစ်ဦးအနက် သားငယ်ဖြစ်သူ မြန်မာအမည် ကိုထိန်လင်းဟုပေးထားသည့် မစ္စတာကင်မ်အဲရစ်ကမူ အင်္ဂလန်နိုင်ငံတွင်နေထိုင်လျက်ရှိပြီး မိခင်နေအိမ်အကျယ်ချုပ်လွတ်မြောက်ပြီးနောက် မိခင်ဖြစ်သူထံနှစ်ကြိမ်လာရောက်လည်ပတ်ခဲ့သလို ဇွန်လအတွင်း ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်များတွင်လည်း မိခင်ဖြစ်သူနှင့် အတူခရီးစဉ်တစ်လျှောက်တွေ့ဆုံခွင့်ရခဲ့သည်။

“သားအကြီးနဲ့ တယ်လီဖုန်းကနေ စကားမကြာခဏပြောဖြစ်ပါတယ်။ ဟိုမှာလည်း မိသားစုမရှိပါဘူး။ တစ်ယောက်တည်းနေတာပါ” ဟု မိသားစုနှင့် နီးစပ်သူတစ်ဦးကပြောသည်။

အသက် ၃၉ နှစ်ရှိပြီ ဖြစ်သောသားကြီး အလက်ဇန္ဒားသည် ဖခင်သေဆုံးပြီးနောက် ၁၉၉၉ ခုနှစ်အတွင်းက မိခင်နှင့်နောက်ဆုံးအကြိမ်တွေ့ဆုံခွင့်ရခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံတွင်နေထိုင်စဉ်ကာလများအတွင်း သားနှစ်ဦးနှင့်ငါးကြိမ်ခန့်သာတွေ့ဆုံခွင့်ရရှိခဲ့သည်။

မစ္စတာအလက်ဇန္ဒားက ၁၉၉၁ ခုနှစ်က နိုဗယ်ငြိမ်းချမ်းရေးဆုပေးပွဲအခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား တက်ရောက်ကာအမှတ်တရစကားပြောခဲ့သည်။

၎င်းက ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်၊ ပို့တ်လန်ရှိဗုဒ္ဓဘာသာတရားကျင့်ကြံသူများအသိုင်းအဝိုင်းတွင် ရှေးတရုတ်ရိုးရာတရားအားထုတ်မှုကုထုံး ကုထုံးတစ်မျိုးကို လေ့လာလိုက်စားနေသူဖြစ်သည်ဟု နိုင်ငံတကာဆောင်းပါးတစ်ပုဒ်တွင်ဖော်ပြထားသည်။

၎င်းက အနေအထိုင်အေးဆေးသူတစ်ဦးဖြစ်ပြီး သိုသိုသိပ်သိပ်နေတတ်သူတစ်ဦးဖြစ်၍ အမေရိကန်ပြည်ထောင်စုရှိ မြန်မာအသိုင်းအဝိုင်းနှင့်လည်း ထိစပ်မှုမရှိကြောင်း အမေရိကန်ပြည်ထောင်စုရောက် မြန်မာနိုင်ငံသားတစ်ဦးက ပြောသည်။

သူမခရီးစဉ်အသေးစိတ်နှင့်ပတ်သက်ပြီး အတိအကျထုတ်ဖော်ပြောကြားခြင်း မရှိသေးဘဲ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်အတွင်းအမေရိကန်သမ္မတမစ္စတာ အိုဘားမားနှင့် တွေ့ဆုံရန်ရှိ၊ မရှိကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ဒေါ်အောင်ဆန်းစုကြည်သည် အိမ်ထောင်မပြုမီ ၁၉၇၀ အစောပိုင်းနှစ်များက နယူးယောက်မြို့တွင် နှစ်အနည်းငယ်ကြာ နေထိုင်ခဲ့ပြီး ကုလသမဂ္ဂဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည် လာမည့်နှစ်တွင် ဂျပန်သွားမည်

**သီဟ**

**ရန်ကုန်၊ ဇူလိုင် - ၂၉**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် လာမည့်နှစ်တွင် ဂျပန်နိုင်ငံသို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဒေါ်အောင်ဆန်းစုကြည်က ဂျပန်ချစ်ကြည်ရေးသံတမန် မစ္စတာယိုဟေးဆာဆာကာဝါနှင့် နေပြည်တော်၌ တွေ့ဆုံစဉ် သူမ၏ ခရီးစဉ်ကို ပြောကြားသွားခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ၏ ရာသီဥတုသာယာလှပချိန် ချယ်ရီပန်းများပွင့်သည့် မတ်လကုန်ခန့်တွင် သွားရောက်လည်ပတ်ရန် ရည်ရွယ်ထားသည်ဟု သူမကပြောကြားကြောင်း ဆာဆာကာဝါအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။ ယင်းမှာ သူမ၏ ပထမဦးဆုံး ဂျပန်နိုင်ငံခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလက ဂျပန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့လာရောက်စဉ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှလွတ်မြောက်ပြီးနောက် ထိုင်းနိုင်ငံသို့ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် သွားရောက်ခဲ့ကာ ဥရောပနိုင်ငံများသို့လည်း ပြည်ပခရီးအဖြစ် ဒုတိယအကြိမ် ဆက်လက်သွားရောက်ခဲ့သည်။

ထို့အပြင် လာမည့်စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံသို့လည်း သွားရောက်ရန်ရှိသည်ဟု သိရသည်။ ထို့ကြောင့် ဂျပန်ခရီးစဉ်သည် ဒေါ်အောင်ဆန်းစုကြည်၏ စတုတ္ထမြောက် ပြည်ပခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

Source: AP

## စင်ကာပူတွင် အိမ်ဖော်လုပ်သည့်မြန်မာအမျိုးသမီးများ အသက်လိမ်၍ နိုင်ငံကူးလက်မှတ်လုပ်နေဟုဆို

**နိုင်ချို**

**ရန်ကုန်၊ ဇူလိုင် - ၃၀**

စင်ကာပူနိုင်ငံတွင် အိမ်အကူအဖြစ်လုပ်ကိုင်နေကြသောမြန်မာအမျိုးသမီးအများစုမှာ အသက်လိမ်လည်၍ နိုင်ငံကူးလက်မှတ်ပြုလုပ်နေကြကြောင်း ဇူလိုင် ၂၃ရက်(တနင်္လာ) နေ့ထုတ် The Straits Times သတင်းစာတွင် ရေးသားဖော်ပြထားသည်။

“အစိုးရအနေနဲ့ အိမ်အကူလုပ်ခွင့် လုံးဝခွင့်မပြုပါဘူး။ သူတို့တွေ ဘယ်လိုပုံစံနဲ့ သွားလဲ။ ဘယ်လိုလိမ်လည်လဲဆိုတာ စုံစမ်းစစ်ဆေးသွားမှာပါ” ဟု အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်က ဆိုသည်။

အိမ်အကူမြန်မာ အမျိုးသမီးအများစုမှာ ဆယ်ကျော်သက် အရွယ်များဖြစ်ပြီး အသက် ၁၆ နှစ်အောက်များဖြစ်ကြသည်။ စင်ကာပူလူဝင်မှုကြီးကြပ်ရေး (The Ministry of Manpower) က နိုင်ငံခြားသားအိမ်အကူများမှာ အနိမ့်ဆုံးအသက် ၂၃ နှစ်ရှိမှသာ အိမ်အကူလုပ်ကိုင်ခွင့်ရမည်ဟု ၂၀၀၅ ခုနှစ်က စတင်သတ်မှတ်ခဲ့ သည်ဟု The Straits Times တွင် ဖော်ပြပါရှိသည်။

“ဒါကတော့ နှစ်ဦးနှစ်ဖက် ပူးပေါင်းလုပ်တာလည်း ဖြစ်နိုင်တယ်။ အဓိကကတော့ စီးပွားရေး မပြေလည်မှုကြောင့်ပဲ။ ဒါ့ကြောင့်အသက်လိမ်ပြီး နိုင်ငံကူးလက်မှတ်လုပ်တာတွေများလာတာ” ဟု စင်ကာပူနိုင်ငံ City Hall ပင်နီဆူးလားပလာဇာရှိပြည်ပအေဂျင်စီတစ်ခု၏ မြန်မာရုံးခွဲမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

နိုင်ငံတကာစံနှုန်းတွင် နိုင်ငံကူးလက်မှတ်အား အသက်ပြည့်မီသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေပြုလုပ်ပေးရသည့် စံနှုန်းရှိသဖြင့် နိုင်ငံကူးလက်မှတ်အား ထုတ်ပေးရခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးမှညွှန်ကြားရေးမှူးဦးထွန်းဝေက ဆိုသည်။

စင်ကာပူနိုင်ငံတွင် အိမ်အကူ အဖြစ်လုပ်ကိုင်နေသော မိန်းကလေးများအနေဖြင့် အသက်မပြည့်မီမှုကြောင့် ဒုက္ခများရောက်နိုင်ပြီး ၎င်းကိစ္စနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံရှိမြန်မာသံရုံး၏ တုံ့ပြန်မှုမရှိသေးကြောင်း The Straits Times က ရေးသားထားသည်။ စင်ကာပူနိုင်ငံတွင် အိမ်အကူအဖြစ် လာရောက်လုပ်ကိုင်သူဦးရေ ၂၀၆,၀၀၀ရှိပြီး ယင်းတို့မှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မြန်မာလူမျိုးများဖြစ်ကြသည်။ မြန်မာလူမျိုးအိမ်အကူများမှာပျမ်းမျှအားဖြင့်တစ်သောင်းဝန်းကျင်ခန့်ရှိကြောင်း စင်ကာပူနိုင်ငံရှိအေဂျင်စီများထံမှသိရသည်။ အိမ်အကူများ၏လစာမှာတစ်လလျှင်စင်ကာပူဒေါ်လာ ၄၀၀ မှ ၄၂၀ အထိရရှိကြောင်း The Straits Times တွင်ဖော်ပြပါရှိသည်။

## မော်တော်ယာဉ်မူဝါဒကြမ်း ပထမအကြိမ် စတင်ရေးဆွဲ

**ကိုကိုကြီး**

**ရန်ကုန်၊ဇူလိုင်-၃၀**

အစိုးရသစ်တာဝန်ယူပြီး ၂နှစ်ကျော်ကာလအတွင်း စက်မှုဝန်ကြီးဌာနက ဦးဆောင်ပြီး မော်တော်ယာဉ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် မောင်းနှင်အားဖြစ်သည့် မော်တော်ယာဉ် မူဝါဒကြမ်း (Auto Policy)ကို ပထမဆုံးအကြိမ် စတင်ရေးဆွဲနေပြီဖြစ်ကြောင်း ၎င်းမူဝါဒရေးဆွဲရာတွင်ပါဝင်သည့်တာဝန်ရှိသူများကပြောသည်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်တွင် ဖွဲ့စည်းထားရှိသည့်မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ် ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းအောက်တွင်ဖွဲ့စည်းထားရှိသည့်Automobile Technical Development Committee (မော်တော်ယာဉ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)ဥက္ကဋ္ဌဦးမြင့်ဖေကပထမအဆင့်တွင်သက်ဆိုင်ရာကော်မတီအတွင်း မူဝါဒကြမ်းကို ညှိနှိုင်းရေးဆွဲမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်တွင် မော်တော်ယာဉ်လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသူများနှင့် တွေ့ဆုံပြီး လိုအပ်သည့် အကြံပြုချက်များကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်ပြလာသည့် အချက်အလက်များကိုပြန်လည်ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း မူဝါဒရေးဆွဲရာတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို ပြောသည်။

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအေးထွန်းက “ကျွန်တော်တို့ဆီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖိတ်ကြားထားတာမရှိသေးဘူး။ အသင်းကို ဖိတ်ကြားရင်တော့ Input တွေပေးလို့ရတာပေါ့။ အခုလုပ်နေတာတွေကိုမပြည့်စုံဘူးလို့ပြောတာမဟုတ်ဘူး။ လိုအပ်ချက်တွေ ကျန်သွားနိုင်တယ်” ဟုပြောသည်။

ဥက္ကဋ္ဌဦးမြင့်ဖေက ၎င်းမူဝါဒ အကောင်အထည်ဖော်ရေးဆွဲရာတွင်အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံ အပါအဝင်ထိပ်တန်းကားထုတ်လုပ်သောကုမ္ပဏီများ အခြေစိုက်သည့် ဂျပန်နိုင်ငံတွင် ကျင့်သုံးနေသည့် မူဝါဒများကို ကိုးကားပြီး ပြည်တွင်းမော်တော်ယာဉ်လုပ်ငန်းနယ်ပယ်နှင့်ကိုက်ညီမှုရှိအောင် ရေးဆွဲသွားမည်ဖြစ်ကြောင်းပြောသည်။

ဦးအေးထွန်းက မော်တော်ယာဉ်များတွင် အဓိကကျသည့် လုံခြုံမှုစနစ်ထိန်းသိမ်းခြင်း (Safety)နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို မူဝါဒရေးဆွဲစဉ်တွင် အလေးထားရမည့် အကြောင်းအရာအချို့ကို ထောက်ပြပြောသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်းက “ပြည်တွင်းထုတ်ကုန် (Localization) ပေါ့။ ၃၀ မှ ၃၅ ရာခိုင်နှုန်းပါရမယ်။ အဲဒါကို အဓိကထားပြီးဆွဲမှာပါ” မူဝါဒရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားထားသည့်အချက်တစ်ချက်ကိုပြောသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်က လက်ရှိရေးဆွဲနေဆဲဖြစ်သည့်မူဝါဒကြမ်းနှင့်သက်ဆိုင်သည့်အကြောင်းအရာများကို ဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်ထားကြောင်း၊ ယခုနှစ်မကုန်မီတွင် ၎င်းမူဝါဒကြမ်းကို အပြီးသတ်နိုင်ရန် ရည်ရွယ်ထားကြောင်းပြောကြားသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## CRIME မှုခင်းသတင်း CORNER



### ရထားလမ်းဖြတ်ကျော်တဲ့ကား ရန်ကုန်-မော်လမြိုင် ရထားဝင်တိုက်

**ရဲခေါင်ဦး**

**ကျိုက်ထို၊ဇူလိုင်-၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် ကားတစ်စီးသည်ရထားလမ်းကိုဖြတ်ကျော်စဉ်စက်ရပ်သွားသဖြင့်ဘူတာမှ ထွက်ခွာစပြုနေသော ရန်ကုန်-မော်လမြိုင် လူစီးရထားက ဝင်တိုက်မိရာ ကားပေါ်ပါသူတစ်ဦး ဒဏ်ရာရရှိသွားသောဖြစ်ရပ် ဇူလိုင် ၁၄ ရက်က ဖြစ်ပွားခဲ့သည်။

ယင်းနေ့နံနက် ၁၁ နာရီ၁၀မိနစ်ခန့်က တောင်တစ်ခြမ်းရပ်ကွက်မှ ယာဉ်မောင်းကိုသိန်းအေး မောင်းနှင်ပြီး စောဆေးဖောလိုက်ပါလာသော Hilux 4 Wheel ယာဉ်သည် ဘူတာအပြင် အလံတိုင်အနီး ရထားလမ်းပေါ် ဖောက်လုပ်ထားသောလမ်းမှ ဖြတ်ကျော်စဉ် သံလမ်းပေါ်၌ စက်ရပ်သွားပြီး ပြန်နှိုးမရဖြစ်နေသည်။ ထိုစဉ် ဘူတာမှထွက်လာသော စက်ခေါင်းအမှတ် DF 1631၊ ရန်ကုန်-မော်လမြိုင် အမှတ်(၈၉) အဆန်လူစီးရထားက ကားကိုခါးလယ်မှဖြတ်၍ ဝင်တိုက်မိခဲ့သည်။

ကားပေါ်ပါလာသူ စောဆေးဖောမှာ ရထားမတိုက်မီ ကားပေါ်မှ အချိန်မီခုန်ဆင်းနိုင်ခဲ့သော်လည်း ယာဉ်မောင်းကိုသိန်းအေးမှာ သံလမ်းပေါ်တွင် ဒရွတ်တိုက်ပါသွားသော ကားပေါ်၌ ပါသွားခဲ့သည်။ ရထားမှာ ကားကို ဝင်တိုက်ပြီးနောက် ကိုက်(၁၅၀) ခန့်အကွာတွင် အရှိန်သေရပ်တန့်သွားသည်။ ကိုသိန်းအေးသည်ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရဘဲ ကားပေါ်မှ ဆင်းလာနိုင်ခဲ့သည်။ ကားပေါ်မှခုန်ဆင်းသူစောဆေးဖောမှာသာ ဦးခေါင်းထိပ်နှင့် နောက်စေ့တို့တွင်ပြတ်ရှဒဏ်ရာတစ်ချက်စီ ရရှိပြီး သတိလစ်မေ့မြောနေသဖြင့် သိမ်ဇရပ်တိုက်နယ် ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသခဲ့ရသည်။

အခင်းဖြစ်ရပ်ကိုမြင်တွေ့လိုက်ရသူတစ်ဦးက "ကိုဆေးဖော ကားပေါ်က ခုန်ဆင်းတော့ ငြိပြီး ပါသွားသေးတယ်။ ဒါကြောင့်ဒဏ်ရာရသွားတာပါ။ကိုသိန်းအေးကတော့စတီယာရင်ကိုကိုင်ပြီး ကားပေါ်ပါသွားတယ်။ ရထားက စထွက်ခါစလည်းဖြစ်၊ ဘရိတ်လည်းအုပ်ဆိုတော့ အရှိန်သိပ်မရှိပါဘူး"ဟုပြောသည်။

## မြန်မာတရားရုံးက ထိုင်းနိုင်ငံသား ၉၂ ဦးကို ထောင်သုံးနှစ်ခွဲချမှတ်

**ရနောင်း၊**

**ဇူလိုင် - ၂၆**

ကော့သောင်းခရိုင်ရှိမြန်မာတရားရုံးတစ်ရုံးက ထိုင်းနိုင်ငံသား ၉၂ ဦးကို သစ်တောများ ဖျက်ဆီးမှု၊ တရားမဝင် ဝင်ရောက်မှုများနှင့် ထောင်ဒဏ်သုံးနှစ်ခွဲစီ ချမှတ်လိုက်ကြောင်းသတင်းရရှိသည်။ ယင်းမှာ ၎င်းတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုငါးခုအနက်မှ နှစ်ခုအတွက် ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။

ကော့သောင်းမြို့ရှိ မြန်မာတရားရုံးက ဇူလိုင်လ ၄ ရက်တွင် ဖမ်းဆီးခဲ့သော ထိုင်းနိုင်ငံသားများကို ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရုံးတင်စစ်ဆေးခဲ့ပြီး အထက်ဖော်ပြပါပြစ်မှု နှစ်ရပ်အတွက် ၎င်းတို့အား ထောင်ဒဏ်သုံးနှစ်ခွဲစီ ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံမှမြို့နယ် နယ်စပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ပေါင်ဆက်ပွန်ဆာဝက်ကပြောကြားသည်။

ယခု ချမှတ်လိုက်သော ပြစ်ဒဏ်မှာမြန်မာအာဏာပိုင်များက စုံစမ်း စစ်ဆေးနေဆဲဖြစ်သော အခြားအမှုသုံးမှုနှင့် မပတ်သက်ကြောင်း အမှတ်(၂၅) ခြေလျင်တပ်ရင်းမှူးလည်းဖြစ်သူ ထိုင်းဗိုလ်မှူးကြီးကပြောသည်။ ထိုင်းနိုင်ငံသားများအပေါ် စွဲဆိုထားသော အခြားအမှုများမှာ ဆေးခြောက်အပါအဝင် မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ လက်နက်ငယ်နှင့် စစ်သုံးလက်နက်များ ပိုင်ဆိုင်မှု၊ ဝတ္တုရားနှောင့်ယှက်မှုများ ပါဝင်သည်။

မြန်မာအစိုးရထံမှ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ဗိုလ်မှူးကြီးပေါင်ဆက်ကပြောကြားသည်။ ဖမ်းဆီးခံရသော ထိုင်းနိုင်ငံသား ၉၂ဦးတွင် အမျိုးသား ၈၂ဦးနှင့် အမျိုးသမီး ၁၀ဦး ပါဝင်သည်။

မြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်ကလည်း မကြာသေးမီရက်ပိုင်းက ထိုင်းနိုင်ငံခရီးစဉ်အတွင်း ထိန်းသိမ်းခံထားရသူများအတွက် ပြစ်ဒဏ်လျှော့ပေါ့ပေးရန် စဉ်းစားပေးမည်ဟု ပြောကြားသော်လည်းအချို့မှာလက်နက်များကိုင်ဆောင်မှုနှင့် မူးယစ်ဆေးအမှုများ ပါဝင်နေသဖြင့် တရားဥပဒေအတိုင်း ပြီးပြတ်အောင် ဦးစွာဆောင်ရွက်ရမည်ဟုပြောကြားခဲ့သည်။

—Ref: Pattaya Daily news

## ဗဟိုဘဏ်သီးခြားရပ်တည်ရေးအပါအဝင် ဗဟိုဘဏ်ပြုပြင်ပြောင်းလဲရေးဆွေးနွေး

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရေး များပြုလုပ်ရန် ပြည်တွင်းပြည်ပ ပညာရှင်များ ပါဝင်သော ဆွေးနွေးပွဲကို နေပြည်တော်တွင် ဇူလိုင်လ ၂၇ရက်က ပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။

"ဗဟိုဘဏ်ကို သီးခြားရပ်တည်ဖို့နဲ့ ဝန်ထမ်းတွေကို လုပ်တတ်ကိုင်တတ် ဖြစ်လာအောင် ပြုစုပျိုးထောင်ဖို့လိုတဲ့အကြောင်း အဓိက ဆွေးနွေးပါတယ်"ဟု အဆိုပါဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

အဆိုပါဆွေးနွေးပွဲသို့နိုင်ငံ တကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ ပညာရှင်များ၊ မလေးရှားနှင့်ထိုင်းနိုင်ငံတို့ရှိဗဟိုဘဏ်မှ ပညာရှင်များ ထိုင်းနိုင်ငံရှိ ငွေကြေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်းနိုင်ငံများမှ ဘဏ်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ နိုင်ငံတော်ဘတ်ဂျက်ကိစ္စတွင် ဝင်ငွေကို ဖော်ပြသောစနစ်နှင့် သဘာဝသယံဇာတမှ ရရှိနေသော ဝင်ငွေများ အစား အခွန်မှရရှိသော ဝင်ငွေစနစ်သို့ ပြောင်းလဲရေးပါ ထည့်သွင်းဆွေးနွေးခဲ့ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်(MDRI)မှ သုတေသီ ဦးတင်မောင်သန်းကပြောသည်။

ဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရအဖွဲ့တက်လာပြီး နောက် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနအောက်ရောက်ရှိနေသောဗဟိုဘဏ် သီးခြားရပ်တည်ရေး ပညာရှင်များက အကြံပြုနေကြသည်။

ထို့အပြင် ယခုရက်ပိုင်းတွင်လည်း ဗဟိုဘဏ်ဥက္ကဋ္ဌနေရာအပြောင်းအလဲဖြစ်နိုင်ကြောင်း သတင်းများထွက်ပေါ်နေသည်။

## သတ်မှတ်အရည်အချင်းပြည့်မီက အမျိုးသမီးများလည်း ရပ်/ကျေး အုပ်ချုပ်ရေးမှူးဖြစ်နိုင်

**ထူးသန့်**

**နေပြည်တော်၊ဇူလိုင်-၂၆**

သတ်မှတ်အရည်အချင်းနှင့် ပြည့်မီပါက အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ ရပ်ကွက်(သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ယနေ့ပြောကြားသည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် သတ်မှတ်အရည်အချင်းများအား ပြီးခဲ့သည့်မတ် ၂၈ ရက်က နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးဥပဒေတွင် ပါရှိသည်။ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးအဖြစ် အရွေးချယ်ခံလိုသူများသည် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများဖြစ်ရခြင်း၊ မိမိအရွေးချယ်ခံမည့် ရပ်ကွက်တွင် တစ်ဆက်တစ်စပ်တည်း ၁၀ နှစ် နေထိုင်သူဖြစ်ရခြင်း၊ ကျန်းမာရေးကောင်းမွန်၍ ပညာအရည်အချင်း အသင့်အတင့် ရှိရမည်ဖြစ်ပြီး အထိုက်အလျောက် စားဝတ်နေရေး ဖူလုံသူဖြစ်ရခြင်း၊ မတရားအသင်းများနှင့် အဆက်အသွယ်ရှိသူ မဖြစ်ရခြင်း စသည့်အချက်များ ဥပဒေတွင်ပါရှိသည်။

စာ(၂၅)သို့

Shwe Yit Wine Co.Ltd
Golden Embrace Concrete Plant



ရွှေရစ်ဝိုင်းကွန်ကရစ်စက်ရုံ
သင့်အဆောက်အဦးရေရှည်တည်တံ့စေရန်
ရွှေရစ်ဝိုင်းကွန်ကရစ်ကိုသုံးပါ
အမှတ်(၅၈)၊စက်မှုလမ်း၊ စက်မှုဇုံအမှတ် ၂၊
ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်း။
ဖုန်း ၀၉-၄၉၁၀၁၆၇၂ ၊ ၀၉-၈၆၂၀၇၆၄

THINK OF OVERSEAS STUDY Think of MENTOR ISC MYANMAR
13+ years of professional education services
* Myanmar high school graduates / degree holders
* Myanmar Medical doctors & Engineers
* IGCSE / ACCA / LCCI / NCC / ABE... students
are welcome!!!



1. Visit Mentor
2. Send in your application
3. Receive offers
4. Select the best offer
5. Prepare to go
Just hand in your documents. We will do the rest and the service is FREE.
COME AND TALK TO US!!!
EDUCATION MATTERS
MENTOR ISC MYANMAR
96/98 Pansodan Street (2nd Floor), Kyauktada Township
Yangon, The Republic of The Union of Myanmar
Tel: 378 602, 240 116 Email: yangonoffice@mentor.ac
Website: http://www.mentor.ac

# ရန်ကုန်ဆိပ်ကမ်း ၃နှစ်အပြီး အဆင့်မြှင့်ရေး ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို လုပ်ခွင့်ပေးမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၂၉**

ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များလုပ်ကိုင်ခွင့်ပေးကာ ၃ နှစ်အတွင်း ပြီးစီးရေး လျာထားဆောင်ရွက်သွားမည်ဟုမြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးဦးချိုသန်းမောင်က ယနေ့ပြုလုပ်သော အစည်းအဝေးတွင် ပြောကြားသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆောင်ရွက်ရာတွင် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် ဆိပ်ကမ်းနယ်မြေ ၄ ခုကို တည်ဆောက်ပြုပြင် ငှားရမ်း(B.O.T) စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း(Joint Venture)စနစ်များဖြင့် ပြည်တွင်း ပြည်ပလုပ်ငန်းများကို တင်ဒါခေါ်ယူဆောင်ရွက်သွားမည် ဟု သိရသည်။

ပုဂ္ဂလိကကဏ္ဍသို့ အငှားချလုပ်ကိုင်ခွင့်ပေးမည့် နေရာ ၄ ခုတွင် လမ်းမတော်နယ်မြေရှိ ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရာဆိပ်ကမ်းများအား နိုင်ငံတကာအဆင့်မီ ပြည်တွင်းခရီးသွားဆိပ်ကမ်းများအဖြစ် မြှင့်တင်ခြင်း၊ ဆူးလေဆိပ်ကမ်းတံတား အမှတ် ၁၊ ၂၊ ၃၊ ၄ နှင့် အပြည်ပြည်ဆိုင်ရာကုန်သေတ္တာနှင့် အထွေထွေကုန်စည်ဆိပ်ကမ်းတို့ကို အဆင့်မြှင့်တင်ခြင်း၊ ပန်းဆိုးတန်း-ဒလ ခရီးသည်တင် ဆိပ်ခံတံတားကို အဆင့်မြှင့်ခရီးသည်တင် ဆိပ်ခံတံတားအဖြစ် ပြောင်းလဲတည်ဆောက်ခြင်းနှင့် နောက်ခံမြေဧရိယာပေါ်တွင် စီးပွားရေးဆိုင်ရာခေတ်မီအဆောက်အအုံများ တည်ဆောက်ခြင်း၊ ဗိုလ်တထောင်ဆိပ်ကမ်းကို ရေပေါ်ဟိုတယ်ဇုန်အဖြစ်နှင့် အများပြည်သူအပန်းဖြေ အနားယူနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ရေးတို့ ပါဝင်မည်ဟု သိရသည်။



**ပန်းဆိုးတန်းဆိပ်ကမ်းကို ဒလဘက်ခြမ်းမှ မြင်တွေ့ရစဉ်**

ဩဂုတ် ပထမပတ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်ရှင်းလင်းမည်ဖြစ်ကာ ဒုတိယပတ်မှစ၍ တင်ဒါခေါ်ယူပြီး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လျာထားချက်အစီအမံများ ရှင်းလင်းတင်ပြသည့် အစည်းအဝေးတွင် ဦးချိုသန်းမောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

တင်ဒါခေါ်ယူသည့် လုပ်ငန်းများပြီးစီး၍ သက်ဆိုင်ရာကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုပြီးပါက အကြိုတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးရန် လျာထားကြောင်း သိရသည်။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမျိုးအစားပေါ်မူတည်၍ အလုပ်လက်မဲ့နှုန်းအပေါ် သက်ရောက်မှုရှိနိုင်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၂၉**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ ပြည်တွင်းသို့ ဝင်ရောက်ခြင်းက အလုပ်လက်မဲ့နှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သော်လည်း လုပ်သားများအနေနှင့် ကျွမ်းကျင်မှု လိုအပ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်အကောင်အထည်ဖော်ဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင်း၌ လူဦးရေစုစုပေါင်း သန်း ၆၀ နီးပါးရှိသည်ဖြစ်ရာ ယခုနှစ်အတွင်း အမှန်တကယ် အလုပ်လုပ်နိုင်သော လူဦးရေမှာ ၃၂ သန်းခန့်ရှိပြီး အလုပ်လက်မဲ့ဦးရေမှာ ၁၀ သန်းနီးပါးခန့်နှင့် နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကိုင်နေသူဦးရေ သုံးသန်းခန့်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

လက်ရှိပြည်တွင်းသို့ ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအနေဖြင့် နည်းပညာပိုင်းကို ဦးစားပေးသည့် လုပ်ငန်းထက် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေမည့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်ရန် လိုအပ်ကြောင်းပါမောက္ခဒေါက်တာအောင်ထွန်းသက်က ထောက်ပြပြောကြားသည်။

နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ယခင်ထက် ပိုမိုများပြားလာသော်လည်း လက်ရှိပြည်တွင်း၌မရှိသေးသည့်လုပ်ငန်းဖြစ်သော မော်တော်ကားနှင့် ဆိုင်ကယ်ထုတ်လုပ်မှု လုပ်ငန်းတို့၌ လုပ်ကိုင်နိုင်ရန် ခက်ခဲနိုင်သကဲ့သို့ အခြား အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များတွင်လည်း ကျွမ်းကျင်ရန် လိုအပ်ကြောင်း ဦးအောင်နိုင်ဦးက သုံးသပ်သည်။

**စာ(၁၂)သို့**




Panasonic
ideas for life
SMART VIERA
Step into the Exciting World
of New Discoveries
Media Player
USB
social networking TV
Facebook
Featured Videos
Market
Web Browser
AccuWeather.com
New York, NY
52°F
Cloudy
Smart Lifestyle, Smart VIERA
သင်၏ TV သည် သင့်ဘဝ၏ အလုံးစုံပြီးပြည့်စုံသောအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပါပြီ။ Smart VIERA T V က သင့်ကို ကမ္ဘာတစ်ဝန်းအရေးကြီး သတင်းအချက်အလက်များ၊ ရုပ်ရှင်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ Games များ၊ သင့်စိတ်ကြိုက် Website များကို ဆောင်ကြဉ်းပေးစွမ်းနိုင်ပြီး သင့်ရဲ့ Apple, Android Smart Phone နှင့် Tablet များကို Remote Control သဖွယ် အသုံးပြုပြီး သင့် TV နှင့် ချိတ်ဆက် အသုံးပြုနိုင်ပါပြီ။ သင်၏ Mobile Phone ကို Smart Viera နှင့် Swipe လုပ်ရုံမျှဖြင့် သင့်စိတ်ကြိုက် ရုပ်ပုံ၊ ဗီဒီယို၊ သီချင်းနှင့် Website များကို ကြည့်ရှုခံစားနိုင်ပြီး Dual Core Processor ကလည်း သင်အလိုရှိရာ Internet Website များအားလုံးကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မြန်ဆန်စွာ Download ပြုလုပ်နိုင်ပါသည်။ အံ့မခန်းဖွယ်ရာ လုပ်ဆောင်ချက်များအဖြစ် သင် ကြည့်ရှုချိန်အတွင်းမှာပင် Skype 'Live' ကို အသုံးပြုနိုင်ပြီး အမျိုးမျိုးသော စာမျက်နှာများကို Screen ပေါ်မှာ ပြောင်းလဲကြည့်ရှုနိုင်ပါသေးသည်။ ရှင်းလင်းလွယ်ကူလှသည့် ဆက်သွယ်ရေးစနစ်အဆင်ပြေ ကောင်းမွန်လှသည့် Networking အတွေ့အကြုံ၊ ရင်သပ်ရှုမောဖွယ် ပုံထွက်ကောင်းမွန်မှုတို့ကြောင့် Smart VIERA TV သည် သင့်အနာဂတ်အတွက် အရေးပါပြီးပြည့်စုံသော အရာတစ်ခုပင် ဖြစ်နေပါတော့သည်...
TH-P65VT50
TH-L47DT50
IPS LED
neo plasma black 2500
Progressive 3D FULL HD
VIERA Connect
Web Browser
2500Hz Focused Field Drive
INFINITE BLACK ultra
အရောင်းပြခန်း - Advanced Vision Co., Ltd.
ရန်ကုန် - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ YMCA Building၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း - (၀၁) ၂၉၆ ၅၇၇ ၊ ၂၉၂ ၆၆၄ ၊ ၇၃၀-၂၆၇၇၅ ဖက်စ် (၀၁) ၂၉၆ ၅၇၇
မန္တလေး - ဘီ (၃)၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာဇံမြို့နယ်။ ဖက်စ်(၀၂)- ၇၂၅ ၆၇ Email: tw25@myanmar.com.mm
● ပန်နာဆိုးနစ်၏ တရားဝင် အာမခံကတ်ပြားဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ "၃နှစ်အာမခံ – ၁နှစ် – ပစ္စည်း + လက်ခအာမခံ (ကျန်နှစ်များ လက်ခအာမခံ)"

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ဂျပန်ထိပ်တန်းကားကုမ္ပဏီများ ကားဈေးကွက်အခြေအနေ လာရောက်လေ့လာ

ကိုကိုကြီး၊ မိုးညို

ရန်ကုန်၊ ဇူလိုင် - ၂၉

ဂျပန်ထိပ်တန်းကားထုတ်လုပ်သည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံ ကားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် ပြောင်းလဲဖြစ်ပေါ်နေသည့် ကားဈေးကွက်ဆိုင်ရာ အချက်အလက်များကိုသိရှိရန် ဇူလိုင်လအတွင်း ရန်ကုန်မြို့သို့ လာရောက်ပြီးလေ့လာမှုများပြုလုပ်ခဲ့ကြောင်း ကားလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များက ပြောသည်။



မြန်မာနိုင်ငံက အများဆုံးတင်သွင်းသည့်ကားများမှာ ဂျပန်ဈေးကွက်မှဖြစ်သည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆာကူရာ ကုမ္ပဏီလီမိတက် ဥက္ကဌ ဦးဌေးအောင်က တိုယိုတာ၊ အီဆူဇူး၊ မီဇူဘီရှိ ကားဝယ်ရောင်းလုပ်သူများ၊ ကားအရောင်းစင်တာများဖွင့်လှစ်သူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ကားတင်သွင်းသည့် နောက်ခံအခြေအနေ၊ လက်ရှိတင်သွင်းနေသည့် ဆောင်ရွက်မှုများနှင့် နောက်ပိုင်းတွင် ပြောင်းလဲလာမည့် ဈေးကွက်အခြေအနေနှင့် သက်ဆိုင်သည့် အချက်အလက်များကို တစ်နာရီကြာ လေ့လာမှုများပြုလုပ်သွားသည်ဟုသိရသည်။

ထို့ပြင် လတ်တလောကာလတွင် ဈေးကွက်အတွင်းရောင်းရဆုံးကားအမျိုးအစားနှင့် ပိုမိုလူကြိုက်များလာနိုင်မည့် ကားအမျိုးအစားတို့ကိုလည်း လေ့လာကောက်ယူသွားကြောင်း ကားပွဲစားများက ပြောသည်။

အောင်သိန်းသန်း ကားအရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာဦးအေးထွန်းက "အဓိကကတော့ သူတို့ရဲ့ ဈေးကွက်မပျောက်သွားအောင် ဈေးကွက်လေ့လာရေးအတွက်လာတာ" ဟု ပြောကြားသည်။

အဆိုပါ ကားကုမ္ပဏီသည် CKD (Complete Knot Down) ဟုခေါ်သည့် ကားအစိတ်အပိုင်းများကိုပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ပြီး ရောင်းချသည့်စနစ်ဖြင့်သော်လည်းကောင်း၊ ကားထုတ်လုပ်ခြင်းမရှိဘဲ ဈေးကွက်အတွင်း တိုက်ရိုက်ရောင်းချခြင်းဖြင့်သော်လည်းကောင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ကြောင်း ၎င်းက ပြောသည်။

Myanmar Marketing Research Development ကုမ္ပဏီလီမိတက် အုပ်ချုပ်ရေးမှူးဒါရိုက်တာ ဦးမိုးကျော်က မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များအသင်း (ယာယီ) ကို အချိန်တိုအတွင်း တည်ထောင်ပြီးစီးသွားပါက လေးလအတွင်း ပြည်တွင်းမော်တော်ယာဉ်နယ်ပယ်သို့ ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းစွမ်းရည်မြှင့်တင်ခြင်းနှင့် လိုအပ်သည့် နည်းပညာ၊ ငွေကြေးပံ့ပိုးမှုများကို ထောက်ပံ့နိုင်သည်ဟုပြောသည်။

ပြည်ပနိုင်ငံများမှ မော်တော်ယာဉ်ထုတ်လုပ်သူများမြန်မာနိုင်ငံသို့လာရောက်ပြီး ပြည်တွင်းမော်တော်ယာဉ်လုပ်ကိုင်သူများနှင့် တွေ့ဆုံမှုများပြုလုပ်တိုင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့်မော်တော်ယာဉ်ဆိုင်ရာမူဝါဒကို အဓိကမေးမြန်းမှုရှိသော်လည်း ၎င်းမူဝါဒ မရှိသေးခြင်းကြောင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်ကြောင်း ကားတင်သွင်းသည့် လုပ်ငန်းရှင်အချို့ကပြောသည်။

လက်ရှိ အခြေအနေတွင် ပြည်တွင်းကားဈေးကွက်၌ ဂျပန်နိုင်ငံထုတ်လုပ်သည့် ကားများကို ၉၈ ရာခိုင်နှုန်း တင်သွင်းမှုရှိပြီး တရုတ်နိုင်ငံမှ ကားတင်သွင်းမှု ၂ ရာခိုင်နှုန်း၊ အာရတ်နိုင်ငံများမှ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း MMRD ၏ ထုတ်ပြန်ချက်အရသိရသည်။

# တရုတ်နိုင်ငံတွင် အဖမ်းခံရသည့် မြန်မာအလုပ်သမား ၂၀ ကျော် ကူညီရေးအဖွဲ့ထံ ဆက်သွယ်

အောင်သူရ

ရန်ကုန်၊

ဇူလိုင်-၂၅

တရုတ်နိုင်ငံ တောင်တရုတ်ပင်လယ်အနီးရှိ ရှန်တိုးပြည်နယ်တွင် အလုပ်လုပ်နေရင်း ထွက်ပြေးသွားသည့် မြန်မာအလုပ်သမား ၂၂ ဦးမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း မူဆယ်မြို့ရှိ အလုပ်သမားအရေး ကူညီပေးနေသော အဖွဲ့တစ်ဖွဲ့ထံမှ သတင်းရရှိသည်။

"အလုပ်မလုပ်နိုင်လို့ ထွက်ပြေးပြီး ရဲစခန်းရောက်နေတဲ့ ၂၂ ယောက်က ကျွန်တော်တို့ဆီကို ဆက်သွယ်လာတာ" ဟု မူဆယ်မြို့ခံ အလုပ်သမားများ အကူအညီပေးနေသော အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လုပ်သားများမှာ တစ်လလျှင် လုပ်ခလစာမှာ တရုတ်ယွမ်ငွေ ၁၀၀ ခန့်သာရရှိခြင်း၊ အိမ်သာထဲမှ ရေကိုသာ သောက်သုံးရခြင်းနှင့် နံနက် ၇ နာရီမှ ည ၁၁ နာရီထိ အလုပ်လုပ်ရခြင်းတို့အပါအဝင် အခက်အခဲများကြောင့် ဒဏ်မခံနိုင်ဘဲ ထွက်ပြေးရခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လဆန်းကလည်း ထိုကဲ့သို့သော အခြေအနေများနှင့် ကြုံတွေ့ခဲ့ရသဖြင့် အဆိုပါဒေသမှ အမျိုးသမီးလုပ်သား ၆ ဦးအပါအဝင် မြန်မာလုပ်သားစုစုပေါင်း ၄၀ ခန့်မှာ မူဆယ်ဒေသခံလူမှုရေးအဖွဲ့များ အကူအညီဖြင့် ပြန်လည် ရောက်ရှိလာသည်။

"အလုပ်ကြမ်း လုပ်နိုင်တဲ့ သန်သန်မာမာ လူကြီးတွေတောင် မလုပ်နိုင်ဘူးဆိုတော့ စဉ်းစားသာကြည့်ပေါ့။ ဘာအလုပ်မျိုးဆိုတာ" ဟု အဆိုပါလုပ်သားများနှင့် တွေ့ဆုံခဲ့သူ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုမြအေးက ပြောသည်။

ထိုဒေသသို့ အလုပ်သွားလုပ်ရန် လူပွဲစားများက တစ်လလျှင် တရုတ်ယွမ်ငွေ ၂,၅၀၀ ရရှိမည်ဟု စည်းရုံး၍ မန်စီမြို့အနီးတွင် အလုပ်လုပ်ရမည်ဟု ပြောကာ စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

ထိုဒေသတွင် မြန်မာနိုင်ငံအနှံ့အပြားမှ သွားရောက် လုပ်ကိုင်နေသူ လုပ်သားတစ်သောင်းခန့် ရောက်ရှိနေကြောင်း အလုပ်သမား အကူအညီပေးနေသူများက ပြောသည်။




7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012



## ၂၀၁၂ ဩဂုတ်၁မှ ၇ရက်ထိ မိုးလေဝသနှင့် ရေလွှမ်းမိုးမှုခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာမရှိသေးဘဲ မုန်တိုင်းဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာ အားအသင့်အတင့်နဲ့ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားကောင်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်း လွန်ပင်လယ်ပြင်မှာ လှိုင်းကြီးနိုင်ပြီး၊ လှိုင်းအမြင့်မှာ (၆)ပေမှ (၇)ပေခန့် ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ(၃၅) မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၃)ပေမှ (၅)ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရပြီးခဲ့တဲ့ ဇူလိုင်လ(၂၁) ရက်မှ ဇူလိုင်လ(၂၇)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ကချင်ပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ မိုးရေချိန်(၂)လက်မမှ(၆)လက်မခန့်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း အောက်ပိုင်းဒေသအချို့၊ မန္တလေးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်း မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ် စတာတွေမှာ မိုးရေချိန်(၂)လက်မမှ (၄)လက် မခန့်အထိ ရရှိခဲ့ပါတယ်။ ကျန်ဒေသတွေမှာ မိုးရေချိန်(၁)လက်မမှ (၂) လက်မခန့် ရွာသွန်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ ၂၀၁၂ခုနှစ်အတွင်း မိုးရွာသွန်းမှုလျော့နည်းနေခဲ့တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအဖို့ ပထမဆုံး အကြိမ်အဖြစ် တစ်ပတ်အတွင်း မိုးရေချိန်(၂)လက်မကျော် စတင်ရရှိခဲ့တဲ့ ရက်သတ္တပတ်ဖြစ်ပါတယ်။

**မိုးရွာသွန်းမှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း တစ်ပြည်လုံးတွင် မိုးအားလျော့နည်းဖွယ်ရာရှိပါတယ်။ မန္တလေးတိုင်းအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းအရှေ့တောင်အပိုင်း၊ မကွေးတိုင်းအရှေ့မြောက်ပိုင်းမှာ နေရာကွက်ကျား၊ က ရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းမှာ နေရာကျဲကျဲ၊ ချင်းပြည် နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းတောင်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းတို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅)ရက်မှ (၆)ရက်ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့်နဲ့အထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်တို့မှာ ဒေသအလိုက် မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တ ဖြည်းဖြည်း လျော့နည်းလာနိုင်ပေမယ့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ချင်း ပြည်နယ်၊ မကွေးတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်ဒေသများမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာ အများဆုံးဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံ နေရာကွက်မိုးကြီးပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနဲ့ မြေပြိုမှုအန္တရာယ်များကြုံတွေ့နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ အပူရှိန်အမြင့်မားဆုံးဖြစ်နိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ အပူရှိန်ပုံမှန်ထက် မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန်အပူရှိန်ခန့်သာ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသများတွင်ရှိ မြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ချောင်းများမှာ ရေလျှံမှုအလားအလာများ မြင့်မားနိုင်ပါတယ်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ် စသည့် မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး၊ မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများဆက်တိုက်ဖြစ်လာနိုင်ပြီး မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ ရှိနေပါတယ်။ **ဒေါက်တာထွန်းလွင်**

# ဝတ္တရားနှောင့်ယှက်မှုဖြင့် ထောင်ကျသွားသော ပါတီဥက္ကဋ္ဌပြန်လွတ်လာ

**ကျော်သီဟ**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်သည် ဇူလိုင် ၂၀ ရက်တွင် ထောင်ဒဏ်နှစ်လပြည့်၍ လွတ်မြောက်ခဲ့ကြောင်း သတင်းရရှိသည်။

ထောင်ကျနေစဉ်ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီဝင်အဖြစ်မှပါထုတ်ပစ်ရန်နှင့် အခြားပါတီများသို့လည်း ပါတီဝင် အဖြစ်လက်မခံရန် စာပို့ထားကြောင်း သိရသည်။

ဦးအေးလွင်က ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၏ အလုပ်အမှုဆောင်များနှင့်လည်း တရားဝင်တွေ့ဆုံပြီး သဘောထားထုတ်ပြန်ချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ပြန်လည်အကြောင်းကြားသွားရန် ရှိကြောင်းလည်း ပြောကြားသည်။ လက်ရှိအချိန်တွင် ဦးအေးလွင်သည် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌအဖြစ် ရှိနေသေးကြောင်း ၎င်းကဆိုသည်။

"မေလ ၂၂ ရက်က ထောင်စဝင်တယ်။ ဇူလိုင် ၂၀ ရက် ပြန်ထွက်လာရတယ်"ဟု ဦးအေးလွင်က ပြောသည်။

ဦးအေးလွင်ကို နိုင်ငံတော်ဝန်ထမ်းများအား ဝတ္တရား နှောင့်ယှက်မှုဖြင့် ထောင်ဒဏ်နှစ်လကျခံရန် ပြီးခဲ့သည့် ၂၀၁၂မေလ ၂ရက်က အမိန့်ချခဲ့ခြင်းဖြစ်သည်။

# ကမ္ဘာအေးဂမုန်းပွင့်တွင် ၁၃ မိနစ်ကြာ အသေးစားမီးလောင်မှုဖြစ်

**အေးမြတ်သူ**

**ရန်ကုန်၊ဇူလိုင်-၂၇**

ရန်ကုန်မြို့ ကမ္ဘာအေးဂမုန်းပွင့်ကုန်တိုက်၌ ဇူလိုင် ၂၆ရက်က ၁၃မိနစ်ကြာ အသေးစားမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါမီးလောင်မှုသည် မြေညီထပ်တွင်ရှိသော Lily ဖိနပ်ဆိုင်နေရာ၏ မျက်နှာကြက်ပေါ်ရှိLEDမီးသွယ်တန်းထားသော ဝါယာကြိုးများ အပူလွန်ကဲရာမှ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးလောင်မှုစတင်ခဲ့ပြီး ၁၀ မိနစ်ကျော်ကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း သတင်းရရှိသည်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်တစ်သောင်းခွဲခန့် မီးလောင်ကျွမ်းဆုံးရှုံးခဲ့ပြီး အခြားပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုနှင့်ပတ်သက်၍ ကမ္ဘာအေးဂမုန်းပွင့်ကုန်တိုက်မှ ဒုမန်နေဂျာအား (ပ)၄၃၇/ ၂၀၁၂၊ ပုဒ်မ ၂၈၅အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကို မီးသတ် ယာဉ်၁၄ စီး၊ ရေယာဉ် ၄ စီးနှင့် အုပ်ချုပ်မှုယာဉ် ၅ စီးတို့ လာ ရောက်ငြိမ်းသတ်ခဲ့ကြောင်း သတင်းရရှိသည်။

"မနေ့ကတည်းက ညော်နံ့ ထွက်လို့ပြင်ဆင်ထိန်းသိမ်းရေးဌာနကို သွားပြောပြီးပြီ။ သွားပြောလိုက်တော့ သူတို့က ဒီနေ့မနက်ကိုလာကြည့်တယ်။ ဘာမှမဖြစ်ပါဘူးဆိုပြီး ပြန်သွားတယ်"ဟု Lily ဖိနပ်ဆိုင်မှ မန်နေဂျာကပြောသည်။

# ရွေးကောက်ပွဲစနစ်ပြောင်းလဲရေး လွှတ်တော်သို့တင်ပြမည်ဟု ရွေးကောက်ပွဲကော်မရှင် ပြောကြား

**မင်းဟိန်းကျော်၊ အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၂၈**

ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးကို လွှတ်တော်သို့ တင်ပြပေးမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီသို့ ပြောကြားလိုက်ကြောင်း တွေ့ဆုံခဲ့သော နိုင်ငံရေးပါတီများက ပြောကြားသည်။

ဇူလိုင် ၂၇ ရက်က ယင်းပါတီများနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့နှင့်တွေ့ဆုံစဉ်အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲစနစ်ပုံစံကို အချိုးကျစနစ်သို့ပြုပြင်ပြောင်းလဲရာတွင် မဲဆန္ဒရှင်များက မဲပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် အချိုးကျစနစ်ဖြင့် ပါဝင်လာမည်ဖြစ်၍ မူအားဖြင့် ကောင်းသည်ဟုလက်ခံကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဥက္ကဋ္ဌဦးသုဝေက ပြောကြားသည်။

ထိုသို့ ရွေးကောက်ပွဲစနစ် ပြောင်းလဲမည်ဆိုပါက ရွေးကောက်ပွဲဥပဒေတွင် ညှိနိုင်ငံသားနှင့်ယာယီနိုင်ငံသားကတ်ကိုင်ဆောင်သူများကို နိုင်ငံသားများနှင့် တန်းတူအခွင့်အရေးပေးထား၍ ဒို့တာဝန်အရေးသုံးပါးကို အချိန်မရွေးစိန်ခေါ်ခွင့်ပေးထားသလိုဖြစ်နေနိုင်သည်ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးသာထွန်းလှက ပြောကြားခဲ့သည်။

ရွေးကောက်ပွဲစနစ်ပုံစံပြောင်းပါက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကိုတင်းတင်းကျပ်ကျပ် မလုပ်ပါက အန္တရာယ်ရှိနိုင်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြခဲ့ပြီး အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေတို့ရှိ မကိုက်ညီသော အချက်များကို ညှိနှိုင်းရမည်ဟု ကော်မရှင်ကို တင်ပြဆွေးနွေးခဲ့ကြောင်း ဦးသာထွန်းလှက ပြောကြားခဲ့သည်။

ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီမှ တင်ပြသည့် ရွေးကောက်ပွဲစနစ်သစ် အကြံပြုချက်စာတမ်းမှ အချိုးကျ ကိုယ်စားလှယ်စနစ်ကို လက်ရှိနိုင်ငံတော်တွင် ကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အယူအဆများနှင့် ကိုက်ညီမှုရှိမရှိ ဝေဖန်ဆန်းစစ်ရန် လိုအပ်သည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့လည်း လေ့လာအကြံပြုပေးရန် ဖိတ်ခေါ်ထားသည်ဟု ကော်မရှင်ဥက္ကဋ္ဌက ပြောကြားခဲ့သည်ဟု သိရသည်။

ဒီမိုကရေစီမိတ်ဆွေပါတီများသည်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း နိုင်ငံရေးပါတီများနှင့် လွှတ်တော်ဥက္ကဋ္ဌတို့ကြား အပြန်အလှန်ဆွေးနွေးမှုများလုပ်ခဲ့ပြီး နိုင်ငံထူထောင်ရေးကို အားလုံးဝိုင်းဝန်းလုပ်ဆောင်သွားမည်ဟု သူရဦးရွှေမန်းက ပြောကြားခဲ့သည်ဟု သိရသည်။

ဒီမိုကရေစီ မိတ်ဆွေပါတီများတွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားပါတီ၊ ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့ ပါဝင်သည်။

**အလုပ်သင်စက်ပြင်များအလိုရှိသည်။**

Myan Shwe Pyi Tractors Ltd ( Your Caterpillar® Dealer ) သည် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော အလုပ်သင်များကို ခေါ်ယူလျှက်ရှိပါသည်။

- အသက် ၁၇ မှ ၂၀ နှစ်အတွင်းရှိသူ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး စက်ပြင်ဝါသနာ ပါသူများ။ (အင်္ဂလိပ်စာ၊ သင်္ချာ နှင့် ရူပဗေဒ သုံးဘာသာပေါင်း အနည်းဆုံးရမှတ် ၁၄၀ ရှိရမည်။)
- ကိုယ်အလေးချိန် အနည်းဆုံး ၁၀၀ ပေါင်၊ အရပ်အမြင့် အနည်းဆုံး ၅'၂"၊ ကျန်းမာရေး ကောင်းမွန်သော ပါဝါမျက်မှန်မတပ်သူ အမျိုးသားများသာ လျှောက်ထားနိုင်သည်။
- အရက်၊ ဆေးလိပ်၊ ကွမ်းယာ ကင်းရှင်းသူဖြစ်ရမည်။
- သတ်မှတ် အရည်အချင်းပြည့်စုံသူများသည် အရည်အချင်းစစ် စာမေးပွဲများကို ဖြေဆိုရမည်။
- ၄ နှစ် အလုပ်သင်ကာလအတွင်း သင့်တင့်သော သင်တန်းစရိတ် ပံ့ပိုးပေးမည်။ အလုပ်သင်ကာလ အောင်မြင်စွာပြီးဆုံးလျှင် အမြဲတမ်း ဝန်ထမ်းအဖြစ် အနည်းဆုံး (၄) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ တက္ကသိုလ်ဝင်အောင် လက်မှတ်၊ အမှတ်စာရင်း မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ လိုင်စင်ဓါတ်ပုံ (၁)ပုံ၊ ရပ်ကွက် / ရဲစခန်း ထောက်ခံစာ တို့နှင့်အတူ အောက်ပါလိပ်စာများသို့ ပေးပို့ လျှောက်ထားနိုင်ပါသည်။

**ရန်ကုန်** - ၁၆၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်မြို့။ ဖုန်း – ၅၄၇၃၁၀~၁၃၊ ၅၄၇၁၄၀~၄၂
**မန္တလေး** - ၃၀၊ ၂၇လမ်း (၆၈ x ၆၉လမ်းကြား)၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂- ၃၉၂၅၉၊ ၂၁၆၁၃
**နေပြည်တော်** - ၅၉၃၊ ပေါင်းလောင်း ၁၉ လမ်း၊ ၂ ရပ်ကွက်၊ နေပြည်တော်။ ဖုန်း – ၀၆၇ - ၂၃၇၈၄
**ဖားကန့်** - ဖားကန့် - ဆိုင်းတောင်လမ်း၊ မရိုကထောင်ရပ်ကွက်၊ ဖားကန့်မြို့။ ဖုန်း – ၀၇၄ - ၇၀၄၈၄
**မြစ်ကြီးနား** - စီအာရ် (၆၄)၊ တက္ကသိုလ်လမ်း၊ စီတာပူ ရပ်ကွက်၊ မြစ်ကြီးနား။ ဖုန်း – ၀၇၄ - ၂၀၃၃၄

Life
7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

ဈေးဝယ်ထွက်မယ်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဝါဆိုသင်္ကန်းဆက်ကပ်မယ်ဆိုရင်

**အိဖြူလွင်**

မကြာခင် ဝါတွင်းကာလကို ရောက်တော့မှာမို့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အလှူပွဲလမ်းတွေက နေ့စဉ်ရက်ဆက်မြင်တွေ့ရဖို့ ပြင်ဆင်နေကြပါပြီ။

ဝါတွင်း သုံးလလုံးမှာ ရဟန်းတွေ ဝါဆိုဝါကပ်နိုင်စေဖို့ ရည်ရွယ်လှူဒါန်းတဲ့ ဝါဆိုသင်္ကန်းကပ်ပွဲတွေကလည်း နေရာအနှံ့မှာ မိသားစုတိုင်းလိုလိုက တတ်နိုင်သလောက်အားနဲ့ လှူဒါန်းကျင်းပလေ့ရှိကြတာမို့ ဒီတစ်ပတ်ဈေးဝယ်ထွက်မယ်ကဏ္ဍက သင်္ကန်းပရိက္ခရာပစ္စည်းတွေကိုတစ်နေရာတည်း အစုံအလင်ရနိုင်မယ့်နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။

သင်္ကန်းအမျိုးအစား စုံစုံလင်လင်ကို ပရိက္ခရာပစ္စည်း အမျိုးအစားစုံနဲ့ အတူတူရနိုင်တဲ့ဆိုင်လို့ သိရပါတယ်။

သင်္ကန်းတစ်စုံကို အနိမ့်ဆုံးဈေးနှုန်း ၈,၀၀၀ ကျပ်ကနေ လေးသောင်းခွဲတန်အထိရှိပြီး တတ်နိုင်တဲ့ပမာဏနဲ့ဝယ်ယူလို့ရအောင်စီစဉ်ထားရှိတာပါ။ ကျန်တဲ့ပရိက္ခရာပစ္စည်းတွေကလည်း ဈေးနှုန်းအလိုက် အမျိုးအစားအလိုက် တတ်နိုင်တဲ့ပမာဏနဲ့ ဝယ်ယူလို့ရအောင် အမျိုးအစားမျိုးစုံရှိပါတယ်။

ဝါဆိုသင်္ကန်းကပ်ရာမှာ ကန်တော့ခြင်းလေးနဲ့ လှလှပပပါကင်လေးကိုမှ ကပ်လိုသူတွေအတွက်လည်း ကိုရီးယားစီဝိုင်စီနဲ့ ထီးဖိနပ်၊ ယပ်၊ ခါးပန်းကြိုးငါးမျိုးပါတဲ့ခြင်းတစ်ခြင်းကို ၁၉,၀၀၀ကျပ်နဲ့ရနိုင်ပြီး ကိုယ်တတ်နိုင်တဲ့ဈေးအလိုက်လည်း သင်္ကန်းအမျိုးအစားနဲ့ ဈေးနှုန်း ပြောင်းလဲနိုင်တယ်လို့ သိရပါတယ်။ အလှူကြီးလုပ်ဖို့အတွက် ရာနဲ့ချီတဲ့ အရေအတွက်ဆိုလည်း ဆိုင်မှာတစ်ခါတည်းရနိုင်ပြီး ထောင်ချီလာမယ့် အရေအတွက်ဆိုရင်တော့ တစ်ပတ်လောက်ကြိုမှာရင် ဒီဆိုင်မှာ ရနိုင်တယ်လို့ ဆိုပါတယ်။

ဝါဆိုသင်္ကန်းကပ်လှူပွဲမှာ ပါဝင်ဆင်နွှဲချင်သူတွေအတွက် ဒီဆိုင်ကို သွားကြည့်လိုက်တာနဲ့ တစ်နေရာတည်းမှာ အဆင်ပြေသွားမှာ အသေအချာမို့ အထက်ကြည့်မြင်တိုင်လမ်းမကြီး ညဈေးမှတ်တိုင်အနီးက ကြာငါးခိုင်သင်္ကန်းတိုက်ကိုသာ လမ်းညွှန်လိုက်ပါတယ်နော်။

---


**နွားနောက်ဦးခွံများနှင့်အတူတွေ့ရသည့် ချင်းအဘွားအိုတစ်ဦး** ဓာတ်ပုံ - မြတ်စုမွန်

# ချင်းတို့မြေက လုံရှူးပွဲတော်

**မြတ်စုမွန်**

**အရွက်တဖားဖားနှင့် စိမ်းလန်းနေသော ပြောင်းဖူးခင်းထဲတွင် သစ်သားတိုင်ကလေးကိုးခုကို အစီအရီ စိုက်ထူထားသည်။**

**သည်သစ်သားတိုင်များသည် အသက် ၇၀ကျော် ချင်းအဘိုးအို ဦးရှယ်လျှမ်းဂေအတွက်တော့ ဂုဏ်ယူဖွယ် အမှတ်သင်္ကေတများပင်ဖြစ်သည်။ သူ့ဘဝတစ်လျှောက်တွင် ဇာတိမာန်၊ မျိုးရိုးမာန်ကို မြှင့်တင်ပေးခဲ့သည့်ပြယုဂ် ဟုလည်းဆိုနိုင်သည်။**

"ဒီတစ်ရွာလုံးမှာ ဒီလိုအများဆုံးလုပ်နိုင်တဲ့ယောကျ်ား သုံးယောက်ပဲရှိတယ်။ ဒါကယောကျ်ားတွေ ဦးဆောင်လုပ်ရတာလေ။ ကျန်တဲ့ လူတွေကသေကုန်ပြီ။ ကျုပ်တစ်ယောက်တည်းပဲ ကျန်တော့တယ်"ဟု အိမ်ပေါ်မှ လှမ်းမြင်နေရသည့် သစ်သားမှတ်တိုင်လေးများကိုကြည့်ကာ ခပ်ပြုံးပြုံး ဖြင့်စကားဆိုသည်။

ထိုသစ်သားတိုင်များသည်ကား ချင်းလူမျိုးတို့၏ ရိုးရာဓလေ့ လုံရှူးပွဲတော်အထိမ်းအမှတ် အဖြစ်စိုက်ထူထားသည့်တိုင်များဖြစ်သည်။ လုံရှူးပွဲတော်ဆိုသည်ကား တစ်နှစ်လျှင် မတ်လမှ မေလအတွင်း အဆင်ပြေသည့်အချိန်တွင် ပြုလုပ်ကြသည့် မိသားစုတစ်ခုချင်းစီ၏ ရိုးရာနတ်ပူဇော်ပွဲဖြစ်သည်။ ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရန်အတွက် သူတို့ကိုးကွယ်သည့်နတ်ကောင်း နတ်မြတ်များထံတွင် ဆုတောင်းသည့်ပွဲဖြစ်သည်။

"မနှစ်က လုံရှူးပွဲလုပ်ပြီး ကောက်ပဲသီးနှံတောင်းတော့ဆပ်နီမျိုးစေ့တွေကျလာတယ်။ အဲဒါကြောင့် ဒီနှစ် ဆပ်နီပိုစိုက်ထားတယ်။ ဒီနှစ်မှာ ဆပ်နီအထွက်များလိမ့်မယ်"ဟု အဘိုးအိုက သူ့ယုံကြည်ချက်ကိုဖွင့်ဟသည်။

ချင်းဘာသာစကားအရ လုံရှူးပွဲတော်ဖြစ်ပြီး အဓိပ္ပာယ်မှာ နွားနောက်သတ်ပွဲပင်ဖြစ်သည်။ ရိုးရာဓလေ့အရ အိမ်တိုင်းတွင် ပြုလုပ်လေ့ရှိသည့်ပွဲဖြစ်၏။ အဘိုးအိုက သူ့ဖခင်လက်ထက်တွင်နွားနောက်သတ်ပွဲကို ငါးကြိမ်၊ ခြောက်ကြိမ်ခန့်သာ ပြုလုပ်ခဲ့ပြီး သူ၏လက်ထက်တွင် ကိုးကြိမ်တိတိရှိခဲ့ပြီဖြစ်သည်။ အိမ်ရှေ့မျက်နှာစာတွင် အစီအရီချိတ်ဆွဲထားသည့် နွားနောက် ဦးခေါင်းခွံများကလည်း သူ့စကားကို သက်သေထူလျက်ရှိပေသည်။ ရှေးကဆိုလျှင် လုံရှူးပွဲကိုခုနစ်ရက်ကြာသည်အထိ ပြုလုပ်လေ့ရှိပြီး ယခုနောက်ပိုင်းတွင်သုံးရက်သာပြုလုပ်ကြကြောင်း သိရသည်။

ယခင်ကဆိုလျှင် မည်မျှပင် ဆင်းရဲနေစေကာမူ အိမ်ထောင်သက် ၁၀ နှစ်ရှိလျှင် လုံရှူးပွဲတော်ကိုပြုလုပ်ရသည်။ အိမ်ထောင်မကျမီ လူပျိုကာလတွင် မိဘများက ဦးဆောင်၍ လုပ်ပေးလေ့ရှိသည်။ လက်ရှိကာလတွင် မိသားစုစီးပွားရေးအခြေအနေအရသာ ပြုလုပ်နိုင်တော့သူများလည်းရှိသည်။

ပွဲတော်၏ ပထမဆုံးနေ့တွင် ခါးထန်း(ခေါ်) ဝက်သတ်ပွဲကို ဦးစွာပြုလုပ်ပြီး အနီးအဝေးရှိ ဆွေမျိုး၊ မိတ်ဆွေများကိုဖိတ်ခေါ်သည်။

"နွားနောက်သတ်ပွဲကို ခြောက်ကြိမ်ထက် မနည်းလုပ်ထားဖူးတဲ့သူကို အထူးဧည့်သည်အဖြစ် မဖြစ်မနေဖိတ်ရတယ်။ ယောကျ်ားတွေသေသွားရင် ကျန်ခဲ့တဲ့ သူတို့မိန်းမတွေကို ဖိတ်ရတယ်။ ပြီးတော့ အထူးချက်ထားတဲ့ဟင်းလျာတွေနဲ့ ဧည့်ခံရတယ်။ အဲဒီဟင်းကို သာမန်လူမစားရဘူး"ဟု အဘိုးအိုကဆိုသည်။

ဒုတိယနေ့တွင်တောတောင်ထဲသို့သွားကာ ကျောက်ဖျာတစ်ချပ်ကိုသွားပြီး ထမ်းရပြီး တတိယမြောက်နေ့တွင် နွားနောက်ကို သတ်ရသည်။ နွားနောက်သားနှင့် ခေါင်ရည်ကို စားကြသောက်ကြသည်။ ထိုနေ့ညတွင် နွားနောက်ဦးချိုအခွံကိုချွတ်၍ ဆေးကြောပြီး ထိုအထဲတွင် ခေါင်ရည်ထည့်ကာ အထူးဧည့်သည်ကို တိုက်သည်။ ခေါင်ရည်အိုးများက အလုံး ၄၀၊ ၅၀ အထိ အစီအရီ။ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများက လက်ဆောင်အဖြစ် ယူလာသည့် ခေါင်အိုးများဖြစ်သည်။

"နွားနောက်ငါးကောင်အထိ သတ်ပြီးရင် တောထဲက ယူလာတဲ့ ကျောက်ဖျာတစ်ချပ်ကို အိမ်မှာစထားလို့ ရပြီ။ အဲဒီတစ်ပြားပြီးရင်တော့ နောက်ပိုင်းပွဲတစ်ပွဲလုပ်တိုင်းမှာ တစ်ပြားစီ တိုးပြီးတည်နိုင်ပြီ"ဟု ဦးရှယ်လျှမ်းဂေက ပြောသည်။

လုံရှူးပွဲ၏ လေးရက်မြောက်နေ့တွင် ကျောက်ဖျာချပ်ကို ကျောက်တုံးခြေထောက်လေးများ ပြုလုပ်ကာ တည်ကြပြီး ခေါင်ရည်သောက်ပွဲလုပ်ကြသည်။ ဖိတ်ခေါ်ထားသည့် မိတ်ဆွေများကလည်း ရပ်နီးရပ်ဝေးမှနေ ခေါင်ရည်အိုးများကိုထမ်းကာ အသီးသီးလာရောက်လျက်ရှိသည်။ ထို့နောက် နောက်တစ်နေ့တွင် တောထဲမှ ဖိတ်ခေါ်ထားသော တောစောင့်၊ တောင်စောင့်နတ်များကို အတီးအမှုတ်များဖြင့် ပြန်လည်ပို့ဆောင်ကြတော့သည်။

စာ(၃၀)သို့




## အမဲသားငရုတ်သီးစိမ်းချက်



ဒီတစ်ပတ် ဝိုက်ဖီက ခပ်စပ်စပ်ဟင်းလေးတစ်ခွက် ချက်ထားပါတယ်။ အမဲသားကို သွားကြားညပ်လို့ မစားနိုင်သူတွေအတွက် ဒီအမဲသားငရုတ်သီးစိမ်းချက် မွှေးမွှေးလေးက အရသာရှိရှိနဲ့ အဆင်ပြေစေမှာပါ။

လိုအပ်တာတွေကတော့ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်သီးစိမ်း၊ ပျဉ်းတော်သိမ်(ကြီး)၊ မဆလာနဲ့ အမဲသားကြိတ်သားတို့ပဲ လိုပါတယ်။

ပထမဆုံး ကြက်သွန်ဖြူ ချင်းကို ပါးပါးလှီးပြီး မညက်တစ်ညက်ထောင်းပါမယ်။ ဒယ်အိုးထဲကို ဆီအနည်းငယ်ထည့် ဆီဆူလာရင် နနွင်းမှုန့်အနည်းငယ်ထည့်ပြီး ခုနထောင်းထားတဲ့ကြက်သွန်ဖြူနဲ့ ချင်းကိုထည့် ဆီသတ်ပါမယ်။ အဲဒီနောက် ပျဉ်းတော်သိမ်ရွက် သုံး၊လေးရွက်လောက် ထည့်ပေးပြီး အနံ့လေးမွှေးလာပြီဆိုရင် အမဲသားကြိတ်သားကို ထည့်ပါမယ်။ ရေလုံးဝမထည့်ပါဘူး။ ပြီးရင် ငံပြာရည်နည်းနည်းထည့်၊ ကြက်သားမှုန့်အနေတော် ထည့်ပါမယ်။ အသားလေးကြက်သွားအောင် မွှေပေးပြီး ငရုတ်သီးစိမ်း မညက်တညက်ထောင်းထားတာကိုထည့်ပါ။

ဆီပြန်ပြီး အသားလေးကျက်လောက်ပြီဆိုရင် မဆလာလေးအုပ်ပြီး ချလို့ရပါပြီ။







Life
7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012


ကာတွန်းပြပွဲသို့ လာရောက်လေ့လာသူတစ်ဦး

ဓာတ်ပုံ - တီလေး

# မင်နီတားခံ ကာတွန်းများ၏ တစ်ခေတ်အလွန်

ဥက္ကာကိုကို

တိုက်ပုံ၊ ခေါင်းပေါင်းဝတ်ဆင်ထားသည့်လူတစ်ဦးက အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟု ကမ္ပည်းထိုးထားသောအုတ်ဂူရှေ့သို့သွား၍ "ငွေစက္ကူအသစ်မှာ ဗိုလ်ချုပ်ပုံမပါတာ ဝမ်းနည်းမိပါတယ်ခင်ဗျာ" ဟုပြောနေသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အုတ်ဂူထံမှ အသံပြန်ထွက်လာပါသည်။ ထိုအသံမှာ

"ဝမ်းမနည်းပါနဲ့ ကိုယ့်လူ၊ လာဘ်ပေးလာဘ်ယူကို ဒီငွေနဲ့ လုပ်ကြတာဆိုတော့ ငါ့ပုံနဲ့ဆို ငါလည်း ကြံ့ရာပါ ဖြစ်နေမှာ။ ဒီအတိုင်းပဲကောင်းပါတယ်"ဟူ၍ဖြစ်လေသည်။

တိုင်းပြည်တစ်ပြည် ပွင့်လင်းလာသည်နှင့်အမျှ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ မီဒီယာတို့လည်း ပိုမိုပွင့်လင်းလာရပြီး ပညာရှင်တို့မှာလည်း အတွေးရဲရဲ၊ အရေးရဲရဲဖြင့် လွတ်လပ်စွာ တစ်ဖန်ဆန်းသစ်နိုးထလာကြသည်သာ ဖြစ်သည်။

စာ(၁၁)သို့



## တစ်ဖက်မှအဆက်

ထိုအခြင်းအရာသည်အသစ်အသစ်များဖြင့် ပြန်လည်တည်ဆောက်နေသော မြန်မာနိုင်ငံကဲ့သို့သော တိုင်းပြည်အတွက် အလားအလာကောင်းမွန်သည့် တိုးတက်မှုများပင်ဖြစ်ပါသည်။ ပွင့်လင်းမှုများနှင့်အတူ ဖြစ်ပေါ်လာရသည်ဟု ဆိုရမည်ဖြစ်သည့် ကာတွန်းပြပွဲကြီးတစ်ခုကို ဇူလိုင်လ ၂၆ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ရှိလောကနတ်အနုပညာပြခန်းတွင် ခြိမ့်ခြိမ့်သဲသဲကျင်းပပြုလုပ်ခဲ့သည်။

ကာတွန်းပြပွဲကြီးဟု ဆိုရသည်မှာ ယခင်နှစ်ပိုင်းများက ပြုလုပ်ခဲ့ကြသော ကာတွန်းပြပွဲများထက် ကာတွန်းပညာရှင်အင်အားပိုမိုများပြားစွာ ပါဝင်ပြသခဲ့ကြပြီး လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်လည်း ပိုမိုများပြားလာခဲ့သည့် ပွဲတစ်ပွဲဖြစ်သောကြောင့်ဖြစ်ပါသည်။

ပြပွဲတွင် ကာတွန်းဆရာပေါင်း ၇၂ဦး ပါဝင်ခဲ့ပြီး သူတို့၏ လက်ရာကာတွန်းပေါင်း ၁၆၆ ကားကို ချိတ်ဆွဲပြသခဲ့ပါသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အများပြည်သူရှေ့မှောက် ရောက်ရှိရန်ခက်ခဲပြီး စာပေစိစစ်ရေးရုံးမှာတင် မင်နီတားပိတ်ပင်ခြင်းခံရမည်ဖြစ်သော အတွေးရဲရဲ အရေးရဲရဲကာတွန်းကွက်များကို ယခုနှစ်တွင် ကြည့်ရှုခံစားလာရသည်ကလည်း အပြောင်းအလဲတစ်ရပ်ပင်ဖြစ်ပါလိမ့်မည်။

"စိစစ်ရေးအနေအထားက အရင်ကလို အမြင်ကတ်ပုဒ်မတွေ မရှိတော့ဘူး"ဟု အဆိုပါပြပွဲတွင် ပါဝင်ပြသခဲ့သည့် လူငယ်ကာတွန်းဆရာမိုးမြင့်သူကပြောသည်။

ယခင်ကဆိုလျှင် ကာတွန်းဆရာများ၏ ကာတွန်း ၁၀ ပုဒ်လျှင် ခုနစ်ပုဒ်ခန့်မှာ အပယ်ခံခဲ့ရသည်ဟု သူက ဥပမာပေးကာ ယခုလို ပြန်လည်ဖွင့်ပေးနေသည့်ကာလတွင် ကာတွန်းမရေးဖြစ်ကြတော့သည့် ကာတွန်းဆရာများလည်း ပြန်လည်ရေးဆွဲလာကြပြီဖြစ်ကြောင်း သူကဆိုသည်။

ထို့အတွက် ကာတွန်းမိုးမြင့်သူက စိစစ်ရေးတာဝန်ရှိသူများ၏ စေတနာကို ကျေးဇူးတင်သည်ဟုဆိုပြီး "သူတို့လည်း အပြုသဘောကို လိုလားတယ်လို့ထင်ပါတယ်" ဟု တွေးတွေးဆဆဖြင့်ဆက်ပြောသည်။ ပွဲစီစဉ်သူတစ်ဦးဖြစ်သည့် ကာတွန်းတာရာကလည်း "အရင်ကလောက် မဖြုတ်တော့ဘူး"ဟု မှတ်ချက်ပြုသည်။

ယခုပြပွဲကို စိတ်တူကိုယ်တူ ဆန္ဒတူ ကာတွန်းဆရာများဖြင့် စုစည်းထားသော ကာတွန်းကွန်ရက်(မြန်မာနိုင်ငံ)က စီစဉ်ကျင်းပခြင်းဖြစ်သည်။

ပြပွဲမှ ကာတွန်းများ ရောင်းရငွေ၏ ထက်ဝက်တိတိကို မဟာသီရိသုဓမ္မဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့လှူဒါန်းသွားမည်ဖြစ်ပြီး ကျန်ထက်ဝက်ကိုမူပြပွဲတွင်ပါဝင်ခဲ့သည့် ကာတွန်းဆရာများ၏ အထွေထွေကုန်ကျစရိတ်အတွက် သုံးစွဲသွားမည်ဟုသိရသည်။ ထို့အပြင် နာမကျန်းသည့် ကာတွန်းဆရာများအတွက်လည်း သူတို့က ထောက်ပံ့ကြဦးမည်ဖြစ်သည်။

၂၀၀၈ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်စဉ်တွင် မုန်တိုင်းဒဏ်ခံမိသားစုများအား ကိုယ် တတ်စွမ်းသည့် ကာတွန်းပညာရပ်ကို အသုံးချကာ စိတ်ဓာတ်မြှင့်တင်မှုများပြုလုပ်ပေးရင်း အခြေတည်လာခဲ့သည့် ကာတွန်းကွန်ရက်သည် ကာတွန်းဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တစ်ပိုင်တစ်နိုင် ကူညီပေးကြရင်းမှ ပိုမိုစုစည်းမိလာခဲ့ကြသည်။

တောင်ဥက္ကလာပမြို့နယ်အတွင်း ဖွင့်လှစ်ထားသော စိတ်တိုင်းကျအမည်ရှိ ကဖီးဆိုင်ကလေးတွင် တနင်္ဂနွေနေ့တိုင်း စိတ်တူပါသနာတူ ကာတွန်းဆရာများဆုံစည်းကြမြဲဖြစ်သည်။ ထို့နောက် ယခင် ၂၀၁၁ အမျိုးသားအောင်ပွဲနေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကွန်ရက်အနေဖြင့် ကာတွန်းပြပွဲကို ပထမဆုံးအကြိမ် ပြသနိုင်ခဲ့ကြသည်။ ယခုပြပွဲမှာ သူတို့၏ ဒုတိယမြောက်ပြပွဲဖြစ်သည့်အပြင် အလှူပွဲတစ်ရပ်လည်းဖြစ်သည်။

"ဒီပွဲက အလှူပွဲလည်းဖြစ်တယ်။ အနယ်နယ်က ကာတွန်းဆရာတွေစုစုစည်းစည်းရှိလာတာကို ပိုသဘောကျတယ်။ ဆရာကြီးတွေက လူငယ်တွေကို လက်တွဲခေါ်ပါတယ်"ဟု မအူပင်မြို့မှလာရောက်ပြသသည့်ကာတွန်းအတီး(ကော်ရည်)က ပျော်ပျော်ရွှင်ရွှင်ပင်ပြောပါသည်။

ကာတွန်းအတီးကလည်း ကိုယ် တင်ပြချင်သည့်အကြောင်းအရာကို တင်ပြခွင့်ရသဖြင့် သက်ဆိုင်ရာကို ကျေးဇူးတင်ပါကြောင်း ဆိုလာသည်။ သို့သော်လည်း လွတ်လပ်သည့်သဘောသာရှိပြီး ရာနှုန်းပြည့်မဟုတ်သေးကြောင်း ပွဲစီစဉ်သူတစ်ဦးဖြစ်သူ ကာတွန်းဒီဒီကပြောသည်။

"စိစစ်ရေးအဖွဲ့ လာတယ်ဆိုကတည်းက လွတ်လပ်မှုသိပ်မရှိဘူး"ဟုသူကပြောသည်။ ယခုပြပွဲကို စတင်သည့်နေ့က စိစစ်ရေးအဖွဲ့မှ ထုံးစံအရ လာရောက်ကြည့်ရှုခဲ့ပြီး ကာတွန်းနှစ်ကားကို ပြသခြင်းမပြုစေလိုကြောင်းပြောသည့်အတွက် ဖြုတ်ပေးခဲ့ရခြင်းအပေါ် သူက ဆိုလိုခြင်းဖြစ်သည်။

ကာတွန်းပြပွဲမစတင်မီ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြပွဲသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီးနောက် ကာတွန်းအာယု ရေးဆွဲထားသည့် တရားစီရင်ရေး သရော်ကာတွန်းတစ်ပုံနှင့် ကာတွန်းရွှေဘို ရေးဆွဲထားသည့် မီဒီယာလွတ်လပ်ခွင့် သရော်ကာတွန်းတစ်ပုံတို့ကိုပြခန်းမှ ဖြုတ်ပေးခဲ့ရသည်။



# ကိုယ့်မှာ ပါရမီရှိမှသာ တရားအားထုတ်ချင်စိတ်ဖြစ်တာ

ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

ရှေးဘဝက အပြင်းအထန်ကျင့်ခဲ့တဲ့ အကျိုးကျေးဇူးဟာ ဒီဘဝမှာ ပါရမီဓာတ်ခံတွေ ဖြစ်ပေါ်ကိန်းအောင်းလာတယ်။ ရှေးက ကျင့်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့်၊ ရှေးက ပါရမီဓာတ်ခံကြောင့် မြန်မြန်ဆန်ဆန် တရားရနိုင်တယ်။ ကိုယ်တိုင် တရားအားထုတ်နေတဲ့အချိန်မှာလည်း ဒီအတိုင်းပါပဲ။ တချို့က အားထုတ်လို့ရတယ်၊ ထိုက်သလောက်နားလည်တယ်။ ကျင့်သလောက် သဘောပေါက်တယ်။ ထင်သလောက်မဖြစ်တဲ့သူက ဖြစ်တဲ့သူကိုကြည့်ပြီး သူကတော့ ပါရမီရှိလို့၊ ငါကတော့ ပါရမီမရှိလို့ဆိုပြီး ပါရမီနဲ့တိုင်းတာပြောကြတယ်။ ပါရမီဆိုတာ ဒီအတိုင်းနေရုံနဲ့ရှိလာမှာမဟုတ်ဘူး။ ကျင့်မှ ရှိလာပါတယ်။ အရင်က ကိုယ့်မှာ ပါရမီမရှိဘူးပဲထား။ အခု ကျင့်လိုက်ရင် ပါရမီဖြစ်လာတယ်။ ဟိုအရင်တုန်းက တရားကျင့်ချင်တဲ့စိတ်တောင်မပေါ်ဘူး၊ စိတ်ကူးတောင် မရှိခဲ့ဘူး၊ အခု တရားအားထုတ်ရမယ်လို့ သိလာတယ်။ တရားကျင့်ဖို့ ကောင်းနေပြီလို့သဘောပေါက်တယ်။ တရားကျင့်ရတော့မယ်ဆိုတဲ့ စိတ်ကူးမျိုး ပေါ်လာကတည်း ကိုယ်က ပါရမီအခြေခံရှိလို့သာ ဒီစိတ်ကူးမျိုးပေါ်တယ်လို့ ပြောရမှာဖြစ်တယ်။

ပါရမီမရှိတဲ့သူဆို စိတ်ကူးတောင်မပေါ်ပါဘူး။ တချို့က သေသာသေသွားတယ်။ တစ်သက်လုံး ဒီအတိုင်းနေသွားခဲ့တယ်။ တစ်ခါမှ တရားအားထုတ်ချင်စိတ်မပေါက်တဲ့သူတွေအများကြီးပါ။ ပါရမီဆိုတာ ဖြည့်ရတဲ့သဘော၊ စုဆောင်းရတဲ့သဘောရှိတယ်။ ပါရမီဆိုတာ တဖြည်းဖြည်း စုဆောင်းလာတော့မှ ပြည့်စုံလာပါမယ်။ ပါရမီဖြစ်ကြောင်း အလုပ်တွေမလုပ်ပါဘဲနဲ့ အလိုလိုနေရင်းတော့ ပါရမီတွေရှိမလာပါဘူး။ မပြည့်စုံသေးတဲ့ပါရမီ၊ နုသေးတဲ့ပါရမီဟာ ကျင့်ရင်းကျင့်ရင်းနဲ့ ရင့်ကျက်ပြည့်စုံလာမှာဖြစ်တယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ်မှာ'

ကာတွန်းအာယုက ဂျာနယ်တစ်စောင်ကို ထိုင်ဖတ်နေသည့် အဘိုးအိုတစ်ဦးကို ရေးဆွဲထားသည်။ အဘိုးအိုက ဂျာနယ်ဖတ်ရင်း ဟားတိုက်ရယ်မောလျက် ဤသို့ပြောနေသည်။ "ဘုရားကို ခြသေ့်စောင့်၏။ တရားကို နတ်စောင့်၏။ ဥပဒေကို သမာဓိစောင့်၏။ တရားဥပဒေကို တရားသူကြီးကတော်နှင့် ဥပဒေအရာရှိဇနီးစောင့်၏"ဟူ၍ဖြစ်သည်။

ကာတွန်းရွှေဘိုကတော့ မီဒီယာဟု ကိုယ်လုံးပေါ်မှာရေးထားသည့် ဆင်ကြီးတစ်ကောင်ကိုရေးဆွဲပြသည်။ ဆင်ပေါ်တွင် လူတစ်ဦးရှိသည်။ သူကပြောသည်။ "ငါ့ကောင်ကြီး မရုန်းပါလား"တဲ့။ ဆင်ကြီးကပြန်ပြောသည်။ "မရုန်းတာမဟုတ်ဘူး။ ရုန်းလို့မရတာ"ဟု။ အဘယ်ကြောင့်ဆိုသော် မီဒီယာဆင်ကြီး၏ခြေထောက်ကို လွတ်လပ်ခွင့်ဟူသော သံကြိုးကြီးဖြင့် ထုံးခတ်ချုပ်နှောင်ထားသောကြောင့်ဖြစ်သည်။

ကာတွန်းပြပွဲကို အဓိကပံ့ပိုးကူညီပေးခဲ့သူဖြစ်သည့် ကိုမြင့်ဝင်းမောင်(AZ)က ယင်းကိစ္စနှင့်ပတ်သက်၍ "ဖြုတ်ပါလို့ တားမြစ်တာတော့မဟုတ်ဘူး။ မပြစေချင်တဲ့သဘောမျိုးပြောတာပေါ့။ ကျွန်တော်တို့က ဖြုတ်ပေးထားခဲ့ပါတယ်"ဟုရှင်းပြသည်။ ကိုမြင့်ဝင်းမောင်(AZ)မှာ ယခုပြပွဲကို စပွန်ဆာအနေဖြင့် စိုက်ထုတ်ကူညီပေးခဲ့သူဖြစ်သည်။ ဒါက စေတနာသန့်သန့်ပင်ဖြစ်ကြောင်း ကာတွန်းဆရာတချို့က သူ့အပေါ် မှတ်ချက်ပေးကြသည်။

"အခုလို ပွင့်လင်းလာတဲ့ခေတ်အခြေအနေမှာ ကာတွန်းဆရာတွေရဲ့ လွတ်လွတ်လပ်လပ်ရေးဆွဲတင်ပြတဲ့အကြောင်းအရာတွေကို ပြည်သူတွေခံစားနိုင်ဖို့၊ အသိအမြင်တွေရစေဖို့ ပထမရည်ရွယ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီပွဲက ရောင်းရငွေတွေကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို လှူဒါန်းမယ့်အလှူပွဲဖြစ်တဲ့အတွက် ပံ့ပိုးဖို့ ဆန္ဒရှိလို့ပါ"ဟု ကိုမြင့်ဝင်းမောင်က ကာတွန်းပြပွဲဖြစ်မြောက်လာစေရန် ပံ့ပိုးပေးရခြင်း ရည်ရွယ်ပြောပြသည်။

ကာတွန်းဆရာ ၆၆ဦး ပါဝင်ရေးဆွဲထားသော "မပြောမပြီးမတီးမမြည်"အမည်ရှိ ကာတွန်းစာအုပ်ပေါင်းသုံးထောင်ကို ကိုမြင့်ဝင်းမောင်က ရိုက်နှိပ်လှူဒါန်းခဲ့သည်။ တစ်အုပ်လျှင် နှစ်ထောင်ကျပ်နှုန်းဖြင့် ရောင်းချသည့် အဆိုပါကာတွန်းစာအုပ်သာ ကုန်အောင်ရောင်းချရပါက ကျပ်သိန်းခြောက်ဆယ်ရရှိမည်ဖြစ်သည်။ ထိုငွေများကို ကာတွန်းဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကူညီသုံးစွဲသွားမည်ဟု ကိုမြင့်ဝင်းမောင်ကဆိုသည်။ သူကိုယ်တိုင်က ပန်းချီဆရာတစ်ဦးလည်းဖြစ်ပါသည်။

"သူတို့ ဖန်တီးတဲ့အနုပညာတွေက တိုင်းပြည်အတွက် အကျိုးရှိစေတယ်။ အဲဒီ့အနုပညာရှင်တွေ နာမကျန်းဖြစ်တဲ့အခါ မရေးဆွဲနိုင်တဲ့အခါ ပြည်သူတွေ မသိနိုင်ကြတော့ဘူး။ အနုပညာရှင်ဟာ အသက်ကြီးလာလေ ပိုရင့်ကျက်ပြီး ပိုဖန်တီးနိုင်လေပါပဲ" ဟု ကိုမြင့်ဝင်းမောင်က ဆက်လက်ပြောကြားသည်။

ယခုပြပွဲတွင် ကာတွန်းရွှေမင်းသား၊ ကာတွန်းမောင်မောင်အစရှိသည့် ကန်တော့ခံသက်ကြီးကာတွန်းပညာရှင်ကြီးများလည်း ပါဝင်သကဲ့သို့ လူငယ် ကာတွန်းဆရာများလည်း အင်တိုက်အားတိုက် ပါဝင်ပြသခဲ့ကြသည်ကို တွေ့ရသည်။ ထိုအထဲတွင် လူငယ်အမျိုးသမီး ကာတွန်းဆရာမသုံးဦးလည်း ပါဝင်နေခြင်းက အနည်းငယ်ထူးခြားလျက်ရှိပါသည်။ သူမတို့သုံးဦးကတော့ ကာ တွန်းနွယ်နီ၊ ထိပ်ထားလေး၊ စုပြည့် တို့ဖြစ်ကြသည်။

"ဆရာကြီးဦးလှဖေနဲ့ ဆရာမိမန်းလေးတို့ဆီမှာသုံးနှစ်လောက် သင်ကြားခဲ့ပါတယ်။ ရုပ်ပြလည်းရေးပါတယ်။ ဒီဇိုင်းတွေလည်း လုပ်ပါတယ်"ဟု ကာတွန်းဆရာမနွယ်နီကပြောသည်။

ကာတွန်းကွန်ရက်(မြန်မာနိုင်ငံ)၏ ဦးတည်ချက်မှာ မြန်မာနိုင်ငံရှိ ကာတွန်းဆရာများ၊ ကာတွန်းရေးဆွဲသူ ဝါသနာရှင်များ အားလုံးပါဝင်သည့် မြန်မာနိုင်ငံ ကာတွန်းပညာရှင်များအစည်းအရုံးတစ်ခု ဖြစ်ပေါ်လာစေရေးပင်ဖြစ်သည်ဟုသိရသည်။

ကာတွန်းဆရာတစ်ဦးဖြစ်သူ ဦးငယ်ဦးကတော့ ယခုပြပွဲအပေါ်တွင် အလွန်ကျေနပ်အားရပါသည်ဟုပြောလာသည်။ "နာဂစ်တုန်းကလည်း ဒီလိုပဲ။ ဒုက္ခသည်တွေကို လှူရတာ ပီတိဖြစ်ခဲ့တယ်။ အဲဒီလို အခု ပြန်ခံစားရတယ်။ ကိုယ့်ရဲ့ဉာဏစွမ်းအားကလေးနဲ့ တတ်နိုင်တဲ့ဘက်က လှူရတာဖြစ်တဲ့အတွက် ကာတွန်းဆရာဘဝဖြစ်ရတာ အလွန်ကျေနပ်အားရတယ်။ ဖြစ်ရကျိုးနပ်ပါတယ်"ဟု သူက ဝမ်းမြောက်ဝမ်းသာပြောပါသည်။

ကာတွန်းဆရာများသည် ပြည်သူထဲမှ ပြည်သူများပင်ဖြစ်ကြပါသည်။ ထို့ကြောင့် သူတို့၏ ရေးဆွဲတင်ပြမှုတို့မှာ ပြည်သူများ၏ရင်ထဲမှ ခံစားချက်များ၊ ပြည်သူ့အသံများတစ်ထပ်တည်းကျနေပါသည်။ ကာတွန်းများမှာလည်း ပိုမိုပွင့်လင်းလာပါသည်။ ခေတ်ကိုလည်း ပိုမိုထင်ဟပ်လာပါသည်။

"ကာတွန်းဆရာ ၉၀ ရာခိုင်နှုန်းက ဆင်းရဲကြပါတယ်"ဟုပွဲကို ပံ့ပိုးကူညီသူ ကိုမြင့်ဝင်းမောင်က ပြောပါသည်။

ကိုယ်တိုင်က လိုအပ်ချက်တွေ တစ်ပုံတစ်ခေါင်းရှိနေလျက်ကပင် ကိုယ်တတ်ကျွမ်းသည့် အနုပညာလေးဖြင့် ပရဟိတစိတ်ရင့်သန်ကာ လှူဒါန်းမှုများပြုလုပ်နေကြသည့် ကာတွန်းဆရာများ၏ စေတနာမှာ စင်ကြယ်မွန်မြတ်ပါသည်။

လူဆင်းရဲသော်လည်းမေတ္တာတရားနှင့် ဒါနတရား ချမ်းသာသူ ကာတွန်းဆရာတို့သည် အတွေးရဲရဲ အရေးရဲရဲဖြင့် တိုင်းပြည်၏ ပွင့်လင်းတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဖော်ကျူးနေကြလိမ့်ဦးမည်သာဖြစ်ပါသည်။

ပြပွဲတွင် ချိတ်ဆွဲပြသထားသည့် ကာတွန်းများထဲမှ အချို့ကို ပြန်ရေးပြပါမည်။ ကာတွန်းလူဇော်၏ ကာတွန်း။ ကုလားထိုင်ပေါ်တွင် ခြေချိတ်ထိုင်နေသော ယောက်ျားဖြစ်သူကို အနီးရှိ ဇနီးဖြစ်သူက ပူဆာနေသည်။

"ကို. . ပိုက်ဆံလောက်ရဲ့သားနဲ့ ကားဝယ်စီးရအောင်နော်"။ ယောက်ျားဖြစ်သူက စိတ်ရှုပ်သွားဟန်ဖြင့်ပြန်ပြောသည်။ "ကားဖိုးက လောက်တယ်ဟ၊ မော်တော်ပီကယ်ဖိုး မတတ်နိုင်လို့ စဉ်းစားနေတာ"ဟူ၍ဖြစ်သည်။

မန္တလေးနန်းတော်ကြီးဆီမှ ငွေထုပ်များလက်ဆွဲလျက် တရုတ်အမျိုးသားကြီးတစ်ဦးထွက်လာသည်။ သူ့နောက်မှာ စစ်သူကြီးတစ်ဦးက ငွေထုပ်ထမ်း၍လိုက်ပါလာသည်။ ကာတွန်းကိုသက်ကြည်က ကာတွန်းပုံကို ယခုလို စာထိုးထားသည်။ "အနောက်ဘက်တံခါးကျိုးတာ ပြင်လို့ရတယ်။ အရှေ့ဘက်တံခါးကအသပြာတွေ မထွက်ဖို့ အရေးကြီးတယ်"။

နောက်ကာတွန်းတစ်ခုကတော့ ကာတွန်းကိုရွှေထူး၏ သုံးကွက်ကာတွန်းဖြစ်သည်။ ပထမတစ်ကွက်တွင် လူတစ်ဦးမြစ်ဘေးမှာ ငါးမျှားနေသည်။ ဒုတိယ တစ်ကွက်တွင် ငါးတစ်ကောင်မှ လာမဟပ်သဖြင့် စိတ်တိုလာသည်။ တတိယ တစ်ကွက်မှာ ငါးမျှားတံကိုထမ်းလျက် စိတ်ဆိုးမာန်ဆိုးပြန်သွားပုံဖြစ်ပြီး စကားတစ်ခွန်းကို ဒေါသတကြီးပြောသွားသည်။ "အလကားအကောင်တွေ တစ်ကောင်မှပါးစပ်မဟရဲကြဘူး. . . ဟွန်း"ဟူ၍။

နောက်ဆုံးကာတွန်းတစ်ခုကို တင်ပြပါမည်။ ကာတွန်းဆရာက သူရဖြစ်သည်။ နိုင်ငံခြားခရီးသည်တစ်ဦးက မြန်မာနိုင်ငံမှ ဆင်းရဲသားနှစ်ဦးကို ပြောသည်။ "တကယ်ဆို ခင်ဗျားတို့တိုင်းပြည်က ကျုပ်တို့တိုင်းပြည်ထက် ချမ်းသာတယ်။ ဒါပေမဲ့. . "

ထိုစဉ် ဆင်းရဲမွဲတေနေသည့် လူနှစ်ဦးက စကားဖြတ်ပြောလိုက်ပုံမှာ "သိတယ်. . မပြောနဲ့။ ဒီမှာ ဒေါသဖြစ်နေတာ. . ခွီး"ဟူ၍ဖြစ်ပါသည်။ ။

## မျက်နှာဖုံး-ရခိုင်ပြည်နယ် ပဋိပက္ခများတွင် အိုင်အန်န်ဂျီအိုဝန်ထမ်း ကိုးဦး ပါဝင်ပတ်သက်ခဲ့ မှ

၎င်းတို့မှာ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေစဉ် နေအိမ်မီးရှို့မှုများ၊ လှုံ့ဆော်သော လက်ကမ်းစာရွက်များ ဖြန့်ဝေခြင်းစသည့် ဥပဒေပလုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ INGO ဝန်ထမ်းများက အဖွဲ့အစည်းအဓိကတာဝန်ကို မဆောင်ရွက်ဘဲ ၎င်းတို့ပြစ်မှုကျူးလွန်ခဲ့ခြင်းကို ခိုင်လုံသော အထောက်အထားများ၊ သက်သေများ အခိုင်အမာရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ၎င်းတို့အား တရားစွဲဆိုရာတွင် ဥပဒေနှင့်အညီ သက်သေငှားရမ်းခွင့်လည်း ပြုထားပြီး၊ တရားရုံး၏ဆုံးဖြတ်ချက်အတိုင်း ခံယူရမည်ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးကပြောကြားခဲ့သည်။ အပြစ်မရှိ၍ ပြန်လွှတ်ပေးလိုက်သူတစ်ဦးမှာ AZG မှ ဝန်ထမ်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့်ပတ်သက်၍ မြန်မာအစိုးရက အာဆီယံနှင့် နိုင်ငံတကာသို့ အသေးစိတ် ရှင်းပြရန် မျှော်လင့်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်က ဇူလိုင် ၂၆ ရက်တွင် ပြောကြားခဲ့သည်။ ထိုသို့ပြောကြားခဲ့ပြီး ၄ရက်အကြာ ဇူလိုင် ၃၀တွင် မြန်မာအစိုးရက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနား၊ နိုင်ငံတကာမှ သံတမန်များ၊ ပြည်တွင်းရှိ ဘာသာရေးခေါင်းဆောင်များ၊ NGO၊ INGOများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းထောက်များရှေ့တွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အသေးစိတ် သတင်းထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်မှုများကြောင့် နှစ်ဖက်စလုံးတွင် သေဆုံးသူ ၇၇ ဦး၊ ဒဏ်ရာရသူ ၁၀၉ ဦး ရှိခဲ့သည်။ လူနေအိမ်ပေါင်း ၄၈၂၂ လုံး၊ ဗလီ ၁၇ ခု၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းနှင့် စာသင်ကျောင်း ၃ ကျောင်း မီးလောင်ပျက်စီးခဲ့သည်။ ပြစ်မှုကျူးလွန်သူ ၈၅၈ ဦးအားဖမ်းဆီးအရေးယူခဲ့သည်။ သေဆုံးသူများထဲတွင် ဥပဒေချိုးဖောက်သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပစ်ခတ်သောကြောင့် သေဆုံးသူရှစ်ဦးပါဝင်ကြောင်းလည်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဋိပက္ခများကြောင့် ဒုက္ခရောက်ရသူများအတွက် ကယ်ဆယ်ရေးစခန်း ၈၉ ခုကို တည်ဆောက်ပေးထားပြီး လက်ရှိတွင် ဒုက္ခသည် အရေအတွက်မှာ ရခိုင်လူမျိုး ၁၄,၃၂၈ ဦး၊ အစ္စလာမ်ဘာသာဝင် ၃၀,၇၄၀ ဦး၊ စုစုပေါင်း ၄၅,၀၆၈ ဦးရှိသည်။ ကယ်ဆယ်ရေးစခန်းများမှာ မိသားစုအချို့မှာ ဒေသပြန်လည်တည်ငြိမ်လာသည့်အတွက် မိမိနေရပ် ပြောင်းရွှေ့သူများလည်းရှိသည်ဟု ဆိုသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က "ဖြစ်ပေါ်နေသော အခြေအနေများကို ဖြေရှင်းရာ၌ အာဏာပိုင်များက မလိုအပ်ဘဲ အင်အားအလွန်အကျွံ အသုံးပြုကြောင်း အချို့အသိုင်းအဝိုင်း၏ စွပ်စွဲမှုများကို မြန်မာနိုင်ငံအနေဖြင့် အခိုင်အမာငြင်းဆိုသည်။ အထက်ပါဖြစ်စဉ်များမှာ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်အနည်းငယ်တွင်း ပေါ်ပေါက်ခဲ့သော အုပ်စုချင်းအကြမ်းဖက်မှုများသာဖြစ်သည်။ သို့ဖြစ်ရာ ဖြစ်ရပ်မှန်အခြေအနေများကို ထောက်ရှု၍ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကိစ္စရပ်များအား အချို့အသိုင်းအဝိုင်းမှ ဘာသာရေးပြဿနာတစ်ရပ်အဖြစ် နိုင်ငံရေးအသွင်နှင့် နိုင်ငံတကာကိစ္စရပ်အသွင် ဖြစ်ပေါ်စေရန် ကြိုးပမ်းမှုများကို မြန်မာနိုင်ငံက လုံးဝပယ်ချသည်"ဟု သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသွားသည်။

မေ ၂၈ ရက်က ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော် ကျေးရွာအနီး ရခိုင်အမျိုးသမီးငယ်တစ်ဦးအား မွတ်ဆလင် လူငယ်သုံးဦးက လုယက်၊ အဓမ္မပြု သတ်ဖြတ်ခြင်းနှင့် ဆက်စပ်၍ ဇွန်၃ရက်တွင် တောင်ကုတ်၌ ခရီးသည်တင်ကားပေါ်မှ မွတ်ဆလင်အမျိုးသား၁၀ဦးအား ဒေသခံများက သတ်ဖြတ်ရာမှ အကြမ်းဖက်မှုများမှာ စတင်ခဲ့သည်။ သို့သော် အဆိုပါအသတ်ခံရသူ ၁၀ဦးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်းမှ အစ္စလာမ်ဘာသာဝင်များဖြစ်ကြောင်း သတင်းရရှိသည်။ အထက်ပါ ဖြစ်ရပ်နှစ်ခုဖြစ်ပွားပြီး စစ်တွေ၊ မောင်တောနှင့် ဘူးသီးတောင်မြို့များတွင် အကြမ်းဖက်မှုများ ပိုမိုကျယ်ပြန့်လာခြင်းဖြစ်ကြောင်း အစိုးရ၏ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

"တစ်ဦးနှင့်တစ်ဦး ဘာသာရေးအယူအဆ ကွဲပြားခြင်း၊ အထင်အမြင် လွဲမှားခြင်းမှ မုန်းတီးမှုနှင့် လက်တုံ့ပြန်မှု၊ လက်စားချေမှုများကြောင့် ဥပဒေမဲ့ စရိုက်များ ပြန့်နှံ့သွားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်"ဟု အစိုးရက အကြမ်းဖက်မှုများ၏ ဇာစ်မြစ်ကို ဖော်ပြသည်။

အကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်ရသူများအတွက် နေထိုင်စားသောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော UNHCR ၊ Care Myanmar၊ WFP ၊ ကုလသမဂ္ဂ မဟာမင်းကြီးရုံးစသော အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအလှူရှင်များ၏ အကူအညီများဖြင့်ဆောင်ရွက်လျက်ရှိကြောင်းလည်း တရားဝင်သတင်းထုတ်ပြန်သည်။ ထို့အပြင် မောင်တော၊ စစ်တွေမြို့များကို မြို့ပြစီမံကိန်းသစ်ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်များကိုလည်း ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ရှင်းပြခဲ့သည်။

အဆိုပါ ပဋိပက္ခများကို ပြည်ပမှ အဖွဲ့အစည်းအချို့နှင့် ပြည်ပမီဒီယာအချို့က ဘာသာရေးပြဿနာတစ်ရပ်အသွင်၊ အစိုးရက ဘင်္ဂါလီများကို အင်အားသုံး ဖြိုခွင်းနေသည့်အသွင် ယခုလပိုင်းတွင် ပိုမိုစွပ်စွဲဖော်ပြလာသည်။

ရခိုင်ပြည်နယ်အရေးကို စုံစမ်းရန်မစ္စတာ ကင်တားနားသည် မြန်မာနိုင်ငံသို့ ဇူလိုင် ၂၉ ရက်မှ စတင်ရောက်ရှိလာပြီး၊ ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဖြစ်သည်။ ကင်တားနားသည် အစိုးရမှ တာဝန်ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း ခရီးစဉ်အတွင်း တွေ့ဆုံမည်ဖြစ်သည်။

## စာ-၅၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမျိုးအစားပေါ်မူတည်၍ အလုပ်လက်မဲ့နှုန်းအပေါ် သက်ရောက်မှုရှိနိုင် မှ

Device ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထက်ဆင့်လင်းက "အလုပ်လာလျှောက်တဲ့သူတွေက သူတို့အနေနဲ့ လစာကောင်းတာကိုပဲ ကြည့်နေကြတယ်။ သူတို့ထင်တာ certificate လက်မှတ်တွေရှိရင် လစာကောင်းကောင်းရပြီပဲ ထင်နေတာ။ လုပ်ငန်းအတွေ့အကြုံမရှိဘဲ အောက်ခြေကစလုပ်ဖို့ သိပ်မစဉ်းစားကြဘူး"ဟု ဆိုသည်။

လုပ်သားများ၏ ကျွမ်းကျင်မှု လုပ်ငန်းအတွေ့အကြုံတို့နှင့်ပတ်သက်၍ လုပ်ငန်းရှင်တွေအနေဖြင့် နည်းပညာပေး ကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးရန်လိုအပ်သလို အစိုးရပိုင်းအနေဖြင့်လည်း လုပ်ငန်းပိုင်းနှင့်ဆိုင်သော ကျွမ်းကျင်မှုရက်တိုသင်တန်းများလည်း လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"အလုပ်လက်မဲ့ အရေအတွက်များတာ မကောင်းဘူးလို့ ပြောလို့မရဘူး။ အလုပ်မရှိတဲ့အတွက် အဲဒီလူတွေကို အခုရင်းနှီးမြှုပ်နှံမှုလာတော့အရန်အင်အားလိုထားလို့ရတာပေ့ါ။ ပညာရေးစနစ်နဲ့လုပ်ငန်းခွင်တို့က ဆက်စပ်မှုရှိဖို့လည်းလိုတယ်။ ကိုယ့်ရဲ့အရည်အသွေးကိုလည်း ကိုယ်လုပ်မှရမယ်"ဟု ဒေါက်တာအောင်ထွန်းသက်ကဆိုသည်။

## မျက်နှာဖုံး-ထိုင်းနိုင်ငံတောင်ပိုင်းတွင် တစ်ရက်တည်း သေနတ်ပစ်မှုနှစ်ကြိမ်ဖြစ်ပွားကာ မြန်မာအလုပ်သမားသုံးဦး သေဆုံး မှ

အလုပ်သမားများအား အကူအညီပေးနေသော ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (GHRE) အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်ထံမှသိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်း ရာနွတ်မြို့နယ် ဆွတ်ခလခရိုင်တွင်ရှိသော မြန်မာအလုပ်သမားများ အလုပ်လုပ်နေရာ CPF ပုစွန်စက်ရုံတွင် ဇူလိုင်လ ၂၅ရက် နံနက် ၃နာရီက အမည်မသိလူနှစ်ဦး သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်သွားသဖြင့် မြန်မာအလုပ်သမား အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး အတွင်းလူနာအဖြစ် ဆေးကုခံနေရကြောင်းနှင့် ထိုနေ့ညနေပိုင်းမှာပင် ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် ထိုင်းမွန်မြို့အနီး ရာဘာခြံတွင် အမည်မသိလူတစ်ဦးက အသက် ၂၇နှစ်အရွယ် ကိုထူးနိုင်အမည်ရှိမြန်မာအလုပ်သမားတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သွားသဖြင့်သေဆုံးသွားခဲ့ကြောင်း ဦးထူးချစ်ကပြောသည်။

CPF ပုစွန်စက်ရုံတွင်ဖြစ်ပွားခဲ့သော သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်မှုကြောင့် အသက် ၂၆နှစ်အရွယ်မြန်မာအလုပ်သမမစံပယ်ဖြူနှင့်ကိုအောင်အောင်တို့သေဆုံးသွားပြီး မကွေးမြို့မှ လာရောက်အလုပ်လုပ်နေသော ကိုခင်မောင်ထွန်းဆိုသူမှာ နောက်ကျောတွင် သေနတ်ဒဏ်ရာနှစ်ချက်၊ ပေါင်တွင် တစ်ချက်ထိမှန်ကာ အတွင်းလူနာအဖြစ်ဆေးကုသမှုခံနေရသည်။

ရာဘာခြံတွင် ဖြစ်ခဲ့သော ဖြစ်စဉ်၌ ကိုထူးနိုင်မှာ သေနတ်ဒဏ်ရာခြောက်ချက်ဖြင့် သေဆုံးနေသည်ကိုတွေ့ရပြီး သေနတ်ဖြင့် ပစ်ခတ်သွားသူကို စုံစမ်းရှာဖွေနေဆဲဖြစ်ကြောင်း GHRE မှသိရသည်။ "သူတို့(မြန်မာရွှေ့ပြောင်းအလုပ်သမားများ) တော်တော်ကြောက်နေကြတယ်။ ပြန်ဖို့ပဲပြောနေကြတယ်"ဟု ဦးထူးချစ်ကပြောသည်။

"အခုလိုအဖြစ်မျိုး ထိုင်းနိုင်ငံမှာဖြစ်ခဲ့တာ ကြိမ်ဖန်များစွာရှိပါပြီ။ ပုံမှန်လိုတောင်ဖြစ်နေပါပြီ။ အခုကိစ္စမှာ မြန်မာသံရုံးနဲ့ ပထမဦးဆုံး ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ သံရုံးအကူအညီမပါရင် ဒီလိုကိစ္စမျိုး ဖြေရှင်းဖို့တော်တော်ခက်ပါတယ်"ဟုဦးထူးချစ်ကပြောသည်။ ယခုအခါ မြန်မာသံရုံး၏အကူအညီဖြင့်စက်ရုံများအတွင်း ဝင်ရောက်ကူညီပေးနိုင်ခဲ့ပြီး သေနတ်ပစ်မှုဖြစ်ပွားခဲ့သော စက်ရုံ၊ ရာဘာခြံပိုင်ရှင်များက ဥပဒေအတိုင်း ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဇူလိုင် ၂၅ ရက် တစ်ရက်တည်း ထိုင်းနိုင်ငံတောင်ပိုင်း နှစ်နေရာတွင် ဖြစ်ပွားခဲ့သောအဖြစ်များ၏ တရားခံများကို သက်ဆိုင်ရာ ထိုင်းရဲတပ်ဖွဲ့က ရှာဖွေစုံစမ်းဆဲဖြစ်ကြောင်းသတင်းရရှိသည်။

ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းအလုပ်သမားအရေအတွက်နှစ်သန်းခန့်ရှိပြီး ထိုင်းနိုင်ငံတောင်ပိုင်း တွင် မြန်မာအလုပ်သမားများသည် ရေလုပ်ငန်းများ၊ အအေးခန်းစက်ရုံများ၊ ရာဘာခြံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌ အများဆုံး အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

## မျက်နှာဖုံး - ပူတာအိုတွင် ဆန်တစ်ပြည် ကျပ်သုံးထောင်ခန့် ဖြစ်နေ မှ

ပူတာအိုမြို့နှင့် မြစ်ကြီးနား ဆွမ်ပရာဘွမ်ကားလမ်းမှာ မိုးတွင်းကာလတွင် လမ်းမကောင်းသဖြင့် သွားလာရန်ခက်ခဲပြီး နယ်မြေမအေးချမ်းမှုများကြောင့်လည်း လမ်းကိုအသုံးမပြုနိုင်ကြောင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် ပူတာအိုမြို့၌ ဆန်တစ်ပြည်လျှင် ကျပ်သုံးထောင်ဈေးနှုန်းရှိနေပြီး တစ်တင်းခွဲတစ်အိတ်လျှင် ကျပ်ခြောက်သောင်းခန့်မှ တစ်သိန်းခန့်ထိပေး၍ ဝယ်ယူစားသုံးနေရကြောင်း ပူတာအိုမြို့ခံများက ပြောကြားသည်။

ပူတာအိုခရိုင်သို့ ဆန်သယ်ယူရာတွင် လေကြောင်းလိုင်းတစ်ခုတည်းဖြင့်သာ သယ်ယူနိုင်ပြီး လေကြောင်းလိုင်း၏ သတ်မှတ် ပေါင်ထက် ပိုပါက ပေးဆောင်ရသော ပေါင်ပိုကြေးများကြောင့်လည်း ဆန်ဈေးနှုန်း ကြီးမြင့်နေရခြင်းဖြစ်သည်ဟုသိရသည်။

ယခင်နှစ်များကလည်း မိုးရာသီတွင် မြစ်ကြီးနား-ပူတာအိုလမ်းကို ကောင်းမွန်စွာ အသုံးမပြုနိုင်သော်လည်း ယခုလောက်ထိ ဆန်ဈေးနှုန်းကြီးမြင့်ခြင်း မရှိဘဲ ယခုနှစ်တွင်မူ နိုင်ငံရေးအခြေအနေနှင့် နယ်မြေမအေးချမ်းမှုပါ ပါဝင်၍ ထိုမျှဆိုးရွားသွားခြင်း ဖြစ်ကြောင်း ပူတာအိုမြို့မှ ဒေသခံများက ပြောကြားသည်။

ကုန်းလမ်းမှ သယ်ယူရာတွင်လည်း လမ်းပိတ်မှုနှင့် နယ်မြေမအေးချမ်းမှုကြောင့် ဆိုင်ကယ်ဖြင့် သယ်ရာ၌ အဆုံးအရှုံးသာများနေပြီး သယ်ယူမရနိုင်တော့ကြောင်း ပူတာအိုမြို့ဈေးမှ ဆန်ရောင်းသူတစ်ဦးကပြောသည်။

"သူတို့ အရင်လှောင်ထားတဲ့ ဆန်တွေကို ထုတ်ရောင်းနေရတဲ့အခြေအနေဖြစ်နေတယ်။ ချမ်းသာတဲ့သူတွေပဲ လေယာဉ်နဲ့သယ်နိုင်တယ်။ ကုန်သည်တွေအတွက်တော့ လေယာဉ်နဲ့သယ်လို့မကိုက်ဘူး။ အခုချိန်မှာ ပိုက်ဆံရှိတဲ့သူအတွက် မထောင်းသာပေမယ့် ဆင်းရဲတဲ့သူတွေအတွက်တော့ ဆန်ဈေးက အဆမတန်ဖြစ်နေလို့တော်တော်ဒုက္ခရောက်နေကြတယ်"ဟု ပူတာအိုမြို့မှ အစိုးရဝန်ထမ်းတစ်ဦးဖြစ်သူ ဦးသန်းအောင်ကပြောသည်။

ပူတာအိုခရိုင်တွင် မိုးရွာသွန်းမှုများကြောင့် တောင်သူများ၏ မျိုးစပါးအချို့လည်း ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း ဆန်ကုန်သည်များက ပြောကြားသည်။

ပူတာအိုမြို့သို့မြန်မာ့လေကြောင်းနှင့် အဲပုဂံလေကြောင်းလိုင်းနှစ်လိုင်းသာ ပျံသန်းပြေးဆွဲနေပြီး လေကြောင်းလိုင်းများက တစ်ပတ်လျှင်နှစ်ရက် ပျံသန်းပေးနေကြောင်း သိရသည်။

အခက်အခဲများ လတ်တလောပြေလည်စေရန် တပ်မတော်မှ ပူတာအိုဒေသရှိ ဒေသခံတိုင်းရင်းသားများနှင့် အစိုးရဝန်ထမ်းများအတွက် ရိက္ခာနှင့်ထောက်ပံ့ရေးပစ္စည်းများကိုဇူလိုင်လ ၂၄ ရက်မှစ၍ ပို့ဆောင်ပေးနေကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ထောက်ပံ့ရေးပစ္စည်းများတွင် ဆန်အိတ် ၇၃၀၊ စားသုံးဆီ ၄ပီပါ၊ ဆားပိဿာချိန် ၂၅၀နှင့် ကြက်သွန်ပိဿာချိန် ၈၀၀ တို့ပါဝင်ကြောင်းသိရသည်။ ပူတာအိုခရိုင်တွင် မြို့နယ် ၆ မြို့နယ်ရှိပြီး လူဦးရေနှစ်သောင်းကျော် နေထိုင်ကြောင်း သိရ သည်။

အစိုးရတပ်နှင့် ကေအိုင်အေတပ်တို့ကြားတွင် လက်နက်ကိုင်တိုက်ပွဲများ စတင်ခဲ့ချိန်မှစ၍ မြစ်ကြီးနား ပူတာအိုလမ်းတစ်လျှောက်တွင် တံတားမိုင်းခွဲမှု(၁၁)ကြိမ် ဖြစ်ပွားခဲ့ပြီး၊ တံတားကြီးငယ်များ ပျက်စီးခဲ့သည်ကိုလည်း ပြန်ကြား ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

Health
7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012



# မြွေဆိပ်ဖြေဆေး ပြည်တွင်း၌ ထုတ်လုပ်မှု တိုးမြှင့်မည်

ဝတ်ရည်အောင် ရန်ကုန်၊ဇူလိုင်-၂၅

ပြည်ပမှမှာယူနေရသည့် မြွေဆိပ်ဖြေဆေးများသည် ဒေသမြွေများ၏ အဆိပ်မှထုတ်ယူခြင်း မဟုတ်သောကြောင့် ပြည်တွင်းတွင် ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများထက် အာနိသင်လျော့နည်းလျက်ရှိရာ လိုအပ်ချက်ရှိနေသည့် မြွေဆိပ်ဖြေဆေးများ နှစ်အလိုက် တိုးမြှင့်ထုတ်လုပ်သွားရန်စီစဉ်နေကြောင်း စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးကပြောသည်။

ကျင်းပပြုလုပ်နေသည့်လွှတ်တော်အစည်းအဝေးရှိပြည်ထောင်စုလွှတ်တော်၌ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ တောင်သူလယ်သမားများ အများဆုံးကြုံတွေ့နေရသည့် မြွေကိုက်ခံရခြင်းအတွက် လိုအပ်သည့်မြွေဆိပ်ဖြေဆေးများကိုနိုင်ငံပိုင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံများတွင် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်အဆိုအား ဒုတိယဝန်ကြီးဦးသိန်းအောင်က ထိုသို့ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအခြေအနေတွင် မြွေဟောက်အဆိပ်ဖြေဆေးကို လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်သော်လည်း အန္တရာယ်အပေးဆုံးဖြစ်သည့်မြွေပွေးအဆိပ်ဖြေဆေးအားလုံလောက်စွာထုတ်လုပ်မှုမရှိသေးပေ။

မြွေကိုက်ခံရခြင်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် မြွေပွေးကိုက်ခံရခြင်းကြောင့်ဖြစ်ပြီး ပြည်တွင်းတွင် မြွေပွေးအဆိပ်ဖြေဆေး ထုတ်လုပ်မှုသည် လိုအပ်ချက်ထက် လေးဆခန့် နည်းပါးနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။ လက်ရှိတွင် မြွေပွေးအဆိပ်ဖြေဆေး နှစ်သောင်းကျော်သာ ထုတ်လုပ်ပေးနိုင်ပြီး လိုအပ်သောမြွေဆိပ်ဖြေဆေးများအား ထိုင်းနှင့် အိန္ဒိယနိုင်ငံများမှ ဝယ်ယူသုံးစွဲနေရကြောင်း စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၏ ပြန်လည်ရှင်းလင်းချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ဦးအောင်သိန်းလင်း၏ အဆိုအား လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ပါဝင်ဆွေးနွေးပြီး အဆင့်မီမြွေဆိပ်ဖြေဆေးများ ထုတ်ယူရရှိနိုင်သည့် စံချိန်မီမြင်းများ ပြန်လည်သွင်းယူမွေးမြူထုတ်လုပ်ရေး၊ ခေတ်မီစက်ကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ရေးနှင့် စက်ကိရိယာများအား အသုံးချမည့်ပညာရှင်များအားပြည်ပတွင်ခေတ်မီနည်းစနစ်များ လေ့လာသင်ယူစေရေး၊ နိုင်ငံတော်၏ ဘတ်ဂျက်ကိုတိုးသုံး၍ဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လှူဒါန်းနေကြသော အလှူရှင်နိုင်ငံများ၏ ကူညီမှုရယူနိုင်အောင် စီစဉ်၍ဖြစ်စေ လုံလောက်သည့် မြွေဆိပ်ဖြေဆေး ရရှိအောင် ဆောင်ရွက်ခြင်း နည်းလမ်းများအပြင် တောင်သူများကိုလည်း မြွေအန္တရာယ်ကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးခဲ့ခြင်းကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးအနောက်ပိုင်းဒေသများသည် မြွေကိုက်ခံရမှုအများဆုံးနေရာများဖြစ်ကြပြီး မကွေးတိုင်းအတွင်းရှိ မြွေများမှာ အဆိပ်အပြင်းဆုံးများဖြစ်ကြသည့်အတွက်ထိုအရပ်ဒေသသည်မြွေကိုက်ခံရခြင်းကြောင့် သေဆုံးနှုန်း လည်း အများဆုံးဖြစ်ကြောင်း သိရသည်။

မြွေဆိပ်ဖြေဆေးအား ကျေးရွာကျန်းမာရေး ဆေးပေးခန်းများအထိထားရှိပေးထားသော်လည်း အရေအတွက်နည်းပါးလွန်းသဖြင့် လုံလောက်အောင် ထိုးပေးနိုင်မှုမရှိကြောင်း မြွေကိုက်ရောဂါ ထိန်းသိမ်းရေးစီမံချက်မှ သိရသည်။

# ခုနစ်တွဲမြောက် ရင်ချင်းဆက်အမြွှာ မကြာမီခွဲစိတ်မည်

ဝတ်ရည်အောင်
ရန်ကုန်၊ ဇူလိုင်-၂၇

သရက်မြို့၏ ပထမဆုံး ရင်ချင်းဆက်အမြွှာမိန်းကလေးနှစ်ဦးသည် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများနှင့် ခွဲစိတ်မှုဆောင်ရွက်ရန် ရန်ကုန်ကလေးဆေးရုံကြီးတွင် ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရင်ချင်းဆက်အမြွှာများသည် ပျမ်းမျှမွေးဖွားလာသည့် ကလေးငါးသောင်းမှ တစ်သိန်းတွင် တစ်ယောက်နှုန်းဖြစ်ပွားလေ့ရှိပြီး မြန်မာနိုင်ငံတွင် ခွဲစိတ်ခဲ့သည့်ရင်ချင်းဆက်အမြွှာစုံတွဲ ခြောက်တွဲရှိပြီဖြစ်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှ သိရသည်။

ယခုမွေးဖွားလာသည့် ရင်ချင်းဆက်အမြွှာနှစ်ဦးသည် ဒုတိယမြောက်ရင်သွေးများဖြစ်ပြီး သားဖွားမီးယပ် အထူးကုဒေါက်တာမြင့်မြင့်ဆွေ၊ မေ့ဆေးအထူးကု ဒေါက်တာမေသက်မြင့်၊ လက်ထောက်ဆရာဝန် ဒေါက်တာသူဇာအောင်နှင့် တာဝန်ကျဝန်ထမ်းများက အောင်မြင်စွာ မွေးဖွားပေးပြီး ကလေးအထူးကု ဒေါက်တာဆွေဇင်အေးနှင့် ကျန်းမာရေးဝန်ထမ်းများက ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

"အမြွှာကိုယ်ဝန်လို့တော့ သိရတယ်။ ဒါပေမဲ့ ရင်ချင်းဆက်နေမှန်း မွေးတော့မှ သိတာ။ ကလေးတွေကတော့ ၂၅ ရက်ကတည်းက ရန်ကုန်ကလေးဆေးရုံကြီးကို ရောက်သွားကြပြီ"ဟု သားဖွားမီးယပ်အထူးကု ဒေါက်တာမြင့်မြင့်ဆွေကပြောသည်။

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်း ခွဲစိတ်ခဲ့သော ငါးတွဲမြောက် ရင်ချင်းဆက်အမြွှာ အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်တို့သည် ထားဝယ်မြို့ လောင်းလုံမြို့နယ် ဂေါ့အင်းရွာမှဖြစ်ပြီး ရက်ပိုင်းခြား၍ ထပ်မံခွဲစိတ်ခဲ့သည့် ရင်ချင်းဆက်အမြွှာ ရန်ကင်းနှင့် ရန်ရှင်းတို့ ရင်ချင်းဆက်အမြွှာများသည်လည်း မွေးဖွားပြီးသည့် အချိန်မှစတင်-ပြီး ရန်ကုန်ကလေးဆေးရုံကြီးမှ ပြုစုစောင့်ရှောက်ခဲ့ပြီး အသက် ၂ နှစ်နှင့် ၈လအရွယ်များတွင် ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာဦးထူးဟန်နှင့်အဖွဲ့က ဆဌမတွဲမြောက်အဖြစ် ခွဲစိတ်ပေးခဲ့ခြင်းဖြစ်သည်။



# အာရှတွင် အိမ်ထောင်ပြု၊ ကလေးယူချိန် ဒုတိယနောက်အကျဆုံး ဖြစ်လာသော မြန်မာနိုင်ငံ

ဝတ်ရည်အောင်

ဓာတ်ပုံ-NLA

ပညာသင်ယူနိုင်ခွင့် အခွင့်အရေးများ၊ ဝင်ငွေရှာ၍ သီးခြားရပ်တည်နိုင်သည့် အခွင့်အရေးများ၊ ပြောင်းလဲလာသည့်နေထိုင်မှုပုံစံများ စသည်တို့က မြန်မာနိုင်ငံရှိ အမျိုးသား၊ အမျိုးသမီးများအား အိမ်ထောင်ပြုမှု နည်းပါးလာခြင်းများ၊ အိမ်ထောင်ပြုချိန်နှင့် ကလေးယူချိန် နောက်ကျခြင်းများဖြစ်လာစေသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူထားသည့် မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေးစစ်တမ်းများအရ ထိုသို့ အိမ်ထောင်ပြုမှုနည်းပါးလာခြင်း၊ အိမ်ထောင်ပြုချိန် ကလေးယူချိန် နောက်ကျလာခြင်းတို့သည် အရှေ့တောင်အာရှနိုင်ငံများအတွင်း စင်ကာပူနိုင်ငံအပြီး မြန်မာနိုင်ငံသည် ဒုတိယနေရာတွင် ရှိနေကြောင်းသိရသည်။

ယခင်က မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်လျှင်ပညာသင်ကြားနိုင်ခွင့် အခွင့်အလမ်း နည်းပါးခဲ့သည်။ ရှေးယခင်က ကျေးရွာများတွင် ပညာသင်ကြားသော နေရာများသည် များသောအားဖြင့် ဘုန်းတော်ကြီးကျောင်းများဖြစ်နေခြင်း၊ အခြားမြို့ရွာများသို့ သွားရောက်မှသာ ပညာသင်ကြားနိုင်ခြင်း၊ သမီး မိန်းကလေးများသည် အိမ်မှုကိစ္စနိုင်နင်းမှုသည် အဓိကအရေးကြီးသည်ဟု မှတ်ယူကြခြင်း စသည့်အကြောင်းအရာများကြောင့် အမျိုးသမီးများ ပညာတတ်မှုနည်းပါးပြီး အရွယ်ရောက်လာသောအခါတွင်လည်း အားကိုးရသူရှိစေရန် မိဘများက အိမ်ထောင်စောစောပြုစေခဲ့ခြင်းတို့ကြောင့် အိမ်ထောင်ပြုချိန်လည်း စောခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က မြန်မာအမျိုးသမီးများ အိမ်ထောင်ပြုသည့်ပျမ်းမျှအသက်အရွယ်သည် ၂၁နှစ်ဖြစ်ပြီး အမျိုးသားများ အိမ်ထောင်ပြုသည့်အသက်အရွယ်မှာ ၂၄နှစ်ဖြစ်သည်။ ၂၀၀၇ ခုနှစ်က နောက်ဆုံးပြုလုပ်ခဲ့သည့် စစ်တမ်းအရ အမျိုးသမီးများ အိမ်ထောင်ပြုသည့်ပျမ်းမျှအသက်အရွယ်သည် ၂၆ နှစ်ဖြစ်လာပြီး အမျိုးသားများမှာ ၂၈ နှစ်ဖြစ်လာသည်။

စာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## လူနာသစ်များအတွက် ကူးစက်ရောဂါအထူးကုဆေးရုံဝင်းအတွင်း အိတ်ချ်အိုင်ဗီ ပြင်ပလူနာဆောင်တိုးချဲ့

ဝတ်ရည်အောင်

ရန်ကုန်၊ဇူလိုင်-၂၇

အိတ်ချ်အိုင်ဗီရောဂါပိုး ကူးစက်ခံနေရသော လူနာသစ်များကိုပါ ဆေးကုသမှုပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိကူးစက်ရောဂါ အထူးကုဆေးရုံဝင်းအတွင်းတွင် တိုးချဲ့တီဘီ၊ အိတ်ချ်အိုင်ဗီ ပြင်ပလူနာဆောင်တစ်ခု စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ သတင်းရရှိသည်။

ယခုအခါသာကေတမြို့နယ်အတွင်းရှိနယ်စည်းမထား ဆရာဝန်များအဖွဲ့၏ ဆေးခန်းတွင် အိတ်ချ်အိုင်ဗီလူနာ ၄၀၀၀ အားအေအာတီ(ART)ဆေးဖြင့်ဆေးကုသမှုပေးနေပြီး တိုးချဲ့ပြင်ပလူနာဌာန ဆောက်လုပ်ပြီးစီးသွားပါက ထိုလူနာများအပြင် လူနာသစ်များကိုလည်း ထပ်မံကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံဆောက်လုပ်ပြီးစီးသည့်အချိန်တွင်ကျန်းမာရေးဝန်ကြီးဌာနပိုင် အဆောက်အအုံအဖြစ် ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း ဌာနေကိုယ်စားလှယ် မစ္စတာ Peter Paul de Grooteက ပြောသည်။

အေအာတီ (ART) ဆေးကုသမှုမရရှိလျှင် ရောဂါပိုးကူးစက်ခံနေရသူများသည် နောက်ဆုံးခုခံအားကျဆင်းမှု အေအိုင်ဒီအက်ရောဂါကို ခံစားရပြီး အသက်ဆုံးရှုံးနိုင်ကာ ဆေးကုသမှုရရှိပါကပုံမှန်ကျန်းမာစွာသက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၁၁ အကုန်တွင် အိတ်ချ်အိုင်ဗီကူးစက်ခံနေရသော လူနာတစ်သိန်းနှစ်သောင်းငါးထောင်သည် ART ဆေးကုသမှုများ လိုအပ်နေပြီး ထိုထဲမှ လူနာလေးသောင်းသာ ရရှိနေသည်။ ထိုလူနာလေးသောင်းမှ လူနာနှစ်သောင်းသုံးထောင်သည် ဆေးကုသမှုကို နယ်စည်းမထားဆရာဝန်များအဖွဲ့မှ ရရှိနေကြောင်း သိရသည်။

“ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းသွားနိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံတကာနဲ့ပြည်တွင်းက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ Myanmar Positive Group၊ Phoenix Association တို့လို လူထုအခြေပြု ကိုယ်ထူကိုယ်ထ အဖွဲ့တွေအကြား ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ အရမ်းအရေးကြီးပါတယ်”ဟု မစ္စတာ Peter Paul de Groote က ဆက်လက်ပြောသည်။

နယ်စည်းမထားဆရာဝန်များအဖွဲ့သည် အိတ်ချ်အိုင်ဗီ ကူးစက်ခံနေရသော လူနာများအား ဆေးကုသမှုလုပ်ငန်းများကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

## စာ-၁၃၊ အာရှတွင် အိမ်ထောင်ပြုကလေးယူချိန် ဒုတိယနောက်အကျဆုံး ဖြစ်လာသော မြန်မာနိုင်ငံ မှ

ပညာသင်ကြားနိုင်သည့် အခွင့်အရေး များပြားလာခြင်းတို့ကြောင့် ပညာရပ်များ ဆုံးခန်းတိုင်အောင် သင်ကြားကြခြင်း၊ အလုပ်အကိုင် အခြေကျစေရန်နှင့် ငွေကြေးစုဆောင်းမှုများအတွက် အချိန်ယူလာခြင်း စသည်တို့က ယခုခေတ်လူငယ်များအား အိမ်ထောင်ပြုသည့်အချိန် နောက်ကျလာစေခဲ့သည်။

“အဓိကကတော့ အမျိုးသမီးတွေ ပညာတတ်လာကြတယ်။ စာသင်နေကြတဲ့အတွက် အိမ်ထောင်မပြုကြတော့ဘူး။ ပညာတတ်သွားတဲ့အခါ အလုပ်အကိုင်လည်း ရသွားတဲ့အတွက် အားကိုးရှာစရာမလိုဘူး။ တစ်ယောက်တည်း ရပ်တည်လို့ရပြီဆိုတဲ့ အတွေးလည်း ဝင်လာကြတယ်။ ပြီးတော့ ကိုယ်က ပညာတတ်သွားတဲ့အခါ ပညာတတ်တဲ့သူကိုပဲ ရွေးချယ်ဖို့စဉ်းစားလာတဲ့အပြင် အသက်ကလည်း ကြီးလာတဲ့အတွက် အိမ်ထောင်ပြုဖို့လည်း သိပ်မစဉ်းစားကြတော့ဘူး”ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (သန်းခေါင်စာရင်းနှင့် စစ်တမ်းဌာနစု)မှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီက ပြောကြားသည်။

အမျိုးသားများသည်လည်း ထိုအကြောင်းများကြောင့် အိမ်ထောင်ပြုချိန် နောက်ကျလာကြသည်။ ထိုအခါ အိမ်ထောင်ရှင်များ ကလေးယူသည့်အချိန်လည်း နောက်ကျလာခဲ့သည်။

အရာရာတွင် အဆိုးနှင့်အကောင်းမှာ ယှဉ်တွဲ၍နေသည်။ ကျန်းမာရေးရှုထောင့်အရ အိမ်ထောင်ပြုချိန် နောက်ကျခြင်း၊ ကလေးယူချိန် နောက်ကျလာခြင်းတို့သည် အမျိုးသားများတွင်သက်ရောက်မှု များစွာမရှိသော်လည်း နောက်ကျမှ အိမ်ထောင်ပြုသည့် အမျိုးသမီးများအတွက်မူ သက်ရောက်မှုရှိပါသည်။

ငယ်ရွယ်သည့် အမျိုးသမီးများတွင် မျိုးဥများပါကျန်းမာသန်စွမ်းနေကြသည်။ ထိုအရွယ်တွင် ကလေးမွေးဖွားပါကများသောအားဖြင့် ကလေးများသည်လည်း ကျန်းမာသောမျိုးဥများမှ မွေးဖွားလာသည့်အတွက်အသက်ကြီးမှမွေးဖွားလာသည့် ကလေးများထက် ပိုမိုကျန်းမာခြင်းများ၊ သန်မာခြင်းများဖြင့် မွေးဖွားလာကြောင်း ဒေါက်တာထွန်းသိန်းက ပြောသည်။ အသက်ကြီးလာလေလေ မျိုးဥများ၏အသက်များသည်လည်း ထပ်တူကြီးလာပြီး အိုမင်းလာလေ့ရှိသည်။ မျိုးဥများ အိုမင်းပြီး မသန်စွမ်းသည့်အချိန်မှ မွေးဖွားလာသည့် ကလေးများသည် မွေးရာပါရောဂါအမျိုးမျိုးဖြင့် မွေးဖွားလာနိုင်သည့်အခွင့်အလမ်းများပြားကြောင်း သားဖွားမီးယပ်အထူးကုဆရာဝန်များကပြောသည်။

ဥပမာအားဖြင့် အသက် ၂၀ တွင် အိမ်ထောင်ပြုသည့် အမျိုးသမီးတစ်ဦးသည်ဒေါင်း(န်)ကလေးမွေးနိုင်ခြေ ၂၀၀၀ တွင် ၁ ရာခိုင်နှုန်းသာရှိသော်လည်း အသက် ၃၀ တွင် ၁၀၀၀တွင် တစ်ဦး၊ အသက် ၄၀တွင် ၁၀၀ တွင် တစ်ဦးနှင့် အသက် ၄၆နှစ်တွင် ၂၅ဦးတွင် တစ်ဦးမွေးဖွားလာနိုင်ကြောင်း သိရသည်။

“ငယ်တဲ့အရွယ်မှာ အိမ်ထောင်ပြုတဲ့ အမျိုးသမီးတွေက အမျိုးသားနဲ့ အတူနေတဲ့အချိန်များပြားတဲ့အတွက် အတူနေချိန်များပြားခြင်းကြောင့် ဖြစ်လာနိုင်တဲ့ သားအိမ်ခေါင်းကင်ဆာလိုရောဂါတွေ ဖြစ်ပွားဖို့ အခွင့်အရေးပိုများတာကတော့ ငယ်ငယ်နဲ့ အိမ်ထောင်ပြုတဲ့ အမျိုးသမီးတွေအတွက် ကျန်းမာရေးဆိုင်ရာဆိုးကျိုးပေါ့”ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

အိမ်ထောင်ကျပြီး လူမှုရေးဆိုင်ရာ ကြုံတွေ့ရမှုများ ဖြေရှင်းကြသည့်အခါတွင် အသက်အရွယ်ရလာသူများသည် ငယ်ရွယ်သူများထက် ပိုမိုဗဟုသုတရှိလာခြင်း၊ ဆင်ခြင်ဆုံးဖြတ်နိုင်ခြင်း၊ ကလေးပြုစုစောင့်ရှောက်မှုများကို နားလည်သိရှိနိုင်ခြင်းစသည့် ကောင်းကျိုးများလည်း ရှိသည်။

“အရမ်းကြီး နောက်ကျပြီးတော့မှ အိမ်ထောင်ပြုတဲ့သူတွေကတော့ အမျိုးသားတစ်ယောက်ဆိုလည်း သူ အလုပ်လုပ်နိုင်တဲ့အချိန်နဲ့ ကလေး အရွယ်ရောက်လာတဲ့အရွယ် ကွာဟသွားရင် ပြဿနာတွေရှိလာနိုင်မယ်ဆိုတာလေးတွေလည်း သတိထားသင့်တယ်လို့ထင်တယ်”ဟု အသက် ၃၀ ခန့်ရှိ အမျိုးသမီးတစ်ဦးက ပြောသည်။

အသက် ၂၀မှ ၂၄နှစ်အတွင်း အမျိုးသမီးများတွင် ၆၇ ရာခိုင်နှုန်းကျော်သည် အိမ်ထောင်မပြုကြသေးပေ။ ထိုစာရင်းသည် လွန်ခဲ့သည့် နှစ် ၄၀ခန့်နှင့်ယှဉ်လျှင် နှစ်ဆနီးပါးမြင့်တက်လာပြီး အမျိုးသားများသည်လည်းယခင်က ၅၅ ရာခိုင်နှုန်းခန့်ရှိနေရာမှ ယခုအချိန်တွင် ၇၆ ရာခိုင်နှုန်းကျော်သည် အိမ်ထောင်မပြုကြသေးကြောင်းစစ်တမ်းများကဖော်ပြနေသည်။ အသက် ၄၅ မှ ၄၉ နှစ်အတွင်း အမျိုးသမီးများမှာမူ အမျိုးသားများထက် အိမ်ထောင်မပြုသူအချိုးနှစ်ဆခန့်ကွာခြားနေသည်။

ငယ်ရွယ်သည့်အချိန်တွင် အိမ်ထောင်ပြုသူများအတွက် အသက်အန္တရာယ်ရှိသည့် ကင်ဆာရောဂါများရှိသကဲ့သို့ အိမ်ထောင်မပြု ကလေးမွေးဖွားခြင်းမရှိသော အမျိုးသမီးများတွင်လည်း အသက်အန္တရာယ်ခြိမ်းခြောက်မှုရှိသည့် အမျိုးသမီးရောဂါများလည်းရှိသည်။

သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာများသည်ကိုယ်ဝန်ဆောင်မှုမရှိခြင်း၊ နို့တိုက်ကျွေးခြင်းမရှိသည့် အမျိုးသမီးများတွင် ဖြစ်ပွားနိုင်မှု ရာခိုင်နှုန်းပိုမိုများပြားသည့်ရောဂါများဖြစ်ပြီး အခြားဂရုပြုရမည့်ရောဂါများလည်းရှိကြောင်း သိရသည်။

ထို့ပြင် အိမ်ထောင်နောက်ကျမှပြုသည့် အမျိုးသားများအတွက် အပြင်တွင် အပျော်အပါးရှာရာမှ ကူးစက်ဖြစ်ပွားလာနိုင်သည့် ကူးစက်ရောဂါများအန္တရာယ်မှာလည်း ဂရုပြုရမည်ဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာပညာရှင်များကပြောသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကျင်းပခဲ့သော ကမ္ဘာ့လူဦးရေနေ့တွင်လည်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကလည်း မျိုးဆက်ပွားနိုင်သည့် အရွယ်အများစုသည် အန္တရာယ်မကင်းသော အမူအကျင့်များရှိနိုင်သည့်အတွက် မရည်ရွယ်၊ မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းတို့ကြောင့် သေဆုံးမှုမရှိစေရန် မျိုးဆက်ပွားကျန်းမာရေးဗဟုသုတများလည်း ပိုမိုလိုအပ်လာကြောင်းထည့်သွင်းပြောကြားသွားသည်။

ခုခံအားကျဆင်းမှုရောဂါသည် ပြီးခဲ့သည့်နှစ်အတွင်းလူရှစ်ထောင်နီးပါးတွင် အသစ် ထပ်မံကူးစက်ခဲ့ပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး၏စာရင်းများအရလည်း ဆေးရုံရောက်ရှိလာသည့် အမျိုးသမီးများ၏ သေဆုံးမှု အများဆုံးသည် ကိုယ်ဝန်ဖျက်ချခြင်းကြောင့်ဖြစ်သည့်အတွက် ပညာသင်ယူမှုများ၊ အလုပ်အကိုင်အခွင့်အရေးများကြောင့် အိမ်ထောင်ပြုမှုများ နောက်ကျနေသော်လည်း ဖြစ်ပွားလာနိုင်သော ကျန်းမာရေးပြဿနာများကိုလည်း သတိပြုနေထိုင်သင့်ကြောင်းသိရသည်။

**TRADEMARK CAUTION**

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

GMAIL

Reg:No.4/2852/2006

In respect of : Int'l Class 38: Telecommunication services; electranic mail services.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph: 371990 2.Aug.2012

**မွန်မြတ်ဆေးခန်း** ဓိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၅

**နီလာ** အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ

မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၂)ရက်ခရီး- ဗုဒ္ဓဂယာ (ဖွားးပွင့်၊ဟော၊စံ)(အိန္ဒိယ-နီပေါ) → (၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဋ္ဌမဟာဌာန + နယူးဒေလီ၊တစ်ခ်ျမဟာ → (၉)သိန်း
ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ

အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
ရက်ရှည်ခရီးမသွားချင်သူများအတွက် (၇)ညအိပ် (၈)ရက်ခရီးကို အထူးအစီစဉ်ဖြင့် ပို့ဆောင်ပေးနေပါပြီ။
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

[illegible]

စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ အပတ်စဉ် (တနင်္လာ ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ)နေ့များတွင် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ဓွယ်တော်) + ဘန်ကောက် (မြဘုရား) → (၁၂)သိန်း၊ (စရိတ်ငြိမ်း)ထွက်ခွာမည့်ရက်(၂၅-၉-၂၀၁၂)

(ရုံးချုပ်) အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(စုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(မန္တလေးရုံးခွဲ) အမှတ် (၈၁၂)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။
(မော်လမြိုင်ရုံးခွဲ) အမှတ် (၃၅၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
(ပုသိမ်ရုံးခွဲ) အခန်း(A)မြေညီထပ်၊ ကိုးနဝင်းဈေးရုံအောက်ထပ်၊ ကုန်စုံလမ်းနှင့် ရေတွင်းလမ်းထောင့်၊ ပုသိမ်မြို့။
(တောင်ကြီးရုံးခွဲ) အမှတ်(၂၇/၃)၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရေအေးကွင်းရပ်၊တောင်ကြီးမြို့။
(လားရှိုးရုံးခွဲ) အမှတ်(၈/၁၂/၁၉)၊သုခလမ်းနှင့်သဇင်လမ်းထောင့်၊နယ်မြေ(၁၂)၊(၃)ရပ်ကွက်၊လားရှိုးမြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။

# တောင်ဖြိုမိုင်းကြောင့် ဒေသခံများ ထိတ်လန့်မှုမရှိစေရေး ကြိုတင်အကြောင်းကြားမှုစနစ် စတင်ကျင့်သုံး

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင်-၂၇**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပန်းတောင်းတောင် ကြေးနီဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်း စီမံကိန်းနယ်မြေအတွင်း တောင်ဖြိုမိုင်းကြောင့် ပေါက်ကွဲသံများ အနီးပတ်ဝန်းကျင်ဒေသခံများ ကြောက်လန့်တုန်လှုပ်မှု မရှိစေရေးအတွက် ကြိုတင်အကြောင်းကြားမှုစနစ် ယခုနှစ် ဇူလိုင်လ ၂၂ ရက်မှစ၍ ပတ်ဝန်းကျင် ကျေးရွာများသို့ အသိပေးနှိုးဆော်စာများ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - မျိုးမင်းဦး

"အရင်တုန်းက တောင်ဖြိုမိုင်းခွဲမယ့် အချိန်ကို ကြေးစင်တောင်မိုင်းလုပ်သားတွေနဲ့ မိုင်းနယ်မြေအတွင်းမှာ ကြေညာချက်ဘုတ်တွေနဲ့ ကြိုတင်အကြောင်းကြားထားတယ်။ အခုနောက်ပိုင်း တောင်ဖြိုမိုင်းခွဲသံလိုလို ပေါက်ကွဲသံတွေက ချင်းတွင်းမြစ်အနောက်ဘက်ကမ်းသာမက မုံရွာဘက်အထိ တုန်လှုပ်သွားတဲ့အတွက် ဒေသခံတွေ ထိတ်လန့်မှုတွေရှိတယ်။ ဘာကြောင့်ပေါက်ကွဲတယ်ဆိုတာ သေသေချာချာ မသိရပေမယ့် အနီးဆုံးမိုင်းလုပ်ငန်းရှိတော့ မိုင်းလုပ်ငန်းခွင်ကပဲဖြစ်နိုင်တယ်လို့ ခန့်မှန်းကြတယ်။ အနီးပတ်ဝန်းကျင်ကျေးရွာတွေကို ဘယ်အချိန်မှာ တောင်ဖြိုမိုင်းခွဲမယ်ဆိုပြီး အသိပေးစာထွက်တာ ပထမဆုံးကြုံခဲ့ရတာပါ"ဟု ဇူလိုင်လ ၂၂ ရက်တွင် ကြေးစင်တောင်ကြေးနီလုပ်ငန်း တောင်ဖြိုမိုင်းခွဲမည့် ကြိုတင်အသိပေးအချိန်ဇယားနှင့် ပတ်သက်၍ ဆားလင်းကြီးမြို့နယ် ရွာသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

"မြေလွှာတုန်သွားတဲ့အထိ ပေါက်ကွဲသံကြီးတွေက ပြီးခဲ့တဲ့နှစ်ကစပြီး မကြာခဏကြားနေရတယ်။ ဘာကြောင့်ပေါက်ကွဲသံကြားရတယ်ဆိုတာ သေသေချာချာမသိရဘူး။ ဒေသဆိုင်ရာတာဝန်ရှိသူတွေ မေးကြည့်တော့ လေယာဉ်ပျံသတ်မှတ်မိုင်နှုန်းထက်ကျော်မောင်းလို့ပေါက်ကွဲသံထွက်လာတယ်ဆိုတဲ့ ကောလာဟလသတင်းတွေသာ ထွက်နေတယ်" ဟု မုံရွာမြို့ဒေသခံစီးပွားရေး လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ကစ၍ မုံရွာမြို့အနီး ပတ်ဝန်းကျင်တွင် မြေလွှာမြည်ဟိန်းသည်အထိ ပေါက်ကွဲသံအချို့ကြောင့် ဒေသခံများ စိုးရိမ်ထိတ်လန့်မှုများ ကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း ယခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် မုံရွာမြို့အနီးတစ်ဝိုက် ပေါက်ကွဲသံမြည်ဟီးမှုနှင့်ပတ်သက်၍ မည့်သည့်အရာပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည်ကို တိတိကျကျ မသိရှိရကြောင်း မုံရွာမြို့ဒေသခံများ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါပေါက်ကွဲသံများ ထွက်ပေါ်လာခြင်းသည်ကြေးနီတူးဖော်ရေးလုပ်ငန်းမှ ထွက်ပေါ်လာခြင်း မဟုတ်ကြောင်း ကြေးစင်တောင်ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

ကြေးနီတူးဖော်ရေးလုပ်ငန်း အနီးပတ်ဝန်းကျင်ကျေးရွာဒေသခံများ တောင်ဖြိုမိုင်းကြောင့် စိုးရိမ်ထိတ်လန့်မှုမရှိစေရေးအတွက် မိုင်းခွဲချိန် ကြိုတင်အသိပေး အကြောင်းကြားစာများအား သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ဖြန့်ဝေထားကြောင်း သိရှိရသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဆွေးနွေးပွဲ ပြုလုပ်မည်

**ညီညီဇော်**

**မန္တလေး၊**

**ဇူလိုင် - ၂၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ဩဂုတ်လ ပထမအပတ်အတွင်း ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပဲမျိုးစုံနှင့် နှမ်းတို့ကို value added ပြုလုပ်၍ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေး၊ သရက်၊ ဖရဲ၊ သခွား၊ မက်မန်းနှင့်ပန်းတို့ကို value added ပြုလုပ်နိုင်ရေးနှင့်နိုင်ငံခြားဈေးကွက်တိုးချဲ့နိုင်ရေး၊ လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် နယ်စပ်ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသအသေးစားကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား ဆွေးနွေးမည်ဟု မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးတိုင်းဒေသကြီး မန်နေဂျာရုံးမှ သက်ဆိုင်ရာ အသင်းအဖွဲ့များထံသို့ ပေးပို့သည့် အသိပေးစာတွင် ဖော်ပြပါရှိသည်။

မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းက "သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးမှုကနေရလာတဲ့ အချက်တွေထဲက သင့်တော်တာတွေ အကောင်အထည်ဖော်ကြလိမ့်မယ်ထင်တယ်။ လုပ်သင့်တာကြာပြီ။ တော်တော်တောင်နောက်ကျနေပြီ"ဟု သူ၏အမြင်ကိုပြောသည်။

မန်းကုန်စည်ဒိုင်၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း အစရှိသည့် အသင်းအဖွဲ့များက စာတမ်းတင်သွင်းမှု၊ ဆွေးနွေးမှုများအတွက် ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

# လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေး လုပ်ငန်းစတင်ချိန်တွင် ဒေသခံအလုပ်သမားများဖြင့်သာ လုပ်ကိုင်မည်ဟုဆို

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင်-၂၇**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ဒေသခံအလုပ်သမားများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း မြန်မာဝမ်ပေါင်ကြေးနီ တူးဖော်ရေးလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်းကို တရုတ်နိုင်ငံက လုပ်သားတွေနဲ့ လုပ်ကိုင်မယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ ကြေးနီတူးဖော်ရေးလုပ်ငန်း စက်ရုံတွေ တည်ဆောက်ချိန်ကာလနဲ့ စက်ယန္တရားတွေတပ်ဆင်ချိန်တွေမှာတရုတ်နိုင်ငံက အင်ဂျင်နီယာတွေ၊ ပညာရှင်တွေခေါ်ယူထားတာရှိပါတယ်။ ကြေးနီတူးဖော်ရေး လုပ်ငန်းစပြီဆိုတာနဲ့ ဒေသခံလုပ်သားတွေနဲ့ လုပ်ငန်းလည်ပတ်သွားမှာ ဖြစ်ပါတယ်။ ဒေသခံ အလုပ်သမားတွေ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် စက်မှုလက်မှုအတတ်သင်ပညာသင်ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်သင်ကြားသွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

"ပြောင်းရွှေ့ရမယ့် ကျေးရွာတွေကို ဦးစားပေးတယ်။ မြေယာသိမ်းခံရတဲ့ ကျေးရွာတွေကို ဒုတိယဦးစားပေးပြီး ပတ်ဝန်းကျင်ကျေးရွာတွေကို တတိယဦးစားပေးတယ်။ မိုင်းလုပ်ငန်းမှာ ဝန်ထမ်းလစာအပြည့်အဝမရတာ၊ အလုပ်သမားအခွင့်အရေး ဆုံးရှုံးတာတွေကြောင့် ဒေသခံတွေအလုပ်ဝင်ဖို့ စဉ်းစားနေရတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကြောင့် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိပေမယ့် ဘိုးဘွားပိုင်မြေဆုံးရှုံးရမှာတော့ စိုးရိမ်နေရတယ်"ဟု ဆားလင်းကြီးမြို့နယ် ဆည်တည်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။

မုံရွာခရိုင်အတွင်းရှိ ကမ္ဘာ့အဆင့်အတန်းမီ ကြေးနီထုတ်လုပ်ပေးသော စံပယ်တောင်နှင့် ကြေးစင်တောင်ကြေးနီတူးဖော်ရေးလုပ်ငန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီဖြစ်သော မြန်မာအိုင်ဗင်ဟိုး ကုမ္ပဏီစတင်ဝင်ရောက်ချိန်က ပြည်ပပညာရှင်လေးဦးနှင့် ပြည်တွင်းအလုပ်သမား ၁,၀၀၀ ခန့် လုပ်ကိုင်ခဲ့သည်။ မြန်မာအိုင်ဗင်ဟိုးကုမ္ပဏီက မြန်မာယမ်စီကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်ချိန်တွင် ပြည်ပပညာရှင်တစ်ဦးနှင့် ပြည်တွင်းအလုပ်သမား ၁,၀၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး မြန်မာယမ်စီကုမ္ပဏီလက်ထက်တွင်ပြည်ပမှပညာရှင်နှင့် အလုပ်သမားဦးရေ တိုးတက်လာခြင်းမရှိဘဲ မြန်မာပြည်တွင်း ပညာရှင်များဖြင့်သာ ကြေးနီစက်ရုံကို လည်ပတ်ခဲ့ကြောင်း သိရသည်။

မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ယူလုပ်ကိုင်လျက်ရှိသော လက်ပန်းတောင်းတောင်ကြေးနီတူးဖော်ရေးလုပ်ငန်းစက်ရုံတည်ဆောက်ရေးကာလများတွင် ပြည်ပပညာရှင်များဖြင့် တည်ဆောက်လျက်ရှိပြီး စက်ရုံစတင် လည်ပတ်ချိန်တွင် ပြည်တွင်းအလုပ်သမားများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ ယခုနှစ်ဇွန်လအတွင်း ပြောင်းရွှေ့ရမည့်ကျေးရွာများမှဒေသခံအလုပ်သမား၁၂၀ကျော်အားအခြေခံစက်မှုလက်မှုအတတ်ပညာသင်ကြားပေးလျက်ရှိပြီး လုံခြုံရေးသင်တန်းတွင် ဒေသခံ သင်တန်းသား ၃၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ ယခုနှစ်ဇွန်လဆန်းမှစ၍ လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်းအား ရပ်နားထားပြီး တည်ဆောက်ရေးလုပ်ငန်းအတွက် ပြည်ပနိုင်ငံသား အလုပ်သမား ၁၅၀ ခန့်နှင့် ပြည်တွင်းအလုပ်သမား ၃၀၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## နေပြည်တော်ဘတ်စ်ကားပေါ်တွင် ခါးပိုက်နှိုက်သူကို ပထမဆုံးအကြိမ် ဖမ်းမိ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင်- ၂၄**

နေပြည်တော်ကောင်စီနယ်မြေဒေသအတွင်း ဘတ်စ်ကားပေါ် ခါးပိုက်နှိုက်သူတစ်ဦးကို ပထမဦးဆုံးဖမ်းဆီးရမိခဲ့သောဖြစ်စဉ်တစ်ခု နေပြည်တော် ပျဉ်းမနား ဘောဂသိဒ္ဓိကားဝင်းအတွင်း တော်ဝင်ဘတ်စ်လိုင်းကားပေါ် တွင် ဇူလိုင်လ ၁၉ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်ဇေယျာသီရိမြို့ ရေဆင်းရွာနေထိုင်သူအမျိုးသမီးတစ်ဦးသည် ဇူလိုင်လ ၁၉ ရက် နံနက်၉နာရီခွဲ အချိန်ခန့်က အဒေါ်ဖြစ်သူနှင့်အတူ တော်ဝင်ဘတ်စ်လိုင်းကားဖြင့် တပ် ကုန်းမြို့မှ ပြန်လာရာ ဘောဂသိဒ္ဓိ ကားဝင်းအရောက် ဂုင်းလွယ်ထားသော ဆလင်းဘက်အိတ်မှာ ဇစ်ပွင့်နေပြီး အိတ်အတွင်း ထည့်ထားသော ကျပ်ငါးထောင်တန်သုံးရွက်မှာ ခါးပိုက်အနှိုက်ခံရ၍ ပျောက်ဆုံးနေကြောင်း သိရသည်။ ယင်းအမျိုးသမီးက ယာဉ်မောင်းနှင့် စပယ်ယာအား အသိပေးအကြောင်းကြားရာ ယာဉ် မောင်းဖြစ်သူက ဘတ်စ်ကားအားတံခါးပိတ်ပြီး ပိတ်ဆို့ရှာဖွေရာ ယာဉ်ပေါ် လိုက်ပါလာသူ တစ်ဦးဖြစ်သည့်(၂၁)နှစ်အရွယ် အမျိုးသားအား ယင်းဝတ်ဆင်ထားသော ပုဆိုးအားဖြန့်ပြစေခိုင်းရာ ပုဆိုးကြားမှ ခါးပိုက်အနှိုက်ခံရသော ငါးထောင်တန်သုံးရွက်ကိုတွေ့ရကြောင်း ရဲမှတ်တမ်းများတွင် ဖော်ပြထားသည်။

## မန်းစည်ပင်နယ်နိမိတ်အတွင်း တရားမဝင်နေထိုင်သူများ ဩဂုတ် ၈ ရက် နောက်ဆုံးဖယ်ပေးရမည်

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင်- ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း မြို့ကွက်သစ် ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးခဲ့သော မြေကွက်များပေါ်တွင်မိမိပိုင်ဆိုင်ထားကြောင်း အထောက်အထားမရှိဘဲ တရားမဝင်ကျူးကျော်ဝင်ရောက် နေထိုင်သူများ ဩဂုတ်လ ၈ ရက် နောက်ဆုံးထား ထွက်ခွာရန် မန္တလေးမြို့တော်ဝန်က အမိန့်ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ယင်းကြေညာချက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်နယ်နိမိတ်အတွင်းရှိ လူနေထိုင်သုံးစွဲရန် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးခဲ့သောမြေကွက်များပေါ် မိမိပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ခိုင်လုံစွာ တင်ပြရရှိထားခြင်း မရှိဘဲ အဆိုပါ မြေကွက်များအား ဝင်းခြံခတ်၍လည်းကောင်း၊ အတိုင်းအတာသတ်မှတ်၍လည်းကောင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်း စသည့်ကိစ္စရပ်များအား ဥပဒေမဲ့ပြုလုပ်နေကြသည်ကို သိရှိရသည်ဟု ယင်းအမိန့်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဇွန်လကုန်ပိုင်းခန့်ကလည်း မန္တလေးထုတ် နိုင်ငံပိုင်သတင်းစာများတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြေယာကိစ္စများ ဥပဒေမဲ့ ဆောင်ရွက်ခြင်းကို လက်မခံကြောင်းအသိပေးကြေညာခဲ့သည်။ ထို့နောက် ရက်ပိုင်းအတွင်းမှာပင် ပုသိမ်ကြီး၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ်များမှ ပွဲစားအယောက် ၄၀ ခန့်ကို မြို့တော်ဝန်နှင့် ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများကခေါ်ယူတွေ့ဆုံခဲ့ပြီးတရားမဝင် လယ်မြေများ အရောင်းအဝယ်မပြုလုပ်ရန် အသိပေးခဲ့သည်။

ယင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းမှ ဗဟိုကော်မတီအဖွဲ့ဝင်တစ်ဦးက "အဲဒီတုန်းက ကျွန်တော်တို့ကို ညှော့သည်အနေနဲ့ ဖိတ်လို့ တက်ခဲ့တာပါ။ မြို့တော်ဝန်က လယ်မြေတွေကို အရောင်းအဝယ်လုပ်နေတာတွေဟာတရားမဝင်ဘူးပေါ့။ ဆက်မလုပ်ဖို့ ရွာခံပွဲစားတွေကို အသိပေးတာပါ။ ခုကြေညာချက်မှာမှ ဘယ်နေ့ဘယ်ရက်နောက်ဆုံး ထွက်ခွာဖို့ဆိုပြီးပါလာတာ"ဟု ပြောသည်။

ယခု နောက်ဆုံးထုတ်ပြန်လိုက်သော အမိန့်ကြေညာချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




**TRADE MARK CAUTION**

NOTICE is hereby given that **MAP PACIFIC PTE LTD**, a company incorporated in the Republic of Singapore and having its registered office at 20 Malacca Street #02-00, Malacca Centre (Raffles Place), Singapore 048979, is the Owner and Sole Proprietor of the following Trade Mark:

mappacific Singapore

(Reg: No. IV/4611/2012)

The said Trade Mark mainly consists of a globe and the words *"mappacific"* (*"map"* in dark green colour and *"pacific"* in light green colour) and *"Singapore"* (in orange colour) in English letters slightly inclined towards right. The *"mappacific"* denotes the name of the owner company and *"Singapore"* denotes the country of incorporation.

The above Trade Mark is used in respect of:-

"Agro-chemical products suchas insecticides, fungicides, herbicides, bio products/pesticides for agriculture use and bio products".

Any fraudulent imitation or unauthorized use of the said Trade Mark will be dealt with according to the existing laws of the Republic of the Union of Myanmar.

**WIN CONSULTING LIMITED**
**For MAP PACIFIC PTE LTD**
#2D, Rose Condominium, No. 182/194,
1stFloor, Botahtaung Pagoda Road,
Pazundaung Township, Yangon Region,
The Republic of the Union of Myanmar.
E-mail: winthin9@myanmar.com.mm
winconsult@myanmar.com.mm
Tel: (951) 245671, 9010343
Dated: 2 August, 2012

# ချင်းတွင်းမြစ်ရေကြီးချိန် ကုန်တင်ရေယာဉ်နှစ်စီးနစ်မြုပ်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင် - ၂၈**

ချင်းတွင်းမြစ်ရေသည် ယခုနှစ် ဇူလိုင်လကုန် ရက်ပိုင်းအတွင်း မြစ်ကမ်းတစ်လျှောက် မြို့များ၌ စိုးရိမ်ရေအမှတ် ကျော်လွန်သည်အထိ မြင့်တက်ခဲ့ပြီးနောက်ပိုင်း ကုန်တင်ရေယာဉ်နှစ်စီး ကလေးဝမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်အတွင်း နစ်မြုပ်ခဲ့ကြောင်း ချင်းတွင်းရေကြောင်းသွား ရေယာဉ်မောင်းများ၏ ပြောကြားချက်အရသိရသည်။

"ရွှေပလ္လင်ဝဲမှာ မြုပ်သွားတာက မြသန္တာကုန်တင်ရေယာဉ်ပါ။ ရေယာဉ်ဝမ်းထဲမှာ ဆန်တွေ၊ ဆီတွေ ပါတယ်တော့ကြားတယ်။ မြေတူးစက်ဘက်ဖိုးနှစ်စီးနဲ့ ကားတစ်စီးတော့ ကုန်တင်ရေယာဉ်ပေါ်မှာပါတယ်။ ရွှေပလ္လင်ဝဲမှာ မော်တော်ဦးက စမြုပ်သွားတယ်ကြားတယ်"ဟု ဖောင်းပြင်မြို့နယ်၊ ရွှေပလ္လင်ဝဲတွင် ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ဒေသခံရေယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ဖောင်းပြင်မြို့နယ်၊ ဟဲနိုင်-အင်းပေါင်းကျေးရွာအောက်ဘက် ရွှေပလ္လင်တောင်ခြေရှိရွှေပလ္လင်ဝဲတွင် ချင်းတွင်းမြစ်ရေမြင့်တက်ချိန် ဇူလိုင် ၂၅ ရက် ညနေ ၄နာရီခွဲအချိန်ခန့်က မြသန္တာရေယာဉ်နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ သို့သော် အသက်သေဆုံးသူနှင့် ပျောက်ဆုံးသူမရှိဘဲ ကုန်တင်ရေယာဉ်တွင် သယ်ဆောင်လာသော ကုန်စည်များနှင့် ယာဉ်သာ နစ်မြုပ်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

မြတ်သန္တာရေယာဉ်နစ်မြုပ်မှုကြောင့် ရေယာဉ်ပေါ်ပါရှိသည့် ဒီဇယ်ဂါလန် ၅၀၀၀၊ ဆန်အိတ် ၂၇၅ အိတ်၊ ဘိလပ်မြေအိတ် ၁၂၅ အိတ်၊ တရုတ်နီတစ်လုံးထိုးအင်ဂျင် ၁၀ လုံး၊ တရုတ်နီနှစ်လုံးထိုးအင်ဂျင် ၅ လုံး၊ ဒိုင်နမိုသုံးကေဗွီအေ ၅ လုံး၊ ဆိုလာပြား ၁၃၈ ချပ်၊ ဘက်ထရီအိုး ၁၄၄ လုံး၊ ရေစုပ်ခရူ ၁၀ လုံး၊ ရွှေတူးဖော်ရာတွင် အသုံးပြုသော မှုံအိုး ၃ လုံး၊ ဟွန်ဒါ ရေစုပ်စက်အသေး ၁၀ လုံး ဆုံးရှုံးသွားခဲ့ပြီး ကာလတန်ဖိုးကျပ်သိန်း ၈၀၀ ခန့်ရှိကြောင်း ခန့်မှန်းထားသည်။

ရေယာဉ်နစ်မြုပ်စဉ်တွင် မျက်မြင်ဒေသခံများ၏ ပြောပြချက်အရ မြေတူးစက်(ဘူဒိုဇာ)နှင့် မြေသယ်ယာဉ်များပါနစ်မြုပ်သွားသည်ဟူသော သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၆ရက်တွင် ကလေးဝမြို့နယ် ထန်းပင်ချောင်းနှင့်ခေါင်းဦးကျေးရွာအနီး ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော ထွန်းနိုင်ကုန်တင်ရေယာဉ်တစ်စီး ရေယာဉ်ဝမ်းဗိုက်ကျောက်ဆောင်ဖြင့်တိုက်၍ နစ်မြုပ်ခဲ့ကြောင်း ကလေးဝမြို့နယ် ဒေသခံ ရေယာဉ်မောင်းများ ပြောကြားချက်အရသိရသည်။

"ကလေးဝမြို့နယ် ခေါင်းဦးကျေးရွာအနီးမှာ ကုန်တင်ရေယာဉ်တစ်စီးမြုပ်နေတာ ဇူလိုင် ၂၆ ရက်ကဖြစ်ပွားခဲ့တယ်။ ဆိပ်ကမ်းကပ်ဖို့ကြိုးစားရင်း သစ်သားကိုယ်ထည်နဲ့ ထွန်းနိုင်မော်တော်အရက်ကုမ္ပဏီက အရက်ဂျပ်ဖာတွေတင်ဆောင်လာစဉ် ရေယာဉ်ဝမ်းပေါက်ပြီး နစ်မြုပ်သွားတာ။ ချင်းတွင်းမြစ်ရေတက်ချိန်ဆိုတော့ ရေကြောင်းအန္တရာယ်ကင်းဝေးအောင် ရေယာဉ်တွေ သွားလာခွင့်ကိုပိတ်ထားတယ်"ဟု မုံရွာ-ဟုမ္မလင်းရေယာဉ်မောင်းတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရပုံကို ပြောသည်။

ချင်းတွင်းမြစ်ရေ မြင့်တက်ချိန် ရေကြောင်းခရီးသွားလာရေး လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် အသုံးပြုချိန်တွင် မိုးသက်လေပြင်းများ တိုက်ခတ်ခြင်း၊ ချင်းတွင်းမြစ်အတွင်း ဝဲဂယက်များ ထခြင်း၊ သတ်မှတ်ကုန်ချိန်ပမာဏထက် တင်ဆောင်ပြေးဆွဲခြင်းတို့ကြောင့် ကုန်တင်ရေယာဉ်များနစ်မြုပ်လေ့ရှိကြောင်း ချင်းတွင်းရေကြောင်းသွား ရေယာဉ်မှူးများက သုံးသပ်ပြောကြားသည်။

# စားသောက်ကုန် အရည်အသွေး စစ်ဆေးရန် မန်းတွင် ဓာတ်ခွဲခန်း ဖွင့်ပေးမည်ဟု စီးပွား/ကူးသန်းဝန်ကြီး ပြောကြား

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင်- ၂၈**

မန္တလေးမြို့တွင် စားသောက်ကုန်များ အရည်အသွေး စစ်ဆေးရန်အတွက် နိုင်ငံခြားအဖွဲ့အစည်းအကူအညီဖြင့် အဆင့်မီဓာတ်ခွဲခန်းတစ်ခုဖွင့်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ပြောသည်။

ဝန်ကြီးသည် ဓာတ်ခွဲခန်းကို ဂျပန်နိုင်ငံရှိကျန်းမာရေးနှင့် ပညာရေးအတွက် လှူဒါန်းနေသည့် အဖွဲ့အစည်းများထံမှ အလှူခံပေးမည်ဖြစ်ပြီး ဓာတ်ခွဲခန်းကိုင်တွယ်ရန် ဝန်ထမ်းငါးဦးခန့်ကို မန်းကုန်စည်ဒိုင်နှင့် ဆီအသင်းမှ ရှာထားရန်မန်းကုန်စည်ဒိုင်တွင် ကုန်သည်များနှင့်တွေ့ဆုံစဉ် မှာကြားခဲ့သည်။

မန္တလေးမြို့မှ ဆီလုပ်ငန်းရှင်တစ်ဦးက"ရာသီအလိုက်ထွက်တဲ့မြေပဲဆန်အမျိုးအစားပေါ် မူတည်ပြီးဆီက အရည်အသွေးကွဲတယ်။ ကိုယ့်ဆီဘယ်အဆင့်အတန်း ရှိနေလဲဆိုတာ သိချင်လို့သွားသွားစစ်တာ။ ရန်ကုန်က စက်မှုကုန်သည်အသင်းချုပ်ရုံးမှာ ရှိတဲ့ FIDSL (FoodIndustries Development Supporting Laboratory) ဓာတ်ခွဲခန်းမှာ သွားစစ်ရတာ။ ဆီတစ်မျိုးစစ်ဖို့ဓာတ်ခွဲခန်းစရိတ်တင် ငါးသောင်းနဲ့ခုနစ်သောင်းကြားကုန်တယ်။ ဆယ်ရက်လောက်ကြာရင် အဖြေရတယ်။ မန္တလေးမှာရှိရင် ပိုအဆင်ပြေမယ်" ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်း ရေးမှူးဦးထွန်းထွန်းက သက်ဆိုင်ရာဌာနများအနေဖြင့် ဆီသန့်အမည်တပ်ထားသော ဈေးကွက်အတွင်း ဖြန့်ဖြူးနေသည့် တံဆိပ်တပ်ပုံးများ၊ မိမိက အမှန်တကယ် ထုတ်လုပ်ခြင်းမရှိဘဲ ပြင်ပမှဝယ်ယူပြီး မိမိတံဆိပ်ကပ်ဖြန့်ချိနေသော ဆီပုံးများ၊ ပီပါများကို ဆီအရည်အသွေး စစ်ဆေးပေးစေလိုသော်လည်း ဓာတ်ခွဲခန်းမရှိသောကြောင့် အဆင်ပြေမည်မဟုတ်ကြောင်း၊ ရန်ကုန်ပို့စစ်ဆေးရန်လည်းမလွယ်ကူကြောင်း ပြောသည်။

မြန်မာနိုင်ငံတွင် စားသောက်ကုန်များ စစ်ဆေးရန်အတွက် နေပြည်တော်ရှိ FDA ဓာတ်ခွဲခန်း၊ ရန်ကုန်မြို့ UMFCCI ရုံးချုပ်ရှိ FIDSL (Food Industries Development Supporting Laboratory) တို့ကို အများဆုံး အသုံးပြုကြပြီး လှည်းကူးမြို့တွင်လည်း ဓာတ်ခွဲခန်းတစ်ခုရှိကြောင်း သတင်းရရှိသည်။

# ဒေသခံများက ချင်းအက်ဥပဒေအား ပြည်နယ်တစ်ခုလုံး၏ သဘောထားကောက်ယူပြီးမှသာပြုပြင်စေလို

**မြတ်စုမွန်**

**မင်းတပ်၊**

**ဇူလိုင်-၁၇**

ချင်းဝိသေသတိုင်းအက်ဥပဒေ ပြန်လည်ပြုပြင်မည့် အစီအစဉ်အား ပြည်နယ်တစ်ခုလုံးမှ တိုင်းရင်းသားများ၏ သဘောထားများကို ဦးစွာကောက်ယူသင့်ပြီးမှသာ ဆောင်ရွက်သင့်ကြောင့် ချင်းအမျိုးသားပါတီမှ ချင်းအမျိုးသားတပ်ဦးတို့နှင့် တာဝန်ရှိသူများက ပြောကြားသည်။



ဓာတ်ပုံ - မြတ်စုမွန်

"ကျွန်တော်တို့ကတော့ပြည်သူတွေနဲ့ တစ်သဘောတည်းပါပဲ။ ဖြစ်နိုင်ရင် တစ်ပြည်နယ်လုံးက သဘောထားတွေကို အရင်ကောက်ယူသင့်ပါတယ်။ သက်ဆိုင်ရာမြို့နယ်အလိုက် ကိုယ်စားလှယ်တွေ၊ မြို့မိ မြို့ဖတွေ ရှိပါတယ်"ဟု ၂၀၁၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၉နေရာ အနိုင်ရရှိထားသည့် ချင်းအမျိုးသားပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးငယ်ပီးက ပြောသည်။

ချင်းအက်ဥပဒေအား ပြုပြင်ရေးဆွဲရေးဆိုင်ရာ ပဏာမဆွေးနွေးပွဲအတွက် ပြည်နယ်မှ တိုက်ရိုက်ဆင့်ခေါ်မှုဖြင့် သွားရောက်ကြသူများသည် ဒေသခံတိုင်းရင်းသားများကို ကိုယ်စားပြုသူများ မဟုတ်ကြကြောင်း ချင်းအမျိုးသားတပ်ဦး၏ မင်းတပ်-ကန်ပက်လက်ဒေသ တာဝန်ခံက ပြောသည်။

"သူတို့သွားတာကို ဒေသခံတွေ မသိလိုက်ဘူး။ သူတို့သွားပြီးမှ သိရတယ်။ ကျွန်တော်တို့ ရိုးရာဓလေ့ထုံးစံတွေကို ထိခိုက်နစ်နာစေမလားဆိုတာ စိုးရိမ်တယ်" ဟု အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိသည့် ချင်းအမျိုးသားတပ်ဦးမှ ဆလိုင်းအောင်လိန်းထန်းက ပြောသည်။

ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ယခုလတတိယပတ်အတွင်းက ပြုလုပ်သည့် ယင်းပဏာမဆွေးနွေးပွဲသို့ မင်းတပ်မြို့မှ ရှေ့နေတစ်ဦး၊ ကျောင်းဆရာတစ်ဦး၊ အငြိမ်းစား ပြည်နယ်ပညာရေးမှူးတစ်ဦး၊ အငြိမ်းစားထွေ/အုပ်စာရေးတစ်ဦးနှင့် သာမန်အရပ်သားတစ်ဦး၊ စုစုပေါင်း ငါးဦး သွားရောက်လျက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ထံမှ သိရသည်။

"ပြည်နယ်က တိုက်ရိုက်ဆင့်ခေါ်လို့ သွားကြတဲ့အထဲမှာ ရှေ့နေဆိုလို့ တစ်ယောက်တည်းပါတယ်။ ကျန်တဲ့လူတွေက ဥပဒေသစ်ပြန်ပြုပြင်ရလောက်အောင် ဥပဒေအကြောင်း နားလည်နိုင်တဲ့ ကျွမ်းကျင်သူတွေ မဟုတ်ကြဘူး" ဟု မင်းတပ်မြို့ စံပြရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ချင်းတောင်တန်းဒေသများတွင် လူတစ်ဦးတစ်ယောက် အခြားတစ်ယောက်အား မတော်တဆမျက်စိထိခိုက်မိသော အမှုတစ်စုံတစ်ရာဖြစ်ပါက နွားနောက်အမတစ်ကောင်ပေးလျော်ရပြီး သွားထိခိုက်ပါက နွားနောက်ကလေးတစ်ကောင်လျော်ကြေးပေးရသည့် ဓလေ့ထုံးစံရှိကြောင်း အသုံးမများတော့သော်လည်း ယင်းဓလေ့က ရှိနေဆဲဖြစ်ကြောင်း အဆိုပါ ဒေသခံက ဆက်လက်ပြောသည်။

ဆက်လက်၍ ယင်းဒေသခံက "ချင်းဓလေ့ထုံးစံအရ အမှုအခင်းဖြစ်လာရင် နွားနောက်ပေးတောင်းပန်တဲ့ပြီး ဖြေရှင်းတာမျိုးလုပ်နိုင်တယ်။ ကာယကံရှင်က ကျေအေးရင်ပြီးတယ်။ ချင်းဝိသေသအက်ဥပဒေကို ပြုပြင်ရင် ဒီလိုရိုးရာဓလေ့တွေပျောက်ပြီး ကျွန်တော်တို့ကို ဖိနှိပ်ချုပ်ချယ်မယ့် ဥပဒေတွေ ဖြစ်မှာစိုးတယ်" ဟု ပြောသည်။

မြန်မာ့သမိုင်းဖြစ်ရပ် အမှန်များရေးသားပြုစုရေးအဖွဲ့က ပြုစုသည့် တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေပထမတွဲတွင် "ဗြိတိသျှတို့သည် ချင်းတောင်တန်းဒေသကို သိမ်းသွင်းပြီးချိန်မှစ၍ သီးခြားခွဲထုတ်အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံအုပ်ချုပ်ရေးအတွင်းမှ သီးခြားခွဲထုတ်လိုသဖြင့် မဖွံ့ဖြိုးသော ဒေသအဖြစ် ကြေညာကာ သီးခြားအုပ်ချုပ်ရေးချမှတ်ပေးခဲ့သည်။ ချင်းတောင်တန်းဒေသကို ၁၈၉၆ ခုနှစ် ချင်းတောင်တန်းစည်းမျဉ်းဥပဒေဖြင့် အုပ်ချုပ်သည်။ ထိုဥပဒေကို ၁၉၂၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင်သည်။

သို့ရာတွင် အခြေခံသဘောထူးခြားပြောင်းလဲသွားစေသည့် ပြင်ဆင်ချက်မျိုး မဟုတ်ပေ။ ကိုလိုနီခေတ်တစ်လျှောက်လုံး ထိုစည်းမျဉ်းဥပဒေဖြင့် အုပ်ချုပ်ခဲ့သည်။

ပဒေသရာဇ်ရှမ်းပြည်မှာကဲ့သို့ ဥပဒေရပ်များကို တိုးချဲ့ပြင်ဆင်ခြင်းမရှိချေ။ ဘုရင်ခံ၏လက်အောက်တွင် သီးခြားအုပ်ချုပ်သည့်ဒေသဖြစ်သည့် အလျောက် မြန်မာပြည်၏ တည်ဆဲဥပဒေများသည် ချင်းတောင်တန်းဒေသသို့ အာဏာသက်ရောက်ခြင်း မရှိချေ။

မြန်မာနိုင်ငံကို အုပ်ချုပ်ရေးအဆင့်တိုးမြှင့်ပေးခဲ့သော်လည်း ချင်းတောင်တန်းဒေသတွင် မည်သည့်တိုးတက်ပြောင်းလဲမှုကိုမျှပြုလုပ်ပေးခဲ့ခြင်း မရှိသဖြင့် မဖွံ့ဖြိုးသော ဒေသအဖြစ်နှင့်ပင် တည်ရှိခဲ့ရသည်"ဟု ဖော်ပြထားသည်။

ထို့ပြင် "ချင်းတောင်တန်းဒေသတွင် ဗြိတိသျှအစိုးရသည် နှစ်ပေါင်း ၆၀ ကျော်မျှ အုပ်ချုပ်သွားခဲ့သော်လည်း အခြားနယ်မြေဒေသများနှင့် နှိုင်းယှဉ်လျှင် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တွင် အစစအရာရာများစွာ ခေတ်နောက်ကျပြီး တိုးတက်မှု အလွန်နည်းပါးလှကြောင်း ၁၉၄၇ ခုနှစ် တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့အစီရင်ခံစာတွင် အတိအလင်းဖော်ပြထားသည်" ဟုလည်း ပါရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းစာရင်းကောက်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်းလုပ်ငန်းများ တစ်နိုင်ငံလုံးဆောင်ရွက်မည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင်-၂၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်ကွင်းဆင်း၍ စာရင်းကောက်ယူခြင်း၊ ဖြည့်ဆည်းပေးခြင်းလုပ်ငန်းများကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ထိုကဲ့သို့ လုပ်ဆောင်သွားရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားကြောင်း သိရှိရသည်။

ကျေးရွာလူထု၏ အခြေခံစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေအနေများအား အထွေထွေရောဂါကုဆရာဝန်၊ တိရစ္ဆာန်ဆေးကုဆရာဝန်၊ စည်ပင်မှ အင်ဂျင်နီယာတစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဒေသခံဘွဲ့ရလူငယ်တစ်ဦးတို့ ပါဝင်သောအဖွဲ့ဖြင့် အခြေခံစာရင်းများ ကောက်ယူခြင်း၊ အသေးစားလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် အထက်အဆင့်သို့ တင်ပြပေးခြင်းများ ဆောင်ရွက်ပေးခြင်း စီမံချက်ကို နေပြည်တော်တွင် ရှေ့ပြေးအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

“ဒါက နေပြည်တော်ကောင်စီဥက္ကဋ္ဌရဲ့ အစီအစဉ်နဲ့ လုပ်ဖြစ်တာပါ။ ကျေးလက်ရဲ့ အခြေခံလိုအပ်ချက်တွေကို တစ်ခါတည်း ဖြည့်ဆည်းနိုင်တာ ဖြည့်ဆည်းတယ်။ နည်းနည်းခက်ခဲမယ်ဆိုရင် အထက်လူကြီးကို တင်ပြပြီး လုပ်သင့်တာလုပ်ပေးတယ်။ သူတို့ရဲ့ စားသောက်စရိတ်ကအစ ရပ်ရွာလူထုအတွက် ဝန်မပိအောင် ကျွန်တော်တို့ကပဲစီစဉ်ပေးတယ်။ ဒီလုပ်ငန်းစဉ်ကို ဧရာဝတီတိုင်းဒေသကြီးမှာလည်း စလုပ်နေပါပြီ။ ဒါကိုအခြားပြည်နယ်၊တိုင်းဒေသကြီးတွေမှာပါ လုပ်ဆောင်ဖို့ သမ္မတကြီးက စာထွက်ထားပါတယ်”ဟူ၍ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးရွာတစ်ရွာတွင်နှစ်ရက်မျှအချိန်ယူ၍ အစီအစဉ်တစ်ခုတွင် လေးရွာအထိ ဆောင်ရွက်ပေးကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယနေ့အချိန်ထိ ကျေးရွာရှိ အသေးစား ရောဂါများအား ကုသပေးခဲ့သည့်အပြင် လိုအပ်သည့်လူနာ ၃၀ ကျော်အား ဆေးရုံသို့ညွှန်းပို့ကာ ဌာနက တာဝန်ယူပေးခဲ့ကြောင်း၊ ၎င်းအပြင် အိမ်မွေးတိရစ္ဆာန်များအား ခရီးစဉ်အတွင်း ကုသပေးခဲ့ကြောင်း စိုက်ပျိုးရေးကဏ္ဍအတွက် နည်းပညာနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ အခမဲ့ထုတ်ပေးခဲ့ကြောင်း သဘာဝပိုးသတ်ဆေး ထုတ်လုပ်သုံးစွဲနည်းများလည်း လက်တွေ့ပြသပညာပေးခဲ့ကြောင်း သိရသည်။

ယခုအစီအစဉ်နှင့်ပတ်သက်၍ ဒေသခံအငြိမ်းစားဝန်ထမ်း ဦးစိုးမြိုင်က “ကြားဖူးခဲ့သမျှထဲမှာတော့ ဒီအစီအစဉ်က အထိရောက်ဆုံးနဲ့ လက်တွေ့အကျဆုံးပဲ” ဟူ၍ မှတ်ချက်ပေးပြောကြားသည်။

# ၁၂ ဘီးကားကို ဝင်တိုက်မိသော ဆိုင်ကယ်မှ လူနှစ်ဦး ပွဲချင်းပြီးသေဆုံး

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင်-၂၄**

နေပြည်တော် ပျဉ်းမနားတွင် ဆန်များတင်ဆောင်လာသော (၁၂) ဘီး ဟီးနိုးကားအား အနောက်မှ ဆိုင်ကယ်က ဝင်တိုက်မိပြီး ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးစလုံး နေရာမှာပင် ပွဲချင်းပြီး သေဆုံးခဲ့ရသော ဖြစ်စဉ်တစ်ခု ဇူလိုင်လ ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဇူလိုင်လ ၂၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ် အချိန်ခန့်က ဘောဂသီရိကားဝင်းမှ ဆန်များ တင်ဆောင်လာပြီး သာဝတ္တိမြို့ဘက်မောင်းနှင်လာသော(၁၂)ဘီး ဟီးနိုးအား နေပြည်တော် ပျဉ်းမနား ကျီးအင်းရွာအနီး မြို့ရှောင်ကွန်ကရစ်လမ်း မိုင်တိုင်အမှတ် (၁၃/၅)အနီးတွင် ဆိုင်ကယ်တစ်စီးက နောက်မှနေ၍ တည့်တည့်ဝင်တိုက်မိရာမှ အဆိုပါဆိုင်ကယ်စီးနင်းလာသော လူနှစ်ဦးမှာ နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာ ယာဉ်မှုစစ်က သွားရောက်စစ်ဆေးရာတွင် ထိုသို့နောက်မှနေ၍ တိုက်မိပြီး ဆိုင်ကယ်သမားနှစ်ယောက်လုံးမှာလည်း ရရှိထားသောဒဏ်ရာပြင်းထန်သဖြင့်နေရာတွင်ပင်ပွဲချင်းပြီး သေဆုံးသွားကြောင်းနှင့် တစ်ဖက်မှ (၁၂)ဘီး ဟီးနိုးကားအနေဖြင့် အမှားအယွင်းမရှိကြောင်း ပေါ်လွင်သဖြင့် ဆိုင်ကယ်မောင်းနှင်သူကို နေပြည်တော် ပျဉ်းမနားရဲစခန်း (ပ) ၄၁၈/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၄ (က)အရ အမှုဖွင့် အရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ယခင်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားလာလျှင် ဖြစ်ပွားရသည့် အကြောင်းရင်းထက် ယာဉ်ကြီးနှင့် ယာဉ်ငယ်ဟုသာ ခွဲခြားသော်လည်း ယခုလို အမှုဖွင့်လိုက်သည့်အတွက် ယာဉ်မောင်းတစ်ဦးက “ဒီလိုဆို ကောင်းတာပေါ့။ အရင်တုန်းကဆိုရင် ကျွန်တော်တို့က ယာဉ်ကြီးမို့ အခြားယာဉ်ငယ်တွေနဲ့ ဘာလို့ပဲ တိုက်မိတိုက်မိ၊ မိမိကိုယ်ကို သေကြောင်းကြံစည်ပြီး ကျွန်တော်တို့ ကားရှေ့ ခုန်ပြီးဝင်အတိုက်ခံခံ ကျွန်တော်တို့က ယာဉ်ကြီးမို့ ရှုံးတယ်ဗျ။ အခုဒီလိုဖြစ်သွားတယ်ဆိုရင်တော့ ကောင်းပါတယ်။ သူမှားသူခံ၊ ကိုယ်မှားရင်ကိုယ်ခံပေါ့”ဟု ပြောကြားသည်။

# ချင်းပြည်နယ်တွင် ဖွံ့ဖြိုးရေးလုပ်သည့် အဖွဲ့အစည်းများ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်စေလို

**မြတ်စုမွန်**

**မင်းတပ်၊ ဇူလိုင်-၁၆**

ချင်းပြည်နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ လာရောက်လုပ်ကိုင်နေသည့် ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများသည် ဒေသခံများ၏ အကြံဉာဏ်များကို ရယူကာ အတူတကွ ပူးပေါင်းလုပ်ဆောင်စေလိုကြောင်း ချင်းလူငယ်အသင်း(မင်းတပ်) ဥက္ကဋ္ဌက ပြောကြားသည်။

“အင်န်ဂျီအိုတွေကို ပြောချင်တာတစ်ခုက ကျွန်တော်တို့ကို လာကူညီတာထိရောက်စေချင်ရင်ဒေသခံတွေလည်းပါဝင်အောင် ဖွဲ့စည်းပြီးလုပ်သင့်ပါတယ်။ ကျွန်တော်တို့မြို့ပေါ်မှာ မျိုးချစ်စိတ်ရှိပြီး တကယ်လုပ်နိုင်မယ့် လူတွေရှိပါတယ်။ မြို့မိမြို့ဖလောက်နဲ့ ဒီမှာခဏတာဝန်ကျတဲ့ ဌာနဆိုင်ရာတွေလောက်နဲ့ပဲ လုပ်တာမျိုး မဟုတ်ဘဲနဲ့ပေါ့” ဟု ချင်းလူငယ်အသင်း(မင်းတပ်)ဥက္ကဋ္ဌ ဆလိုင်းရှယ်အောင်က ပြောသည်။

ထို့အပြင် လူမှုရေးအဖွဲ့အစည်းများ၏ ငွေကြေးသုံးစွဲမှုကိုလည်း ကူညီထောက်ပံ့ခံရမည့် ဒေသခံများအကြား ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ပြီး ဒေသခံများ၏ ယုံကြည်မှုကို ရရှိရန် ဆောင်ရွက်သင့်ကြောင်း ဒေသခံများက ပြောသည်။

“ချင်းပြည်နယ်မှာ လာကူတဲ့အဖွဲ့တွေ များတယ်။ ဒါပေမဲ့ မတိုးတက်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ကူညီမှုကို မရလို့ဘဲ။ သိပ်မကြာသေးခင်က ယူအင်န် အဖွဲ့တစ်ဖွဲ့က ချင်းပြည်နယ်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ဖို့ သိန်းလေးထောင်ကျော် သုံးတယ်လို့ သိရတယ်။ ဒါပေမဲ့ သူတို့ ဘယ်နေရာတွေမှာ ပေးတာလဲတော့ မသိဘူး။ ကျွန်တော် လိုက်မေးသလောက် ရွာတွေမှာတော့ မရကြဘူး”ဟု မင်းတပ်မြို့အနောက်ပိုင်း ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ချင်းပြည်နယ် တောင်ပိုင်း၊ မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀ တွင် အလုံးစုံသန့်ရှင်းရေးစီမံချက်သွားရောက် လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းမှ စီမံချက် မန်နေဂျာဦးဟန်သိန်းက “ကျွန်တော်တို့က စီမံချက်နာမည်ကိုတောင် လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးစီမံချက်လို့ ပေးထားတယ်။ စီမံချက်တစ်ခုလုံးမှာ ဒေသခံတွေရဲ့ ဆုံးဖြတ်ချက်တွေနဲ့ပဲ လုပ်ခဲ့တယ်။ အဓိက သူတို့ရဲ့ သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်တွေကို သူတို့ဘာသာ ဦးဆောင်ပြီး ပြောင်းလဲအောင်လုပ်တာမျိုးပါ” ဟု ပြောသည်။

ထို့အပြင် ဦးဟန်သိန်းက ဆက်လက်၍ ချင်းပြည်နယ်တွင် စားဝတ်နေရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးမည့် အဖွဲ့အစည်းများလိုအပ်ကြောင်းသူ၏အမြင်ကိုပြောသည်။

“အိမ်မှာ ဒီအတိုင်းထိုင်စားနေတာများနေတယ်။ သူတို့ကို အသေးစားငွေချေးတဲ့ကိစ္စမျိုးလုပ်ပေးရင် တိုးတက်လာနိုင်တယ်။ အခု လုပ်ပေးနေတာရှိပေမယ့် နည်းပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

ချင်းပြည်နယ်တောင်ပိုင်းတွင် လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့်အဖွဲ့အစည်းများမှ UNDP, Care, အောင်ရတနာ စသည်တို့ဖြစ်ပြီး UNICEF ကလည်း စီမံချက်များ ပြုလုပ်ပေးခဲ့ဖူးကြောင်း သိရသည်။

# စစ်တွေမြို့တွင် တက္ကသိုလ်နှစ်ခု ပြန်လည်ဖွင့်လှစ်

**စိုင်းဒရား**

**စစ်တွေ၊ ဇူလိုင်-၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မကြာမီက ဖြစ်ပွားခဲ့သော မငြိမ်သက်မှုများကြောင့် တက္ကသိုလ်များကို ယာယီပိတ်ထားခဲ့ရသော်လည်း ယခုအခါ နယ်မြေအေးချမ်းစပြုလာပြီဖြစ်၍ ကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်နှစ်ခုကို ဇူလိုင်လ ၁၆ ရက်ကစ၍ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

“ကွန်ပျူတာတက္ကသိုလ်နဲ့နည်းပညာတက္ကသိုလ်တွေကိုတော့ ဖွင့်လှစ်ထားပြီဖြစ်လို့ကျောင်းသားတွေ တက်နေကြပါပြီ။ စစ်တွေတက္ကသိုလ်ကတော့ မဖွင့်ရသေးပေမယ့် မကြာမီတော့ ဖွင့်လှစ်တော့မှာလို့သိရပါတယ်”ဟုစစ်တွေတက္ကသိုလ်မှ ဆရာမတစ်ဦးက ပြောသည်။ “ကွန်ပျူတာတက္ကသိုလ်က မြို့ထဲမှာပေမယ့် နည်းပညာတက္ကသိုလ်က မြို့နဲ့နည်းနည်းအလှမ်း ဝေးသွားရမှာမို့ ကျောင်းသားတွေလုံခြုံရေးအတွက် သက်ဆိုင်ရာက အထူးဂရုစိုက်ပေးဖို့လိုပါတယ်” ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။




## ASP.NET (C#) Developer များအလိုရှိသည်

- ASP.NET (C#) နှင့် Microsoft SQL Database များ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ရမည်။
- HTML and CSS ကို ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။
- Ajax and jQuery ကို သိရှိနားလည်ရမည်။
- ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရမည်။
- Project အနေအထားပေါ်မူတည်၍ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ ၊ သန်ခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၃၁.၈.၁၂)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Room No. G-12, Ground Floor, Building (B), Diamond Center, Pyay Road, Kamaryut Township, Yangon.
Tel: +95-1 513515~519, 09 7322 5851, 09 7316 5287 Fax: +95-1 513519

# မြန်မာလုပ်သားများကို ထိုင်းလုပ်သားများနည်းတူ လုပ်ခအပြည့်ရရန် တာဝန်ယူသည်ဟု ထိုင်းဝန်ကြီးချုပ်ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၅**

ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စယင်လပ်ရှင်နာဝပ်က မြန်မာနိုင်ငံမှ လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာလုပ်သားများအတွက် ထိုင်းနိုင်ငံသားများနည်းတူ လုပ်ခအပြည့်အဝရရန် တာဝန်ယူသည်ဟု သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

သမ္မတဦးသိန်းစိန်၏ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် ၎င်းက မြန်မာ အလုပ်သမားများနှင့် တန်းတူအခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မစ္စယင်လပ်ရှင်နာဝပ်အစိုးရ တက်လာပြီးနောက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ လုပ်သားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၃၀၀နှင့်မဲဆောက်ဒေသတွင် ၂၂၆ ဘတ် သတ်မှတ်ပေးထားခဲ့သည်။

"ဘန်ကောက်မှာတော့ ၂၀၀ ဘတ်ကျော်လောက်ရတယ်။ မဲဆောက်မှာတော့ ဘတ် ၁၄၀ လောက်ပဲရသေးတယ်။ ဘယ်သူမှ အပြည့်မရသေးဘူး" ဟု ဘန်ကောက်မြို့ အခြေစိုက် အလုပ်သမားအရေး ကူညီပေးနေသူတစ်ဦးကပြောသည်။

ထို့အပြင် ထိုင်းရဲများအနေဖြင့် ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများကိုပင် ဖမ်းဆီးပြီး ငွေတောင်းခံမှုများရှိကြောင်းလည်းသတင်းရရှိသည်။

သို့သော် ထိုင်းအစိုးရသစ်တက်လာပြီးနောက်မြန်မာမှ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ မြင့်တက်လာပြီး နှစ်နိုင်ငံသဘောတူညီမှုဖြင့် နယ်စပ်မြို့များသို့ တရားဝင်ပို့ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် မြန်မာအစိုးရက မကြာသေးခင်ရက်များအတွင်း ထိုင်းနိုင်ငံသို့ အလုပ်သမားများ တရားဝင်စေလွှတ်ရန် ဈေးအနည်းဆုံးဖြင့် ပို့ဆောင်ပေးမည့် အေဂျင်စီများအား တင်ဒါစနစ်ဖြင့် ခေါ်ယူရန်ရွေးချယ်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့စဉ်က မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် တွေ့ဆုံခဲ့ပြီး ထိုင်း အစိုးရတာဝန်ရှိသူများနှင့်ပါတွေ့ဆုံ၍ အလုပ်သမားများအရေး ဆွေးနွေးခဲ့ကြသည်။ သမ္မတဦးသိန်းစိန်၏ ယခုခရီးစဉ်တွင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးနေသော ထိုင်းနိုင်ငံအတွင်းရှိ ရုံးခြောက်ခုနှင့်နယ်စပ်စခန်းသုံးခုတို့တွင် မြန်မာအလုပ်သမားများအတွက် နေထိုင်ခွင့်သက်တမ်းများကို One Stop Service ဖြင့် ထုတ်ပေးနိုင်ရေးဆောင်ရွက်ပေးရန်တောင်းဆိုခဲ့သည်။ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသား နှစ်သန်းခန့် အလုပ်လုပ်နေပြီး မှတ်ပုံတင်ရန် ကျန်ရှိနေသူများအား ဒီဇင်ဘာလအထိ သက်တမ်းတိုးရန် နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

# အလုပ်သမားအဖွဲ့အစည်း ၁၀၀ ကျော်ရှိပြီ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်- ၂၁**

လက်ရှိအလုပ်သမားအဖွဲ့အစည်းများ ၁၀၀ ကျော် ရှိလာပြီးဖြစ်သော်လည်း အစိုးရဌာနမှ အလုပ်သမားများမှာမူ အဖွဲ့အစည်း ဖွဲ့စည်းခြင်း မရှိသေးကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးကပြောသည်။

အဆိုပါအလုပ်သမားအဖွဲ့အစည်းများမှာ ၂၀၁၂ဧပြီမှစတင်ဖွဲ့စည်းခဲ့ရာ ယခုလ ၁၇ ရက်ထိ ၁၂၈ ဖွဲ့အား ဖွဲ့စည်းခွင့်ပြုခဲ့ပြီး အလုပ်သမားအဖွဲ့ချုပ်အဆင့်တစ်ဖွဲ့၊ အခြေခံအလုပ်သမား အဖွဲ့အစည်း ၁၂၇ ဖွဲ့ ဖွဲ့စည်းထားကြောင်း အလုပ်သမားဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

"အခုလက်ရှိဖွဲ့ထားတဲ့ အဖွဲ့အစည်းတွေက ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေပဲပါတယ်။ အစိုးရဌာန အလုပ်သမားတွေလည်း မှတ်ပုံတင်ဖို့လုပ်နေတယ်လို့တော့ကြားတယ်" ဟု၎င်းကပြောသည်။

အလုပ်သမားအဖွဲ့အစည်း များကိုဖွဲ့စည်းရာတွင် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများအပြင် အစိုးရဌာနမှ ဝန်ထမ်းများလည်း ဖွဲ့စည်းခွင့်ရှိပြီး တပ်မတော်သား၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်(သို့)တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင်တို့ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

အလုပ်ရှင်ဘက်မှလည်း အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၁၁ ဖွဲ့ တို့လည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။ အလုပ်ရှင် အဖွဲ့အစည်းများ ဆက်လက်ဖွဲ့စည်းရန်အတွက် ကုန်သည်စက်မှု အသင်းချုပ်(UMFCCI)တွင် လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

"အလုပ်ရှင်ဘက်က နည်းနေသေးတယ်ဆိုတာက အလုပ်သမားတွေ လိုစက်ရုံတစ်ရုံမှာ လူက ၃၀ လောက်ရှိတာ မဟုတ်ဘူး။ အလုပ်ရှင်အဖွဲ့ကျတော့ ၇၊ ၈ ရုံပေါင်းမှ တစ်ဖွဲ့ဖွဲ့လို့ရတာလေ" ဟု ဒုညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ပြောသည်။

အဆိုပါ အခြေခံအလုပ်သမားအဖွဲ့အစည်းတွင် သက်ဆိုင်ရာလုပ်ငန်း(သို့) လုပ်ဆောင်မှု၌ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံး ၃၀ ဖြင့် ဖွဲ့စည်းနိုင်ပြီး အလုပ်သမားဦးရေ ၃၀ အောက်ဖြစ်ပါက လုပ်ငန်းသဘာဝတူညီသော အခြားလုပ်ငန်း(သို့) လုပ်ဆောင်မှုတစ်ခုခု နှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။ အလုပ်ရှင်များသည်လည်း အလုပ်ရှင်အဖွဲ့အစည်းများကို ဤဥပဒေအရ အလားတူဖွဲ့စည်းနိုင်သည်။

"အလုပ်သမား အဖွဲ့အစည်းတွေများများပေါ်လာတော့ လုပ်သားထုရဲ့ အခွင့်အရေးကို အပြည့်အဝတောင်းဆိုလို့ရတာပေါ့" ဟု ဦးသက်နိုင်ဦးက ပြောသည်။

# ပြည်တွင်းအလုပ်သမားများ ကျွမ်းကျင်မှုစံသတ်မှတ်ရေး အရေးတကြီးလို

**နေလင်းထွန်း**

**နေပြည်တော်၊ ဇူလိုင်-၁၇**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည့်အချိန်တွင် ပြည်တွင်းရှိအလုပ်သမားများကျွမ်းကျင်မှုစံသတ်မှတ်နိုင်ရေးမှာ အရေးတကြီး အမြန်လိုအပ်လာကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတာဝန်ရှိသူက ပြောသည်။

လက်ရှိအချိန်တွင်ပြည်တွင်းရှိ အလုပ်သမားများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် စီမံဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း ပြည်ထောင်စုလွှတ်တော်တွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းထားသည်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတဲ့အချိန်ကျတော့ ကျွန်တော်ကျွမ်းကျင်ပါတယ်လို့ ပြောရုံနဲ့ ယုံကြည်မှာ မဟုတ်ဘူး။ ဘယ်လောက် ကျွမ်းကျင်မှုရှိလဲရှိတာ အသိအမှတ်ပြုပေးထားရမယ်။ ဒီမှာလည်း ကျွမ်းကျင်တဲ့ အလုပ်သမားတွေ ရှိပါတယ်။ ဒါပေမဲ့ အသိအမှတ်ပြုဖို့က အခက်အခဲ ရှိနေတယ်။ အဲ့ဒီတော့ သင်တန်းကျောင်းတွေက နေပြီးတော့ စစ်ဆေးတဲ့ဌာနတွေ လုပ်ရတော့မယ်။ ကျွမ်းကျင်မှုကို စစ်ဆေးပြီးတော့မှ အဆင့်တွေခွဲခြားရမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကလည်း ဒါကိုပဲ လိုချင်ကြတာပါ" ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်ကပြောသည်။

ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ အလုပ်သမားများ၏ သက်ဆိုင်ရာလုပ်ငန်းခွင်များအလိုက် ကျွမ်းကျင်မှုစံသတ်မှတ်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"ကိုယ့်နိုင်ငံအတွက် ချိတ်ဆက်နေတာပါပဲ။ စင်ကာပူနဲ့ ချိတ်ထားသလို ဂျာမဏီက GIZ ဆိုတဲ့ အဖွဲ့တစ်ခုနဲ့လည်း ချိတ်နေပါတယ်။ တကယ်တမ်း အကူအညီအပေးနိုင်မယ့် အဖွဲ့အစည်းရနိုင်ရင် ကောင်းတာပေါ့" ဟု ဦးမျိုးအောင်က ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဂဟေကျွမ်းကျင်မှုနှင့်ပတ်သက်၍ ပထမအကြိမ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန် ဩဂုတ်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

"မြန်မာနိုင်ငံမှာ ကျွမ်းကျင်လုပ်သားတွေ ရှိကြပေမယ့် အသိအမှတ်ပြုလက်မှတ်မရှိဘူးဖြစ်နေတယ်။ ကျွန်တော်တို့က ဂဟေနဲ့ပတ်သက်ပြီးတော့ ပထမဆုံးအကြိမ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှာပါ။ စစ်ဆေးမှုအတွက် ကျပ်ခြောက်သောင်းခွဲပေးသွင်းရမှာဖြစ်ပါတယ်။ အဆင့်နှစ်ဆင့်ခွဲခြားသတ်မှတ်ပေးပါမယ်" ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ သင်တန်းဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတွင် သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ မှတ်ပုံတင်ခြင်းနှင့် တည်ထောင်ဖွင့်လှစ်ခြင်း အခန်းကဏ္ဍကို ထည့်သွင်းထားပြီး သင်တန်းကျောင်း တည်ထောင်ခြင်းနှင့် ကျွမ်းကျင်မှု စံသတ်မှတ်ခြင်းတို့အတွက် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

၁။ Marketing Manager - ကျား/မ ၃ ဦး(အတွေ့အကြုံရှိသူ)၊ ၂။ Accountant - မ ၃ဦး (L.C.C.I Level III)၊ ၃။ Computer Operator - မ ၃ ဦး၊ ၄။ Office Staff/ အရောင်းစာရေး - ကျား/မ ၅ဦး၊ ၅။ Marketing - ကျား/မ ၅ဦး၊ ၆။ ယာဉ်မောင်း - ကျား ၃ဦး၊ (အတွေ့အကြုံရှိသူ)၊ ၇။ Sale Promotor - ကျား/မ ၅ဦး၊ ၈။ အရောင်းဝန်ထမ်း - ကျား/မ ၅ဦး (၁၀ တန်း)

**ဖုန်း- ၂၄၃၈၁၉**

**အမှတ်-၁၈၇(ခ)၊ ပထပ်၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ တရုတ်-မြန်မာ စကားပြန် (ကျွမ်းကျင်)- ကျား/မ ၈ ဦး၊ ၂။ Exports and Imports (ကျွမ်းကျင်)- ကျား/ မ ၅ ဦး၊ ၃။ Admin Officer (တရုတ်စကားကျွမ်းကျင်) - ကျား/မ ၂ဦး၊ ၄။ Accountant (တရုတ်စကားကျွမ်းကျင်) - ကျား/ မ ၂ ဦး၊ ၅။ ယာဉ်မောင်း (ကျွမ်းကျင်)- ကျား ၃ ဦး

**No. Fl-8, Kanyeiktar Rd, FMI City, Hlaing Tha Yar Tsp.**

**ဖုန်း-၀၉-၄၃၀၆၃၅၀၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အထွေထွေရောင်းဝယ်ရေးလုပ်ငန်းတွင် တာဝန်ခံ(ရောင်း/ဝယ်)-ကျား ၁ဦး(၁၀ တန်းအောင်၊ ဘွဲ့ရ)

**ဖုန်း-၀၉-၄၉၃၄၁၄၈၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဗုဒ္ဓဂယာခရီးသွားလုပ်ငန်းအတွက် Tour Operator - ကျား/မ

(ဘွဲ့ရ၊ အင်္ဂလိပ်စာ 4 Skills/ Computer Basic ကျွမ်းကျင်၊ အသက် ၄၀ နှစ်ထက်မကြီးသူ၊ Tourism အတွေ့အကြုံရှိသူ)

**ကိုကိုတုတ်ကုမ္ပဏီ**

**အမှတ်(၂၆၄)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၃၇၇၈၁၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (အိမ်ကား) - ကျား ၂ ဦး၊ Sale Promotor - မ ၃ ဦး

Apple Production Co., Ltd

အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ (နှစ်ပတ်အတွင်းလျှောက်ထားရန်)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Sales Manager - 1 Female, 2. Sales Executive - 1 Female, 3. Accountant - 1 Female (ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ)

Room(408), 4th Fl, Building (C), Pearl Condo, Kaba Aye Pagoda Rd, Bahan Tsp.

**ဖုန်း-၀၁-၅၅၈၆၇၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ဆိုင်အကူဝန်ထမ်း - ကျား ၁ ဦး၊ မ ၂ဦး (အတွေ့အကြုံရှိရန်မလို) (နေ/စားငြိမ်း)

**ဖုန်း-၀၉-၇၃၄၉၄၅၀၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Sales Gril - F 3 Posts, 2. Maintenance Engineer - M 2 Posts, 3. Warehouse Supervisor - M/F 3 Posts, 4. Accountant/Auditor - F 2 Posts, 5. Purchaser - F 2 Posts, 6. Store Keeper - M/F 3 Posts, 7. Bill Collector - F 2 Posts

NIBBAN Electric & Electronic

**ဖုန်း-၃၈၉၅၂၃၊ ၃၈၄၇၃၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရုံးဝန်ထမ်း - ကျား ၂ဦး (Word, Excel) ကျွမ်းကျင်၊ အထွေထွေဝန်ထမ်း - ကျား ၅ ဦး။

**အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၇၃၀၂၇၇၃၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း - ကျား ၁ ဦး (အိမ်ကားမောင်းရန်၊ အသက် ၄၅-၅၀၊ အတွေ့အကြုံ ၅ နှစ်အထက်ရှိသူ၊ သုဝဏ္ဏမြို့နေသူ ဦးစားပေးမည်)

**ဖုန်း-၀၉-၅၀၉၃၀၁၅၊ ၀၉-၇၃၀၂၅၆၉၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Marketing Staff - ကျား/မ ၃ ဦး၊ ၂။ Computer Operator - မ ၁ ဦး၊ ၃။ Sales Promotor - မ ၅ ဦး

THAR KI NWE CO., LTD

**ဖုန်း-၀၁-၈၅၅၀၁၆၈၊ ၀၉-၇၃၀၉၆၉၅၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Senior M.O - ကျား ၂ဦး၊ မ ၂ဦး (ဆမလိုင်စင်သက်တမ်း ရှိရမည်)၊ ၂။ Senior Nurse - မ ၆ ဦး (သူနာပြုလိုင်စင်သက်တမ်း ရှိရမည်) (နေ/စားစရိတ်ငြိမ်း)

**မြဝတ်ရည်ဆေးရုံ၊ ဖားကန့်မြို့။**

**ဖုန်း-၀၉-၇၃၂၃၆၃၃၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Restaurant Manager - M/F 1 Post, 2. Accountant - F 1 Post, 3. Barman - M 2 Posts, 4. Waiter - M 2 Posts 5 ပန်းကန်ဆေး - ကျား ၁ ဦး (ညှိနှိုင်းလစာပေးမည်)

Sky View Restaurant

**ဖုန်း-၃၉၂၈၈၆၊ ၃၈၁၉၄၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် - မ ၂ ဦး၊ လက်ချုပ် - မ ၁ ဦး

**Mademoiselle**

**အမှတ်(၇၃)၊ ရွာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၂၁၁၃၈၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Admin Manager - ၁ဦး၊ ၂။ Marketing Manager - ၁ ဦး၊ ၃။ Accountant - ၁ဦး၊ ၄။ Office Staff - ၂ဦး

**INJYNN Development Co., Ltd**

**ဖုန်း-၆၅၇၀၁၈(၂၁)**

--------------------------------

သင်တန်းဆရာ/ဆရာမအမြန် အလိုရှိသည်။ (အင်္ဂလိပ် 4 Skills (သို့မဟုတ်) Business English သင်ကြားပေးနိုင်သူ)

**ဖုန်း-၃၈၆၆၉၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ CNG Taxi ယာဉ်မောင်း - နေ့ ၁ ဦး၊ ည ၁ ဦး။ ၂။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း အိမ်အရောက် Guide လုပ်ချင်သူ ဂုဏ်ထူးရှင်နှစ်ဦး။ **ဖုန်း-၄၀၀၉၃၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Lenovo Sales Promotor - မ ၅ ဦး၊ ၂။ Graphic Designer - ကျား ၁ ဦး

KMD Computer Group

**ဖုန်း- ၂၄၅၁၈၀၊ ၃၈၅၁၇၇**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။




မာရူဟာန်ဂျပန်ဘဏ်
မြန်မာဌာနေ ကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲ

မာရူဟာန်ဂျပန်ဘဏ်သည် တိုးတက်ပြောင်းလဲဖြစ်ထွန်းနေသော မြန်မာ့အနာဂတ်အရေးကိုရှေ့ရှုလျှက် အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်ဘဏ်ဝန်ထမ်းများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် မြန်မာကိုယ်စားလှယ်ရုံးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာဖြင့် အသိပေးကြေငြာအပ်ပါသည်။

MARUHAN
JAPAN BANK

အမှတ် ၉၇ (ခ)၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်

၀၁-၅၀၁၃၀၁

www.maruhanjapanbank.com

Education

7 Day News Journal

Vol.11, No.21 • AUGUST 2 , 2012



# နိုင်ငံရပ်ခြားတွင် ဘွဲ့လွန်သင်တန်းများ သွားရောက်သင်ယူလိုသူများလာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၀**

နိုင်ငံခြား တက္ကသိုလ်များ၌ သွားရောက်ပညာသင်ယူရန် တိုင်ပင်ဆွေးနွေးသူများ၌ မဟာဘွဲ့နှင့် တက္ကသိုလ်နောက်ဆုံးနှစ်သို့တိုက်ရိုက်တက်ရောက်ခွင့်ရရှိရန် ကြိုးပမ်းသော ကျောင်းသားအရေအတွက်ပိုမိုများပြားလာနေကြောင်း Mentor International ပညာရေးဝန်ဆောင်မှုလုပ်ငန်းထုတ်ပြန်သောအချက်အလက်များအရသိရသည်။

မြန်မာကျောင်းသားအများစုသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၌ ဘွဲ့ကြိုသင်တန်းများ သွားရောက်သင်ယူကြပြီး တက္ကသိုလ်နောက်ဆုံးနှစ်နှင့် ဘွဲ့လွန်သင်တန်းများကို အနောက်နိုင်ငံများဖြစ်သော အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံများ၌ သွားရောက်သင်ယူရန် စိတ်ဝင်စားမှုမြင့်တက်လာခြင်းဖြစ်သည်။

"ကျောင်းသားတွေက ငွေကြေးတတ်နိုင်မှုပေါ် မူတည်ပြီး နောက်ဆုံးနှစ်ကိုနိုင်ငံခြားအတွေ့အကြုံ ရအောင် သွားတက်ကြတာ။ ပထမနှစ်ကတည်းက သွားတက်တာထက်စာရင် ငွေကြေးကုန်ကျမှုလည်း သက်သာပါတယ်။ မြန်မာကျောင်းသားတွေက ဆေးနဲ့အင်ဂျင်နီယာ သင်တန်းတွေကို သွားတက်ကြတာများပါတယ်"ဟု အဆိုပါ ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဒါရိုက်တာဦးကျော်ထင်က ပြောသည်။

ပြည်ပနိုင်ငံများ၏ မတူညီသော ယဉ်ကျေးမှု ထုံတမ်းအစဉ်အလာများနှင့် နည်းစနစ်လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ လူမှုအဖွဲ့အစည်းများ၏ ပညာရေးလိုအပ်ချက်များကို တစ်ပြေးညီရရှိစေရန် နိုင်ငံရပ်ခြား၌ သွားရောက်ပညာသင်ယူရေးမှာ ကျောင်းသားများအတွက် အရေးပါလာခြင်းဖြစ်သည်။

ကျောင်းသားများအနေဖြင့် မိမိသွားရောက်လိုသော နိုင်ငံ၊ တက်ရောက်လိုသော တက္ကသိုလ်နှင့် သင်ယူလိုသော ဘာသာရပ်များကို ရွေးချယ်ရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လျက်ရှိပြီး နိုင်ငံတကာ ပညာရေးအကြံပေး ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးရန် ပိုမိုအားသန်ကြကြောင်း အထက်ပါအဖွဲ့အစည်းမှ သိရသည်။

နိုင်ငံရပ်ခြားတွင်သွားရောက်ပညာသင်ယူရန်ပြင်ဆင်နေသော မြန်မာကျောင်းသားများသည် မိမိနှင့် သင့်လျော်မည့် တက္ကသိုလ်၊ ကောလိပ် ရွေးချယ်ခြင်း၊ ပြည်ပခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကျောင်းသားပြည်ဝင်ခွင့်ဆိုင်ရာနှင့် ပြည်ပ၌ နေထိုင်သွားလာရေးတို့အတွက် အကြံဉာဏ်နှင့် ဗဟုသုတများ လိုအပ်နေကြောင်း သိရသည်။

# စီးပွားရေးတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ချက်ကြောင့် ဘောဂတွဲဖြင့် အောင်မြင်ထားသောကျောင်းသားအချို့ နစ်နာနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

စီးပွားရေးတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်လက်ခံမှုစနစ်ကြောင့်အထက်တန်းတွင် ဘောဂဗေဒဘာသာတွဲဖြင့်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသားများအတွက် ထိခိုက် နစ်နာမှုများ ရှိနေကြောင်းသိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘောဂဗေဒဘာသာတွဲဖြင့်အောင်မြင်သူများသည် ဘောဂဗေဒဘာသာရပ်ရမှတ် ၆၀ နှင့်အထက် ရရှိရန် သတ်မှတ်ထားသောကြောင့် ဘောဂဗေဒဘာသာရပ်မပါသော ဘာသာတွဲဖြင့် အောင်မြင်သူများနှင့် နှိုင်းယှဉ်ပါက ကျောင်းဝင်ခွင့် ရရှိရန် အခက်တွေ့နေကြခြင်းဖြစ်သည်။

"သင်္ချာ ၇၁မှတ်ရတယ်၊ အင်္ဂလိပ်စာက ၅၃မှတ်ရတယ်၊ ဘောဂဗေဒက ၅၆မှတ်ပဲရတော့ ကလေးက စီးပွားရေးတက္ကသိုလ် တက်ချင်ပေမယ့် အခက်အခဲဖြစ်နေတယ်။ တခြားဘာသာတွဲနဲ့ အောင်ထားတဲ့ ကလေးတွေကို သင်္ချာနဲ့ အင်္ဂလိပ်စာ အမှတ်မီရင် ကျောင်းဝင်ခွင့် လက်ခံပေမယ့်ဘောဂဗေဒဘာသာတွဲယူထားတဲ့ကလေးတွေကိုတော့ ဘောဂဗေဒဘာသာရပ်မှာ၆၀မှတ်နဲ့အထက်ရမှ လျှောက်ခွင့်ပြုမယ်လို့တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်မှာ ရေးထားတယ်။ အဲ့ဒါ ဘောဂဗေဒဘာသာတွဲယူထားပြီးတော့ စီးပွားရေးတက္ကသိုလ် တက်ခွင့်မရဘူး ဖြစ်နေတယ်။ တကယ် နစ်နာနေတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေ သိစေချင်ပါတယ်"ဟု မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၅၆ မှတ်ဖြင့် အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦး၏ အုပ်ထိန်းသူကပြောသည်။

ယခင်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘောဂဗေဒဘာသာတွဲဖြင့် အောင်မြင်သူများကို ဘောဂဗေဒဘာသာရပ်ရမှတ် ၆၀ နှင့် အထက်ရရှိပြီး စုစုပေါင်းရမှတ် ၃၀၀ နှင့်အထက်ရရှိထားရန်နှင့် ဘောဂဗေဒဘာသာရပ်မပါသော ဘာသာတွဲများဖြင့် အောင်မြင်ထားသူများကို စုစုပေါင်းအမှတ် ၃၂၀ နှင့် အထက်ရရှိရန် သတ်မှတ်ထားသည်။

သို့သော် ယခုနှစ်စီးပွားရေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ဘောဂဗေဒ ဘာသာရပ်မပါသော ဘာသာတွဲဖြင့် အောင်မြင်ထားသူများကို သင်္ချာနှင့် အင်္ဂလိပ်စာတွင် ရမှတ်၅၀နှင့်အထက်ရရှိထားပြီး စုစုပေါင်းရမှတ် ၃၅၀ နှင့်အထက်ရရှိထားရန် သတ်မှတ်ထားပြီး ဘောဂဗေဒဘာသာတွဲဖြင့် အောင်မြင်ထားသူများကို အထက်ပါစည်းကမ်းချက်အပြင် ဘောဂဗေဒဘာသာရပ်ရမှတ် ၆၀နှင့်အထက်ရရှိရန် သတ်မှတ်ထားခြင်းဖြစ်သည်။ ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာ မြို့တို့ရှိစီးပွားရေးတက္ကသိုလ်များ ၏ ကျောင်းဝင်ခွင့်လက်ခံမှုပုံစံကို ယခုနှစ်တွင် စတင်ပြောင်းလဲခဲ့သလို ကျောင်းသားဦးရေကိုလည်း ထက်ဝက်ခန့်ထိ လျှော့ချလက်ခံသွားရန်ကြေညာထားသည်။

# ပြင်ပပညာရှင်များ၏ ပူးပေါင်း ဆောင်ရွက်မှု ပါဝင်လာနိုင်သည့်

# ကွန်ပျူတာတက္ကသိုလ်များ

**နေလင်းထွန်း**

**ကွန်ပျူတာတက္ကသိုလ်များ၏ ပညာရည်မြင့်မားရေးအတွက် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောကြားခဲ့ကြောင်း ဇူလိုင်လ ၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားသည်။**

ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စက်မှုတက္ကသိုလ်များအား အဆင့်မြင့်နည်းပညာတက္ကသိုလ်များအဖြစ် ပြန်လည်ဖွင့်လှစ်ရန်ကြေညာခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်အချို့ကိုလည်း အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်များကိုအဆင့်မြှင့်တင်ရန်အတွက်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ပညာရှင်များနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များသည် ဇူလိုင် ၂၂ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ကျွမ်းကျင်ပညာရှင်တို့အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသိအမှတ်ပြု ဖိတ်ခေါ်ခဲ့ခြင်းကြောင့် ကွန်ပျူတာတက္ကသိုလ်များနှင့်ပတ်သက်၍ ကျောင်းသားဟောင်းများ၊ လက်ရှိ ပညာသင်ယူနေသော ကျောင်းသားများ၊ ပြည်ပရောက် မြန်မာပညာရှင်များ၊ အသင်းအဖွဲ့မှ ကျွမ်းကျင်သူများ၏ ဝေဖန်အကြံပြုချက်များကိုယင်းအခမ်းအနားတွင် တင်ပြဆွေးနွေးခွင့်ရရှိခဲ့သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းသည်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်ဟောင်းတစ်ဦးနှင့် အခြားကျွမ်းကျင်သူ ၃၀ ကျော် ပါဝင်ဆွေးနွေးအကြံပြုထားသည့် ကွန်ပျူတာတက္ကသိုလ်များအား ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကြီးမှူးကျင်းပသည့် အဆိုပါအစည်းအဝေးတွင် တင်ပြခဲ့သည်။

ကွန်ပျူတာတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဘွဲ့ရကွန်ပျူတာပညာရှင်များ အရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန် ခေတ်နှင့် ဆီလျော်သင့်မြတ်သော ပြုပြင်ပြောင်းလဲမှုများအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ အလုပ်အမှုဆောင်နှင့် အသင်းသားများက တတ်အားသရွေ့ ပါဝင်ကူညီဆောင်ရွက်လိုကြောင်း အဆိုပြုခဲ့ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ရည်ရွယ်ချက်မှာ ကွန်ပျူတာတက္ကသိုလ်များပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လိုခြင်းနှင့် ပါဝင်ဆောင်ရွက်ပေးနိုင်သည့်စွမ်းအားရှိခြင်း၊ ကွန်ပျူတာတက္ကသိုလ်များနှင့် ပုဂ္ဂလိက ကွန်ပျူတာလုပ်ငန်းကဏ္ဍများအကြား ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်လိုခြင်း၊ မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးရေးခေါင်းစဉ်အောက်မှတစ်ဆင့် ရရှိလာမည့် နိုင်ငံတကာအကူအညီများကိုတက္ကသိုလ်များ၊အသင်းအဖွဲ့များ၊ လုပ်ငန်းနယ်ပယ်များက စနစ်တကျပူးပေါင်း၍ လက်ခံဆောင်ရွက်ပေးလိုခြင်းတို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ဒီထဲမှာ အဓိကအနေနဲ့ အစိုးရဌာနရယ်၊ တက္ကသိုလ်က အုပ်ချုပ်ရေးအဖွဲ့တွေပဲ လုပ်နေမယ့်အစား လေးပွင့်လေးဆိုင်ဖြစ်ဖို့ အကြံပြုထားတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ ကွန်ပျူတာတက္ကသိုလ်တွေက ပါမောက္ခချုပ် ဦးဆောင်တဲ့ စီမံခန့်ခွဲရေးအဖွဲ့တွေပဲ တက္ကသိုလ်တွေရဲ့ ကောင်းရာကောင်းကျိုး အဝဝကို တာဝန်ခံနေရတာ မဟုတ်ဘဲနဲ့ ပုဂ္ဂလိကကဏ္ဍက ကွန်ပျူတာအသင်းအဖွဲ့တွေလည်း ကျောင်းသားဟောင်းတွေ၊ ဆရာဟောင်းတွေရှိတယ်။ နောက်တစ်ခုအနေနဲ့ ကျောင်းသားကိုယ်စားလှယ်တွေပါ ထည့်သွင်းသင့်တယ်လို့ ဆွေးနွေးဖြစ်ခဲ့တယ်။ အဲ့ဒီလိုမျိုး လေးပွင့်လေးဆိုင် ဆောင်ရွက်ကြမယ်လို့ တင်ပြ တော့ ဝန်ကြီးကလည်း လက်ခံပါတယ်"ဟု အစီရင်ခံစာတင်သွင်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ အတွင်းရေးမှူး ဦးသောင်းစုငြိမ်းကပြောသည်။

အစီရင်ခံစာတွင် အခြေခံပညာမှစ၍ ကွန်ပျူတာပညာသင်ကြား ပို့ချနိုင်ရေး၊ တက္ကသိုလ်ဝင်ခွင့်စိစစ်လက်ခံမှု၊ သင်ကြားပို့ချရေးဆိုင်ရာတတ်မြောက်မှု၊ ဆရာ၊ ဆရာမများ၏ နည်းပညာ အစဉ်အမြဲ ခေတ်မီနေစေရန်၊ သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်း ပြန်လည်သုံးသပ်သတ်မှတ်ရန်၊ တက္ကသိုလ်များ၏ အကွာအဝေးနှင့် သွားလာရခက်ခဲခြင်း၊ အဆောင်ပြဿနာ၊ လက်တွေ့ချိန်နှင့် သင်ထောက်ကူပစ္စည်း ပံ့ပိုးခြင်း၊ အလုပ်သင်အခွင့်အလမ်း၊ အကြံပေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် သင်ကြားရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အဆင့်မြင့်သင်ခန်းစာနှင့် ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ မသင်မနေရ ဘာသာရပ်နှင့် ရွေးချယ်သင်ယူနိုင်သည့် ဘာသာရပ်စနစ်ကိုပြောင်းလဲကျင့်သုံးခြင်း၊ အောင်၍လက်မှတ်ထုတ်ပေးခြင်း၊ ကျောင်းသားများကို အသင်းအဖွဲ့နှင့်ပြင်ပလှုပ်ရှားမှုများအတွက် တရားဝင်အားပေးခွင့်ပြုခြင်း၊ ကွန်ပျူတာတက္ကသိုလ်များနှင့် ကွန်ပျူတာအသင်းအဖွဲ့များ၊ နည်းပညာကုမ္ပဏီများအကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်ခြင်း စသည့်အသေးစိတ်အချက်အလက်များကို ထည့်သွင်းအကြံပြုသုံးသပ်ထားသည်။

စာ(၂၂)သို့

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# သန်လျင်နှင့် စစ်ကိုင်းမြို့ရှိ သမဝါယမတက္ကသိုလ်များတွင် B.BSc ဘွဲ့အပ်နှင်းမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ယခုပညာသင်နှစ်မှစတင်၍ သန်လျင်နှင့် စစ်ကိုင်းမြို့တို့ရှိ သမဝါယမတက္ကသိုလ်များတွင် B.BSc (Bachelor of Business Science) ဘွဲ့ကို အပ်နှင်းသွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြထားသည်။

ယခင်နှစ်များက ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှ B.A (Business Science) ဘွဲ့ကို အပ်နှင်းလျက်ရှိပြီး ကျန်သမဝါယမကောလိပ်များတွင် ဒီပလိုမာများကိုသာ အပ်နှင်းလျက်ရှိသည်။

ယခုနှစ်တွင် အဆင့်မြှင့်တင်လိုက်သော သန်လျင်နှင့်စစ်ကိုင်းမြို့တို့ရှိသမဝါယမတက္ကသိုလ်များ၌ ပညာသင်နှစ် လေးနှစ် တိုးမြှင့်သတ်မှတ်လိုက်ပြီး စီးပွားရေးသိပ္ပံဘွဲ့ကို တက်ရောက်သင်ယူရရှိနိုင်မည်ဖြစ်ကာ ကျောင်းသား ၃၀၀ ဦးစီ လက်ခံမည်ဖြစ်သည်။

ဖောင်ကြီးနှင့် မန္တလေးမြို့တို့ရှိ သမဝါယမကောလိပ်များသည် ယခင်နှစ်ကဲ့သို့ ကျောင်းသား ၃၀၀ ဦးစီလက်ခံ၍ ပညာသင်နှစ် ၂ နှစ်တက်ရောက်ရပြီး ဒီပလိုမာကိုအပ်နှင်းမည်ဖြစ်သည်။

၎င်းတက္ကသိုလ်၊ ကောလိပ်များတွင် စီးပွားရေးအဖွဲ့အစည်းများအတွက်အတွင်းရေးမှူး၊စီးပွားရေး စီမံခန့်ခွဲမှု၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် အာမခံ၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်းစာရင်းကိုင်နှင့် ရောင်းဝယ်ရေးစီမံခန့်ခွဲမှု သင်တန်းများကို တက်ရောက်သင်ယူနိုင်မည်ဖြစ်သည်။

သမဝါယမ ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမတက္ကသိုလ်နှင့် ကောလိပ်များသို့ လျှောက်ထားလိုသော ကျောင်းသားများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရေးအဖွဲ့သို့လျှောက်ထားရမည်မဟုတ်ဘဲ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပညာရေးနှင့် လေ့ကျင့်ရေးဌာနခွဲသို့တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်းတက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ဖော်ပြချက်အရ သိရသည်။

# လားရှိုးတွင် ပညာရေးကောလိပ် အသစ်ဖွင့်ရန် စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုးမြို့တွင် ပညာရေးကောလိပ်အသစ်တစ်ကျောင်း ဖွင့်လှစ်တည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာရေးကောလိပ်ဖွင့်လှစ်နိုင်ရန်အတွက် ပညာရေးကောလိပ်ဖွဲ့စည်းပုံအဆိုပြုတင်ပြခြင်း၊ မြေနေရာရွေးချယ်သတ်မှတ်ခြင်း၊ ဆက်သွယ်သွားလာရေးလမ်းကြောင်းဖောက်လုပ်ခြင်း၊ ယာယီဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ကာ ရုံခြင်းနှင့် လိုအပ်ချက်များကို စတင်ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

ပညာရေးကောလိပ်ဖွင့်လှစ်သင်ကြားရန် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်လုပ်ကိုင်သွားမည်ဟုပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးကပြောသည်။

လက်ရှိအချိန်တွင်ပြည်တွင်း၌ ဆရာအတတ်သင်ပညာရေးကောလိပ် စုစုပေါင်း ၂၀ ရှိပြီး ပညာရေးကောလိပ်များ၏ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် သတင်းနှင့် ဆက်သွယ်ရေး (ICT) နည်းပညာရယူ အသုံးပြုမှုများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် Language Lab နှင့် ICT သင်ချိန်များကို တိုးမြှင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

## စာ-၂၁၊ ပြင်ပပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု ပါဝင်လာနိုင်သည့် ကွန်ပျူတာတက္ကသိုလ်များ မှ

စာ-၂၁၊

သိပ္ပံနှင့် နည်းပညာဝန်ကြီးက ကွန်ပျူတာတက္ကသိုလ်များ အဆင့်တိုးမြှင့်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ပြည်တွင်း ပြည်ပ ဈေးကွက်လိုအပ်ချက်များ၊ပြဋ္ဌာန်းထားသော နည်းဥပဒေများ၊ ပြင်ပ၌ လက်တွေ့အသုံးချနေသော နည်းပညာရပ်များနှင့်အညီ ညှိနှိုင်းရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ကြောင်း အထက်ပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ ဥက္ကဋ္ဌ ဦးရဲမြတ်သူက "အဓိကကတော့ ကျောင်းသားတွေကို Industrial Trend (အိုင်တီအလုပ်အကိုင်လမ်းကြောင်း)ကို ပြပေးဖို့လိုတယ်။ အဲဒါကကျောင်းနဲ့အပြင်နဲ့ ပူးပေါင်းပြီး လုပ်မှရမှာပါ။ Industrial Trend ကလည်း အမြဲပြောင်းလဲနေပါတယ်။ အခုကျောင်းက ထွက်လာတဲ့သူတွေက လုပ်ငန်းခွင်မှာ အသင့်မဖြစ်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့ဝင်မကူဘူးဆိုရင် အိုင်တီနည်းပညာလုပ်ငန်း ကျသွားဖို့ရှိတယ်" ဟုသုံးသပ်သည်။

ခေတ်ကာလ အပြောင်းအလဲတွင် ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီကွန်ပျူတာဘွဲ့ရကျောင်းသားများ ပေါ်ထွက်လာရေးအတွက် အိုင်တီပညာရှင်၊နည်းပညာလုပ်ငန်းရှင်များသည် သင်ကြားရေးနှင့် သင်ရိုးညွှန်းတမ်းပြင်ဆင်ရေးဆွဲရေးတွင် တတ်စွမ်းသမျှပံ့ပိုးကူညီရန် စိတ်အားထက်သန်နေကြခြင်းဖြစ်သည်။

"အကယ်ဒမစ်ပိုင်းကို ကိုယ်က နိုင်ငံခြားမှာ ကျောင်းပြီးခဲ့တော့ ဒီက စနစ်ကို သိပ်မသိဘူး။ အရင်တုန်းက အပြင်မှာ ကျောင်းပြီးခဲ့တဲ့သူတွေက ဒီဘက်မှာ နီးစပ်မှုနည်းတာပေါ့။ အခုကျတော့ တက္ကသိုလ်တွေက တံခါးဖွင့်ထားတယ်လို့ ပြောတဲ့အခါ ကိုယ်တို့ဝမ်းသာပါတယ်။ Visiting Lecture တွေ လက်ခံတယ်ဆိုရင် ဒီဘက်က လုပ်ပေးချင်တယ်ဆိုတာ ပြောခဲ့ပါတယ်။ ဒါကတော့ သင်ကြားရေးပေါ့။ နောက်တစ်ခုက သင်ခန်းစာတွေကို ဒီဘက်က ကူညီပေးလိုတဲ့ သဘောထားရှိပါတယ်။ ပြီးတော့ သင်ရိုးညွှန်းတမ်းတွေပေါ့။ ပြုပြင်ပြောင်းလဲချင်တယ်လို့ ပြောတာတွေလည်းရှိတယ်။ အကြံပြုခွင့်ရမယ်ဆိုရင် သင်ရိုးညွှန်းတမ်းတွေကို လုပ်ပေးဖို့ အစီအစဉ်ရှိတယ်ဆိုတာမျိုး ပြောထားပါတယ်"ဟု Myanmar Information Technology ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးထွန်းသူရသက်ကပြောသည်။

ထို့ပြင် ကွန်ပျူတာတက္ကသိုလ်တွင် ပညာသင်ယူမည့် ကျောင်းသားများအတွက် ပညာတော်သင်ဆုအခွင့်အလမ်း၊အလုပ်သင်အခွင့်အလမ်းနှင့် လက်တွေ့ပရောဂျက်လုပ်ကိုင်ရာတွင်ထောက်ပံ့ကူညီသွားရန်အတွက်လည်းစီစဉ်နေကြောင်း သိရသည်။

"ကိုယ်တို့က ကျောင်းမပြီးခင် နောက်ဆုံးနှစ်မှာ Internship (အလုပ်သင်)ပေးလို့ရတယ်။ လစာ အများကြီးမရရင်တောင် ကာလတိုအနေနဲ့(ကျပ်)တစ်သိန်းလောက်ရမယ်။ နောက်တစ်ခုကတော့ ပရောဂျက်ပေါ့။ ပရောဂျက်တွေကို လက်တွေ့ဘဝက ပရောဂျက်တွေနဲ့ ပူးပေါင်းတာမျိုး လုပ်ဖို့လိုတယ်။ ကိုယ်တို့လုပ်ငန်းတွေက ကျောင်းတွေကိုသွားပြီး ပရောဂျက်တွေရှိတယ်ပေါ့။ အဲ့ဒါတွေကို ကျောင်းက ပညာရှင်တွေနဲ့ ပေါင်းပြီးတော့ ကျောင်းသားတွေကို လုပ်ခွင့်ပေးဖို့ပါ။ နောက်ထပ်တစ်ခုက ပညာသင်ဆုပေါ့။ စာတော်တဲ့ကလေးတွေကို ပညာသင်ဆုပေးတာပါ"ဟု ဦးထွန်းသူရသက်ကပြောသည်။

ကွန်ပျူတာတက္ကသိုလ်များ ပြုပြင်ပြောင်းလဲရေးအတွက်ပြင်ပမှပညာရှင်များ၊ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ ပါဝင်အားဖြည့်ကူညီခွင့်ရရှိနိုင်ခြေအလားအလာကောင်းများရှိနေချိန်တွင် ကွန်ပျူတာတက္ကသိုလ်များ၌ပညာသင်ယူနေသော ကျောင်းသားများကလည်း ပညာရေးအခွင့်အလမ်းနှင့် လက်တွေ့လုပ်ငန်း အတွေ့အကြုံများကို မျှော်လင့်ကြလျက်ရှိသည်။

"ကျောင်းမှာက သီအိုရီသင်တာများတယ်။ လက်တွေ့အတွက်က အပြင်က သင်တန်းတွေမှာ လိုက်တက်နေရတယ်။ ကျောင်းမှာက ကွန်ပျူတာလည်း မလုံလောက်ဘူးလေ။ အပြင်က အဖွဲ့အစည်းတွေ ကူညီမယ်၊ ပညာရှင်တွေလာပြီး သင်ကြားပို့ချမယ်ဆိုရင်တော့ အရမ်းဝမ်းသာပါတယ်"ဟု မဟာဘွဲ့ တက်ရောက်နေသော ကွန်ပျူတာကျောင်းသူတစ်ဦးကပြောသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ စုစုပေါင်းရမှတ် ၃၆၅ မှတ် ရရှိထားသော ကျောင်းသား၊ ကျောင်းသူ ၇,၀၀၀ ဦးကို မြစ်ကြီးနား၊ သထုံ၊ စစ်တွေ၊ တောင်ကြီး၊ လားရှိုး၊ မုံရွာ၊ မြိတ်၊ တောင်ငူ၊ပြည်၊ မကွေး၊ မန္တလေး၊ ပုသိမ်၊ ရန်ကုန်၊ ဘားအံ၊ ပခုက္ကူ၊ လွိုင်ကော်၊ ကျိုင်းတုံ၊ ကလေး၊ ဟသ်ာတ၊ မိတ္ထီလာ၊ ဖန်းမော်၊ ထားဝယ်၊ ပင်လုံနှင့် မအူပင်မြို့များရှိ ကွန်ပျူတာတက္ကသိုလ် ၂၅ခုတွင် ကျောင်းဝင်ခွင့်လက်ခံသွားရန် ကြေညာထားသည်။

"အခက်အခဲတွေ ကြားထဲက လုပ်ရတာဆိုတော့ ဘယ်လောက်ထိ အကောင်အထည်ပေါ်မလဲတော့မသိဘူး။ ဒါပေမဲ့ အိမ်နီးချင်းနိုင်ငံက ဖွံ့ဖြိုးနေတဲ့ တက္ကသိုလ်တစ်ခုရဲ့ကျောင်းသားတွေထက် မညံ့အောင်၊ တန်းတူဖြစ်အောင် ကနဦး အလျင်အမြန်လုပ်သွားပါမယ်။ တကယ်တမ်းကလည်း ကျောင်းသားတွေ ဉာဏ်ရည်က မနိမ့်ပါဘူး။ သူတို့ရဲ့ သင်ကြားရေးပိုင်းနဲ့ အဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းတွေကို တတ်နိုင်သလောက် မြန်မြန်ဝိုင်းပြုပြင်မယ်ဆိုရင် တဖြည်းဖြည်းနဲ့ ကောင်းလာမယ်လို့ ထင်ပါတယ်"ဟု အစီရင်ခံစာ သက်ဝင်အကောင်အထည်ပေါ်လာနိုင်မှု အခြေအနေနှင့် ပတ်သက်၍ ဦးသောင်းစုငြိမ်းကသုံးသပ်သည်။

Special for all, All for special trip
Speical Trip **အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း**
(၁၇) ညအိပ် (၁၈)ရက်ခရီးစဉ် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန+နယူးဒေလီ+တပ်ချ်မဟာ+ ကိုလ်ကတ္တား (၉.၅ သိန်း)
(၁၄) ညအိပ် (၁၅) ရက်ခရီးစဉ် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန+ နယူးဒေလီ+ တပ်ချ်မဟာ (၉ သိန်း)
(၁၁) ညအိပ် (၁၂)ရက်ခရီးစဉ် - (ဖွား၊ ပွင့်၊ ဟော၊ စံ)၊ ဝေသာလီ၊ ရာဇဂြိုလ်၊ နာလန္ဒာ (၈ သိန်း)
နိုင်ငံကူးလက်မှတ်မရှိသေးသူများ (၁) လကြိုတင်၍ စာရင်းပေးသွင်းရပါမည်။
နိုင်ငံကူးလက်မှတ် (၆) လသက်တမ်းရှိသူများ (၅၀၀၀၀/- ကျပ်) လျှော့ပေးပါမည်။
(သံဃာနှင့် သီလရှင်များအား မည်သည့်ခရီးစဉ်မဆို (၅၀၀၀၀/-ကျပ်) လျှော့ပေးပါမည်။
မည်သည့်ခရီးစဉ်တွင်မဆို (၁၆) ဦးစုစည်းလာပါက (၁) ဦးအခမဲ့လိုက်ဆောင်ခွင့်ရရှိပါမည်။
ခရီးစဉ်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနှင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း စုံစမ်းနိုင်ပါသည်။
ရန်ကုန် ။ ။ အမှတ် (၁၁) ချမ်းသာလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ၀၁-၅၂၇၂၅၀၊ ၀၉၆၄၁၄၀၂၂၊ ၀၉-၄၂၀၀၅၆၆၈၄။
မန္တလေး ။ ။ အမှတ် (၁၅) အောင်ဇမ္ဗူကျော်တိုက်တန်း၊ ၈၇ လမ်း၊ ၃၉×၄၁ လမ်းကြား၊ မန္တလေးမြို့။ ၀၉-၉၁၀၁၃၇၂၆၊ ၀၉၆၈၁၂၄၃၄၊ ၀၉၄၀၀၀၁၆၀၀၀။
မြစ်ကြီးနား ။ ။ Top တေးသံသွင်း၊ အမှတ် (၂၂၀) ယုဇနရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ ပန်းခြံရှေ့၊ မြစ်ကြီးနားမြို့။ ၀၇၄-၉၂၂၈၂၊ ၀၉-၆၄၀၀၄၉၃

အရှိန်အဟုန်ဖြင့်တိုးတက်နေသော ယနေ့ခေတ်တွင်
နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့၊ ဒီပလိုမာတစ်ခုကို
အရည်အချင်းပြည့်ဝစွာဖြင့် ရယူလိုသူများအတွက်



Gusto Higher Education Institute
edexcel Approved Centre No.93683
HND DIPLOMA IN COMPUTING (UK)
ယခင်က UK သို့သွားရောက်သင်ယူနေရသော
နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ နောက်ဆုံးနှစ်သို့တိုက်ရိုက်တတ်ရောက်နိုင်သည့်
Higher National Diploma ဖြစ်ပါသည်။
- ဂုဏ်သိက္ခာကြီးမားသော Edexcel(UK) မှ ချီးမြှင့်သည့် Diploma ဖြစ်သောကြောင့် ကမ္ဘာတလွှားရှိ တက္ကသိုလ်ကြီးများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကြီးများမှ အသိအမှတ်ပြုလက်ခံကြပါသည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute ၌ဖြစ်စေ၊ နိုင်ငံတကာတက္ကသိုလ်ကြီးများသို့ သွားရောက်၍ဖြစ်စေ နောက်ဆုံးတစ်နှစ်သာ တတ်ရောက်ပြီး B.Sc. (Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။
AUGUST INTAKE... ENROLL NOW !
Gusto Institute : #332(D), Pyay Road, Sanchaung Tsp.,Yangon.
Ph: 01-503715, 0986-28806.

## OS X Mountain Lion နှစ်ရက်အတွင်း နှစ်သန်းကျော်ရောင်းချရ

**ဆန်ဖရန်စစ္စကို၊ ဇူလိုင် - ၂၉**

Apple ကုမ္ပဏီ၏ Mac ကွန်ပျူတာအသုံးပြုသူများအတွက် OS X 10.8 Mountain Lion ဟု ခေါ်ဆိုသော ကွန်ပျူတာလည်ပတ်မှုစနစ်အားရောင်းချခဲ့ရာ နှစ်ရက်အတွင်းအရေအတွက်နှစ်သန်းကျော်ရောင်းချခဲ့ရကြောင်း သိရသည်။

ယင်းOS အသစ်ကိုကန်ဒေါ်လာ ၁၉ ဒသမ ၉၉ ဖြင့် ရောင်းချခဲ့ခြင်းကြောင့် ဤမျှ အောင်မြင်ခဲ့ရခြင်းဖြစ်သည်။

ထို့အပြင် Mac ကွန်ပျူတာအသစ်တစ်လုံးဝယ်ယူသူတိုင်းကိုလည်း ၎င်း OS စနစ်သစ် အခမဲ့ထည့်သွင်းပေးလိုက်မည်ဖြစ်သည်။

OS စနစ်သစ်ရောင်းချရမှုအရေအတွက်ကို Apple ကုမ္ပဏီက တရားဝင်ထုတ်ပြန်ခြင်းမဟုတ်ဘဲ အွန်လိုင်းကြော်ငြာကုမ္ပဏီတစ်ခုဖြစ်သည့် Chitika က ခန့်မှန်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် Mac ကွန်ပျူတာအသုံးပြုသူပေါင်း ၆၆ သန်းခန့်ရှိသည်ဟု ယခုနှစ် ဇွန်လက ကြေညာခဲ့ပြီး ယခုအခါ Mac ကွန်ပျူတာအသုံးပြုသူပေါင်း ၃ ဒသမ ၂ ရာခိုင်နှုန်းက Mountain Lion ကိုအသုံးပြုနေပြီဖြစ်သည်။ လွန်ခဲ့သော ၄၈ နာရီအတွင်း ၎င်း OS စနစ်သစ်ကို ဝယ်ယူခဲ့သူပေါင်း ၂ ဒသမ ၁၁ သန်းရှိပြီး Apple ကုမ္ပဏီအတွက် ကန်ဒေါ်လာ ၃၈ သန်းဝင် ငွေရရှိစေခဲ့ကြောင်း Chitika က ဖော်ပြသည်။

*—Ref: Softpedia*




## ဆက်သွယ်ရေးပစ္စည်းများ ရောင်းချမည့် အိုင်စီတီပြပွဲ ဩဂုတ်လအတွင်း ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၂၇**

နောက်ဆုံးပေါ်ကွန်ပျူတာနည်းပညာနှင့် မိုဘိုင်းဖုန်းဆိုင်ရာ ဆက်သွယ်ရေးပစ္စည်းများကိုတစ်စုတစ်စည်းတည်း လေ့လာဝယ်ယူနိုင်မည့် ရန်ကုန်အိုင်စီတီပြပွဲကို လာမည့်ဩဂုတ်လအတွင်း ကျင်းပပြုလုပ်ရန်ရှိကြောင်း သတင်းရရှိသည်။

Yangon ICT (Computer & Mobile) အမည်ရှိ နောက်ဆုံးပေါ် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများကို လေ့လာဝယ်ယူနိုင်မည့် အဆိုပါပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် လုပ်ငန်းရှင်အသင်းတို့က ပူးပေါင်းကျင်းပပေးခြင်းဖြစ်သည်။

ရန်ကုန် အိုင်စီတီပြပွဲတွင် မိုဘိုင်းနှင့် အိုင်စီတီနယ်ပယ်မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးကဏ္ဍသုံးနည်းပညာပစ္စည်းများ၊ ပညာရေးနှင့်ဆက်စပ်နေသော နည်းပညာဆိုင်ရာပစ္စည်းများ၊ Software နှင့် Hardware အစရှိသည့် နည်းပညာများကို ပြသခြင်း၊ ရောင်းချခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

ပြည်တွင်းအခြေစိုက်ကုမ္ပဏီအရေအတွက် ၅၈ ခုမှ ပြခန်းပေါင်း ၁၅၈ ခန်းဖြင့် ဖွင့်လှစ်ပြသသွားမည့် Yangon ICT Fair ကို ၂၀၁၂ ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

## အာဆီယံအိုင်စီတီဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၂၇**

အာဆီယံဒေသတွင်းနိုင်ငံများ၏ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးမှုမြင့်တက်လာစေရန် ရည်ရွယ်ပြုလုပ်မည့် အာဆီယံအိုင်စီတီဆု (ASEAN ICT AWARD) အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံး စတင်ယှဉ်ပြိုင်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) မှ သတင်းရရှိသည်။

ကဏ္ဍလေးခုပါဝင်ပြီး ယင်းကဏ္ဍတစ်ခုချင်းစီအတွက် ယှဉ်ပြိုင်ရာတွင် မည်သည့် Application ကိုမဆို၊ မည်သည့် Software နှင့် Hardware ကိုမဆို ကြိုက်နှစ်သက်ရာ ပေးပို့ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်ဟုအဆိုပါဝက်ဘ်ဆိုက်စာမျက်ဖြစ်သည့် www.aseani-ctaward. comတွင် ဖော်ပြထားသည်။

အာဆီယံအိုင်စီတီဆိုင်ရာဆုအတွက် ယှဉ်ပြိုင်မည့်သူများသည် စက်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများအပြင် အခြားသောလူအဖွဲ့အစည်း နယ်ပယ်အတွက် အဓိကကျသည့် လုပ်ငန်းနယ်ပယ်တစ်ခုခုကို အခြေခံကာ ယှဉ်ပြိုင်ရမည်ဟု သိရသည်။

အဆိုပါ အာဆီယံဆိုင်ရာ အိုင်စီတီဆုအတွက်ပါဝင် ယှဉ်ပြိုင်လိုသူများသည် မိမိယှဉ်ပြိုင်မည့် ခေါင်းစဉ်အောက်တွင် ပြိုင်ပွဲကျင်းပရေး ကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ဂရုစိုက်ရမည်ဖြစ်သည်။ ကဏ္ဍတစ်ခုချင်းစီတွင် အခြေခံအားဖြင့် အာဆီယံဒေသတွင်းရှိ နိုင်ငံများ၏ အိုင်စီတီကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ပါရှိရမည်ဖြစ်သည်ဟု အထက်ပါ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

အာဆီယံဒေသတွင်းတွင် ပထမဆုံးကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် မိမိတို့၏ပရောဂျက်များကို ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ www.aseanictaward .com သို့ ပေးပို့ရမည်ဖြစ်သည်။


### အရောင်း၊အကြွေးနှင့် ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် *iLedger®* ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**



# LEADING JAPAN CAR EXPORTER

သင်ဇော်မှန်ကန်သော ရွေးချယ်မှုဖြင့်
အတွေ့အကြုံရှိ ဂျပန်ကားများတင်ပို့နေသော
ကျွန်ုပ်တို့ နှင့်
လက်တွဲဆောင်ရွက် လိုက်ရအောင်

SBT
www.sbtjapan.com

## SBT Co., Ltd.

Yokohama SIA Bldg, 7F, 2-10-36, kita Saiwai, Nishi-ku-,Yokohama,
220-004,Japan.
TEL +81-45-290-9485
SBT မြန်မာရုံးခွဲတွင် လူကြီးမင်းတို့စိတ်ချမ်းမြေ့စွာ လာရောက်ဆက်သွယ်၍တိုင်ပင်ဆွေးနွေးစုံစမ်းနိုင်ပါသည်။

## SBT Myanmar Co., Ltd.

578,Kan Nar Road, Corner of 8th St., Lanmadaw Tsp., Yangon.
TEL +951-1-218079, +95-1-218071
ယခုအချိန်မှစတင်၍ ကားအရောင်းကိုယ်စားလှယ်များနှင့်လက်တွဲဆောင်ရွက်ပေးနေပါသည်။

7 Day News Journal
Vol.11, No.21 • AUGUST 2 , 2012

# မြေဈေးကျအောင်လုပ်နည်း

မြင့်မိုရ်ဆွေ

**မြေဈေးနှုန်းကို မော်တော်ကားဈေးကွက်ကဲ့သို့ ဖြစ်သွားရန်ပြုလုပ်မည့် အစီအစဉ်တစ်ခုရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားကြောင်းဇူလိုင် ၅ ရက် ထုတ် 7Day News ဂျာနယ်တွင် ဖတ်ရှုခဲ့ရပါသည်။ မိတ်ဆွေတစ်ဦးက မြို့ပြလူမှုဘဝတွင် မြေသည်ဖိုးသူတော်နှင့်တူ၍ မော်တော်ကားသည် တောင်ဝှေးနှင့်တူကြောင်း၊ တောင်ဝှေးလဲလျှင် ဖိုးသူတော်က ထူ၍ ရကြောင်း၊ အချိန်တိုအတွင်း တောင်ဝှေးလဲပြီးနောက် ဖိုးသူတော်ပါ အလဲထိုးခံရလျှင် အကုန်တုံးလုံးပက်လက်လန်၍ အချို့မှာ လက်ထဲကခွက်ပင် လွင့်ပျောက်သွားနိုင်ကြောင်း ဝေဖန်ပြောကြားလာပါသည်။**

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသည် မော်တော်ကားဈေးနှုန်းကိုကျအောင် မည်ကဲ့သို့ ပြုလုပ်ခဲ့သနည်း။ ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် အရေအတွက် များစွာ ဖြည့်ဆည်းခြင်းနှင့် အခွန်ငွေလျှော့ချခြင်းဟူသော နည်းလမ်းနှစ်သွယ်ဖြင့် ကျအောင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ကို အထင်အရှားတွေ့မြင်နိုင်ပါသည်။ တစ်နည်းအားဖြင့် ရောင်းအား (Supply)ကို တိုး၍ အခွန်ငွေ (Tax)ကို လျှော့ချပေးခြင်းပင် ဖြစ်ပါသည်။ ထိုနည်းအတိုင်း "မြေဈေးကို မော်တော်ကား ဈေးကွက်ကဲ့သို့ ဖြစ်သွားအောင် လုပ်မည်" ဟု ဆိုရာ၌ မြို့ပြပြည်သူတို့၏ မြေနှင့် အိမ်ရာလိုအပ်ချက်ကို တိုးပွားဖြည့်ဆည်း၍ ဈေးနှုန်းကို လျှော့ချပေးခြင်းဟူသော နည်းလမ်းကိုဆိုလိုခြင်းသာ ဖြစ်မည်ဟု စာရေးသူ အကောင်းမြင်မိလေသည်။

ဆက်လက်၍ မြို့ပြဈေးတက်ရခြင်းအကြောင်းရင်းများကို ဦးစွာဆန်းစစ်တင်ပြလိုပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ မြေဈေးသည် ၂၀၀၈ ခုနှစ်မှစ၍ တရိပ်ရိပ်တက်လာခဲ့ရာ လေးနှစ်အတွင်း လေးဆမှ ငါးဆအထိ တိုးမြင့်လာခဲ့ပေသည်။ မြေဈေးတက်ခြင်း၏ အဓိက အကြောင်းများမှာ ဖြည့်ဆည်းမှုအပိုင်း(Supply)တွင် အားနည်းချက်များရှိခဲ့ခြင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုထုတ်ကုန်လုပ်ငန်းနယ်ပယ်များတွင် စီးပွားရေးကျဆင်းခြင်းနှင့် စီးပွားရေး ပိတ်ဆို့မှုများ လျှော့ချ၍ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ဝင်ရောက်လာသည်နှင့် အမျှမြေယာ လိုအပ်ချက် (Demand) မြင့်မားမည့် အလားအလာကို ကြိုတင်တွက်ဆ ရင်းနှီးထားခြင်း စသည့်အကြောင်းရင်းများဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဖြည့်ဆည်းမှုအပိုင်းနှင့်ပတ်သက်၍ ဦးစွာတင်ပြလိုပါသည်။ ၂၀၀၅ ခုနှစ်မှစ၍ ရန်ကုန်မြို့တော် အိမ်ရာစီမံကိန်းများ ကြီးကြပ်မှုကော်မတီကို ဖျက်သိမ်းခဲ့ပြီးနောက် ယခင်ခွင့်ပြုခဲ့သော အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်သည့် အထပ်မြင့်အိမ်ရာစီမံကိန်းများတွင် အကျိုးအမြတ် ခွဲဝေမှုကို မူလ ၂၀/၈၀ အချိုးမှ ၄၀/၆၀ အချိုးသို့ ပြင်ဆင်သတ်မှတ်ခဲ့၏။ ပုဂ္ဂလိကများက အစိုးရသို့ ရှယ်ရာ ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ပေးရန် အခက်အခဲရှိလာသောအခါ အထပ်မြင့်တိုက်များကို အထပ်နိမ့်များအဖြစ် ပြောင်းလဲပစ်လိုက်ကြ၏။ မြေကြီးထဲ၌အထပ်မြင့်အတွက် အကုန်အကျများစွာခံ၍ အုတ်မြစ်ချပြီးမှ ရှစ်ထပ်သို့ ပြောင်းလဲဆောက်လုပ်မှုများ ရှိလာ၏။ ဆောက်လုပ်မှုများမှာလည်း နှေးကွေးပြီး အခန်းအရေအတွက် ယုတ်လျော့ကျဆင်းမှုများ ဖြစ်ပေါ်လာ၏။

တစ်ချိန်တည်းမှာပင်တဲပေါ်မှ တိုက်ပေါ်တင်စီမံကိန်းတန်ဖိုးနည်း အိမ်ရာစီမံကိန်းစသည်များလည်း ရပ်ဆိုင်းသွား၏။ နိုင်ငံတော် အပိုင်းမှ ထုတ်လုပ်မှုကျဆင်း၍ ဖြည့်ဆည်းမှု(Supply) အားနည်းလာသောအခါပုဂ္ဂလိကကုမ္ပဏီများက ပုဂ္ဂလိကမြေပေါ်၌ ၎င်းတို့အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးသော ကွန်ဒိုခေါ် အဆင့်မြင့်အိမ်ရာများကို ပြိုင်ဘက်မရှိဈေးတင်ရောင်းချလာ၏။

တစ်ဖက်တွင် နိုင်ငံပိုင် သိမ်းဆည်းထားသောမြေနှင့်အဆောက်အအုံများ၊နိုင်ငံတော်ပိုင်အဆောက်အအုံ အမြောက်အမြားကို ထုခွဲရောင်းချမှုများ ရှိလာ၏။ ထိုကဲ့သို့ ရောင်းချခဲ့သော နိုင်ငံပိုင်မြေကွက်လပ်များအနက် အများအပြားမှာ နောင်တစ်ချိန် စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းချိန်၌ ဒီမိုကရေစီ အစိုးရသစ်၏ ဖွံ့ဖြိုးရေးစီမံကိန်းများအလို့ငှာ ချန်လှပ်ထားရှိသင့်သော အဖိုးတန်မြေအများအပြား ပါဝင်နေသည်ကို တွေ့ရှိရပေသည်။ အမှန်အားဖြင့်လက်ဝယ်ရှိသည့် မြေရောင်း၍ ငွေရှာရသော အလုပ်မှာ အထည်ကြီးပျက်မှဆိုးမ အလုပ်သာဖြစ်သည်ဟူသော ရှေးလူကြီးသူမ ပြောစကားမှာ မှတ်သားဖွယ် ကောင်းလှ၏။ ဖွံ့ဖြိုးဆဲနိုင်ငံတွင် အစိုးရ၏ လက်ဝယ်ရှိ မြို့ပြမြေကွက်လပ်များသည် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပြဒါးရှင်လုံးသဖွယ်ဖြစ်ပေသည်။ အချို့မြေကွက်များမှာ အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်း၍သော်လည်းကောင်း၊ B.O.T စနစ်ဖြင့် သော်လည်းကောင်း၊ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်သော်လည်း၊ အိမ်ရာစီမံကိန်းများ၊ စီးပွားရေးအဆောက်အအုံများ စသည်ဖြင့် အကောင်အထည်ဖော်သင့်သည့် မြေများဖြစ်သော်လည်း ပုဂ္ဂလိက ငွေရှင်ကြေးရှင်များ၏ လက်ဝယ်သို့ပိုင်ဆိုင်မှုလုံးဝသက်ရောက် ကျဆင်းသွားသည်မှာ လွန်စွာနှမြောဖွယ်ကောင်းလှ၏။ အိမ်ရာမြေလက်ဝယ်ထား ဈေးကစားမှု(Land Speculation)ကို သွယ်ဝိုက်၍ အားပေးရာလည်း ရောက်ခဲ့၏။ ***စာ(၃၁) သို့***



***အကွက်အကွင်းကောင်းသော ရန်ကုန်မြို့ မြေဈေးမှာ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအတွက် အခက်တွေ့နေသည်***

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စာ-၄၊ အမျိုးသမီးများလည်း သတ်မှတ်အရည်အချင်း ပြည့်မီက ရပ်/ကျေး အုပ်ချုပ်ရေးမှူးဖြစ်နိုင် မှ

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ၁၅ ရက်မြောက်နေ့ တွင် ဘားအံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဆေအွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးများအား အရည်အချင်းနှင့် ကိုက်ညီပါက အမျိုးသမီးများအား ရွေးချယ်ပိုင်ခွင့်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအားပြည်ထဲရေးဒုဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။ ဒေါ်နန်းဆေအွာက ကရင်ပြည်နယ်ရှိကျေးရွာအချို့တွင်ပြဿနာများကို သိမ်မွေ့စွာဖြေရှင်းနိုင်သော ပို၍ညင်သာစွာ ပြောဆိုတတ်သော အမျိုးသမီးများကိုသာ ကျေးရွာလူကြီးအဖြစ် ခန့်အပ်ထားရှိကြကြောင်းကျိုးကြောင်းပြပြောဆို၍ ယင်းမေးခွန်းအား မေးမြန်းခြင်းဖြစ်သည်။

ရပ်/ကျေး အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေထုတ်ပြန်ပြီးပါက ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား လျှို့ဝှက်မဲပေးစနစ်ဖြင့် ပြန် လည်ရွေးချယ်မည်ဖြစ်ပြီး ရပ်/ ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးလျှင် လစာငွေခုနစ်သောင်းနှင့် ရုံးအသုံးစရိတ်ငါးသောင်း လစဉ်ထောက်ပံ့မည်ဖြစ်ကြောင်း ဒုဝန်ကြီးက မေးခွန်းအား ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

မြန်မာနိုင်ငံအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆၆၇၉ ခု အတွက် လစဉ်ထောက်ပံ့ငွေနှင့် ရုံးအသုံးစရိတ်ပေးဆောင်ရန်အတွက် တစ်နှစ်လျှင် ငွေကျပ်သန်းပေါင်း ၂၄,၀၀၀ ကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

## စာ-၂၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို လက်ထောက်ညွှန်မှူးအဆင့် တိုးမြှင့်မည် မှ

လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်လိုက်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦး၏ လစာမှာ မူလဦးစီးအရာရှိ လစာကျပ်တစ်သိန်းမှကျပ်တစ်သိန်းနှစ်သောင်းသို့ တိုးမြှင့်ခံစားခွင့် ရရှိမည် ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုက်ရိုက်ခန့်အပ်သော ပြည်သူ့ဝန်ထမ်းများဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်၊ ခရိုင်တို့တွင် အုပ်ချုပ်အခွင့် အာဏာအမြင့်ဆုံးပုဂ္ဂိုလ်များဖြစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရသည်ဟု ဖော်ပြပါရှိသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးများကို ရာထူးအဆင့်တိုးမြှင့် သတ်မှတ်လိုက်သော်လည်း ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းအုပ်ချုပ်ရေးမှူးများကို မူလရာထူးများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးရာထူးများအတိုင်းသာ ထားရှိသွားမည်ဖြစ်ကြောင်း အထက်ပါ ညွှန်ကြားရေးမှူးကပြောသည်။

ထို့အပြင် မကြာမီကာလအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်မှုများကို ပြုလုပ်တော့မည်ဖြစ်ကြောင်း ဥပဒေနှင့်အညီ ရွေးချယ်ပြီးပါ ၎င်းအုပ်ချုပ်ရေးမှူးများကို တစ်လလျှင် လစာ ကျပ် ၇၀,၀၀၀ ခံစားခွင့်ပြုမည်ဖြစ်ပြီး ရုံးအသုံးစရိတ် ကျပ် ၅၀,၀၀၀ ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ သက်တမ်းမှာ လွှတ်တော်သက်တမ်းအတိုင်းသာဖြစ်ကြောင်း ဦးတင်သိန်းက ပြောသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# တပည့်တွေ ဆရာ့ထက် တော်လာရအောင်

မင်းသန်းထိုက်(ဒေးဒရဲ)

ကျွန်တော်ငယ်စဉ်ကတည်းက နှစ်ခြိုက်ခဲ့တဲ့သီချင်းတွေထဲမှာ ဆရာမြို့မငြိမ်း၏ လူချွန်လူကောင်း သီချင်းလည်းပါသည်။ ငယ်စဉ်တုန်းကတော့ သီချင်းစာသား၏ အဓိပ္ပာယ်ဘာညာနားလည်၍ မဟုတ်။ အသံမြိုင်မြိုင်ဖြင့် သီဆိုရသည့်“ကစားခုန်စားစွမ်းအား ဘက်တွင်”“ကမ္ဘာ့ရေကြောင်း သဘော်မောင်းနှင်” “လျှပ်စစ်အားအသုံးများသည့်အပြင်” စသည့်အပိုဒ်များကို ခပ်မြူးမြူးခပ်သွက်သွက် သီဆိုရသည်ကို အာတွေ့သောကြောင့်ဖြစ်၏။ နောက်အရွယ်ကလေးရောက်လာ၍ သီချင်း၏ အဓိပ္ပာယ်ကို ခံစားတတ်လာသောအခါ ကျွန်တော်တကယ် နှစ်ခြိုက်မိသော နေရာများမှာ ထိုအပိုဒ်များမဟုတ်တော့ချေ။ ကိုအံ့ကြီး၏ အသံလေးလေးသြသြကြီးဖြင့် သီဆိုသွားသော“ဆရာဝန်ပညာတွေကိုသင် ××× ခေတ်ရောရှေးမီသမားကျော်များပင် ×× လူထုကိုကိုယ်နဲ့ထပ်တူချစ်ခင်ရင် ဝယ်ထား ညွန်ကြားညွန်ကြား၊ သန့်ထွားကျန်းမာကြံ့ခိုင် အားအင် ××× ကလေးလေးတွေ ပညာရရှိဖို့တော့ အဖမိပုံသွင် ×× အာစရိတွေပင် ×× လူချွန်လူကောင်းလေးတွေဖြစ်အောင်၊ မြေတောင်မြှောက်ကာ မြှင့်တင်” စသည့်အပိုဒ်များ ဖြစ်နေလေသည်။



တစ်ဆက်တည်းမှာပဲ လုပ်ငန်းဌာနတွေ အများကြီးရှိသည့် အထဲမှာ ဆရာမြို့မငြိမ်းက ဘာကြောင့်ဆရာဝန်အလုပ်နဲ့ကျောင်းဆရာအလုပ်ကိုပဲ ကွက်ပြောရသလဲဟု စဉ်းစားရင်း ဆရာမြို့မငြိမ်း၏ ခေတ်ရှေ့ပြေးသော ဉာဏ်အမြင်ကို မလေးစားဘဲ မနေနိုင်အောင်ဖြစ်ရပါသည်။ ဆရာမြို့မငြိမ်းက ဘာကြောင့် ဆရာဝန်အလုပ်နှင့် ကျောင်းဆရာအလုပ်ကို သီးသီးသန့်သန့် ထုတ်ဖော်ညွှန်းဆိုရပါသနည်း။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ထိုအလုပ်နှစ်ခုသည် အရင်းခံကျသောကြောင့်ဖြစ်ပါသည်။ ဆရာဝန်က တိုင်းသူပြည်သားများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးမည်။ ကျောင်းဆရာက အသိ၊ အတတ်ပညာများကို ဖြန့်ဝေပေးမည်။ ယနေ့ခေတ်စကားနှင့်ပြောရလျှင် တန်ဖိုးရှိသော လူ့စွမ်းအား အရင်းအမြစ်များဖြစ်လာစေရန် ထိုအလုပ်နှစ်ခုက အခရာကျပါသည်။

တခြားရုံးဌာနများက ဒီကနေ့ မလုပ်ချင်လျှင် နောက်တစ်နေ့ ရွှေ့၍ရသည်။ စာရင်းတွေ၊ ဇယားတွေ၊ ဖိုင်တွဲတွေကို ဗီရိုထဲထည့်သိမ်းထား၍ရသည်။ ဆရာဝန်အလုပ်၊ ကျောင်းဆရာအလုပ်က လူနာတွေ၊ ကျောင်းသားတွေကို ဗီရိုထဲ ထည့်သိမ်းထား၍မရ။ ထို့ကြောင့် ဆရာဝန်များ၊ ကျောင်းဆရာများသည် မိမိတို့အလုပ်၌ပင်ကိုယ်ဗီဇဝါသနာပါရလိမ့်မည်။ ဝါသနာနှင့်တွဲလျက် စေတနာပါရလိမ့်မည်။ တစ်ခါတစ်ရံ အနစ်နာခံရလိမ့်မည်။ အနစ်နာခံသည်ဆိုသည်မှာ လူနာများအတွက်၊ ကျောင်းသားများအတွက် မိမိ၏ ကိုယ်ပိုင်အချိန်များ တစ်ခါတစ်ရံ ဖွဲ့ပေးရခြင်းမျိုးကို ဆိုလိုပါသည်။

တစ်ခါ ထိုအလုပ်နှစ်ခုမှာ ဘယ်အလုပ်ကပိုအရေးကြီးသလဲ ထပ်မံဆန်းစစ်ကြည့်တော့ လူသားကလေးတွေကို ပြုစုပျိုးထောင်ရသည့် ကျောင်းဆရာအလုပ်က ပိုအရေးကြီးပြန်ပါသည်။ အဘယ့်ကြောင့်နည်း။ ဆရာဝန်တစ်ယောက် အယူအဆမှား၍ ဆေးပေး၊ ဆေးထိုးမှားခဲ့သော် အသက်တစ်ချောင်းသာ ဆုံးရှုံးပါလိမ့်မည်။ ကျောင်းဆရာတစ်ယောက် အတွေးအခေါ်၊ အယူအဆ မှားခဲ့သော် တပည့်ပေါင်းများစွာ အတွေးအခေါ်၊ အယူအဆမှားယွင်းပေလိမ့်မည်။ ထိုတပည့်များနှင့် ဆက်နွှယ်ပတ်သက်ရာများလည်း တစ်နွယ်ငင်တစ်စင်ပါဆိုသလို အတွေးအခေါ်၊ အယူအဆတွေ မှားယွင်းကြပေရော့မည်။ ထို့ကြောင့် ကျောင်းဆရာအလုပ်သည် ဝါသနာမပါသူများ လုံးဝစိတ်မကူးသင့်သောအလုပ်ဖြစ်လေသည်။

မြန်မာစကားတွင် “ဆရာကောင်းတပည့် ပန်းကောင်းပန်”၊ “ဆရာကောင်းမှ တပည့်ကောင်း” ဟူသောဆိုရိုးများရှိသည်။ ဆရာကောင်း၊ ဆရာမြတ်ထံ နည်းခံသင်ယူခွင့်ရသော တပည့်များသည် ကိုယ်တိုင်လည်း ဉာဏ်ရည်ဉာဏ်သွေးထက်မြက်၊ ဆန္ဒဝီရိယလည်း ကောင်းဆိုပါက လောကတ္ထစရိယပြုနိုင်သော လူ့အဖိုးတန်အလိမ္မာစမ်းရေတွင်းကြီးများအဖြစ်သို့ ရောက်ကြရပါသည်။ သာဓကအားဖြင့် လယ်တီဆရာတော်ကြီးထံ တပည့်ခံ ဆည်းကပ်ခွင့်ရခဲ့သော လူအမည်မောင်သန့်စင်ခေါ် ရှင်ပဏ္ဍိတသည် နောင်အခါလယ်တီပဏ္ဍိတဦးမောင်ကြီးဟုကျော်ကြားလျက် ကျမ်းပေါင်းငါးရာကျော်မျှ ပြုစုနိုင်ခဲ့သော ပညာရှိကြီးဖြစ်ခဲ့ပေသည်။ ထို့အတူဦးဖေမောင်တင်ဟူသောဆရာကောင်းထံ နည်းခံသင်ယူခွင့်ရခဲ့ကြသဖြင့် ဇော်ဂျီ၊ မင်းသုဝဏ်၊ သိပ္ပံမောင်ဝ၊ တက္ကသိုလ် မောင်သန့်စင် စသည့်ခေတ်စမ်းစာပေပညာရှင်ကြီးများ ပေါ်ပေါက်ခဲ့ရလေသည်။

ဆရာကြီးဦးဖေမောင်တင်က “တပည့်ဟာ ဆရာ့ထက်တော်ရမယ်ကွ။ တပည့်က ဆရာ့ထက်ညံ့နေရင် လောကကြီးဟာ တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းသွားမှာပေါ့။ တပည့်က ဆရာ့ထက် မတော်ရင် ဆရာညံ့လို့ပေါ့”ဟုမိန့်ဆိုဖူးပါသည်။ ကိုယ့်ထက်တော်သော တပည့်များ မွေးထုတ်ပေးနိုင်ရန် ဆရာတစ်ယောက်တွင် ရှိသင့်သည့်အရင်းခံမှာ ဝါသနာဟုထင်ပါသည်။ ဝါသနာပါမှသာ ကိုယ့်လုပ်ငန်းခွင်ဖြစ်သည့်ကျောင်းခန်းထဲမှာ ပျော်နေနိုင်ပေမည်။ ဒါမှလည်း ကိုယ်သင်ကြားပို့ချမည့် ဘာသာရပ်ကို အထူးကျွမ်းကျင်အောင် အတ္တတ္ထစရိယများများလုပ်ပေလိမ့်မည်။ သင်ပြနည်း နည်းနာနိဿရများလည်း များများ လေ့လာပေလိမ့်မည်။ ထိုသို့မဟုတ် ဝါသနာမပါဘဲ ရရာအလုပ်ဝင်လုပ်ရင်း ကျောင်းဆရာဖြစ်လာသည်ဆိုပါက ကျောင်းခန်းထဲမှာလည်း မပျော်၊ ဘာသာရပ်ကိုလည်း ကျွမ်းကျင်အောင် မကြိုးစား၊ အချိန်တန် လစာရမှာပဲဟု သဘောပိုက်ကာ ဖြစ်သလို သင်ကြားတတ်ကြသည့်ဆရာမည်ကာမတ္တများဖြစ်လာတတ်ကြသည်။ ထိုသို့သော ဆရာများ၏ တပည့်ဖြစ်ရသည့် ကလေးများလောက်ကံဆိုးသည်မှာ မရှိချေ။

တစ်ခါက မူလတန်းကျောင်းတစ်ကျောင်းသို့ ကိစ္စတစ်ခုနှင့် ရောက်သွားသည်။ အတန်းတစ်ခု၏ ကျောက်သင်ပုန်းပေါ်မှာ မေးခွန်းတစ်ခုရေးထားသည်။“အောက်ပါစကားလုံးများမှ သတ်ပုံအမှန်ကိုရွေးပါ”တဲ့။ ရေးထားတဲ့မေးခွန်းမှာပင် သတ်ပုံက မှားနေသည်။“ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး၊ မိုးအေးအေး”မှာပါတဲ့ မိချောင်းကို ရေထဲက မိကျောင်းနှင့်မှားပြီး ပြောနေသော ဆရာမတစ်ယောက်အကြောင်း ဟောပြောပွဲတစ်ခုမှာ ဆရာနေဝင်းမြင့်က ပြောဖူးသည်။ ‘စီးချင်းတိုက်ပွဲ’ စကားပြေမှာပါတဲ့ “မြောင်းမြမြို့စားလည်း . . . နတ်လှေစီး၍ ရခိုင်သို့ ပြေးတော့မည်ပြုသည်ကို”ဟူသည့် စာပိုဒ်ထဲက နတ်လှေကို နတ်စီးတဲ့လှေဟုပြောသော ဆရာတစ်ယောက်ကိုတွေ့ဖူးသည်။ ပြောရလျှင် ဒီထက်မကသည့် အမှားပေါင်းများစွာ မှားသင်နေကြသည်။ မှတ်စုလိုဟာမျိုးကိုတောင် ကိုယ်တိုင်ထုတ်ပေးတာမျိုးမဟုတ်ဘဲ သင်ရိုးကုန် အဖြေစုံဆိုတဲ့စာအုပ်တွေထဲကနေအော်ပေး၊ အလွတ်ကျက်ခိုင်းရင်ပဲ တာဝန်ကျေပြီ ထင်နေကြသည်။ စကားလုံး တစ်လုံးတွေ့လို့ အလင်္ကာမှန်း၊ ဂုဏ်မှန်းမသိဘဲ ထုတ်ပေးထားတဲ့ အလင်္ကာစာအုပ်ထဲကအလွတ်ကျက်ဖြေလျှင် တတ်ပြီဟု အချို့က ထင်နေကြသည်။ Child Centre၊ Child Centre နှင့် အော်ရင်းကပဲ ဆရာမည်ကာမတ္တတွေက Teacher Centre လုပ်နေကြသည်။ သူတို့ ပေးထားတဲ့အတိုင်း မဟုတ်လျှင် အမှတ်မပေးလုပ်နေကြသည်။ တတ်အောင်သင်ဖို့ မကြိုးစား၊ အမှတ်နှင့်ခြိမ်းခြောက်နေကြသည်။ ကလေးများ၏ ပင်ကိုအရည်အသွေး၊ အစွမ်းအစကို ထုတ်ဖော်ပြသခွင့်မပေး။ ခေတ်ဟောင်းစနစ်ဟောင်းထဲက အတွေးအခေါ် အယူအဆဟောင်းတွေကို တရားသေဆုပ်ကိုင်ထားဆဲ။ သင်ခန်းစာလေးလောက်သိရင်ပဲ ဟုတ်လှပြီအထင်နှင့် အပြင်စာဆိုလျှင် ဂျာနယ်လို စာအုပ်မျိုးကိုတောင် ယောင်မှားပြီး ကိုင်မကြည့်သည့် ဆရာတွေက ပညာရေးလောကမှာ အများကြီးရှိနေသေးသည်။

ယနေ့ အချိန်အခါသည် ကျွန်တော်တို့၏ ခေတ်မီနိုင်ငံတော်သစ်ကြီးကို ပညာဖြင့် တည်ဆောက်ကြရမည့်အချိန်အခါဖြစ်ပါသည်။ သို့အတွက် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါသည်။ နိုင်ငံတော်က အားကိုးအားထားပြုနိုင်လောက်သော လူ့အဖိုးတန်ကလေးများ မွေးထုတ်ပေးနိုင်ရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ဖြစ်ပါသည်။ ကျွန်တော်ဆိုလိုသောတာဝန်မှာ Duty မဟုတ်ပါ။ Responsibility ဖြစ်ပါသည်။ သင်ခန်းစာတစ်ခုကို အမှတ်များများရအောင် ဘယ်လိုဖြေရမယ်ဆိုတဲ့ နည်းလမ်းတွေပဲ ခေါင်းထဲထည့်ပေးလိုက်ပြီး တွေးတတ်၊ ခေါ်တတ်၊ စဉ်းစားဆင်ခြင်တတ်တဲ့ အလေ့အကျင့်ကောင်းတွေရအောင် လုပ်မပေးလိုက်လျှင်လည်း ပညာမဲ့ဂုဏ်ထူးရှင်တွေ ထွက်လာတတ်သည်။

တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးငါးခုရသည့် ကလေးတစ်ယောက်ကို ကျွန်တော်က ဘယ်တက္ကသိုလ်လျှောက်မယ် စိတ်ကူးထားလဲဟုမေးကြည့်တော့“အမှတ်က ဟိုမမီ သည်မမီဖြစ်နေတယ်။ ဘယ်လျှောက်ရမှန်းတောင် မသိတော့ဘူး”ဟုပြန်ဖြေ၏။ ကျွန်တော်က ဝါသနာပါတာလေးရွေးပြီး လျှောက်ပေါ့ဟု အကြံပေးမိသည်။ ထိုအခါ ထိုကျောင်းသားက “ဝါသနာပါတာရယ်လို့တော့ မရှိပါဘူး။ ပိုက်ဆံများများရမယ့်ဟာ လိုချင်တာပဲ”ဟုဖြေ၏။ ထိုကျောင်းသား၏အနာဂတ်ရည်မှန်းချက်မှာပိုက်ဆံသာဖြစ်လေသည်။ ပညာမဟုတ်ချေ။ သူ့ကို ငါးဘာသာဂုဏ်ထူးရအောင် သင်ကြားပေးလိုက်သော ဆရာ၊ ဆရာမများသည် သူ့ခေါင်းကို ကွန်ပျူတာတစ်လုံးလို သဘောထားကာ အချက်အလက်တွေ ပြွတ်သိပ်ထည့်ပေးလိုက်သည်။ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ် ဆုံးဖြတ်တတ်သော အသိဉာဏ်ထည့်မပေးလိုက်ချေ။ တစ်နည်းဆိုရလျှင် ထိုဆရာ၊ ဆရာမများသည် Duty ဟူသော တာဝန်ကျေခဲ့ကြကြောင်း အထူးပင် ပြောစရာမလိုချေ။ သို့သော် Responsibility ဟူသောတာဝန်ကိုမူ မကျေခဲ့ကြချေ။ ၁၉၂၀ ပထမကျောင်းသားသပိတ်ကာလအတွင်း ယာယီအမျိုးသားပညာရေးကော်မတီတစ်ခုဖွဲ့စည်းခဲ့ကြသည်။ ထိုအမျိုးသားပညာရေးကော်မတီ၏ ပညာရေးနှင့်ပတ်သက်သော ရည်ရွယ်ချက်၊ ခံယူချက်များကို အမျိုးသားပညာဝန်ဦးဖိုးကျားက မှတ်တမ်းတင်ခဲ့သည်။ ယင်းရည်ရွယ်ချက်၊ ခံယူချက်များတွင် “ရိုးသားဖြောင့်မတ်တည်ကြည်၊ အကျင့်စာရိတ္တကောင်းခြင်း၊ စိတ်ထားမြင့်မြတ်၍ သူတစ်ပါးအကျိုး၊ ကိုယ့်အကျိုး၊ လောကီလောကုတ္တရာအကျိုးတို့ကို ဆောင်ရွက်ခြင်း၊ စိတ်နေစိတ်ထား ယဉ်ကျေး၍ မှန်ရာကိုကြံဝံ့၊ ပြုဝံ့သော သတ္တိရှိခြင်း၊ မှန်ရာကောင်းရာကို ပြုလုပ်ရာ၌ ဇွဲရှိခြင်း၊ မတရားမှုတို့ကို ရွံရှာ၍ တိုင်းပြည်နှင့် လူအများကို ညာမတုတ်လိုသော စိတ်ကောင်းစိတ်မြတ်ရှိခြင်းစသော နှလုံးရည်ကိုပါ ပေးစွမ်းနိုင်သည့်ပညာမျိုးမှ ‘ပညာ’ ဟုခေါ်ရမည်။ ဤပညာမျိုးမှသာ အမျိုးဘာသာ၊ သာသနာ ဥစ္စာကြီးပွားတိုးတက်ရေးကို ပေးစွမ်းလေ၏”ဟု အတိအလင်းဖော်ပြခဲ့သည်။

လွန်ခဲ့သောအနှစ်၉၀ကျော်က ဆရာဦးဖိုးကျားတို့၏ ပညာရေးမျှော်မှန်းချက်သည် ယနေ့နိုင်ငံတော်တွင် တကယ်လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များတွင် ရှိသင့်သည့် အရည်အချင်းများဖြစ်နေလေသည်။ ထို့ကြောင့်ပင် ထိုခေတ် ထိုအခါက ပန်းတနော်လို အထက်တန်းကျောင်းမှ ဦးသန့်လို လူမျိုးမွေးထုတ်ပေးနိုင်ခဲ့သလို ရန်ကုန်တက္ကသိုလ်လို နေရာမျိုးမှလည်း ဗိုလ်ချုပ်အောင်ဆန်းလို လူမျိုးပေါ်ထွက်ခဲ့သည်မှာ အဆန်းတကြယ်မဟုတ်ချေ။ စနစ်ကလည်းကောင်း၊ သင်ကြားသည့် ဆရာ၊ ဆရာမများကလည်း စေတနာလည်းကောင်း၊ အရည်အချင်းကလည်းကောင်းနှင့် အကောင်းတွေစု၊ အကောင်းတွေစုံနေလေတော့ လူတော်လူကောင်းတွေပေါ်ထွက်ခဲ့ခြင်းဖြစ်လေသည်။

ကျွန်တော့်စာစုကို ဆရာကြီးဦးဖေမောင်တင်၏ “တပည့်က ဆရာ့ထက် မတော်ရင် ဆရာညံ့လို့ပေါ့” ဟူသော စကားနှင့်ပင် အဆုံးသတ်ချင်ပါသည်။ ကျွန်တော်တို့ ဆရာ၊ ဆရာမများ ကိုယ့်ထက်တော်သော တပည့်များမွေးထုတ်စေချင်ပါသည်။ မှတ်စုတွေချည်း အလွတ်ကျက်ခိုင်းနေတာမျိုးမဟုတ်ဘဲ ကလေးများ၏ ပင်ကိုအရည်အသွေး၊ အစွမ်းအစပေါ်ထွက်လာစေမည့်သင်ပြနည်းနည်းလမ်းကောင်းများကို တီထွင်ကြံဆသင့်ပါပြီ။ စာကိုသာမက စိတ်ကိုပါ သင်နိုင်သော၊ Responsibility ဟု ဆိုရမည့် ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်းသည့် တာဝန်ကျေပွန်သော၊ အတ္တတ္ထစရိယများများ ဖြည့်ကျင့်ထားသော ဆရာကောင်း ဆရာမြတ်များအဖြစ် ပြည်သစ်ဆောက်ရာ အားဖြည့်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းလိုက်ရပါသည်။ ။

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.21 • AUGUST 2 , 2012




# လယ်သမားများ နစ်နာမှုအတွက် စုံစမ်းရေးကော်မရှင်ဖွဲ့ရေး ပါဝင်ဆွေးနွေးသူ အများဆုံးဖြင့် အတည်ပြု

**သန်းထူးရေးသား၍ အောင်ခိုင်နှင့်ထွန်းခိုင် အားဖြည့်သည်**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် တောင်သူလယ်သမားများ နစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးပြည်ထောင်စုလွှတ်တော်တွင် ထောက်ခံမဲအသာစီးဖြင့် ဇူလိုင် ၂၆ ရက်က အတည်ပြုလိုက်ပြီ ဖြစ်သည်။

လယ်ယာမြေသိမ်းဆည်းခံရခြင်းများ စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး၊ တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်၄၅ ဦးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

“ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးတင်ထွဋ်တင်သွင်းတဲ့ အဆိုဟာ ကျွန်တော်တို့အားလုံးအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံသားအားလုံးအတွက် ပြည်ထောင်စုအတွက် အခွင့်အရေးလို့လည်း ပြောလို့ရပါတယ်”ဟု မှတ်ချက်ပြုပြောကြားသည်။

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သည့် သော လူအခွင့်အရေးကော်မရှင်၌ နိုင်ငံတော်သမ္မတထံ တိုင်တန်းသော အမှုများတွင်မြေယာအသိမ်းခံရသော အမှုများ အများဆုံးဖြစ်သည်။

လွှတ်တော်က အတည်ပြုလိုက်သည့် စုံစမ်းရေးကော်မရှင်က နိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်ရှိသော ကိန်းဂဏန်းအားဖြင့် သန်း၄၀ခန့်ရှိသောကျေးလက်ဒေသများမှ တောင်သူလယ်သမားများ အရေး၊ ၎င်းတို့နှင့် အပြန်အလှန်မှီခိုနေရသော လယ်ယာမဲ့လုပ်သား ပြည်သူများအရေးအတွက် ဆောင်ရွက်ရမည့်တာဝန်ကြီးတစ်ရပ်ပင်ဖြစ်သည်။

ဖွဲ့စည်းလာမည့် ကော်မရှင်သည် အမှန်တရားပေါ်ပေါက်စေရန် လွတ်လပ်စွာ စုံစမ်းစစ်ဆေးမည်ဟု မျှော်လင့်ကြောင်း လယ်သမားအရေးဆောင်ရွက်သူများနှင့် လယ်သမားများက ပြောသည်။

စုံစမ်းရေးကော်မရှင်အနေဖြင့် မြေပုံ မြေရာဇဝင်များ၊ ဦးပိုင်အမှတ်ကွင်းအမှတ်စသည့် အထောက်အထားများကို လွတ်လပ်စွာ စစ်ဆေးခွင့်ရှိထိုက်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခံရသော လယ်မြေများအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုများရှိ၊ မရှိ၊ တရားမျှတရှိ၊ မရှိတို့ကို လွတ်လပ်စွာ စုံစမ်းခွင့်ရှိထိုက်ကြောင်း လယ်သမားအရေး၊ အလုပ်သမားအရေးဆောင်ရွက်သော ဥပဒေအတိုင်ပင်ခံ ကိုဖိုးဖြူက ပြောသည်။

ယင်းအဆိုကို အတည်ပြုရာတွင်ထောက်ခံမဲ ၃၉၅ မဲ၊ ကန့်ကွက်မဲ ၁၇၆ မဲနှင့် ကြားနေမဲ ၂၄ မဲ ဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

အမှန်တရား ပေါ်ထွက်လာစေရန် အမြန်ဆုံးဆောင်ရွက်ပေးနိုင်သော ကော်မရှင်ဖြစ်မည်ဟု မျှော်လင့်ကြောင်း နစ်နာမှုများကို ဖော်ထုတ်ပေးရန် တောင်းဆိုကြောင်း သန်လျင်အလွှမ်းဆွတ်ကျေးရွာမှ လယ်မြေအသိမ်းခံရသူတစ်ဦးကပြောသည်။

“အမြန်ဆုံးကွင်းဆင်းပြီး စစ်ဆေးကြပါ။ လယ်သမားထုကြီးရဲ့ နစ်နာချက်တွေကို ဖော်ထုတ်ပေးကြပါ” ဟု အဆိုပါ လယ်သိမ်းခံလယ်သမားကပြောသည်။

ကော်မရှင် ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ “ဒါအမှန်ကန်ဆုံးပဲ။ ဒါမှလည်း အမှန်တရားဆိုတာ ပေါ်ထွက်လာမယ်”ဟု ကိုယ်တိုင်စိုက်ပျိုးနေသည့် လယ်မြေများ အသိမ်းခံရမည့် အရေးနှင့် ကြုံတွေ့နေသူရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးနေလင်းက7Day Newsသို့ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအုန်းသန်းက ဆွေးနွေးပြောကြားရာတွင် မြို့ပြများတည်ထောင်ခြင်း၊ စက်မှုဇုန်များ ထူထောင်ခြင်း၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ခြင်း၊ ရထားလမ်း၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ၊ ဖောက်လုပ်ခြင်း၊ နိုင်ငံပိုင် စက်ရုံအလုပ်ရုံများတည်ဆောက်ခြင်း၊ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များ ဖော်ထုတ်ခြင်းတို့၌ ပါရှိသွားခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ လေပေါ် လေအောက် သယံဇာတများ၏ မူရင်းပိုင်ရှင်ဖြစ်သည်ဟူ၍လည်း ဦးအုန်းသန်းကပြောဆိုသည်။

နေပြည်တော် လယ်ဝေးမြို့နယ် အောင်ချမ်းသာ ကျေးရွာ မှ တောင်သူတစ်ဦးကလည်း “ကျွန်တော်တို့ရွာ အရှေ့ဘက်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀လောက်ကတပ်ရင်းတစ်ခုလာထိုင်တယ်။ လယ်ယာမြေ ဧကတစ်ရာကို သိမ်းပြီး တပ်စွဲတယ်။ အဲဒါကြောင့် ဧက ၁၀၀ တပ်ရင်းလို့ခေါ်ကြတယ်။ မကြာပါဘူးပြန်သွားတယ်။ ဒါပေမဲ့လယ်ယာတွေကို မူလပိုင်ရှင်ထံပြန်မပေးဘဲ သီးစားခယူပြီး အဆင်ပြေတဲ့သူကို လုပ်ခိုင်းတယ်။ ဒီနေ့အထိပဲ။ လာမယ့်နှစ်မှာတော့ သီးစားခမပေးရတော့ဘူးလို့ကြားတယ်”ဟူ၍ ယခင် သီတင်းပတ်ကပြောကြားခဲ့သည်။

ထိုကဲ့သို့သော မြေယာသိမ်းဆည်းခြင်းများနှင့် ပတ်သက်၍ ၁၉၈၈ မတိုင်မီနှင့် ၁၉၈၈ နောက်ပိုင်း ကိစ္စများအား ပြန်လည်ဖြေရှင်းရန် မဖြစ်နိုင်တော့ကြောင်း ဆောင်ရွက်ဆဲ စီမံကိန်းများအားလည်း ပြန်လည်စိစစ်ရန် မဖြစ်နိုင်ကြောင်း ပျက်ပြယ်သွားသော စီမံကိန်းပါမြေလွတ်၊မြေလပ်ကျန်မြေကိုလည်း ဖြေရှင်းရန် မရနိုင်ကြောင်း ပုဂ္ဂလိကစံပြစိုက်ခင်းနေရာများတွင်လည်း ပြန်လည် စိစစ်ဖြေရှင်းရန်မရနိုင်ကြောင်းဦးအုန်းသန်းက ဆွေးနွေးချက်တွင် ထည့်သွင်းပြောကြားသွားသည်။

ဆွေးနွေးသည့် ပုဂ္ဂိုလ် ၄၀ ကျော်ဖြင့် လွှတ်တော်သက်တမ်းတစ်လျှောက် ပါဝင်ဆွေးနွေးသူဦးရေအများဆုံးဖြစ်ခဲ့သော ဆွေးနွေးချက်တစ်ခုပင်ဖြစ်သည်။

အဆိုပါ ကော်မရှင်တွင် အများအမြင်အရ ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျသည့်ပုဂ္ဂိုလ်များ၊ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ သာမကတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ လယ်သမားကိုယ်စားလှယ်များပါ ပါဝင်သင့်ကြောင်းလယ်သမားအရေးလေ့လာသူတို့ကသုံးသပ်ပြောဆိုသည်။

# လယ်သမားအရေးအလုပ်ရုံဆွေးနွေးပွဲ ခွင့်ပြုချက်မရ၍ ပွဲဆိုင်းငံ့

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၂၅**

အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်နေရသော လယ်သမားများ၏ အခက်အခဲအဖြေရှာနိုင်ရန် ပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရသဖြင့် ဆိုင်းငံ့ထားရကြောင်း သတင်းရရှိသည်။

“ဝန်ကြီးဌာနကလုပ်မယ်။ ကျွန်တော်တို့ကို မလုပ်နဲ့သဘောမျိုး ပြောလာတာပါ”ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

ထို့ကြောင့် မြန်မာနိုင်ငံဆန် စပါးလုပ်ငန်းအသင်းက ဇူလိုင်လ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် ပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲအား ဖျက်သိမ်းလိုက်ကြောင်း အဆိုပါဗဟိုအလုပ်အမှုဆောင်ကပြောသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက လက်ရှိကြုံတွေ့နေရသော လယ်သမားများ အခက်အခဲနှင့် ရေရှည်မူဝါဒချမှတ်နိုင်ရန် ပြည်နယ်နှင့်တိုင်းအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး နောက်ဆုံးအဆင့်တွင် နေပြည်တော်၌ ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

“ဝန်ကြီးဌာနက အလုပ်ရုံဆွေးနွေးပွဲလုပ်မယ်ဆိုပြီး ဖိတ်တယ်။ အမှန်အတိုင်းပြောလို့ မဖမ်းဘူးဆိုရင်လာခဲ့မယ်လို့ ပြောလိုက်တာ။ အကြောင်းမပြန်တော့ဘူး”ဟု ဝေါမြို့နယ်မှ တောင်သူကြီးတစ်ဦးကပြောသည်။

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့တက်လာပြီးနောက် ဝန်ကြီးဌာနအလိုက် ကဏ္ဍတိုင်းတွင် ကြုံတွေ့နေရသော အခက်အခဲများအား ဖြေရှင်းရန် အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၌ ပြုလုပ်ခဲ့ကြသည်။

လက်ရှိအခြေအနေတွင် လယ်သမားများမှာ သီးနှံဈေးနှုန်းကျဆင်းခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် အခက်ခဲဆုံးအခြေအနေနှင့် ရင်ဆိုင်နေရပြီး အစိုးရ၏ မူဝါဒမှာလည်း မှားယွင်းနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

# လယ် ၁၀ ဧကအထက်ပိုင်ဆိုင်သည့်လယ်သမားများ လယ်မြေပေါင်နှံခွင့်ရှိဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

လယ် ၁၀ ဧကပိုင်သော လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ လိုအပ်ပါက ပိုင်ဆိုင်သည့်လယ်မြေကို ပေါင်နှံခြင်းဖြင့်ရယူနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အမျိုးသားလွှတ်တော်တွင်ပြောကြားသည်။

လယ်ယာမြေဥပဒေ အခန်း (၃)၊ ပုဒ်မ-၉(ခ)အရ လယ်ယာမြေအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေါင်နှံခြင်းပြုလုပ်နိုင်သည်။ သို့သော် လက်ရှိအချိန်ထိ နည်းဥပဒေမရှိသေးသည့်အတွက် လယ်မြေပေါင်နှံခြင်းကို မည်သို့မျှ မလုပ်နိုင်သေးကြောင်းဖော်ပြပါဝင်သည်။

“နည်းဥပဒေထွက်ပြီး အိမ် ခြံမြေလို နှစ် ၃၀ တို့၊ နှစ် ၆၀တို့ လယ်ဂရန်တွေထွက်ပြီးမှ ပေါင်နှံလို့ရမှာ”ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း သုတေသနဌာနမှ ဌာနမှူးဒေါက်တာစိုးထွန်းက ဆိုသည်။ လယ်ဧကများစွာ ပိုင်ဆိုင်သည့် လယ်သမားများသည် ယခင်နှစ်က ကြုံတွေ့ခဲ့ရသော ရာသီဥတုဆိုးရွားမှု၊ သီးနှံဈေးနှုန်းများကျဆင်းမှုတို့ကြောင့် ယခုနှစ် မိုးစပါးလုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးများစွာလိုအပ်နေသည်။ စိုက်ပျိုးစရိတ်ထောက်ပံ့ပေးသည့် အထူးပြုကုမ္ပဏီများကလည်း ယခင်နှစ်က အကြွေးပြန်ရမှု နည်းခဲ့သဖြင့် ကုမ္ပဏီအများစုမှာ ချေးငွေပြန်လည်ပေးဆပ်ရန် အခက်အခဲနှင့်ကြုံခဲ့ရသည်။ လယ်သမားများသည် လယ်ယာပေါင်နှံခွင့်သာရှိပါက ဘဏ်များတွင် အများဆုံးပေါင်နှံလိုပြီး ဘဏ်အတိုးနှုန်းမှာ ၁၃ရာခိုင်နှုန်းသာရှိသဖြင့် ပြင်ပထက်များစွာသက်သာသည်။ နိုင်ငံတော်မှ လယ်ယာမြေငှားရမ်းပိုင်ဆိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုမှုရှိမှသာ ဘဏ်များက ပေါင်နှံမှုကို လက်ခံနိုင်မည်ဟုလည်း ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ပြောကြားထားသည်။

“လယ်ဧက ၆၀ မှာ ဒီနှစ်တော့ လယ်ဧက ၃၀ကိုပဲ အသေအချာလုပ်ဖို့စဉ်းစားထားတယ်”ဟု ပဲခူးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးကဆိုသည်။

လယ်တစ်ဧကအတွက် စိုက်ပျိုးစရိတ်မှာ သွင်းအားစု၊ အလုပ်သမားများ အပါအဝင် တစ်ရာသီလျှင် ကျပ်တစ်သိန်းနှစ်သောင်းမှ ကျပ်တစ်သိန်းခွဲကြား ကုန်ကျလေ့ရှိသည်။ နိုင်ငံတော်မှ ယခုနှစ်စပါးသီးနှံအတွက် ချေးငွေမှာ လယ် ၁၀ ဧကအောက်ပိုင်ဆိုင်သည့် လယ်သမားတစ်ဦးလျှင် တစ်ဧကကျပ်ငါးသောင်းနှုန်းဖြင့် အများဆုံးကျပ်ငါးသိန်းအထိ ချေးပေးနေသည်။ သို့သော် ထိုသို့ချေးငွေပေးရာ၌ အကြွေးအပြည့်အဝ ပြန်ဆပ်ပြီးသူသာရရှိမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ဒီမိုကရေစီနှင့် ဆန္ဒထုတ်ဖော် ယဉ်ကျေးမှု

အားမာန်


ACTA ကို ဖျက်သိမ်းရေးအတွက် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် ဆန္ဒပြနေသူများနှင့် စောင့်ရှောက်ပေးနေသော လုံခြုံရေးတပ်ဖွဲ့ဝင်အချို့


မြစ်သားမြို့တွင်ပန်းလောင်မြစ်ကို သဘာဝအတိုင်း စီးဆင်းစေရန် ဆန္ဒပြနေသော ဒေသခံများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်အချို့

**နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် တရားဝင်ဆန္ဒပြနိုင်ပါပြီ။**

အစိုးရသစ်တက်လာပြီး ၁၅ လအကြာ ပေါ်ပေါက်လာသော ထိုအခွင့်အလမ်းက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် မြန်ဆန်ချောမွေ့ရန်၊ ပြည်သူများနှင့် အုပ်ချုပ်သူများ၏ ခေတ်မီ၊ ရင့်ကျက်မှုကို အကဲဖြတ်ရန် ရှိနေပါသည်။ တရားဝင်ဆန္ဒပြနိုင်သော နည်းဥပဒေပြဋ္ဌာန်းပြီး သုံးပတ်ကျော်လာသောအခါ ပြည်သူအချို့မှာ အာဏာပိုင်အချို့၏ တာဝန်ယူမှု၊ ရင့်ကျက်မှုကြောင့်ဥပဒေနှင့်အညီ ဆန္ဒပြခွင့်ရသူများရှိသကဲ့သို့ ပြည်သူအချို့မှာ အာဏာပိုင်အချို့၏ ခေတ်နောက်ပြန်ဆွဲသော အပြုအမူများကြောင့် ဆန္ဒဖော်ထုတ်ခွင့် မရကြသေးပေ။

ဆန္ဒပြခွင့် နည်းဥပဒေ သို့မဟုတ် ဥပဒေဆိုင်ရာ လှပသော အသုံးအနှုန်းဖြင့် ဆိုပါက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေကိုပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၂ ဇူလိုင် ၅ ရက်က ထုတ်ပြန်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၈၊ ပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)ပါ "နိုင်ငံသားတိုင်းသည် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊စီတန်းလှည့်လည်ခွင့်" ဟူသော အချက်နှင့်အညီ ရေးဆွဲခဲ့သော ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၁ ဒီဇင်ဘာ ၂ ရက်ကပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပြဋ္ဌာန်းအပြီး လက်တွေ့အသက်ဝင်ရန် ခုနစ်လအကြာတွင် နည်းဥပဒေပြဋ္ဌာန်းခဲ့ခြင်းဖြစ်၏။

၁၉၆၂ တပ်မတော်က အာဏာသိမ်းပြီးနောက်ပိုင်း နှစ် ၅၀ ကျော်အကြာ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပထမဆုံး တရားဝင်ဆန္ဒပြခွင့် ပြုခဲ့သည့် အနေအထားမှာ ယခင်အခြေအနေများနှင့် နှိုင်းယှဉ်လျှင် အခြားနားကြီး ခြားနားသည်။ ယခင်က အချို့ကာလများ၌ လူငါးယောက်ထက် ပိုစုဝေးလျှင်ပင် ရာဇဝတ်မှုမြောက်ကာ ဖမ်းဆီးခံရနိုင်သော အခြေအနေများဖြင့် သာ စခန်းသွားခဲ့ရသောနိုင်ငံသားအများစုအတွက် အပြောင်းအလဲကြီးပင်ဖြစ်၏။ ယခင်ကပုံမှန်မဟုတ်သော အခြေအနေ၊ အရေးပေါ် ကာလများတွင် အာဏာပိုင်များက ပြစ်မှုဆိုင်ရာ ဥပဒေ(ရာဇသတ်ကြီးဥပဒေ)ပြဋ္ဌာန်းလျှင် သတ်မှတ်ကာလများ၌ လူငါးယောက်ထက်ပို၍ စုဝေးခွင့် မပြုခဲ့ပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အမတ် ဦးဖြိုးမင်းသိမ်းကလည်း လူထု၏ ဆန္ဒထုတ်ဖော်ခွင့်ရရေးမှာ ဒီမိုကရေစီနိုင်ငံများတွင် အခြေခံကျပြီး အဓိကအချက်ဖြစ်ကြောင်း အောက်ပါအတိုင်းပြောသည်။

"နိုင်ငံသားတွေရဲ့ ဆန္ဒထုတ်ဖော်မှုဆိုတာ ဒီမိုကရေစီနိုင်ငံတွေမှာ အရေးကြီးပါတယ်။ ပြည်သူလူထုရဲ့ အသံကို ဒီမိုကရေစီလွှတ်တော်တွေမှာ အခြေပြုပြီး လှုပ်ရှားရတာပါ။ ဒါကြောင့်မို့ပြည်သူလူထုရဲ့အသံက ဒီမိုကရေစီရှင်သန်ရေးအတွက် အရေးကြီးတဲ့ အချက်ထဲမှာ ပါပါတယ်"

"ပြည်သူလူထုရဲ့အသံဟာ အချိန်ကာလတစ်ခုတုန်းက လုံးဝငြင်းပယ်ခံခဲ့ရတယ်။ တိုင်းပြည်က ဖွံ့ဖြိုးနေတယ်။ တည်ငြိမ်အေးချမ်းနေတယ်။ ပြည်သူက ဆန္ဒထုတ်ဖော်ခြင်း၊ ပြည်သူလူထုရဲ့ အခက်အခဲပြောတာက ဆူပူအုံကြွချင်တယ်လို့မြင်ခဲ့ကြတယ်။ အခုတော့ အဲဒီလိုအမြင်မျိုး မရှိတော့ဘူးလို့ ကျွန်တော်ပြောနိုင်တယ်" ဟု ပြည်သူ့လွှတ်တော်အမတ် ဦးဖြိုးမင်းသိမ်းက ယခင်နှင့် ယခုအခြေအနေကို နှိုင်းယှဉ်ပြသည်။

ပြည်သူ့လွှတ်တော်ရှိ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဝင်းကလည်း ပြည်သူများ၏ ဆန္ဒဖော်ထုတ်မှုမှာ ဒီမိုကရေစီနိုင်ငံများအတွက် အရေးကြီးကြောင်း ပြောသည်။ "ဒီမိုကရေစီနိုင်ငံမှာ ဒါ(ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေ)ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်ပဲလေ။ ဆန္ဒဖော်ထုတ်ကြတာက စိုးရိမ်စရာ မဟုတ်ပါဘူး" ဟု ၎င်းကပြော၏။

တရားဝင်ဆန္ဒပြခွင့်ပေးပြီးနောက် ဥပဒေနှင့်အညီ ပထမဆုံး ဆန္ဒဖော်ထုတ်မှုကို ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်များကြောင့် လယ်သိမ်းခံရသော လယ်သမားများက ဇူလိုင် ၁၅ ရက်တွင် ပြုလုပ်ခဲ့သည်။ ထို့နောက် ကုမ္ပဏီ ၁၅ ခုနှင့် အကျိုးတူလယ်ယာစိုက်ပျိုးရေးကြောင့် နစ်နာခဲ့ရသော ဒဂုံဆိပ်ကမ်းမှ လယ်သမားများ၏ စုဝေးဆန္ဒဖော်ထုတ်မှု၊ ဆည်ရေလျှောင်မှုကြောင့် နောက်ဆက်တွဲပြဿနာကြုံနေရသော မြစ်သားမြို့လူထု၏ ပန်းလောင်မြစ်ကို သဘာဝအတိုင်း စီးဆင်းခွင့်ပြုရန် စီတန်းလှည့်လည်ဆန္ဒပြမှု၊ တစ်မြို့တည်း ကျောက်မျက်ရတနာဈေးနှစ်ဈေးဖြစ်နေ၍ တစ်ဈေးတည်းသာဖြစ်အောင် တာဝန်ရှိသူများ ဆောင်ရွက်ပေးရန် စစ်ကိုင်းမြို့မှ ကျောက်မျက်ရတနာ အရောင်းဆိုင်ပိုင်ရှင်များ၏ ဆန္ဒဖော်ထုတ်မှု စသဖြင့် ဒေသအနှံ့တွင် ဒီမိုကရေစီစနစ်နှင့်အညီ ငြိမ်းချမ်းသော ဆန္ဒပြမှုများပေါ်ပေါက်လာသည်။

သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ခွင့်မပြု၍ ဆန္ဒပြခွင့်မရသူများလည်းရှိပါသည်။ ကြေးနီ တူးဖော်ရေးစီမံကိန်းကြောင့် နစ်နာသည်ဆိုသော လက်ပန်းတောင်းတောင်ခြေရှိ ကျေးရွာ ၁၄ ရွာမှ လယ်သမားများက မုံရွာမြို့တွင် ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုချက်တောင်းခံသည်ကို ဇူလိုင် ၂၃ ရက်က ခွင့်မပြုကြောင်း သက်ဆိုင်ရာကစာပြန်သည်။

စာ(၂၉)သို့



**စာ(၂၈)မှအဆက်**

လပွတ္တာမြို့နယ် သဲဖြူကုန်းနှင့် ညောင်ပင်ကျေးရွာနှစ်ရွာမှ လယ်သမား ၁၅၀ ကျော်က အသိမ်းခံရသော လယ်ဧက ၅၀၀ ကျော်အတွက် ဆန္ဒဖော်ထုတ်ရန် ကြိုးပမ်းမှု၊ ထန်းတပင်မြို့နယ်မှ လယ်သမားများက အသိမ်းခံရသော လယ်မြေများအတွက် ဆန္ဒပြရန်စီစဉ်မှုမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြခြင်းအဆင့်၌ပင် ရှေ့မတိုးနိုင်ဘဲ နောက်ပြန်ဆုတ်ခဲ့ကြောင်း ထိုလယ်သမားများအရေး ဆောင်ရွက်ပေးနေသော ဥပဒေအတိုင်ပင်ခံ ကိုဖိုးဖြူကပြောသည်။ ထိုဖြစ်စဉ်နှစ်ခုတွင် ရဲများက လယ်သမားများအား ဆန္ဒပြရခြင်း၏ ရည်ရွယ်ချက်အပြင် နစ်နာမှုကို သက်သေပြရန် စသဖြင့် တရားခံအား အမှုစစ်သကဲ့သို့ ပြုမူသည့်အတွက် ဆန္ဒပြလိုသော လယ်သမားများကို ဆန္ဒပြခွင့်လျှောက်ထားခြင်းစာမတင်နိုင်စေရန် သွယ်ဝိုက်ဖိအားပေးသည့် သဘောဆောင်ရွက်ကြောင်း ၎င်းက ပြောသည်။

"ညှိနှိုင်းသလိုလိုခေါ်ယူဆွေးနွေးသလိုလိုနဲ့ စာမတင်ဖို့ သွယ်ဝိုက်ဖိအားပေးတယ်။ ဆန္ဒပြဖို့ လျှောက်ထားတဲ့သူတွေကို ရဲတွေက တရားခံစစ်စစ်တယ်။ လယ်သမားနဲ့ သာမန်ပြည်သူတွေ ရဲစခန်းလာရမှာ စိုးရိမ်မှုကို သိတဲ့အတွက် အကြိမ်ကြိမ်ခေါ်တယ်။ ဆန္ဒပြဖို့ လိုင်စင်လျှောက်ထားတဲ့ လယ်သမားတွေဆန္ဒပြခွင့်အယူခံလျှောက်ထားဖို့အတွက်ကိုပါ ဆုံးရှုံးသွားစေတယ်။ ဒီလိုနည်းအားဖြင့် ဥပဒေကို လက်တစ်လုံးခြား လုပ်နေတာကို ခံနေရတယ်"ဟု ကိုဖိုးဖြူက သူ့အတွေ့အကြုံကိုပြောသည်။

"အဲဒီမြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ရဲတပ်ဖွဲ့မှူးတွေက ဒီလယ်မြေတွေသိမ်းထားပြီး သူတို့ရနေတာမဟုတ်ဘူး။ သို့သော်ငြားလည်း သူတို့လက်အောက်က စီမံခန့်ခွဲတဲ့ လုပ်ပိုင်ခွင့်ကို လာရောက်ထိခိုက်တယ်ဆိုတဲ့ စိတ်နဲ့ တန်ပြန်တာကြုံတွေ့ရတယ်"ဟု လယ်သမား၊ အလုပ်သမားအရေး တက်ကြွစွာဆောင်ရွက်နေသော ၎င်းကဆိုသည်။

ဆန္ဒပြခွင့် လျှောက်ထားပြီး ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခံရသူသည် ငြင်းပယ်စာလက်ခံရသည့်နေ့မှ ၇ ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ အယူခံနိုင်သည်။ အထက်ပါ ဖြစ်စဉ်နှစ်ခုတွင် လက်ပန်းတောင်းတောင်မှ လယ်သမားများမှာ အယူခံတင်နိုင်သေးသော်လည်း လပွတ္တာမြို့နယ်နှင့် ထန်းတပင်မြို့နယ်မှ တောင်သူများမှာ ဆန္ဒဖော်ထုတ်ရန် လျှောက်ထားခွင့်ပင်မရ၍ အယူခံခွင့်ပါ အလိုအလျောက် ဆုံးရှုံးသွားသည်။

အခန်းလေးခန်း၊ စာမျက်နှာငါးမျက်နှာ ပါဝင်သော နည်းဥပဒေတွင် ဆန္ဒပြလိုသူသည် ရည်ရွယ်ချက်၊ ဦးဆောင်မည့် ပုဂ္ဂိုလ်၊ ဟောပြောမည့် ပုဂ္ဂိုလ်နှင့် အကြောင်းအရာ၊ ကြွေးကြော်သံများ စသည့် အချက်တို့ဖြင့် ငါးရက်ကြို၍ သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှူးထံ တင်ပြလျှောက်ထားရန် ဖော်ပြထားသည်။ လျှောက်လွှာလက်ခံခြင်း၊ လိုအပ်ချက်များရှိပါက လိုအပ်ချက်များ ရှင်းပြ၍ ပြန်ပေးခြင်း၊ လျှောက်လွှာကို အတည်ပြုခြင်း အားလုံးကို စောလျင်စွာ ဆောင်ရွက်ရန်လည်းပြဋ္ဌာန်းထားသည်။

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင် ဆန္ဒပြခွင့် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရဟု ဖော်ပြထားသည်။ ခွင့်ပြုမိန့် ငြင်းပယ်ခံရသူမှာလည်း ငြင်းပယ်ခံရပြီးနောက် ၇ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ အယူခံတင်သွင်းနိုင်သည်။

မြန်မာနိုင်ငံ၏ ဆန္ဒပြခွင့်ဥပဒေမှာ ပြဋ္ဌာန်းချက်များအရ အခြားဒီမိုကရေစီနိုင်ငံများမှ ဥပဒေများကဲ့သို့ မပြည့်စုံလျှင်ပင် လက်တွေ့အသုံးချရန် လုံလောက်ကြောင်း ဥပဒေပညာရှင်များနှင့် နိုင်ငံရေးလေ့လာသူများက ဆိုကြသည်။

အာဆီယံတွင် မြန်မာထက် အဆများစွာ ဖွံ့ဖြိုးချမ်းသာသော မလေးရှားနိုင်ငံဥပဒေထက်မြန်မာဥပဒေက ပိုမိုကောင်းမွန်သည်။ သို့သော် ရင့်ကျက်သော ဒီမိုကရေစီနိုင်ငံကြီးများကဲ့သို့ ဆန္ဒပြလိုသူများဆန္ဒဖော်ထုတ်ရေးမှာ ပိုမိုလွယ်ကူချောမွေ့ရန် လိုသေးသည်။ ဥပမာ ဂျာမနီနိုင်ငံတွင် လွတ်လပ်စွာစုဝေးခွင့်၊ ဆန္ဒပြခွင့်အတွက် သက်ဆိုင်ရာရဲစခန်းသို့ နှစ်ရက်သာ ကြိုအကြောင်းကြားရန် လိုသည်။ တင်ပြလာသော ဆန္ဒပြခွင့်အားလုံးနီးပါးကို သက်ဆိုင်ရာက ခွင့်ပြုပေးသည်။

ဂျာမနီနိုင်ငံတွင် လူဦးရေအများ ဆုံးဖြစ်သော ဘာလင်မြို့မှ ရဲတပ်ဖွဲ့အကြီးအကဲ အိုလီဗာတိုးလ် (Oliver Tolle) က ဆန္ဒပြမှုများတွင် စိုးရိမ်ပူပန်သော အဓိကအချက်မှာ ဆန္ဒပြသူများက အကြမ်းဖက်မည်ကိုသာဖြစ်ကြောင်းပြောသည်။ ဘာလင်မြို့တွင် ငြိမ်းချမ်းသော ဆန္ဒပြမှုများမှာ တိုးလျက်ရှိပြီး တစ်နှစ်လျှင် ဆန္ဒပြမှု (၁,၀၀၀) ဝန်းကျင်ရှိသည်။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်အဖြစ် ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ Article-8 တွင် ပြဋ္ဌာန်းထားသည်။ ဆန္ဒပြလိုသူများသည် အဆင်ပြေစေရန် ဆန္ဒပြခွင့်လျှောက်ထားခြင်းမှ လက်တွေ့ဆန္ဒပြသည်အထိ လုပ်ငန်းစဉ်များကိုကြားမှအခမဲ့ ဆောင်ရွက်ပေးသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO)လည်းရှိသည်။ ဆန္ဒပြသူများအတွက် ကြားမှဝန်ဆောင်မှုပေးသော CLOF (Creative Lobby of Future) အဖွဲ့မှ တာဝန်ရှိသူ ဂျောဂန်ဂျနန်က အဖွဲ့တည်ထောင်ပြီး ၅ နှစ်ကျော်အတွင်း ဆန္ဒပြမှုပေါင်း (၇,၀၀၀) ကျော် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း ပြောသည်။ လက်ရှိ ပြည်တွင်း၌ ဆန္ဒပြမှုများကို အဓိကဦးဆောင်သူများမှာ နိုင်ငံရေးသမား အများဆုံးဖြစ်ပြီး လှုပ်ရှားတက်ကြွသူ (Activists) အနည်းငယ်သာရှိသည်။ ဂျာမနီနိုင်ငံတွင်မူ ကဏ္ဍအလိုက် လှုပ်ရှားတက်ကြွသူများက အဓိကဦးဆောင်ကြသည်။

နည်းဥပဒေနှင့်ပတ်သက်၍ ဥပဒေပညာရှင် ဦးသန်းမောင်(စစ်တွေ)က ဆန္ဒပြခွင့် ပြု၊မပြု ဆုံးဖြတ်ခွင့်ရှိနေသော ဒေသအာဏာပိုင်အချို့၌ ကြိုးနီစနစ်ရှိနေခြင်းနှင့် မူဝါဒပိုင်းတွင်ပါ ၎င်းတို့ကစွက်ဖက်လိုခြင်းကို ထောက်ပြသည်။ "ကြိုးနီစနစ်ဆန်သေးတယ်။ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းကို သိပ်ပြီးတော့ ဦးစားပေးလွန်းနေတယ်ပေါ့ဗျာ။ သူတို့မြို့နယ်ရဲစခန်းမှူးနှင့် အုပ်ချုပ်ရေးမှူးများက ဒီကိစ္စ ဆန္ဒပြသူများ၏ တောင်းဆိုချက်ကို ဖြေရှင်းပေးရမယ့်လူလည်းမဟုတ်ဘူးဗျ။ သူတို့က ဖြေရှင်းပေးရမယ့် လူဆိုရင်လည်း သူတို့ဆီပဲ တင်လိုက်တော့မှာပေါ့။ သူတို့အနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့ညီ၊မညီပဲစစ်စေချင်တယ်။ ကျွန်တော်မြင်တာကတော့ မူဝါဒပိုင်းရေးရာများဟာ သူတို့နဲ့မဆိုင်ဘူး"ဟု ဦးသန်းမောင်(စစ်တွေ)က အကြံပြုသည်။

"လျှောက်ထားတဲ့အခါ ဘာတွေနစ်နာလို့ဘယ်လိုပြုပြင်ပြောင်းလဲ စေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ထည့်သွင်းရတယ်။ အဲဒီမှာ အရေးဆိုတဲ့ကိစ္စကိုမစဉ်းစားတော့ဘဲနဲ့ နစ်နာနေတာမှန်၊ မမှန်ဆိုတာနဲ့ပတ်သက်ပြီး အထောက်အထားတွေ တောင်းတယ်ခင်ဗျ။ နစ်နာတဲ့ ကိစ္စတွေဟာ ထိခိုက်လွန်းလို့ မြေယာကော်မတီမှာဖြစ်စေ၊ တရားရုံးတွေမှာဖြစ်စေ သွားတောင်းနေပါတယ်ဆိုကာမှ နစ်နာမှုတွေကို သက်သေထူပြီးမှ အဲဒါတွေကို အတည်ပြုပြီးမှပဲ ကျွန်တော်တို့ရဲ့ အရေးဆိုမှုကို ခွင့်ပြုမယ်ဆိုတဲ့ ပုံစံမျိုး။ နစ်နာမှုတွေ အတည်ပြုနိုင်မယ့်အထောက်အထားတွေတောင်းတာမျိုးက ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ မညီညွတ်ပါဘူး"ဟု ကိုဖိုးဖြူက ဒေသအာဏာပိုင်အချို့၏ ဗျူရိုကရက်ဆန်မှုကို ဝေဖန်သည်။

ဥပဒေမှာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အုပ်ချုပ်ရေးမှူးတို့က လိုသလို စည်းမျဉ်းစည်းကမ်းများ ထပ်မံဖြည့်စွက် ခွင့်ပြုထားသကဲ့သို့ ဖြစ်နေခြင်းနှင့် ဆန္ဒပြခွင့်ပြု၊ မပြုနှင့် ပတ်သက်၍ အခြေခံအချက်အလက်များကို ပြည့်စုံစွာမဖော်ပြထားခြင်းမှာ အားနည်းချက်များဖြစ်သည်ဟု ၎င်းကအကြံပြုသည်။

စာ(၄၀)သို့



## စာ-၉၊ ချင်းတို့မြေက လုံရှူးပွဲတော် မှ

ခေါင်ပွဲလုပ်သည့် နေ့က ရရှိထားသည့်ခေါင်ဖတ်များကိုလည်းတောတွင်း၌ ထားရစ်ခဲ့၏။

"အဲဒီက ပြန်လာပြီဆိုရင် သီးနှံတောင်းရတယ်။ သီးနှံတောင်းတယ်ဆိုတာ အိမ်က ကွပ်ပျစ်မှာ စောင်တစ်ထည်ခင်းလိုက်တယ်။ ပြီးရင် တောင်းတစ်ခုကိုယူလိုက်ပြီး တောင်းထဲမှာ ဘာမှမရှိအောင် သေချာမှောက်ချရတယ်။ ပြီးရင် တောင်းကိုလက်နှစ်ဖက်နဲ့ကိုင်ပြီး ခေါင်းပေါ်မှာရွက်၊ ပါးစပ်ကလည်း ကောက်ပဲသီးနှံတွေ ကောင်းဖို့ တောင်းရတယ်"ဟု ဦးရှယ်လျန်းဂေကပြောသည်။

"ပြီးတာနဲ့ ခင်းထားတဲ့စောင်ပေါ်ကို တောင်းမှောက်ချလိုက်ရတယ်။ အဲဒီမှာ တောင်းထဲက မျိုးစေ့တွေကျလာတယ်။ ဒီနှစ် ပြောင်းကောင်းမယ်ဆိုရင် ပြောင်းစေ့၊ ဆပ်နီကောင်းမယ်ဆိုရင် ဆပ်နီမျိုးစေ့တွေ ထွက်ကျလာတယ်။ တကယ်လို့ ပေါင်းစေ့နဲ့ ကြွက်ချေးတွေ ပါမယ်ဆိုရင်တော့ အဲဒီနှစ် စိုက်ခင်းထဲမှာ ပေါင်းပင်တွေနဲ့ ကြွက်ပေါပြီပဲ"ဟု သူက စီကာပတ်ကုံး ရှင်းပြသည်။

သူက စကားပြောနေရင်းကပင် ပြောင်းခင်းထဲရှိ လုံရှူးပွဲမှတ်တိုင်များကို လှမ်း၍လှမ်း၍ကြည့်တတ်သည်။ သူပိုင်ဆိုင်သည့်တိုင် ကိုးတိုင်ရှိသည်။ အချို့တိုင်များသည် သူ့အဖေနှင့် အဘိုးလက်ထက်က စိုက်ထူခဲ့သော ကျွန်းတိုင်များကို အချောကိုင်၊ ဆေးသုတ်ကာ သူ့လက်ထက်တွင် ပြန်သုံးထားခြင်းဖြစ်ရာ အချို့တိုင်များသည် ခန့်မှန်းခြေ နှစ်ပေါင်း ၂၀၀ ကျော်ကြာမြင့်ခဲ့ပြီဟုဆိုရပေမည်။

"ဒီတိုင်တွေရဲ့ သက်တမ်းကို ကျုပ်အဖေတောင် တိတိကျကျ မသိဘူး"ဟု အသက် ၈၀ နီးပါးရှိ အဘိုးအိုကပြောသည်။

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နှင့် အနီးဝန်းကျင်တွင် ထိုမှတ်တိုင်များစိုက်ထူထားသည့် အိမ်များကိုတွေ့ရသည်။ ထိုတိုင်များကို ပေါင်း(သို့) နတ်တိုင်ဟုလည်းခေါ်သည်။ တိုင်များတွင် ချင်းအမျိုးသမီးကြီးများ၏ ပါးတွင် ထိုးထားသည့် ပါးရဲ(ပါးမဲ)များကဲ့သို့ အနက်ရောင်ဆေးများ သုတ်လိမ်းထားသည်ကိုတွေ့ရသည်။ ဒီတိုင်များကိုကြည့်ခြင်းဖြင့် ဒီအိမ်၏ကြွယ်ဝမှုကိုတိုင်းတာနိုင်သည်။

သို့သော် အဘိုးအို၏ သားဖြစ်သူ ဦးရှယ်ခေါဂေကတော့ "ဒီတိုင်တွေ ရှိနေတဲ့အတွက် ကျုပ်ကတော့ ဂုဏ်မယူတဲ့အပြင် အမြင်ကပ်တယ်။ ကျုပ်တို့လူမျိုးတွေ ဆင်းရဲနေတာ ဒါတွေကြောင့်ပဲ"ဟု ခပ်ဆတ်ဆတ်ပြောသည်။

ယခင်က ရိုးရာဓလေ့အရ ပြုလုပ်ခဲ့ကြသည့် လုံရှူးပွဲများ၊ ခေါင်ပွဲများ ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦးကြား ဂုဏ်တုဂုဏ်ပြိုင်အဖြစ် မည်သူက မည်မျှသတ်နိုင်သည်ဟု မိုက်မိုက်ကန်းကန်းပြုလုပ်ကြခြင်းကြောင့် စီးပွားရေးကျဆင်းခြင်းများရှိလာကြောင်း ကျောင်းအုပ်ဆရာတစ်ဦးလည်းဖြစ်သည့် သူကပြောသည်။

သူတို့၏ ဓလေ့အရ မည်သည့်ပွဲတွင်မဆို နွားနောက်က မပါမဖြစ်ပါဝင်သည်။ အိမ်ထောင်ပြုလျှင်လည်း သတို့သမီးကို နွားနောက်နှင့် တင်တောင်းရသည်။ အမှုအခင်းဖြစ်လျှင်လည်း နွားနောက်ပေးကာ ဖြေရှင်းကြသည်။ လုံရှူးပွဲများ လုပ်ခဲ့သည့် လူကုံထံတစ်ဦး သေဆုံးလျှင်လည်း နွားနောက်ပွဲလုပ်ပေးရသည်။ မောင်နှမများ၏ သာရေးနာရေးကိစ္စများတွင်လည်း ကျန်မွေးချင်းများက နွားနောက်ပေးကာ ဝိုင်းကူကြရသည်။ သူကတော့ လူမှုရေးအစဉ်အလာကြီး များလွန်းသဖြင့် နှိပ်စက်သလိုဖြစ်နေသော သည်ထုံးစံကို ငြီးငွေ့နေပြီ။

"နွားနောက် သတ်ခဲ့တဲ့ သူဌေးသေရင် လက်ရှိအချိန်မှာ ပိုက်ဆံ ရှိရှိ၊ မရှိရှိ နွားနောက်ပွဲ လုပ်ပေးရတယ်။ မရှိရင် ချေး၊ ငှား၊ ပေါင်နှံပြီးလုပ်ရလို့ အကြွေးတွေ ပတ်ချာဝိုင်းတယ်။ ခေါင်ပွဲလုပ်တဲ့ လူကိုခေါင်ဝိုင်းကူရတယ်။ တအားအကုန်အကျများတော့ အခုချိန်မှာ ဝင်ငွေနဲ့ ထွက်ငွေ မညီမျှတဲ့ ကုန်ကျမှုတွေကြောင့်ဆင်းရဲတယ်"ဟု ဦးရှယ်ခေါဂေကဆိုသည်။

ချင်းတောင်၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် သည်ထုံးစံကလည်း အနှောင့်အယှက်ဖြစ်နေသည်ဟု သူမြင်သည်။

"အခုနောက်ပိုင်းမှာ ဂုဏ်တုဂုဏ်ပြိုင်တွေ ပါလာတယ်။ အဲဒီနတ်ပွဲတွေကို ချင်းလူငယ်ကာလသားတွေက ၁၉၆၀ လောက်ကတည်းကစပြီး တိုက်ဖျက်လာကြတယ်။ ဒါပေမဲ့ မပီပြင်သေးဘူး။ တဖြည်းဖြည်းတော့ လျော့ကျလာနိုင်ပါတယ်။ ဒါတွေလုပ်တဲ့အတွက် စီးပွားရေးလျော့ကျတယ်။ ကလေးတွေကို ကျောင်းမထားနိုင်၊ ပညာရေးတွေ နောက်ကျတယ်လို့ ယူဆလာတဲ့သူတွေရှိလာပြီ"ဟု မင်းတပ်မြို့ စံပြရပ်ကွက်ရှိချင်းအမျိုးသားဦးထန်းနိုင်းကပြောသည်။

ချင်းပြည်နယ်တွင်စီးပွားရေးအဖြစ် ယခင်က နွားနောက်မွေးမြူရေးလုပ်ငန်းများ တွင်ကျယ်ခဲ့သော်လည်း စားကျက်မြေများရှားပါးလာမှုကြောင့် ယခုနောက်ပိုင်းတွင်တွင်ကျယ်မှုမရှိတော့ကြောင်း သိရသည်။ ထို့အပြင် ချင်းပြည်နယ်သည်မြေအောက်သယံဇာတ မထွက်သည့် တောင်ပေါ်ဒေသဖြစ်သည့်အတွက် ဒေသတွင်း စိုက်ပျိုးရေးနှင့် ဈေးကွက်သို့တင်ပို့ရောင်းချခြင်းကို ပုံစံတစ်မျိုးဖြင့် ဖွံ့ဖြိုးအောင်လုပ်ဆောင်ပေးသင့်ကြောင်း မင်းတပ်မြို့မှ ဒေသခံစိုက်ပျိုးရေးတောင်သူတစ်ဦးကပြောသည်။

"ကျွန်တော်တို့က စိုက်ပျိုးရေးနဲ့ မွေးမြူရေးတွေကို ကျေးရွာအုပ်စုအဖွဲ့လိုက် တရားဝင်လုပ်ချင်တယ်။ ဒီက ထွက်ကုန်တွေကို ဆင်းရဲနွမ်းပါးတဲ့ ဒေသထွက်ကုန်တွေဖြစ်လို့ ထောက်ခံချက်ပေးပြီး အခွန်လွတ်အနေနဲ့ လွတ်လပ်စွာရောင်းခွင့်ပေးစေချင်တယ်"ဟု ထိုတောင်သူကပြောသည်။

ချင်းပြည်နယ် သစ်တောထွက်ပစ္စည်းဖြစ်သည့် သစ်ခွပန်းနှင့် ဝဥကို ဥယျာဉ်ခြံထွက်ပစ္စည်းဖြစ်အောင် စနစ်တကျစိုက်ပျိုးခြင်း၊ တရားဝင်လွတ်လပ်စွာရောင်းဝယ်ခွင့်ပေးခြင်းများ ပြုလုပ်ပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်သလို ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးကိုလည်း အစားထိုးနိုင်မည်ဟု ဒေသခံများက ယုံကြည်နေကြသည်။

"အခုက တရားဝင်မဟုတ်တော့ လမ်းမှာ အဖမ်းအဆီးများတယ်။ ဝယ်သူကလည်း ဈေးနှိမ်တယ်။ တောင်သူတွေမှာ ပေါက်ဈေးထက် လေးဆလောက်နည်းပြီး ဈေးနှိမ်ခံရတယ်။ အဖမ်းအဆီးများပေမယ့်လည်း သူ့နည်းသူ့ဟန်နဲ့ ရောင်းဝယ်တင်ပို့နေကြတာပဲ။ ဒါကို တရားဝင်ဖြစ်အောင် လုပ်ပေးသင့်တယ်။ ဒါမှ အဆင်းရဲဆုံးဒေသအဖြစ်က လွတ်နိုင်မယ်"ဟုဒေသခံတစ်ဦးကပြောသည်။

ထို့ပြင် သစ်တောပြုန်းတီးမှုကြောင့် ရေနှင့် မြေဆီလွှာရှားပါးလာခြင်း၊ စိုက်ပျိုးသီးနှံဖြစ်ထွန်းအောင်မြင်မှုလျော့နည်းနေခြင်းကလည်း ချင်းတိုင်းရင်းသားတို့၏ ဆင်းရဲနွမ်းပါးမှုကို ပိုမိုတွန်းအားပေးနေသလိုဖြစ်နေပြန်သည်။ သစ်တောပြုန်းတီးမှုက ချင်းလူမျိုးများ၏ စားဝတ်နေရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။

ချင်းတောင်တန်းများပေါ်တွင် တောင်ယာလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးသည် မြေပိုင်ရှင်ထံသို့သွားကာ ကြက်တစ်ကောင်နှင့်ခေါင်ရည်ပေးပြီး စကားဖွင့်ရသည့်ဓလေ့ရှိသည်။ ထို့နောက် မြေပိုင်ရှင်က ခွင့်ပြုလျှင် သီးစားခကိုသတ်မှတ်ပေးသည်။ ထွက်လာသည့် သီးနှံများထဲမှ သီးစားခကို ပေးရန် ကတိဝန်ခံရသည်။ ပိုင်ရှင်ခွင့်ပြုသည့် မြေကွက်တွင်သာ တောင်ယာခုတ်ရသည်။ ဘိုးဘွားပိုင်သစ်တောစိမ်းများကိုတော့ ခုတ်ခွင့်ပေးလေ့မရှိဘဲ ထိန်းသိမ်းထားလေ့ရှိကြောင်း ချင်းအမျိုးသား ဦးလောတီကပြောသည်။

"အခုနောက်ပိုင်းမှာ နတ်မတောင်ကြိုးဝိုင်းဧရိယာအဖြစ် သိမ်းလိုက်တော့ လူတွေက ဝန်ထမ်းတွေနဲ့ညှိပြီး တောင်ယာခိုးခုတ်ကြတယ်။ ဘိုးဘွားမြေတွေတုန်းက နှမြောလို့ မခုတ်ဘဲ ထားတတ်တဲ့ သစ်ပင်ကြီးတွေကိုခုတ်တယ်။ ဒါကြောင့် သစ်တောပြုန်းတီးမှုတွေဖြစ်တယ်။ နတ်မတောင်ဧရိယာကို ဒေသခံတွေက အစုအဖွဲ့လိုက် ဝိုင်းဝန်းထိန်းသိမ်းတာမျိုး လုပ်ပေးမှ အဆင်ပြေမယ်"ဟု မင်းတပ်မြို့မှ ဒေသခံတောင်သူတစ်ဦးကသုံးသပ်သည်။

အဘိုးအို၏သား ဦးရှယ်ခေါဂ တစ်ယောက်ကတော့ စိုက်ပျိုးသီးနှံ ဖြစ်ထွန်းရေးအတွက် လုံရှူးပွဲ လုပ်ခြင်းထက် ဘိုးဘွားပိုင်သစ်တောတွေ ထိန်းခြင်းဖြင့်သာ ပိုအားသန်သည်။ ဒေသခံတောင်သူများ၏ပြောစကားကိုသူထောက်ခံသည်။ သူ့တောင်ယာထဲတွင် ကိုယ်ပိုင်အသိဖြင့် ထိန်းသိမ်းထားသည့် သစ်ပင်များရှိသည်။ သစ်ပင်ရှိမှ စိမ့်ရေထွက်မည်။ မြေဆီလွှာခံမည်။ မြေဆီလွှာရှိမှသာ သီးနှံစိုက်ပျိုးအောင်မြင်ပြီး ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်မည်ဟု ခိုင်ခိုင်မာမာယုံကြည်ထားပုံရသည်။

သူ့ဘဝတွင် နွားနောက်ဓလေ့နှင့် ခေါင်ပွဲတို့ နှိပ်စက်သဖြင့် စိတ်ဆင်းရဲမှုတွေ၊ စီးပွားရေးနိမ့်ကျမှုတွေ ကြုံဖူးခဲ့ပြီ။ လုံရှူးပွဲသည် ချင်းလူမျိုးတို့၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသောပွဲတော်၊ နတ်ကောင်းနတ်မြတ်တို့စောင်မမည့်ပွဲတော်ဟု သူမယူဆ။ လုံရှူးပွဲတော်သည် အရှုးပွဲတော်ဟုသာ သူကအဓိပ္ပာယ်ဖွင့်သည်။

"ဒီရိုးရာက စွန့်လွှတ်လို့တော့ မရဘူး။ ဒါပေမဲ့ အတိုင်းအတာလေးနဲ့တော့ လုပ်ဖို့လိုတယ်။ ဂုဏ်တုဂုဏ်ပြိုင်သဘောမျိုး မိုက်မိုက်ကန်းကန်း လုပ်လို့တော့မရဘူး" ဒါက ကျောင်းဆရာတစ်ယောက်အဖြစ် သူတာဝန်ကျသည့် ချင်း တောင်က ကျေးရွာများတွင် အမြဲလိုလို ပြောပြရလေ့ရှိသည့် စကားတစ်ခွန်းပင်ဖြစ်သည်။

အသက် ၈၀ နီးပါးရှိ ဖခင်ဖြစ်သူကတော့ ဤဓလေ့ကို ဆက်လက်ထိန်းသိမ်းစေလိုသည့်ဆန္ဒရှိသည်။ သူ့သား စိတ်ဝင်စားမှုမရှိသည်ကိုလည်း သူသိသည်။ သို့သော် ဘဝတစ်လျှောက်တွင် သူ့အမျိုးထဲ၌ သည်လိုပွဲကို တစ်ကြိမ်ကြိမ်တော့ လုပ်သင့်သည်ဟု သူထင်သည်။ ရဲဝန်ထမ်းတစ်ဦးအဖြစ်က အငြိမ်းစားယူထားသူလည်းဖြစ်သည့် အဘိုးအိုက "ကျုပ်ဘာသာရေးကျမ်းတွေကိုလည်း လေ့လာဖူးပါတယ်။ ဒါတွေကတော့ ကိုယ့်ရိုးရာကိုကိုယ်ထိန်းသင့်တယ်။ အမျိုးကိုထိန်းတဲ့သဘောပါ။ လုပ်နိုင်တဲ့အခါ လုပ်၊ မလုပ်နိုင်တဲ့ အခါကျတော့လည်း မလုပ်နဲ့ပေါ့။ တစ်ခါလုပ်ရင် ဂုဏ်တုဂုဏ်ပြိုင်အနေနဲ့ လေး၊ ငါး၊ ခြောက်ကောင် သတ်တာမျိုးတော့လည်း မလုပ်သင့်ဘူး"ဟုဆိုသည်။

အစိမ်းနုရောင် အရွက်တဖားဖားပြောင်းပင်များက အနောက်ဘက်မှ တိုက်ခတ်ဝင်ရောက်လာသော လေအဝှေ့တွင် ယိမ်းထိုးလှုပ်ရှားနေ၏။ ပြောင်းခင်းအလယ်ရှိ လုံရှူးပွဲတော် ရိုးရာမှတ်တိုင်များက မားမားမတ်မတ်ဖြင့် ခိုင်ခံ့စွာတည်ရှိနေလေသည်။

အသက် ၂နှစ်ဝန်းကျင်အရွယ် ကလေးငယ်လေးတစ်ဦးက ခြံထဲတွင်ဘိုးဘေးများလက်ထက်ကတည်းက တည်ရှိနေသည့် လုံရှူးပွဲအထိမ်းအမှတ် ကျောက်ပြားများကြားတွင် ပြေးလွှားဆော့ကစားလျက်ရှိသည်။ သူ့အဘိုးနှင့် အဖေပြောခဲ့သော အကြောင်းအရာများကိုကား သူနားလည်နိုင်မည်မဟုတ်။ ။

**TRADEMARK CAUTION**

KOSÉ Corporation a company incorporated in Japan at 6-2, Nihonbashi 3-chome, Chuo-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademarks:-

FASIO
Reg: No.4/855/2007

MOISTURE SKIN REPAIR
Reg: No.4/856/2007

ASTALUTION
Reg: No.4/857/2007

雪肌精 清肌晶 純肌粋
SEKKISEI SEIKISHO JUNKISUI

Reg: No.4/858/2007,Reg: No.4/859/2007,Reg: No.4/860/2007
In respect of: "Cosmetics, Perfumes, Cosmetic soaps, Cotton for cosmetic use and Hair care preparations."

KOSÉ
Reg: No.4/5313/1997
In respect of: Int'l class 3 "Cosmetics, Perfumes, Cosmetics Soaps and Hair Lotions"
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990
2.Aug.2012

**TRADEMARK CAUTION**

Orion Corporation., a Company incorporated in Republic of Korea, at 30-10 Munbae-Dong, Yongsan-Ku, Seoul, Korea is the Owner and Sole Proprietors of the following Trade marks:-



Reg : No. 4/5102/2006
Reg : No. 4/6080/2009



Reg : No. 4/5103/2006
Reg : No. 4/6081/2009
In respect of : "Int'l Class 30 Chocolates, biscuits, cookies, crackers, edible wafers, Corn chips, bread, pastries, cakes, pies, dessert puddings, sherbets, ice creams, candy, caramels, chewing gum, not for medical purposes.
Fraudulent imitation or unauthorized use of the said Trade-mark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 2.Aug.2012

# အစိုးရ မဖြစ်မီနှင့် ဖြစ်အပြီး

မောင်သာချို



(တစ်)

ဟုတ်မှ ဟုတ်ပါရဲ့လားဟုဆိုကာ ကိုယ့်မျက်လုံးကိုကိုယ်ပြန်ပွတ်သပ်ပြီး နောက်တစ်ခါ ပြန်ကြည့်ရသည့် သတင်းတစ်ပုဒ်ကို ယခုရက်ပိုင်းကလေးများအတွင်း သတင်းစာမျက်နှာများပေါ်၌ ဖတ်ခွင့်ရရှိခဲ့ပါသည်။ ယခင်အစိုးရ အဆက်ဆက်မရှိခဲ့ဖူးသည့် သတင်း။ Clean Government ခေါ် သန့်ရှင်းသော အစိုးရအတွက် မရှိမဖြစ်သတင်း၊ Good Governance ခေါ် ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် အလိုအပ်ဆုံးသတင်း။

အစိုးရအဖွဲ့ဝင်တွေ ကိုယ့်အိတ်ထဲမှာ ရှိသမျှကို အိတ်သွန်ဖာမှောက်ချပြထားကြရလေမတဲ့။ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မိမိတို့၏ပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေညာကာ မှတ်တမ်းတင်ထားရန် ဖြစ်ပါသည်။ အဆိုတင်သွင်းသူက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပုသိမ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ထောက်ခံသူက မြေပုံမဲဆန္ဒနယ်က ဦးဖေသန်း။

ယခု ၂၀၁၂ ဇူလိုင်တွင် ကျင်းပနေသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ သည်အဆိုကို တင်သူကတင်ပြီး ထောက်ခံသူက ထောက်ခံခဲ့လေရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူလိုက်ရပြီဖြစ်ပါသည်။

ကောင်းသောကိစ္စဟုဆိုရမည်ဖြစ်ပါ၏။ အစိုးရအဖွဲ့ဝင်မဖြစ်ခင်က ငွေဘယ်လောက်ရှိ၊ ကားဘယ်လောက်ရှိ၊ လုပ်ငန်းကိုင်ငန်းဘယ်နှခုရှိ စသည် စသည်ဖြင့် ထုတ်ဖော်မှတ်တမ်းတင်ထားခြင်းအားဖြင့် အစိုးရဖြစ်ပြီးမှ မဟားတရား တိုးပွားလာခဲ့သည်ရှိသော် ယင်းသည် မသမာမှု၊ လာဘ်ပေး လာဘ်ယူမှု။ သည်အတွက် သည်အစီအမံသည် ပြည်သူတစ်ရပ်လုံးက သောင်းသောင်းဖြဖြ ကြိုဆိုကြမည့် အစီအမံပင်ဖြစ်ပါ၏။ ပြ။ ရှိတာအကုန်ထုတ်ပြဟူသော အစီအမံ။

(နှစ်)

လူတစ်ယောက်အနေနှင့် ဆေးမစားမီပုံနှင့် ဆေးစားပြီးပုံတို့ သိသာစွာကွဲပြားခြားနားလာမှုသည် ဝမ်းမြောက်စရာဖြစ်သော်လည်း အစိုးရအဖွဲ့ဝင်တစ်ယောက်အနေနှင့်မူကား အစိုးရမဖြစ်မီပုံနှင့် အစိုးရဖြစ်ပြီးပုံတို့ ကွဲပြားခြားနားခဲ့ပြီဆိုသော် တစ်စုံတစ်ခု မရိုးသားမှုပင် ဖြစ်ပါလိမ့်မည်။

ဤ၌ အိန္ဒိယနိုင်ငံ၏ သမ္မတဖြစ်ခဲ့ဖူးသူ အဗ္ဗဒူကလမ်အကြောင်းဖော်ပြလိုပါ၏။ နာမည်အပြည့်အစုံက အဗူးပကိရဇိန္နူးလာဒင် အဗ္ဗဒူကလမ်(Avul Pakir Jainu Labdeen Abdul Kalam)။ လွယ်လွယ်ခေါ်တော့ အဗ္ဗဒူကလမ်(Abdul Kalam)။

၁၉၃၂ ဖွား။ ကုတို့သူကြီးသား။ ၂၀၀၂ ခုနှစ်တွင် အိန္ဒိယ၏ ၁၁ ဆက်မြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရ။ ၂၀၀၇ ခုနှစ်တွင် သမ္မတသက်တမ်း ကုန်ဆုံး။

အဗ္ဗဒူကလမ်က ဒုံးပျံအင်ဂျင်နီယာလည်းဖြစ်၊ အာကာသသုတေသနသမားလည်းဖြစ်၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးလည်းဖြစ်သူ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၌ အစ္စလာမ်ဘာသာဝင်ထဲကနေ ရှားရှားပါးပါး သမ္မတဖြစ်လာသူလည်း ဖြစ်ပါသည်။

၂၀၀၇ ခုနှစ်ဇူလိုင် ၂၄ ရက်၌ သမ္မတသက်တမ်း ကုန်ဆုံးလေသောအခါ နောက်တစ်နေ့ ဇူလိုင် ၂၅ ၌ သမ္မတအိမ်တော်မှ ထွက်ခွာပါသည်။ သူသမ္မတအိမ်တော်က အဆင်းပြန်လည်သယ်ဆောင်သွားသည်က သေတ္တာနှစ်လုံး။ လာတုန်းကလည်း ထိုသေတ္တာနှစ်လုံးနှင့်တဲ့။ သေတ္တာထဲတွင် စာအုပ်တွေပဲ ပါပါသတဲ့။ မိမိကိုယ်ပိုင်ငွေနှင့် ဝယ်ထားသော စာအုပ်များဖြစ်ပါသတဲ့။ မည်သည့်လက်ဆောင်ကိုမှ လက်မခံနဲ့ဟူသော ဖခင်ကြီး၏ စကားအတိုင်းနေထိုင်ခဲ့ပါသတဲ့။ သမ္မတရာထူးက မိမိ၏ ဘဝကို ဘာမှမပြောင်းလဲစေနိုင်ပါတဲ့။ မိမိကသာ သမ္မတရာထူးကို ပြောင်းလဲပစ်မှာတဲ့။

သမ္မတမဖြစ်မီ သေတ္တာနှစ်လုံး။ သမ္မတဖြစ်ပြီး သေတ္တာနှစ်လုံး။ ရှင်းလင်း၍ မြင်သာထင်သာရှိသော နေထိုင်မှုဘဝ။

(သုံး)

အိမ်နီးချင်း ထိုင်းနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် ဝန်ကြီးချုပ် ယင်းလတ်ရှင်နာဝပ်ဦးဆောင်သော အစိုးရအဖွဲ့ အာဏာရပါသည်။ အစိုးရအဖွဲ့ဝင် ၃၆ ယောက်တို့က မိမိတို့၏ ပိုင်ဆိုင်မှုများကို ကြေညာကြရပါသည်။

အစိုးရအဖွဲ့ဝင်တွေအားလုံးသည် သန်းကြွယ်သူဌေးကြီးများ။ ယင်းလတ်ရှင်နာဝပ်က ဒုတိယအချမ်းသာဆုံး။ ထိုင်းဘတ်ငွေ ၅၄၁ သန်း ချမ်းသာပါလေသတဲ့။ သူကိုင်သည့် Hermes လက်ကိုင်အိတ်က တစ်လုံးကို ထိုင်းဘတ် ၃၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၂၀၀ ဒေါ်လာ) ပေးရလေသတဲ့။ သိပ္ပံနှင့်နည်းပညာဝန်ကြီး ပလောပရာ ဆွပ်ဆူရာ ဆဝါဒီကမူ အချမ်းသာဆုံးဖြစ်ကာ အမေရိကန်ဒေါ်လာ ၃၁ သန်း ချမ်းသာသည်ဟု ဆိုပါသည်။ ကျန်အစိုးရအဖွဲ့ဝင်တွေ အသီးသီးကလည်း သူ့အဆင်းနှင့်အလင်းနှင့်။

ဆိုလိုသည်မှာ ထိုင်းအစိုးရအဖွဲ့ဝင်များသည် အစိုးရမဖြစ်မီကတည်းက ကိုယ့်ဂုဏ်ကိုယ့်ဒြပ်နှင့် ရပ်တည်နေကြသူများပါ ဆိုသည့် သဘော။ အစိုးရဖြစ်ပြီးမှ ချမ်းသာကြွယ်ဝလာသူများ မဟုတ်ကြပါဟူသည့် အဓိပ္ပာယ်။

ယခု ရုရှနိုင်ငံ သမ္မတ ဗလာဒီမာပူတင် မတိုင်မီ တာဝန်ထမ်းဆောင်သွားခဲ့သော သမ္မတဒီမက်ထရီမက်ဗီဒက်ဗ်ကလည်း သူ၏ ဝင်ငွေကိုတရားဝင် ထုတ်ပြန်ခဲ့ဖူးပါ၏။

လက်ရှိ ပြင်သစ်သမ္မတ ဟော်လန်ဒီမတိုင်မီက သမ္မတ နီကိုလတ် ဆာကိုဇီကမူ သမ္မတတစ်နှစ် အသုံးစရိတ် ယူရိုလေးသိန်းထက် ကျော်လွန်ကာ ယူရို ၁၄,၁၂၃ ပိုမိုသုံးစွဲထားသဖြင့် နိုင်ငံတော်သို့ပင် ပြန်လည်ပေးသွင်းခဲ့ရဖူးပါလေ၏။

တောင်ကိုရီးယားနိုင်ငံကတဲ့ရော။ အစိုးရအဖွဲ့ဝင်အဖြစ် အရွေးခံရပြီဆိုသည်နှင့် မိမိတို့၏ ဥစ္စာဓန ပိုင်ဆိုင်မှုမှန်သမျှတို့ကို စာရင်းပြုစုတင်ပြထားကြပေတော့။

(လေး)

ကောင်းမွန်သော အစိုးရနှင့် သန့်ရှင်းသော အုပ်ချုပ်မှု ဖြစ်ဖို့ဆိုသည်မှာ အစိုးရ အဖွဲ့ဝင်များကိုယ်တိုင်က အပေးအယူ၊ အဝင်အထွက် ကင်းရှင်းဖို့လိုအပ်ပါသည်။ ကင်းရှင်း၏ မကင်းရှင်း၏ ဆိုသည်ကို အစိုးရမလုပ်မီ သူတို့ဘာတွေပိုင်ဆိုင်ထားသလဲဆိုသည်ကို မှတ်တမ်းတင်ပြုစုထားရုံနှင့် လုံလောက်ပါသည်။

ယခု ဤကိစ္စကို ပြည်သူ့လွှတ်တော်က ဆွေးနွေးနေပြီဆိုသည်မှာ လူထုအတွက် မင်္ဂလာရှိလှပါဘိ။ ။ ။

စာ- ၂၅၊ မြေဈေးကျအောင်လုပ်နည်း မှ

ထို့အပြင်မြန်မာနိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ အကြောင်းကြောင်းကြောင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် များစွာအရှုံးပေါ်ခဲ့ကြပြီး စက်မှုကုန်ထုတ်လုပ်ငန်းမှာလည်း လျှပ်စစ်ဓာတ်အားအခက်အခဲ၊ နည်းပညာနောက်ကျကျန်ရစ်မှုနှင့် စီးပွားရေးပိတ်ဆို့မှုစသည်တို့ကြောင့် ဆုတ်ယုတ်ကျဆင်းမှုများနှင့် ကြုံတွေ့နေရသည့်အချိန်လည်း ဖြစ်ပေသည်။ သို့ဖြစ်၍ ငွေကြေးဖောင်းပွမှုဒဏ်ကို အခံနိုင်ဆုံးဖြစ်သော မြို့ပြမြေယာကဏ္ဍသို့ ရင်းနှီးမြှုပ်နှံမှုများပို မိုစီးဝင်လာခြင်းဖြစ်၏။ ဝင်ငွေအလယ်အလတ် ရှိသူတို့၏ စုဆောင်းငွေများသည်ပင် မြို့သစ်များ၌ မြေနှင့်အိမ်ရာကဏ္ဍသို့ စုပြုံဝင်ရောက်လာကြ၏။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလျှင် မြေဈေးတက်မြဲဖြစ်ပါသည်။ "အရင်းစစ်လျှင် အမြစ်မြေက"ဆိုသကဲ့သို့ မြေမရှိလျှင် မည်သည့် စီမံကိန်းမျှ အမြစ်တွယ်၍ မရနိုင်ပေ။ ပြည်ပရင်းနှီးမြှုပ်နှံမှု အမြစ်တွယ်ရန်အတွက် မြေအမျိုးအစားမှာ ပြည်တွင်းရှိ SMEs ဟုပင်ခေါ်ဆိုနိုင်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက်သာ သင့်လျော်သည့် အခြေခံအဆောက်အအုံအဆင့်နိမ့်(၁)ကော၊ (၂)ကော မြေကွက်များမဟုတ်ပေ။ SEZ(Special Economic Zone) ဟူသော အထူးစီးပွားရေးဇုန်၊ EPZ (Export Psocessing Zone) ဟူသော ပြည်ပပို့ကုန်ထုတ်လုပ်သည့် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်ကြီးများမှ မြေယာများသာဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အဆိုပါ ဇုန်ကြီးများ ထပ်မံဖော်ထုတ်ရန် များစွာလိုအပ်လျက်ရှိနေပေသည်။

မြို့ပြမြေဈေးကျအောင်ဆောင်ရွက်ရာ၌ အခွန်နှုန်းမြင့်တင်ခြင်း၊ မဆောက်လျှင် ပြန်သိမ်းခြင်းစသည့်"ညှစ်ထုတ်သည့်အား"(Forced action)ထက် ဘက်ပေါင်းစုံမှ ရှုမြင်၍ အခြေခံအကြောင်းရင်းများကို ဖယ်ရှားခြင်းဟူသော "အမြစ်ဖြုတ်မည့်အား"(Creative Action)များကို ပိုမိုအရင်းပြုစေလိုပါသည်။ အထူးသဖြင့် အောက်ပါလုပ်ငန်းသည် မြို့ပြမြေယာဈေးကွက်ကျဆင်းမှုကို အထင်အရှား အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

(၁) မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းနှင့် မြေအသုံးချမှု စီမံကိန်းများ အမြန်ပြီးစီးအောင် ရေးဆွဲအကောင်အထည်ဖော်ရန်။

(၂)အချက်အခြာနေရာများရှိ မြို့မြေမြေကွက်လပ်များကို စီးပွားရေး လုပ်ငန်းရှင်ကြီးများသို့ ရောင်းချခြင်း မပြုရန်။

(၃)မြို့ကြီးများ၌ အိမ်ရာသန်းခေါင်စာရင်းနှင့် အိမ်ရာလိုအပ်ချက်ကို စနစ်တကျပြုစုရန်။

(၄) နိုင်ငံတော်အပိုင်းမှ လက်ရှိအိမ်ရာ၊ မြေယာချထားမှုစနစ်ကို ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရန်။

(၅) ဝင်ငွေအလယ်အလတ်နှင့်ဝင်ငွေနည်းပြည်သူများအတွက် တန်ဖိုးနည်းနှင့် တန်ဖိုး လတ်အိမ်ရာစီမံကိန်းများ၊ တဲပေါ်မှ တိုက်ပေးတင်စီမံကိန်းများဦးစားပေးအကောင်အထည်ဖော်ရန်။

(၆) အိမ်ရာဘဏ် (Housing Bank)ထူထောင်ရန်။

(၇) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုဇုန်များ ဖော်ထုတ်ရန်။

မည်သို့ဆိုစေ ဆောင်းပါးအစ၌ စာရေးသူတင်ပြခဲ့သည့်အတိုင်း မြို့ပြမြေဈေးရှိကျစေရန်အတွက် ကားဈေးကျအောင်လုပ်ခဲ့သည့်နည်းအတိုင်းဖြစ်လျှင်မူ အမှန်ပင်အသင့်တော်ဆုံးဖြစ်ပါကြောင်း . . .။ ။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွန်းဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချိုနွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၇၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



# တောတောင်စောင့်နတ်တွေကိုပဲ တိုင်တည်ရတော့မှာလား

လွင်ချန်ဖြိုး(နတ်မောက်)

**စာရေးသူတို့ လူသားအများစုသည် ပတ်ဝန်းကျင်အပေါ် ချစ်ခင်ဂရုစိုက်မှု၊ စည်းနှင့်ကမ်းနှင့် ထိန်းထိန်းသိမ်းသိမ်းနေထိုင်မှုများ လျော့ပါးပျက်စီးလျက်ရှိနေပါသည်။ ထိုအခါ ပင်ကိုမူလကပင် ဖြစ်တည်ဖွဲ့စည်းကာ အပြန်အလှန်အကျိုးပြုလျက်ရှိသော ပတ်ဝန်းကျင်သည် တစ်စတစ်စနှင့် အများအပြား ယိုယွင်းလာနေပြီဖြစ်ပါသည်။ ပတ်ဝန်းကျင်ယိုယွင်းမှုသည် သဘာဝကြောင့်ထက် လူသားများကြောင့်သာ ပိုမိုဖြစ်ပေါ်နေပါသည်။ ထိုသို့ စည်းမဲ့ကမ်းမဲ့ နေထိုင်ပျက်စီးသော လူအရေအတွက်များလေလေ၊ ပတ်ဝန်းကျင်ယိုယွင်းမှုများ ကြီးမားလေလေ ဖြစ်ပါသည်။ နောက်ဆက်တွဲအားဖြင့် ပတ်ဝန်းကျင်ယိုယွင်းမှုများကြောင့် လူသားများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ၊ သဘာဝ၏အဖိုးတန်လက်ဆောင်များ၊ စားနပ်ရိက္ခာများ ပျက်သုဉ်းဆုံးရှုံးနေကြရပါသည်။**

ပတ်ဝန်းကျင်ထဲမှ အခမဲ့ရရှိသောအရင်းအမြစ်များစွာကို လူသားသက်ရှိများက အလုအယက်၊ အပြိုင်အဆိုင် ရှာဖွေယူဆောင်သုံးစွဲလျက်ရှိပါသည်။ ဤသို့ဖြင့် လက်ရှိ ကမ္ဘာတွင် သန်းခုနစ်ထောင်ကျော်သောလူသားများအနက် အများစုမှာ လုံလောက်သော အာဟာရဓာတ်၊ စားနပ်ရိက္ခာ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားအခြေခံလိုအပ်ချက်များစွာကို မရရှိကြဘဲရပ်တည်နေကြရပါသည်။

ကမ္ဘာ့နေရာ တော်တော်များများတွင် ဆင်းရဲမွဲတေတော်ပြတ်နေချိန်၌ ကျန်လူသားအများစုမှာလည်း ပတ်ဝန်းကျင်ထဲမှ အဆီအနှစ်များကို အထိန်းအကွပ်မရှိ၊ အလွန်အကျွံ ထုတ်ယူအသုံးပြုလျက်ရှိကြပါသည်။ လူသားတစ်ဦးချင်းစီ၏ နေ့စဉ် စားသောက်နေထိုင်မှုများတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုသဘောတရားများအား လျစ်လျူရှုကာ မိမိတို့နှင့် မဆိုင်သလို စိတ်ထားလျက် လောလောဆယ် စားဝတ်နေရေးအဆင်ပြေ လွယ်ကူသက်သာမှုကိုသာ ဦးစားပေးလုံးပန်းနေကြပါသည်။ ပတ်ဝန်းကျင်အပေါ် လူသားများ၏ တန်ဖိုးထားမှုအားနည်းခြင်းကြောင့် သဘာဝဖောက်ပြန်မှုများအပါအဝင် ဘေးအန္တရာယ်မျိုးစုံတို့သည် တန်ပြန်သက်ရောက်မှုအဖြစ် လူသားများအား ခြိမ်းခြောက်လျက်ရှိနေပါသည်။

ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများ (သို့မဟုတ်) မြေကမ္ဘာကို ချစ်မြတ်နိုးသူများ (သို့မဟုတ်) လူသားအပါအဝင် သက်ရှိ၊ သက်မဲ့အားလုံးကို ချစ်မြတ်နိုးသူများသည် အနာဂတ်အတွက် စိုးရိမ်စိတ်များဖြင့် အသေးအဖွဲ့ကိစ္စများမှပင်စကာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များအား အချိန်ပေး အရေးတယူ ဆောင်ရွက်လျက်ရှိကြပါသည်။ အမှန်မှာ ထိုလုပ်ဆောင်မှုများတွင် လူသားအားလုံးက တက်တက်ကြွကြွပူးပေါင်းပါဝင်လှုပ်ရှားရန် လိုအပ်ပါသည်။ ထိုသို့ အားလုံးသိရှိပါဝင်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်၊ နောက်ဆုံး ပြည်ထောင်စုလွှတ်တော်၊ အမျိုးသား လွှတ်တော်အဆင့်အထိ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးပြုန်းတီးနေမှုများ၊ သက်ရှိများအတွက် စိုးရိမ်ဖွယ်ရာအခြေအနေများကိုအမြန်ဆုံးတင်ပြဆွေးနွေးအဖြေရှာကြရမည်ဖြစ်ပါသည်။

ဥပမာတစ်ခု တင်ပြချင်ပါသည်။ မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ် အနီးတွင်ရှိသော လက်ပန်းတောင်းတောင်ကြီးအား မိုင်းခွဲမြေဖြိုကာ ကြေးနီသတ္တုတူးဖော်နေသည့်ကိစ္စဖြစ်ပါသည်။ ဤ စီမံကိန်းကြောင့် ဒေသခံများ ပြောင်းကြွေ့ကြရသည့် ဒုက္ခ၊ စိုက်ပျိုးမြေများ လက်လွှတ်ဆုံးရှုံးကြရသည့်ဒုက္ခ၊ ဇီဝမျိုးစုံများ ပျက်စီးပျောက်ကွယ်ရသည့်ဒုက္ခ၊ ရေရှည်တွင် ထိုဒေသ၌ နေထိုင်သူများ၏ ကျန်းမာရေးအပေါ် သက်ရောက်ထိခိုက်မည့်ဒုက္ခ၊ သဘာဝပတ်ဝန်းကျင် ရေထု၊ မြေထု၊ လေထုများကို ပြောင်းလဲလွှမ်းမိုးစေမည့် ဒုက္ခများကို ဘာမျှမပြောသေး၊ မစဉ်းစားသေးဘဲ ဂေဟစနစ်အရ အပြန်အလှန်အမှီသဟဲပြုလျက်ရှိသော ချင်းတွင်းမြစ်ကမ်းရှိ အလွန်ပန်းရလှပစွာတည်ရှိသော တောင်ကြီးတစ်တောင်ပျောက်ကွယ်သွားမှာကိုစိုးရိမ်သည့် အချက်တစ်ချက်တည်းနှင့်ပင် မြစ်ဆုံစီမံကိန်းလို လုံးဝရပ်တန့်ပစ်ရန်လိုသည်ဟု ဘူမိပညာရှင်၊ ပထဝီပညာရှင်များ၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်သူများက ရင်ထဲမှစကားကို ဆိုကြပါသည်။ မုံရွာဒေသခံများကလည်း လဲလျောင်းအိပ်စက်နေသော ရောမဆင်ကြီးနှစ်ကောင်ဟု ညွှန်းဖွဲ့ထားသည့် ယင်းလက်ပန်းတောင်းတောင်ကြီးအား ဓားထစ်ရာမွှန်းနေပြီဟု ဆိုကြပါသည်။ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်သူများ၏ရင်ထဲမှာဖြင့် ယခုကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ အမြန်ဆုံး အကျယ်တဝင့် ဆွေးနွေးသင့်ပြီဟု ထင်မြင်သုံးသပ်နေကြပါသည်။

ကျောင်းပထဝီသင်ခန်းစာများတွင် မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေးတွင်စံပယ်တောင်၊ ကြေးစင်တောင်၊ လက်ပန်းတောင်းတောင်များရှိသည်ဟု ဆိုထားသော်လည်း ယခုအခါ တောင်ကြီးအချို့မှာ လုံးဝပျောက်ကွယ်လျက်ရှိနေပါပြီ။

ယေဘုယျအားဖြင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းစေမည့် စီမံကိန်းများ ဆောင်ရွက်သည့်ဒေသရှိ ပြည်သူအများစုမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသဘောတရားများကိုလည်း ကောင်းစွာမသိကြပါ။ သူတို့ကြောင့် ပတ်ဝန်းကျင်အပေါ် ကြီးကြီးမားမား ဆိုးကျိုးသက်ရောက်စေသည်ဟုလည်း လက်မခံ၊ မယူဆထားကြပါ။ သို့ရာတွင် လုပ်ငန်း လာရောက်လုပ်ကိုင်သည့်အဖွဲ့အစည်းများ၊ ပညာရှင်များမှာမူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးစေမည်များကို ကြိုတင်တွက်ဆ သိရှိထားနိုင်သော်လည်း လျစ်လျူရှုကာ လတ်တလော အကျိုးအမြတ်ရရေးကိုသာ အာရုံစိုက်လျက် လောဘမသတ်ဖြစ်နေကြပါသည်။ စီမံကိန်းများ တည်ရှိရာ အနီးတစ်ဝိုက်မှ ဒေသခံများအနေဖြင့် လောလောဆယ် သူတို့ရင်ဆိုင်ကြရမည့် ပြဿနာများမှကင်းဝေးအောင်၊ စီမံကိန်းများ ရပ်တန့်သွားအောင်၊ သူတို့ ခံစားကြရမည့် ဆိုးပြစ်များ လျော့နိုင်သမျှလျော့ရလေအောင် မည်သူ့ကိုမျှ မတောင်းဆိုနိုင်၊ မည်သို့မှ မကြံစည်နိုင်၊ မြေရေသယံဇာတများကို ရနိုင်သမျှ လက်ဝါးကြီးအုပ်ထားနိုင်ရန်၊ ဒေသအတွက် ပြန်လည်ဖြည့်ဆည်းပံ့ပိုး စောင့်ရှောက်ရမည့်အတွက်ကိုမူ တတ်နိုင်သမျှနည်းစေရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ချဉ်းကပ်ကြိုးပမ်းနိုင်ကြပါသည်။

နောက်ဆုံး ရလဒ်အဖြစ် အလူးအလဲ ခံစားကြရမည်မှာ ဘာမျှလည်းမဆိုင်၊ ဘာအကျိုးအမြတ်မှလည်း မခံစားလိုက်ရသည့် ဒေသခံပြည်သူများသာဖြစ်ပါလိမ့်မည်။ သဘာဝပတ်ဝန်းကျင်အား ဖျက်ဆီးမည့်သူများ နည်းနိုင်သမျှနည်းအောင်၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများကိုလျော့ချကာကွယ်နိုင်အောင်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်သူများ တိုးပွားလာအောင်လုပ်ဆောင်လိုစိတ်ပြင်းပြနေသူများမှာ ဒေသခံပြည်သူများသာ ဖြစ်လာပါလိမ့်မည်။

သို့ရာတွင် ထိုသူများမှာ ဘယ်ကစ၍ ဘယ်လိုလုပ်ရမှန်းမသိဘဲလည်း ဖြစ်နေကြပါသည်။ ထို့ကြောင့် သူတို့မှာ မိရိုးဖလာ အစဉ်အလာအတိုင်း သူတို့ အလွယ်တကူ လုပ်လည်း လုပ် တတ်၊ လုပ်လည်း လုပ်နိုင်သည့် အလုပ်ဖြစ်သောတောတောင် စောင့်နတ်တွေကိုပဲ တိုင်တည်ရတော့မှာလိုလိုသာ ဖြစ်လို့နေပါတော့သည်။

Business
7 DAY NEWS JOURNAL
Vol.11, No.21 · AUGUST 2 , 2012

# နိုင်ငံပေါင်း ၁၈ နိုင်ငံ သတ္တုတူးဖော်ရေးလုပ်ငန်းရှစ်မျိုးတွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေး

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၄**

သတ္တုတွင်း ထိပ်သီးညီလာခံကျင်းပနေစဉ်အတွင်း နိုင်ငံပေါင်း ၁၈ နိုင်ငံက သတ္တုတူးဖော်ရေးလုပ်ငန်းရှစ်မျိုး၌ ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်သက်က ပြောသည်။



သတ္တုတူးဖော်ရေးလုပ်ငန်းခွင်တစ်ခု ဓာတ်ပုံ - hdl-mining.com

ယင်းရင်းနှီးမြှုပ်နှံမှုလုပ်လိုသည့် သတ္တုတူးဖော်ရေးလုပ်ငန်း ၈ မျိုးမှာ ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကြေးနီ၊ ခဲ၊ သံ၊ ကျောက်မီးသွေး၊ သွပ်တို့ဖြစ်ကြသည်။ ယင်းကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံပါက ကုန်ချောထုတ်လုပ်နိုင်သော ကုမ္ပဏီများကိုသာ ခွင့်ပြုမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေ အနည်းဆုံးအမေရိကန်ဒေါ်လာ သန်းတစ်ရာပြသနိုင်သော အကြီးစားသတ္တုတူးဖော်သည့် ပုံစံဖြင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဦးကျော်သက်က ပြောသည်။

"အဆိုပြုလွှာ ၁၇ ခုတော့ အဲဒီ ထိပ်သီးညီလာခံ ပြုလုပ်နေစဉ်အတွင်း လာဆွေးနွေးကြတယ်။ အများဆုံးက ဩစတြေးလျနဲ့ ချီလီတို့ပါ။ ဒါပေမဲ့ အခုထက်ထိတော့ ဘယ်နိုင်ငံက ဘယ်ကုမ္ပဏီကိုမှ ခွင့်မပြုရသေးပါဘူး။ အလုပ်သဘောဆွေးနွေးမှုနဲ့ သူတို့ဘယ်မှာ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုတာလောက်ပဲ ဆွေးနွေးဖြစ်ကြတာပါ" ဟု ၎င်းကဆိုသည်။

ယင်းသတ္တု ၈ မျိုးစီးပွားရေးဖြစ်ထုတ်လုပ်နိုင်သော ဒေသများမှာ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့ဖြစ်ကြောင်း ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက ပြည်ပစီးပွားရေးလုပ်ငန်းရှင်များကို အဆိုပါ ထိပ်သီးညီလာခံတွင် ပြောကြားခဲ့သည်။

"ခဲမဖြူ၊ အဖြိုက်နက်ကို တနင်္သာရီမှာ အများဆုံးတွေ့ရတယ်။ ရွှေကိုတော့ ကချင်ပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာရှိတယ်"ဟု ဒေါက်တာရဲမြင့်ဆွေက ပြောသည်။

ယခုလက်ရှိ မြန်မာနိုင်ငံရှိ သတ္တုတူးဖော်ရေးကဏ္ဍတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်နေသော နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ဟောင်ကောင်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အကြံပေးဒေါ်မြသူဇာက ပြောသည်။

**စာ(၃၄)သို့**

# ကားသွင်းခွင့်လိုင်စင် ရန်ကုန်စီးပွားကူးသန်းရုံးတွင် လျှောက်နိုင်ရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၅**

မော်တော်ကားတင်သွင်းခွင့် လိုင်စင်များ ရန်ကုန်မြို့ရှိ စီးပွားကူးသန်းရုံးတွင် ဩဂုတ်လဆန်းပိုင်းမှစ၍ လျှောက်ထားနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ကိုယ်တိုင် တစ်ဦးချင်းလျှောက်တဲ့သူတွေကို ရန်ကုန်မှာ လိုင်စင်လျှောက်လို့ရတယ်။ ကိုယ်စားလှယ်တွေတော့ လျှောက်လို့မရဘူး" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးဦးတိုးအောင်က ပြောသည်။

ထိုလျှောက်လွှာများအား နေပြည်တော်သို့ အင်တာနက်မှတစ်ဆင့် ပေးပို့စိစစ်ပြီးနောက် ရန်ကုန်မြို့၌ပင် ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။

"နေပြည်တော်မှာ လျှောက်ရတာက တစ်ခုခုလိုပြီဆိုသွား နှစ်ရက်လောက်စောင့်ရပြီး ငွေကြေးထက် အချိန်ကြန့်ကြာတာက ပိုဆိုးတယ်။ သွင်းကုန်၊ ထုတ်ကုန် လိုင်စင်အားလုံးကို ရန်ကုန်မှာ လုပ်ပေးရင် အကောင်းဆုံးပဲ" ဟု Farmer Auto Show Room မှ အုပ်ချုပ်မှု ဒါရိုက်တာဒေါက်တာထွန်းဝင်းက ပြောသည်။

ဝန်ကြီးဌာနက တစ်နေ့လျှင် လိုင်စင် ၁၀၀ သာ ချထားပေးပြီး လျှောက်ထားသူမှာ တစ်နေ့ ၅၀၀ ရှိသဖြင့် လိုင်စင်တစ်စောင်ရရှိရန် ၇ ရက်ခန့်ကြာမြင့်ကြောင်း သတင်းရရှိသည်။

သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့က မေလဆန်းမှစ၍ မြန်မာနိုင်ငံသား မှတ်ပုံတင်ရှိသူများ ပါမစ်မလိုဘဲ ကားတစ်စီးတင်သွင်းခွင့်ပြုခဲ့ပြီး ဇူလိုင် ၂၅ ရက်ထိ ၅,၂၆၇ ဦးအား လိုင်စင်ထုတ်ပေးထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၈ | ၈၈၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၈ | ၈၈၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၁ | ၇၀၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၆၂ | ၁၀၈၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၅ | ၂၇. ၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၂ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၇၇ | ၈၇၈ | ကျပ် |

၂၀၁၂ ဇူလိုင် ၂၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၄၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၁၁၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၄၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၀၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၂၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၈. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၈၈. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၉၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၃၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၁၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၀၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၂၂. ၇၀၀ |
| ရေနံစိမ်း | စည် | ၁၀၆. ၄၇၀ |
| ငွေ | ၁ အောင်စ | ၂၇. ၄၉၈ |
| ကြေးနီ | ပေါင် | ၃၄၂. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၀၁၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇူလိုင် ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



## တရုတ်နိုင်ငံတွင် မြစ်ရေလျှံမှုကြောင့် မြန်မာ့စိုက်ပျိုးရေးပို့ကုန်များ ဈေးကောင်းရ

ပြည်သိမ်း

**ရန်ကုန်၊ ဇူလိုင်- ၂၇**

တရုတ်နိုင်ငံတွင် မြစ်ရေကြီးမှုများဖြစ်ပေါ်နေသဖြင့်မူဆယ်ကုန်သွယ်ရေးဇုန်တွင် မြန်မာ့စိုက်ပျိုးရေးပို့ကုန် ဈေးနှုန်းများမြင့်တက်လာကြောင်း မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

မြစ်ရေကြီးမှုကြောင့် လမ်းများပိတ်နေသဖြင့် လိုအပ်ချက်မြင့်လာခြင်းကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း မူဆယ်ဆန်စပါးလုပ်ငန်းအသင်း ပြန်ကြားရေးတာဝန်ခံကဆိုသည်။

"လမ်းပွင့်သွားရင်တော့ ဈေးပြန်အေးနိုင်တယ်။ လောလောဆယ် ငွေဈေးကြောင့် ဈေးရပေမယ့်လည်း မကိုက်သေးဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိမူဆယ်နယ်စပ်တွင် ဆန်ဈေးမှာ အနိမ့်ဆုံးတစ်အိတ်လျှင် ၁၃၁ ယွမ်(ကျပ်ငွေဖြင့် ၁၇၅၀၀ ကျော်)ရှိသည်။ ပြောင်းမှာလည်း အသစ်ဆိုလျှင် ၁၃၄ ယွမ်ထိ ဈေးရှိသည်။ တရုတ်-မြန်မာငွေလဲနှုန်းမှာ ကျပ် ၁,၀၀၀ ကို ၇ ဒသမ ၄၂ ယွမ်ရှိသည်။

"ပြောင်းဈေးကောင်းတာက အဝင်နည်းလို့ပါ။ လောလောဆယ်လှောင်သူလက်ထဲမှာပဲလက်ကျန်ရှိတော့တယ်"ဟု တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှ ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

မူဆယ်သို့ပြောင်းဝင်ရောက်မှုမှာ ယခုလတွင် လွန်စွာနည်းပြီး တစ်ရက်လျှင်ကားအစီးရေ၂၀၀နီးကျင်သာရှိသည်။ ယခင်နှစ်ကဆိုလျှင် တစ်ရက်လျှင် ကားအစီးရေ ၅၀ မှ ၆၀ ကြား ပုံမှန်ဝင်ကြောင်း သိရသည်။ ယင်းသို့ ပြောင်းဝင်နည်းရခြင်းမှ ယခင်နှစ်က တောင်သူများ ဈေးမရဘဲ ရှုံးနိမ့်ခဲ့သဖြင့် ယခုနှစ်တွင် စိုက်ပျိုးမှုနည်းခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံဘက်မှ သွင်းကုန်များမှာလည်း ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများသာ အများဆုံးဝင်နေသည်။ သို့သော်ပြည်တွင်းတောင်သူများ ဝယ်ယူမှုနည်းသဖြင့် အရောင်းအဝယ်မကောင်းကြောင်းကိုလည်း ဘုရင့်နောင်ဈေးမှ ဓာတ်မြေဩဇာရောင်းသူတစ်ဦးကဆိုသည်။




## အင်ကြင်းကျောက် ပြည်ပပို့ခွင့် ပြုတော့မည်

မိုးညို

**ရန်ကုန်၊ ဇူလိုင် - ၂၇**

နှစ်ပေါင်းသန်းချီ၍ သစ်ပင်မှတစ်ဆင့် ဓာတုသဘောအရ ဖြစ်ပေါ်ပြောင်းလဲတည်ရှိလာသည့် ရှားပါးအင်ကြင်းကျောက်အားပြည်ပနိုင်ငံများသို့ တရားဝင် တင်ပို့ခွင့်ပြုတော့မည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

အလှဆင် ကျောက်ထုတ်လုပ်ရန် အဆင့်မီသော အင်ကြင်းကျောက်ကို ထုတ်လုပ်တင်ပို့လိုပါက အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်၍ ရှာဖွေ၊ စမ်းသပ်၊ ထုတ်လုပ် တန်ဖိုးမြှင့်ပြုပြင်ခြင်းလုပ်ငန်းများကိုစတင်၍ လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

"အရင်တုန်းက သတ္တုတွင်းဥပဒေအရ အင်ကြင်းကျောက်ဟာ သတ္တုတွင်းဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်ထဲမှာ ရှိခဲ့တယ်။ ဒါပေမဲ့ မလုပ်ကိုင်ခဲ့ဘူး"ဟု အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်သိန်းကပြောသည်။

အဆိုပါအင်ကြင်းကျောက်အား ပြီးခဲ့သည့်နှစ်က ကျောက်မျက်ရတနာနှစ်လည်ပြပွဲ၌ ပထမဆုံးအကြိမ်ပြပွဲတွင် တင်ပြရောင်းချခဲ့မှုအချို့ ရှိခဲ့ပြီး တရုတ်ကုန်သည်အချို့၏ စိတ်ဝင်စားမှုကိုလည်း ရရှိခဲ့ကြောင်း ကျောက်စိမ်းကုန်သည်တစ်ဦးကပြောသည်။

လက်ရှိတွင် အင်ကြင်းကျောက်အား မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၊ မလှိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ပထမအဆင့်ရှိ အင်ကြင်းကျောက်များကိုတွေ့ရှိနိုင်ပြီး ဒုတိယအဆင့်ရှိ အင်ကြင်းကျောက်များကို မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနှင့် ကသာမြို့နယ်တို့တွင် တွေ့ရှိနိုင်ကြောင်း ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ အင်ကြင်းကျောက်ပြခန်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် အင်ကြင်းကျောက်များမှာ အရည်အသွေး ကောင်းမွန်မှုကြောင့် တရုတ်နိုင်ငံက အထူးသဘောကျနှစ်ခြိုက်ပြီး အိမ်ထောင်ပရိဘောဂ အလှဆင်လုပ်ငန်းများတွင် အင်ကြင်းကျောက်အား အဓိကအသုံးပြုကြကြောင်းသိရသည်။

## စာ(၃၃) - နိုင်ငံပေါင်း ၁၈ နိုင်ငံ သတ္တုတူးဖော်ရေး လုပ်ငန်းရှစ်မျိုးတွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေး မှ

မြန်မာပြည်တွင်းရှိ သတ္တုတွင်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်းကို စိတ်ဝင်စားကြောင်း၊ ရင်းနှီးမြှုပ်နှံခွင့်ရခဲ့ပါက ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံမှာ ပထဝီအနေအထားတူညီသောကြောင့် ရွှေ၊ ကြေးနီ၊ သံ တူးဖော်ရေးလုပ်ငန်းများကို စိတ်ဝင်စားကြောင်း၊ ထိပ်သီးညီလာခံသို့ အများဆုံးလာရောက်သော ဩစတြေးလျနိုင်ငံအခြေစိုက် ဘဏ္ဍာရေး၊ မဟာဗျူဟာ ချမှတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အတိုင်ပင်ခံအဖွဲ့မှ ဒါရိုက်တာမာဂရက်ဘရစ်ချ်က ပြောသည်။

လေးရက်တာ ကျင်းပသော သတ္တုတွင်း ထိပ်သီးညီလာခံသို့ ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန်၊ ဆွစ်ဇလန်၊ ချီလီ၊ ကနေဒါ၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗီးယား၊ ဂျပန်၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ အိန္ဒိယနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

Malteser International
Order of Malta Worldwide Relief

**Public Tendering Announcement**

Malteser International is a German based non-governmental organisation providing humanitarian assistance and development aid for people in need in over 40 countries. Our main focus lies in the sector of health and water/sanitation.

Malteser International is currently running Health, Water and Sanitation projects in Wa Special Region II, Shan Special Region IV, Kyaing Tong and Tachileik Townships.

Malteser International requests tenders from contractors in order to construct STI/HIV-AIDS Centers in Kyaing Tong and Tachileik Townships.

The requested tenders will consists of construction materials supply, transport, labor costs and the completion of construction works in accordance with Malteser approved designs, quality and standards for the construction of the STI/HIV-AIDS Centers in Kyaing Tong and Tachileik Townships.

Interested constructors can collect detailed information at our Project Offices in Kyaing Tong and/or Tachileik, not later than 10th August 2012 or please contact the following offices;

**Kyaing Tong Office**
**159, Myo Thit Ward**
**Airport Road, Kyaing Tong,**
**Eastern Shan State, Myanmar**
**Ph: +95 (0)84 222 45**

**Tachileik Office**
**No. 193, Par Lain (3) Street**
**Taw Kawt Ward, Tachileik**
**Eastern Shan State, Myanmar**
**Ph: +95 (0)9 495 886 71**

# ပဲမျိုးစုံ တန်ဖိုးမြင့်ထွက်ကုန်တင်ပို့မှု ၁၀ ရာခိုင်နှုန်းခန့်သာရှိ

**ကိုကိုကြီး**

**ရန်ကုန်၊ ဇူလိုင် - ၂၇**

ပြည်တွင်းမှ ထွက်ရှိသည့် ပဲအမျိုးမျိုးကို နှစ်စဉ် ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် ပဲမျိုးစုံတန်ဖိုးမြင့် ထွက်ကုန်များ တင်ပို့နိုင်မှုအခြေအနေသည် ၁၀ ရာခိုင်နှုန်းနီးပါးသာရှိကြောင်း ပဲလုပ်ငန်းနယ်ပယ်တွင် နှစ် ၂၀ ကျော် လုပ်ကိုင်နေသည့် အာကာဦးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမျိုးလွင်က ပြောသည်။

"ပြီးခဲ့တဲ့လေး၊ ငါးနှစ်လောက်က ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်းလောက်ကနေ အခုဆိုရင်တော့ ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းထိရှိတယ်" ဟု ဒေါက်တာမျိုးလွင်ကပြောသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပဲမျိုးစုံတင်ပို့မှု တန်ချိန်သည် နှစ်စဉ် တစ်သန်းကျော်ရှိပြီး လစဉ်တင်ပို့မှုတန်ချိန်သည် ခြောက်သောင်းမှ တစ်သိန်းကြား ရှိနိုင်သည်ဟု ခန့်မှန်းကြောင်း၊ လစဉ်တင်ပို့နေသည့် တန်ချိန်များအနက်မှ တန်ချိန် ရှစ်ထောင်မှ တစ်သောင်းသည် တန်ဖိုးမြင့်ထွက်ကုန်များအဖြစ် တင်ပို့နိုင်ခြေရှိသည်ဟု ဒေါက်တာမျိုးလွင်က သုံးသပ်ပြောသည်။

ထို့အပြင် ပဲစင်းငုံ ၉၀ ရာခိုင်နှုန်းကို ခွဲခြားပြုပြင်သန့်စင်ပြီး တင်ပို့ ရောင်းချခြင်းမရှိဘဲ Bag to Bag Quality ဟုခေါ်သည့် သန့်ရှင်းခြင်း၊ အရွယ်အစားခွဲခြားခြင်းမရှိသည့် စနစ်ဖြင့်သာ တင်ပို့မှုရှိကြောင်း၊ ပို့ကုန်သန့်စင်တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်းသာရှိကြောင်း ၎င်းက ထည့်သွင်းပြောသည်။ မတ်ပဲကိုလည်း ခွဲခြားပြုပြင်သန့်စင်ပြီး တင်ပို့ခြင်းနှင့် တန်ဖိုးမြင့် ထွက်ကုန်အဖြစ် ပြုလုပ်ပြီး တင်ပို့မှုရှိကြောင်း သိရသည်။ ပဲလွန်းဖြူ၊ ကုလားပဲ၊ ကုလားဖြူလုံးကြီး၊ မြေထောက်ပဲတို့ကိုလည်း ကုန်ကြမ်းနှင့် အဆင့်မြင့်တင်ပို့မှု ပုံစံနှစ်မျိုးရှိကြောင်းသိရသည်။

အဆိုပါ ပဲတင်ပို့သည့် လုပ်ငန်းရှင်က ပြည်ပဈေးကွက်သို့ ကုန်ချောပစ္စည်းအဖြစ် တင်ပို့ပါက ပျမ်းမျှအားဖြင့် ဒေါ်လာ ၅၀ မှ ၁၀၀ ထိ ဈေးပိုရကြောင်း၊ ခွဲခြမ်းသို့ ပြုပြင်တင်ပို့မည်ဆိုပါက ဒေါ်လာ ၂၀၀ မှ ၃၀၀ ထိ ဈေးရရှိနိုင်ကြောင်းပြောသည်။

# ရွှေဈေး တက်ရိပ်ပြသော်လည်း ဈေးကွက်အတွင်း လုပ်ငန်းရှင်များ ဝင်မလာသေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် - ၂၆**

ပြည်တွင်းရွှေဈေးနှုန်းများ တက်ရိပ်ပြနေသော်လည်း လုပ်ငန်းရှင်တို့ ဝင်ရောက်လုပ်ကိုင်မှုနည်းနေသေးကြောင်း ရွှေလုပ်ငန်းရှင်များကသုံးသပ်ပြောသည်။

"ဈေးကတော့ ဒီရက်ပိုင်းတက်နေတယ်။ ကမ္ဘာ့ဈေးကွက်က ဈေးပြောင်းလဲတာများလို့ ပြည်တွင်းဈေးလည်း တက်တယ်။ အနေအထားက ဈေးတွေ ဆက်တက်နိုင်သေးတယ်"ဟု ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် အရောင်းအဝယ် ပြုလုပ်နေသော ရွှေကုန်သည် ဦးလှအုန်းက ပြောသည်။ လက်ရှိ ဈေးနှုန်းအနေအထားအထိ ရွှေဆိုင်များ၏ အရောင်းအဝယ်မှာ သိသာစွာပြောင်းလဲမှုမရှိသေးဘဲ ဈေးကွက်ငြိမ်နေသေးကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဈေးအတက်ပြတယ်ဆိုပေမယ့် အဝယ်လိုက်တာတော့ မရှိသေးဘူး။ လုပ်ငန်းရှင်အများစုက မြန်မာငွေကို ကိုင်ထားချင်ကြတဲ့သဘောပဲ။ ဈေးထပ်တက်လာရင်တော့ အဝယ်လိုက်လာမယ်ထင်တယ်"ဟု အောင်သမာဓိရွှေဆိုင်မှ ဈေးကွက်မန်နေဂျာ ဦးဝင်းငယ်က ပြောသည်။

ရွှေဆိုင်များတွင် အပိုင်းဈေးကွက်၏ အရောင်းအဝယ်မှာအေးနေသေးသော်လည်း ဖျက်စနှင့် အထည်ဈေးကွက်တို့၏ ဝယ်လိုအားမှာ ကောင်းနေကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် ဇူလိုင် ၂၆ ရက်တွင် တစ်အောင်စလျှင် ၁,၆၀၀ ဒေါ်လာကျော်ထိ ဈေးနှုန်းများ မြင့်တက်နေသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၃၅,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်နေသည်။ ၁၅ ပဲရည်မှာလည်း တစ်ကျပ်သားလျှင် ၆၉၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေသည်။

လက်ရှိ ကမ္ဘာ့ဈေးကွက်အနေအထားအရ ပြည်တွင်းရွှေဈေးနှုန်းများလည်း ဆက်လက်မြင့်တက်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးက လက်ရှိဈေးထက် ဆက်တက်လာရင် အဝယ်လိုက်လာမယ်ထင်တယ်။ ဈေးက တက်စပဲရှိသေးတော့ ပြန်ကျသွားမှာစိုးလို့မဝယ်ကြသေးတဲ့သဘောပဲ" ဟု ဦးဝင်းငယ်ကပြောသည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

**TV**

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၃၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၆,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၈) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy S Ⅲ | 595,000 |
| Galaxy NEXUS(16GB) | 365,000 |
| Galaxy Note (16 GB) | 475,000 |
| Galaxy W | 225,000 |
| Galaxy Ace | 162,000 |
| Galaxy Gio | 127,000 |
| Galaxy P 7500 | 420,000 |
| Galaxy Tab | 490,000 |
| Galaxy S3600i | 73,000 |

**KMD Mobile Corner, Best More Smart Mobile, Do Co Mo, New Force Mobile, AMT Mobile ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။**

**HTC**

| Model | Price |
|---|---|
| Wildfire S | 135,000 |
| One X (32 GB) | 480,000 |
| One XL (32GB) | 530,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 4S(16 GB) | 580,000 |
| iPhone 4S(32 GB) | 675,000 |
| New iPad(16 GB) | 460,000 |
| New iPad(32 GB) | 550,000 |
| iPod Touch(32GB) | 218,000 |
| iPod Touch(64GB) | 301,000 |
| iPod Nano(8GB) | 133,000 |

**Huawei**

| Model | Price |
|---|---|
| U 8818 | 150,000 |
| C 8812 | 132,000 |
| U 8661 | 88,000 |
| C 8810 | 130,000 |
| Ascend PI (32GB) | 330,000 |
| U 3200 | 45,000 |
| U 8660 | 88,000 |

**ဇူလိုင်(၂၈)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၈၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၃၀,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၆၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**ဇူလိုင်(၂၈) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| July(22) | 3,550 | 3,900 | 4,000 | 4,100 |
| July(23) | 3,550 | 3,900 | 4,000 | 4,100 |
| July(24) | 3,550 | 3,900 | 4,000 | 4,100 |
| July(25) | 3,550 | 3,900 | 4,000 | 4,100 |
| July(26) | 3,550 | 3,900 | 4,000 | 4,100 |
| July(27) | 3,550 | 3,900 | 4,000 | 4,100 |
| July(28) | 3,550 | 3,900 | 4,000 | 4,100 |

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i5-3317U, 4GB DDR3,500 HDD, HD,13.3" | 782,100 |
| Intel Core i5-3210M, 4GB DDR3,750 HDD,2GB VGA,14.0" | 665,500 |
| Intel Core i3-2367, 4GB DDR3,500 HDD, 1GR VGA,14.0" | 542,800 |
| Intel DualCoreB950, 2GB DDR3,500 HDD,HD,14.0" | 364,500 |
| Intel DualCoreB967, 2GB DDR3,320 HDD,HD,11.6" | 291,400 |
| **msi** | |
| Intel Core i7 2.3GHz 8GB DDR3, 750HDD, 2GBVGA,17.3" | 1035,000 |
| Intel Core i7 2.3GHz 8GB DDR3, 750HDD, 2GBVGA, 15.6" | 1000,500 |
| Intel Core i5 2.5GHz 2GB DDR3, 500 HDD, 1GBVGA 14" | 568,900 |
| Intel Core i3 2.3GHz 2GB DDR3, 500 HDD, HD, 14" | 416,700 |
| **Lenovo** | |
| Intel Core i7 2.2GHz 4GB DDR3,750 HDD,2GBVGA,15.6" | 808,200 |
| Intel Core i5 2.5GHz 4GB DDR3,500 HDD, 2GBVGA,14" | 608,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD,2GBVGA, 14" | 555,900 |

7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012


အမူးလွန်နေသူတစ်ဦးအား ရဲအရာရှိတစ်ဦးက ရဲစခန်းအတွင်း ဆွဲသွင်းနေသည်ကို တွေ့ရစဉ်


ရဲစခန်းအတွင်း ခေါ်သွင်းထားသော အမူးသမားတစ်ဦး၏ မိသားစုများကို ဖုန်းခေါ်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦး



ရဲတပ်ဖွဲ့၏ မူးယစ်ရမ်းကားမှုနှိမ်နင်းရေးလုပ်ဆောင်နေရသော ဟွန်ဒေးခရိုင်မှ အမူးလွန် လူငယ်များ

# တောင်ကိုရီးယားမူးယစ်ရမ်းကား ဇာတ်လမ်း

**ကြည်နေဝင်းမင်း**

အမူးသမားက ရဲစခန်းအချုပ်ခန်းမှတံခါးကို သူ၏ ဒူးဖြင့် တဒိုးဒိုးတိုက်နေသည်။ အချုပ်ခန်းနံရံကိုလည်း ကုတ်ခြစ်နေပြီး ထွက်လာသောအဖတ်များကို ပစ်ပေါက်နေသည်။ ပါးစပ်ကလည်း အချုပ်ခန်းပြင်ပတွင် ထိုင်နေသော ရဲအရာရှိများအား ဆဲဆိုနေသည်။ ရဲအရာရှိများကမူ ယင်းမှာ သူတို့၏ ညဘက်ကြားနေကျသံစဉ်ကို ကြားနေရသည့်နှယ် ၎င်းအား လျစ်လျူရှုထားသည်။

ရဲစခန်းလုံခြုံရေး ကင်မရာများဖြင့် ရိုက်ကူးထားပြီး ရုပ်မြင်သံကြားမှပြန်လည်ပြသသော ဤမြင်ကွင်းမျိုးမှာ တောင်ကိုရီးယားနိုင်ငံတွင် ရိုးအီနေပြီဖြစ်သည်။ ယင်းမှာနေပြီးအရက်အလွန်အကျွံသောက်ခြင်းကို လူ့အဖွဲ့အစည်းကလက်ခံထားခြင်းနှင့် ရဲတပ်ဖွဲ့နှင့်ပြည်သူလူထုကြားက တစ်မျိုးတစ်မည်ဖြစ်နေသော ဆက်ဆံရေးအကြောင်းကိုပြသနေသည်။

ဆိုးလ်မြို့ရှိ ရဲစခန်းတိုင်းလိုလိုမှ အချုပ်ခန်းများတွင် ညစဉ်ညတိုင်းလိုလိုပင် အမူးလွန်နေသော အမျိုးသားများ တစ်ခါတစ်ရံ အမျိုးသမီးများပါ ရဲအရာရှိများကို စကားလုံးများဖြင့် စော်ကားခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းများကိုပင် တွေ့မြင်နိုင်သည်။ ၎င်းတို့ ဒေါသဖြေဖျောက်ခြင်းကိုလည်း အများအားဖြင့် သည်းခံနေသောကြောင့်လည်းဖြစ်သည်။ အမူးသမားများမှာ အများအားဖြင့် ညဘက်ရဲစခန်းတွင် အိပ်ပြီး နောက်တစ်နေ့တွင် အိမ်ပြန်သွားကြသည်။ ၎င်းတို့အတွက် ပြစ်ဒဏ်မှာ ဒဏ်ငွေအနည်းငယ်မျှသာ ဖြစ်သည်။

"သူတို့က ရဲစခန်းကို သူတို့ရဲ့ဒေါသတွေ ဖြေလျှော့ရာနေရာအဖြစ် သဘောထားကြတယ်" ဟုရဲမှူးတစ်ဦးဖြစ်သူ ပတ်ဒန်ဝန်ကပြောကြားသည်။ "ကျွန်တော်တို့ကို ဂရုစိုက်စရာမလိုဘူးလို့ တောင်ထင်ကြတယ်" ဟု ၎င်းက ဆက်ပြောသည်။

ယခုအခါတွင်မူ ဆိုးလ်မြို့မက်ထရိုပိုလစ်တန် ရဲဌာနချုပ်က ဤအရာများအားလုံးတော်သင့်ပြီဟု ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။ မေလမှစ၍ မူးယစ်ရမ်းကားမှုများကိုနှိမ်နင်းတော့မည့်အကြောင်း ရဲတပ်ဖွဲ့က တစ်မြို့လုံးတွင် ကြေညာစာများကပ်ခဲ့သည်။ ယင်းမှာ သောက်စားမူးယစ်သူများကို ကိုယ်တာဝန်ကိုယ်ယူ ပြုမူကြရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။ ရဲဆိုသည်မှာ ဂျပန်ကိုလိုနီခေတ်မာစတာများကို သတင်းပေးလက်ထောက်ချသူများ၊ စစ်အာဏာရှင်များ၏ လက်ကိုင်တုတ်များဟု နာနာကြည်းကြည်း အမှတ်ရနေသော နိုင်ငံတွင် ရဲတပ်ဖွဲ့၏ ဩဇာအာဏာကို ပြန်လည်ထူထောင်ခြင်းလည်းဖြစ်သည်။

ယမန်နှစ်အတွင်း ဆိုးလ်မြို့၌ ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲခံသူ ၇၇ ရာခိုင်နှုန်းမှာ မူးနေသူများဖြစ်သည်။ သို့သော် ပြည်သူ့ဝန်ထမ်းများအား စော်ကားနှောင့်ယှက်မှုပြုသူ ၁၅ ရာခိုင်နှုန်းကိုသာ အချိန်အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားနိုင်ခဲ့ပြီး ယင်းတို့ထဲမှ ထက်ဝက်ခန့်ကိုသာ အမှုမြောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ထို့အတွက် အဓိက အကြောင်းအရင်းမှာ တရားသူကြီးများနှင့် အစိုးရရှေ့နေများက အစဉ်အလာအားဖြင့် မူးယစ်ရမ်းကားများကို သက်ညှာပေးကြသောကြောင့်လည်း ဖြစ်သည်။

"ထိန်းမနိုင် သိမ်းမရဖြစ်နေတဲ့ မူးယစ်ရမ်းကား နိုင်ငံသားတွေကိုကျွန်တော်တို့ အင်အားသုံးဖို့ တွန့်နေကြပါတယ်။ အကြောင်းကတော့ ရဲက အကိုင်အတွယ်ကြမ်းတမ်းတယ်ဆိုပြီး တရားစွဲခံရနိုင်လို့ပါပဲ" ဟုဆိုးလ်မြို့ ဂူရိုခရိုင်မှ ရဲအရာရှိကြီးတစ်ဦးဖြစ်သူ ချိုတိုင်အီက ပြောသည်။

မေလတွင် စီမံကိန်းစတင်ပြီးနောက်ပိုင်းတွင်လည်း ရဲတပ်ဖွဲ့က ပြစ်မှုထပ်ခါထပ်ခါ ကျူးလွန်သူပေါင်း ၂၃၀ နီးပါးကိုသာ ဖမ်းဆီးခဲ့သည်။ ပျမ်းမျှအားဖြင့် ၂၆ ကြိမ်ခန့် စစ်ဆေးမေးမြန်းခံရပြီး တစ်ခါတစ်ရံဖမ်းဆီးခံရသူများဖြစ်သည်။ မူးနေစဉ် ပြစ်မှုအမျိုးမျိုးကျူးလွန်ပြီး ရဲတပ်ဖွဲ့၏ တာဝန်ဝတ္တရားများကိုနှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်ခြင်းများလည်း ပါဝင်သည်။

ကမ္ဘာပေါ်တွင် အလုပ်ချိန်အရှည်ဆုံး အလုပ်လုပ်သူများတွင် ပါဝင်သော တောင်ကိုရီးယားနိုင်ငံသားအများအပြားမှာ မိတ်ဆွေဖွဲ့ခြင်းနှင့် ရုံးသူရုံးသားလုပ်ဖော်ကိုင်ဖက်စိတ်ဓာတ် အမြန်ဆုံးတည်ဆောက်နည်းမှာ အတူတကွမူးခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ "များများသောက်နိုင်သူသည်များများအလုပ်လုပ်နိုင်သူဖြစ်သည်" ဟူသော ဆိုရိုးမှာ တောင်ကိုရီးယားတွင် လက်သုံးစကားဖြစ်သည်။ ထို့အပြင် အလုပ်ချိန်ပြီးဆုံး၍ ပြန်လာသူများ၏ ရွေးချယ်မှုမှာ "The Bomb" ဖြစ်သည်။ ယင်းမှာ ကိုရီးယားလုပ်ဆန်အရက်ဆိုဂျူးတစ်ပတ်ကို ဘီယာတစ်ခွက်ဖြင့် ရောသောက်ခြင်းဖြစ်သည်။ ယင်းအရောအစပ်ကို စားပွဲဝိုင်းတွင် ဝိုင်းထိုင်နေသူအားလုံးက တစ်ပြိုင်တည်းတစ်ကြိမ်တည်း ခွက်မှောက်သောက်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏အဆိုအရ တောင်ကိုရီးယားသည် အထွေထွေအရက်သောက်သုံးမှုတွင် ကမ္ဘာ့နံပါတ်(၁၃)နေရာ၌ရှိပြီး အရက်ပြင်းသောက်သုံးမှုနံပါတ်(၁)နိုင်ငံဖြစ်သည်။ ကိုရီးယားအရက် သုတေသနဖောင်ဒေးရှင်းမှကောက်ယူခဲ့သောစစ်တမ်းအရ တောင်ကိုရီးယားကောလိပ်ကျောင်းသား ၄၄ ရာခိုင်နှုန်းသည် အရက်အမူးလွန်၍ ဘာမှမသိတော့ဘဲ အမှောင်ကျသွားခြင်းမျိုး ကြုံတွေ့ဖူးကြောင်း တွေ့ရှိခဲ့သည်။

"တောင်ကိုရီးယားအရက်သောက်ပုံနဲ့ ပတ်သက်ပြီး အဓိကပြဿနာက မြန်မြန်မူးအောင်မြန်မြန်သောက်ကြတာဖြစ်ပါတယ်" ဟုအဆိုပါ ဖောင်ဒေးရှင်းအရာရှိတစ်ဦးဖြစ်သူ ချန်ကီဟွမ်းက ပြောပြီး "စိတ်တူကိုယ်တူ သဘောထားအားကောင်းတဲ့ လူ့အဖွဲ့အစည်းမှာ အရက်သောက်ဖို့ ဆွဲဆောင်တာကို ငြင်းပယ်ဖို့ရာ လူတွေမှာ အလေ့အကျင့် မရှိဘူးဖြစ်နေတယ်" ဟု၎င်းက ဆက်လက်ပြောသည်။

တောင်ကိုရီးယားတွင် အရက်ကလည်း ဈေးပေါပါသည်။ ၁၂ အောင်စခန့်ပါဝင်သော ဆိုဂျူးအရက်တစ်ပုလင်းမှာ တောင်ကိုရီးယားဝမ်ငွေ ၁၂၀၀ (တစ်ဒေါ်လာခန့်) သာကုန်ကျပြီး ညလုံးပေါက် ဖွင့်လှစ်သော စတိုးဆိုင်များတွင် ရရှိနိုင်သည်။ အိုလံပစ်အလှပြစကိတ်စီးချန်ပီယံကင်ယူနာကဲ့သို့ကျော်ကြားသူလူငယ်များကလည်း အရက်ကြော်ငြာများတွင်ပါဝင်ကြပြီး အချို့မင်းသမီးမင်းသားများက ရုပ်မြင်သံကြားအစီအစဉ်များတွင် အရက်မည်မျှသောက်နိုင်ကြောင်း ကြွားဝါကြသည်။

သောကြာနှင့် စနေကဲ့သို့သောညများတွင် လည်စည်းနှင့်အနောက်တိုင်းဝတ်စုံ အကျအနဝတ်ဆင်ထားသူများ လမ်းဘေးတွင်အန်နေခြင်း(သို့မဟုတ်)ရထားဘူတာရုံတွင် ကားလျားမှောက်လဲနေခြင်းများကို တွေ့မြင်နိုင်သည်။ ၎င်းတို့မှာ ဆိုးလ်မြို့၏ ညမြင်ကွင်းတွင် ပါဝင်နေကျဖြစ်ရာ ၎င်းတို့အတွက် "အမှောက်သောက်ကိုရီးယား" "Black Out Korea" ဟုခေါ်သော အင်တာနက်ဘလော့ဂ်တစ်ခုပင် သီးသန့်ရှိသည်။ ဆိုးလ်မြို့ယောင်ဒင်ပိုခရိုင်မှ လက်ထောက်ရဲမှူးကြီးဖြစ်သူ ချိုင်ဂျောင်ဝုတ်က ၎င်းတို့ရဲတပ်ဖွဲ့၏ အလုပ် ၈၀ ရာခိုင်နှုန်းမှာ မူးယစ်ရမ်းကားသူများနှင့် ပတ်သက်သည်ဟု ပြောပြပါသည်။

ဂျပန်ကိုလိုနီခေတ် ဖြစ်သော ၁၉၁၀ မှ ၁၉၄၅ ခုနှစ်များအတွင်း ရဲတပ်ဖွဲ့က ဂျပန်အာဏာပိုင်များအတွက် အလုပ်လုပ်ပေးခဲ့ခြင်းကို ကိုရီးယားများကစိတ်နာကြသည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ဒီမိုကရေစီအရေးဆန္ဒပြမှုများအား နှိမ်နင်းရာတွင် ရဲတပ်ဖွဲ့က ထိပ်ဆုံးမှ ပါဝင်ခဲ့သူများဖြစ်သည်။ ၁၉၈၀ ကျော်နှစ်များအတွင်း ကိုရီးယားနိုင်ငံ ဒီမိုကရေစီစနစ်သို့ပြောင်းလဲလာပြီး နောက်တွင်မူ ရဲတပ်ဖွဲ့နှင့် နိုင်ငံသားများ၏ ဆက်ဆံရေးမှာ ပြောင်းပြန်ဖြစ်သွားပြီး ရဲအရာရှိများအား ကြောက်ရွံ့ခြင်းနေရာတွင် "နိုင်ငံသားများမှာ သင်တို့၏ အရှင်သခင်များ ဖြစ်သည်" ဟူသော သဘောထားများဖြင့် အစားထိုးခဲ့သည်။

မကြာသေးမီတစ်ညက လူစည်ကားရာ အင်ဂွန်ဒေသ၌ ဒယီဒယိုင်နှင့်ယိမ်းထိုးနေသူတစ်ဦးက ရဲကားတစ်စီးကို တားလိုက်ပြီး ကားရှေ့ဘန်ပါကို ခြေထောက်ဖြင့် ကန်လိုက်ရင်း အင်တီနာတိုင်ကိုလည်းဆွဲဖြုတ်လိုက်သည်။ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုရင်း ရဲတပ်ဖွဲ့ဝင်များကိုလည်း စိန်ခေါ်နေသည်။ ရဲအရာရှိများက ၎င်းအားကိုယ့်လမ်းကိုယ်သွားရန် တိုက်တွန်းနေပြီး ဖြတ်သွားဖြတ်လာများကသဘောကျကာ ရပ်ကြည့်နေကြသည်။

"လူတွေက ကျွန်တော်တို့ကို ကြောက်ရမယ်လို့ မပြောပါဘူး။ ကျွန်တော်တို့ကို မစော်ကားဖို့ဘဲ တောင်းဆိုတာပါ" ဟု လက်ထောက်ရဲမှူးကြီး ချိုင်ဂျောင်က ပြောပါသည်။

*—Ref: NY Times*

M.E.S Affiliated Centre

edexcel
Approved Centre No: 93081

# CHINDWIN COLLEGE
## SCHOOL OF ENGINEERING



- တင်လတ်(85 Mechanical) နှင့်ကျော်နိုင်(86 Electrical) ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
- တစ်ခုတည်းသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) Affiliated College ဖြစ်သည်။
- ချင်းတွင်းကောလိပ်တွင် HND Electrical & Electronics Engineering ရရှိပြီး သူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E (Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
- **ချင်းတွင်းကောလိပ်မှ Electrical & Electronics Engineering နှင့် Mechanical Engineering တန်းခွဲသစ်များကို ဇူလိုင်လ မှ စတင်လက်ခံနေပြီ ဖြစ်ပါသည်။**
- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့် တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
- HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E(Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။

**ဆက်သွယ်ရန်**

ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁-၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါ တိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း - ၀၉-၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉

www.facebook.com/chindwincollege

OUR PARTNERS

AUSTON INSTITUTE · TEG INTERNATIONAL COLLEGE · Coventry University · University of Wolverhampton · SOE SAN · edexcel advancing learning, changing lives · University of Sunderland

---




ဖလိုရိုဒ်နှင့် ကယ်လ်ဆီယမ်အရည်ပါဝင်သည့် တစ်ခုတည်းသောဖော်မြူလာ

Colgate သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားသော နံပါတ်(၁) သွားတိုက်ဆေး

---

# DO DO KO KO
**Computer & Electronics Sales Centre**

ပျော်ရွှင်သောမိသားစုအတွက် ပိုင်ဆိုင်နိုင်ရန်အတွက် LCD TV ကို အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါပြီ။

ကြည်လင်ပြတ်သားမှု အမြင့်မားဆုံး Made In Japan LCD TV များ



| | |
|---|---|
| 15" LCD TV | 33000/- |
| 20" LCD TV | 79000/- |
| 26" LCD TV | 99000/- |
| 32" LCD TV | 170000/- |



အချိန်လုပြီးဈေးသွားရ အဝတ်လျှော်ရ(ခြောက်သွေ့ရန်စက်ခဲ)တဲ့ ဘဝက ကင်းဝေးဖို့ ဈေးနှုန်းမှာချိုသာပြီး ပစ္စည်းမှာ အရမ်းကောင်းတဲ့ **Made In Japan** အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာများ

**Toshiba (Brand New) Made In Japan**
(လျှင်မြန်စွာခြောက်သွေ့သော **Airdry System** ပါဝင်သည်။)

| | |
|---|---|
| 4 Kg | 189000/- |
| 6 Kg | 220000/- |
| 7 Kg | 245000/- |

အဝတ်လျှော်စက် **Made In Japan (Used)**

| | |
|---|---|
| 5 Kg | 85000/- |
| 7 Kg | 90000/- |



**ရေခဲသေတ္တာများ (Made In Japan)**

| | |
|---|---|
| 1 door | 25000/- |
| 2 doors (s) | 60000/- |
| 2 doors (m) | 80000/- |
| 3 doors | 150000/- |
| 4 doors | 200000/- |

**ပစ္စည်းတန်ဖိုး၏ တစ်ဝက်ရှိရုံနှင့်ပစ္စည်းများကိုအရစ်ကျဝယ်ယူနိုင်ပါသည်။**

* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊ ဖုန်း- ၃၈၈၆၅၄၊ ၃၈၉၀၆၇၊ ၀၉-၅၁၃၈၉၃၂၊ ၀၉-၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး) ဖုန်း- ၀၉-၇၃၁၆၁၂၀၇၊ ၅၇၉၇၈၁
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုခမာလမ်း၊ (ဈ)ရပ်ကွက်(ဖ-ကွေ့ ကားမှတ်တိုင်အနီး)၊ ဖုန်း- ၉၆၉၀၁၇၅၊ ၀၉-၄၂၀၀၀၄၁၄၁
* မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း- ၀၂-၇၁၇၆၈
* ပဲခူး အမှတ် (၁)၊ မင်းလမ်း ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့။ ဖုန်း-၀၉-၇၃၁၁၈၃၅၀၊ ၀၉-၄၉၅၇၁၁၄၂

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# 7DAY BOOK REVIEW

## မြန်မာ့လူ့ဘောင်အပြောင်းအလဲအတွက် အရေးကြီးတဲ့စကားလုံး ၁၀၀(မောင်မြင့်ဇော်)




သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အသိပညာပေးဆောင်ရွက်နေပြီး ဩစတြေးလျအမျိုးသားတက္ကသိုလ်တွင် သယံဇာတစီမံခန့်ခွဲမှုနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ ပါရဂူဘွဲ့ယူရန် ပညာသင်ယူနေသည့် စာရေးသူ မောင်မြင့်ဇော်၏ ထူးခြားသည့်စာအုပ်ဖြစ်သည်။ စာအုပ်တွင် ယနေ့အချိန်အခါနှင့် ကိုက်ညီသော မြန်မာ့နိုင်ငံရေးအခြေအနေတစ်ရပ်၌ သိမှတ်ဖွယ်ရာ အကြောင်းအရာ ၁၀၀ ကို အခန်း ခြောက်ခန်းခွဲကာ ပြုစုထားသည်။ ယင်းတို့မှာ သဘာဝသယံဇာတ စီမံခန့်ခွဲမှု (Natural Resource Management)၊ ပြည်သူ့ရေးရာ မူဝါဒများ(Public Conflict Recolut-ion)၊ ရပိုင်ခွင့်နှင့် ဝတ္တရား (Rights and Responsibilities)၊ ဆင်းရဲနွမ်းပါးမှု(Poverty)၊ ပြည်သူ့လူ့အဖွဲ့အစည်း (Civil Society)ဟူ၍ဖြစ်သည်။ အခန်းတစ်ခုအောက်တွင် သက်ဆိုင်သည့် စကားလုံးဝေါဟာရ၏ အနက်ကို သရုပ်ဖော်ပုံများနှင့် ပူးတွဲ ရှင်းလင်းထားပြီး ကမ္ဘာပေါ်တွင် ထင်ရှားခဲ့သည့်ပုဂ္ဂိုလ်များ၏ အဆိုအမိန့်များဖြင့် အထောက်အပံ့ပြုထားသည်။ ဂျူးစာပေက တန်ဖိုး ၄၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## သတ္တိ (ခင်မောင်တိုး-မိုးမိတ်)




ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းပြုစုခဲ့သည့် Courage Eight Portraits စာအုပ်ကို မြန်မာဘာသာသို့ လုံးစေ့ပတ်စေ့ ပြန်ဆို ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။ စာအုပ်တွင် ၂၀ အုပ်စုအတွင်း ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များဖြစ်ကြသော အမေရိကန်သမ္မတရောဘတ်ကနေဒီ၊ နာဇီတို့ကို ဆန့်ကျင်အန်တုခဲ့သည့် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒိုင်းထရစ်ဘွန်ဟိုးဖွား၊ အင်္ဂလိပ်လူမျိုးသူနာပြုဆရာမ အဲဒစ်လွိုင်ဇာကာဗဲ၊ အသားအရောင်ခွဲခြားမှုတိုက်ဖျက်ခဲ့သူ တောင်အာဖရိက သမ္မနယ်လ်ဆင်မင်ဒဲလား၊ ကင်ဆာ ဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ခဲ့သူ စစ္စလီဆောင်းဒါး၊ အသားအရောင်ခွဲခြားခြင်းနှင့် လူမည်းအခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သူ မာတင်လူသာကင်း ဂျူနီယာ၊ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့၏ သတ်ဖြတ်ခြင်းကို ခံရမည့် ဂျူးလူမျိုးများအား ကယ်တင်စောင့်ရှောက်ခဲ့သူ ဆွီဒင်နိုင်ငံသားရာအော ဝေါလင်းဘတ်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များကို ဂေါ်ဒွန် ဘရောင်း၏ ထူးခြားသည့် အမြင်ဖြင့် 'သူရသတ္တိ' ပိုင်းဆိုင်ရာ အတွေးအမြင်များကို ဖတ်ရှုရပါမည်။ အကြောက်တရားများဖြင့် နှစ်ပေါင်းများစွာ လွှမ်းမိုးချုပ်ကိုင်ခံခဲ့ရသော မြန်မာနိုင်ငံသားတိုင်း ဖတ်ရှုသင့်သော စာအုပ်ဖြစ်ပြီး စာပေလောက စာအုပ်တိုက်က ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## တောင်ကိုရီးယားသမ္မတ အီမြောက်ဘတ်(ခ်)၏ သူ့ဘဝသူ့အကြောင်း (တောင်ခိုး)




လက်ရှိတောင်ကိုရီးယားနိုင်ငံ၏ သမ္မတအီမြောက်ဘတ်(ခ်)၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် ဖြစ်သည်။ စာအုပ်တွင် ၎င်း၏ ငယ်စဉ်ကလေးဘဝကဆင်းရဲနွမ်းပါးစွာဖြင့် ဘဝကိုရုန်းကန်ကြိုးစားခဲ့ရပုံ၊ ဟွန်ဒေးဆောက်လုပ်ရေးလုပ်ငန်းကြီးတွင် သာမန်စာရင်းကိုင်ဘဝဖြင့် ဝင်ရောက်လုပ်ကိုင်ရာမှ အမှုဆောင်အရာရှိချုပ်အထိ တက်လှမ်းနိုင်ခဲ့ပြီး စီမံကိန်းကြီးများကိုဦးဆောင်ဦးရွက်ပြုခဲ့ပုံ၊ ကိုရီးယားတွင်သာမက မလေးရှား၊ တိုင်ပေ၊ ထိုင်း စသည့်နိုင်ငံများ၏ မြို့ပြစီမံကိန်းများ၌ ပါဝင်ဆောင်ရွက်ရပုံ၊ ၂၀၀၂ ခုနှစ်တွင် ဆိုးလ်မြို့တော်ဝန်၊ ၂၀၀၇ ခုနှစ်တွင် သမ္မတဖြစ်လာပုံနှင့် ကိုရီးယားသမ္မတနိုင်ငံကို G-20 စီးပွားရေးအဆင့်သို့ ရောက်ရှိအောင် ဦးဆောင်မှုပေးခဲ့ပုံတို့ကိုဖတ်ရှုရပါမည်။ ချို့တဲ့နွမ်းပါးသည့်ဘဝမှ သမ္မတအဆင့်အထိ တက်လှမ်းနိုင်ခဲ့သော ၎င်း၏ ဘဝ အတွေ့အကြုံ၊ သင်ခန်းစာများနှင့် အောင်မြင်မှုများကိုခြုံ၍ သိမြင်နိုင်မည့်စာအုပ်ဖြစ်သည်။ ပြည့်စုံစာအုပ်တိုက်က တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာပေါ်မှာ ဆုကြေးအများဆုံးရခဲ့တဲ့ ပိုကာသမား

အမေရိကန်နာမည်ကျော်ဖဲသမား အန်တိုနီယိုအက်စဖန်ဒီယာရီသည် မကြာသေးမီက လော့စ်အိန်ဂျလိစ်တွင်ပြုလုပ်သော Big One for One Drop ပိုကာပြိုင်ပွဲ၌ ဆုကြေးဒေါ်လာ ၁၈ ဒသမ ၃ သန်းဆွတ်ခူးကာ ကမ္ဘာပေါ်တွင် ဆုကြေးအများဆုံးရသည့် ပိုကာသမားစံချိန်သစ်ကို ရရှိသွားခဲ့သည်။

အန်တိုနီယိုသည် ဒေါ်လာတစ်သန်းအနည်းဆုံးဖြင့် ဝင်ကစားရသော ယင်းပိုကာပြိုင်ပွဲတွင် ချမ်းသာသော အပျော်တမ်းကစားသမားများနှင့် အကောင်းဆုံး ပရော်ဖက်ရှင်နယ်ကစားသမားစုစုပေါင်း ၄၇ဦးကို ယှဉ်ပြိုင်အနိုင်ရကာ ထိုသို့စံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲပြီးနောက် ၎င်းကဆုကြေးကိုတစ်ခါမှမစဉ်းစားခဲ့ဖူးကြောင်း၊ နိုင်ချင်စိတ်သက်သက်ဖြင့် ပြိုင်ခဲ့ကြောင်းပြောသည်။ ပြိုင်ပွဲတွင် ဒုတိယရခဲ့သော ဗြိတိန်မှ ဆမ်တရစ်ကက်မှာ ဆုကြေးဒေါ်လာ ၁၀ ဒသမ ၁ သန်း ရရှိခဲ့သည်။ ယင်းပြိုင်ပွဲမှရရှိသော ဝင်ငွေတစ်စိတ်တစ်ဒေသကို One Drop အမည်ရှိရန်ပုံငွေအဖွဲ့သို့ လှူဒါန်းရန် ရည်ရွယ်သည်ဟုဆိုသည်။ ထိုရန်ပုံငွေအဖွဲ့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရရှိရေးနှင့်ဆက်နွယ်သောကိစ္စရပ်များတွင် အများပြည်သူအာရုံစိုက်မှုရရှိအောင်ဆောင်ရွက်နေသောအဖွဲ့ဖြစ်သည်။

—Ref: Guiners

## တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၁ ရက် မှ ၇ ရက် အထိ

စံဇာကဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

တိုးတက်အောင်မြင်ခြင်းများ၊ ရည်မှန်းချက်ပြည့်ဝခြင်းများ ဖြစ်ပေါ်မည်။ ကြိုတင်ပြင်ဆင်ထားခြင်း မရှိဘဲ ရုတ်ခြည်းမူလအစွမ်းအစနှင့် လုပ်ကိုင်မှုများတွင် အောင်မြင်မှုထင်ရှားစွာ ရရှိမည်။ ဘဝလမ်းကြောင်း အကွေ့အပြောင်းနှင့် လမ်းသစ်တစ်ခုပေါ် သို့ဦးတည်မည်။ ကိုယ်ပိုင်စွမ်းပကားမြင့်မားစွာရှိနေမည်။ ငွေကြေးထံ အထူးကောင်းသည်။ လုပ်ငန်းသစ်များ စတင်နိုင်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အောင်မြင်မှုနှင့် လိုလားချက်ပြည့်ဝမှုများ လွှမ်းမိုးနေသည်။ ဆန္ဒရှိရာ ရဲရဲလုပ်ပါ။ တွေဝေနောက်တွန့်ခြင်းမရှိပါနှင့်။ ဆုံးဖြတ်ထားသည့်ကိစ္စအပေါ် ပြန်လည်ပြင်ဆင်ခြင်း မပြုသင့်။ ပညာရှာသူများ ထူးထူးခြားခြားတိုးတက်မည်။ လုပ်ငန်းလုပ်သူများ ငွေကြေးကံကောင်းမည်။ မိသားစုနှင့် ပတ်သက်၍ စိတ်ပင်ပန်းမှုရှိနေမည်။ ကိုယ့်အရေးထက် သူတစ်ပါးအရေးကို ဦးစားပေးနေရမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ပျော်ရွှင်လွတ်လပ်နေမည်။ ပတ်ဝန်းကျင်သစ်များနှင့် ထိတွေ့ရမည်။ အတွေ့အကြုံသစ်များရမည်။ လိုရာဆောင်ရွက်အောင်မြင်မည်။ ငွေကုန်များမည်။ ကုန်သည့်ငွေအပေါ် နှမြောတွန့်တိုခြင်း မရှိ။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့်ပတ်သက်သော ဆောင်ရွက်ခြင်းများတွင် အကျိုးထူးကောင်းစွာရမည်။ ငွေကြေး ရင်းနှီးမြှုပ်နှံမှုသစ်များ ပြုနိုင်သည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လမ်းသစ်ထွင်၍ တိုးတက်မည်။ လိမ်လည်လှည့်စားသော သူများနှင့်တွေ့တတ်သည်။ စက်ပစ္စည်းအပျက်အယွင်းများမည်။ ငွေကြေးကြားဝင်၍ အာမခံခြင်း တာဝန်ယူခြင်းများ တတ်အားသမျှ ရှောင်ပါ။ အသေးစားထိရှမှု ဂရုစိုက်ပါ။ လုပ်ငန်းခွင်မှသူများ လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ရန် အခွင့်အရေးကြုံကလက်ခံပါ။ အလုပ်ပို၊ တာဝန်ပိုများလည်း ဆောင်ရွက်နေရမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စီစဉ်ထားသည်များ နောက်ဆုံးအဆင့်အထိရောက်ပြီးမှ အတားအဆီးများ ကြုံကာ မူလအစမှ ပြန်လည်စတင်ရခြင်းကြုံမည်။ သူတစ်ပါးအပေါ် လွှန်လွန်ကဲကဲ အားနာလွယ်၍ စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ငွေကြေးစာရင်းဇယားကိစ္စများ ဖြေရှင်းရန် ခက်ခဲတတ်သည်။ မိဘအကြီးအကဲကျန်းမာရေး ချူချာတတ်သည်။ ပျိုရွယ်သူများ ချစ်သူနှင့်အပြန်အလှန် စကားများရမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သတိလက်လွတ် မဖြစ်အောင်နေပါ။ အမှားအယွင်း ကင်းအောင်နေပါ။ ရန်အပြိုင်အတိုက်အခံများ မိမိဝန်းကျင်တွင် ရှိနေမည်။ လမ်းသစ်တစ်ခုသို့စတင်လုပ်ကိုင်ရန် ကြုံမည်။ မူလတစ်ကြိမ်တစ်ခါမှ လုပ်ကိုင်ဖူးခြင်းမရှိသည့် စီးပွားသစ်များ စတင်လုပ်ကိုင်ရန် အခြေအနေရှိနေသည်။ ကိုယ်ပိုင်အစွမ်းအစများ ထူးထူးခြားခြားပေါ်မည်။ မည်မျှခက်ခဲသောကိစ္စဖြစ်စေ ကျော်လွှားဖောက်ထွက်နိုင်သော ဉာဏ်ရည်ကို ပိုင်ဆိုင်သည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အခွင့်အရေးနှစ်မျိုး တစ်ပြိုင်တည်းပေါ်ပေါက်မည်။ ရည်မှန်းချက်အောင်မြင်မည်။ လူမျိုး၊ ဘာသာခလေ့မတူသောသူများနှင့် ဆက်ဆံ၍ ထူးခြားသော လုပ်ငန်းများလုပ်ရမည်။ ပညာအတတ် လေ့လာသူများ အထူးကောင်းသည်။ စိတ်ကူးစိတ်သန်းများလက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ရင်းနှီးသူများနှင့် မကြာခဏစကားများရမည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ဆုံးဖြတ်ပါ။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရည်ရွယ်ချက်အောင်မြင်မည်။ ဘဝအတွက် အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ထူးခြားသော အပြောင်းအလဲများဖြစ်ပေါ်မည်။ တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ ငွေကြေးကိစ္စ၊ စီးပွားရေးဆိုင်ရာကိစ္စများတွင် အထူးအောင်မြင်မှုရမည်။ မိသားစုတွင် ခရီးကိစ္စများ စီစဉ်နေရမည်။ မရောက်ဖူးသော အရပ်ဝေးသို့ သွားရောက်ရမည်။ ကာလအတန်ကြာစိတ်ပင်ပန်းရခြင်းမှ ကင်းဝေးမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကာလအတန်ကြာ ပစ်ထားသည့် လုပ်ငန်းများ ပြန်လည်ကိုင်တွယ်ရမည်။ ရပ်တန့်ထားသည့် လုပ်ငန်းများ ပြန်လည်စတင်ရမည်။ တာဝန်ယူထားပြီး လက်တွေ့ဆောင်ရွက်မှု ကင်းကွာနေသည်များ အပေါ် အချိန်ပေးနေရမည်။ ရန်အပြိုင် မနာလိုသူများကို ကျော်လွှားရမည်။ ပျိုရွယ်သူများအဖို့ သံယောဇဉ်မထားသင့်သူကို သံယောဇဉ်ထားခြင်း ကြုံမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လုပ်သမျှ အဆင်ပြေမည်။ ကံကောင်းမည်။ နာမည်အောင်မြင်မှုနှင့် ဘဝတိုးတက်မှု ပူးတွဲပေါ်မည်။ တစ်ခုထက်ပိုသော ရည်မှန်းချက်များ မိမိစိတ်တွင် လွှမ်းမိုးနေပြီး ဖြစ်လိုသော စိတ်များပြားမှုကြောင့် စိတ်ပင်ပန်းရမည်။ ပညာရေးတွင်လုပ်သမျှအောင်မြင်မည်။ ပညာသင်တန်းနှင့်ပတ်သက်၍ အထူးကောင်းသည်။ မိသားစုလိုက် စီးပွားတက်မည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်ချမ်းသာမည်။ ရည်မှန်းချက်အောင်မည်။ ဦးတည်ချက်သစ် တစ်ခုသို့ ဆောင်ရွက်ရန် အနေအထားရှိသည်။ အမှုထမ်းများအဖို့အပြောင်းအလဲများဖြစ်ပေါ်လာမည်။ ဖွဲ့စည်းမှုသစ်၊ ဌာနသစ်ချဲ့ထွင်မှု အကြီးအကဲသစ်နှင့် ဆက်ဆံရမှုကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့လုပ်ငန်းလမ်းကြောင်းသစ်များ ဆောင်ရွက်ရမည်။ ပညာရှာသူများ ထိထိမိမိအောင်မြင်မှုများရမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အတိတ်ကာလမှ ဖြစ်ပေါ်ခဲ့သည့် ပြဿနာဟောင်းများကို ပြန်လည်ဖြေရှင်းရမည်။ ကျန်းမာရေးတွင်လည်း ရောဂါဟောင်း ဝေဒနာဟောင်းများ ပြန်ပေါ်မည်။ ဆွေမျိုးခွင့် မိသားစုကြားပိုင်ဆိုင်မှုကိစ္စ၊ ငွေကြေးကိစ္စ စကားပြောရမည်။ ဆောင်ရွက်ထားပြီး ပျက်ခဲ့သည့် ခရီးစဉ်လမ်းကြောင်းများ ပြန်လည်ဆောင်ရွက်ရန် ကြုံမည်။ ပြည်ပကံပွင့်မည်။ အိမ်တွင်းရေး အပူသောကများမည်။

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# Puzzle&Classified

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၉၃)



**အလျားလိုက်**

၂။ ဧရာဝတီတွင် ပြေးမည့်ခရီးစဉ်
၄။ မြန်မာနှင့်ထိုင်း ပူးပေါင်းလုပ်ဆောင်မည့်ကိစ္စရပ်တစ်ခု
၉။ 7day ဂျာနယ်သို့ တိုးဝင်လာသော နိုင်ငံတကာ အမှတ်တံဆိပ်တစ်ခု
၁၀။ ကမ္ဘာကျော်မြန်မာ့ခေါင်းဆောင်တစ်ဦး
၁၁။ 7day ဂျာနယ်အတွက် သီးသန့်အမေးအဖြေပေးခဲ့သူ
၁၂။ အသိပညာကြွယ်ဝနေသူများသွားသင့်သည့်ပွဲ

**ဒေါင်လိုက်**

၁။ သံဃာတော်များအား လှူဒါန်းသူများ
၃။ အသက်ရလာလျှင် ပေါ်လာတတ်သောအရာ
၅။ ဘုမသိ ဘမသိ ချိန်းဆိုမှုတစ်ခု
၆။ ကြွေးလည်ပင်းနစ်နေသူများ
၇။ သန်းပေါင်းများစွာမြှုပ်နှံမည့်အဖွဲ့
၈။ သေရည်ကြောင့်ဖြစ်ရသောပြဿနာ

ပဟေဠိ အမှတ်စဉ်(၁၉၂) အတွက် အဖြေမှန်သူမရှိပါ

ပဟေဠိ အမှတ်စဉ်(၁၉၂)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၃-၈-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776,**
**09-73204374**

**အင်္ဂလိပ်စကားပြောသင်တန်း**

အိမ်တိုင်ယာရောက် သင်ကြားပေးသည်။ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် 4 Skills သင်တန်း။

**ဖုန်း- ၀၉ ၄၀၀၄၉၄၃၉၇**

**ဆရာကြီးဦးမောင်မောင်သိန်း**

(Living English Grammer ကျမ်းပြု) ဘွဲ့ကြို၊ ဘွဲ့လွန်အင်္ဂလိပ်စာ၊ အိမ်ဝိုင်းများလက်ခံသင်ကြားပေးသည်။

**ဖုန်း- ၀၁ ၅၇၈၈၅၆**

**OK parquet (ပါကေး)**

ကျွန်း၊ ပျဉ်းကတိုး၊ Laminate (ကိုရီးယားပါကေး)နှင့် Decking များကို စင်ကာပူနည်းပညာများအတိုင်း စနစ်ကျမှုများနှင့် Customer အကြိုက် ဝန်ဆောင်မှုပေးပါသည်။

**ဖုန်း- ၀၉ ၅၄၀၂၆၀၅**

**တိုက်ခန်းရောင်းမည်**

အမှတ်(၁၇ ဘီ၊ 5 A) သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၆၀)၊ အခန်း ၃ခန်း၊ ပါကေး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ သိန်း(၆၃၀)။

**ဖုန်း- ၀၉ ၇၃၂၂၄၅၄၁**

**YO YEE**

အဆို သင်တန်း၊ အကသင်တန်း၊ Model သင်တန်း၊ ဂစ်တာသင်တန်းများကို တက်ရောက်နိုင်ပါပြီ။ Model သင်တန်း-၂၅၀၀၀ ကျပ်၊ အဆိုနှင့် ဂစ်တာသင်တန်း-၂၀၀၀၀ ကျပ်။

**ဖုန်း- ၀၉ ၅၄၁၇၆၅၈**

**ဆရာကျော်သူဇင်(M.A-Eng)**

အင်္ဂလိပ်ကျောင်းတက်ကျောင်းသား/ကျောင်းသူ(သီးသန့်) အိမ်အရောက်သင်သည်။ **ဖုန်း- ၀၉ ၅၄၀၀၄၄၇**

**ဖုန်းလဲလိုပါသလား**

၀၉ ၄၉×××(CDMA-450)ဖုန်းနှင့် ၀၉ ၇၃၀×××(သို့) ၀၉ ၄၃၀××× ဖုန်းနှင့်တိုက်ရိုက်လဲလိုသည်။ Hand-set ပါပေးမည်။ **ဆက်သွယ်ရန်-**

**ဖုန်း-၀၉ ၄၉၂၇၅၆၉၀၊**
**၀၉ ၄၃၀၉၇၅၉၉**

**ရောင်းရန်ရှိသည်**

ငွေရှင်းကောင်တာ အကျယ် ၃ ပေ× အရှည် ၇ ပေ တစ်လုံးနှင့် လက်တန်းပါနောက်မှီ Stainless Steel ထိုင်ခုံ ၂လုံး၊ Core2Dual, 2GB memory, 160 HDD, Re-writeable DVD ROM, Graphic 512 MB။

**ဖုန်း- ၀၁ ၅၁ ၂၈၄၄**

**ဝန်ဆောင်မှု**

Desktop Computers, Laptop Computers Servicing, Any Windows Installation, Errors Repairing & Computers Maintenance, Nework & Computer Service.

**Ph: 09 73163732**

**ရောင်းမည်**

- သုခဝတီလမ်း၊ ပေ(၆၅×၉၀)ဂရန် အမည်ပေါက်။ - ရိုးမရိပ်သာ(၀. ၂၂၅ ဧက)ဘိုးဘွား။ - ကျောက်ကုန်း ပေ(၇၇×၉၇) ဘိုးဘွား။

**ဖုန်း- ၀၉ ၄၂၀၀၆၃၈၅၈**

**Teacher Lily**

တန်းစုံ အင်္ဂလိပ်စာသင်တန်းများ အိမ်အရောက် စီစဉ်သင်ကြားပေးသည်။ Essay, Letter and Grammer အထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅**

**"ရွှေတော်ဝင်"လှရိပ်မြုံ**

သင်တန်းသူလက်ခံနေပါပြီ။ ဘာသာစုံ ၁၅၀,၀၀၀(၂လပြတ်)သင်ထောက်ကူပစ္စည်းအပါပံ့ပိုးသည်။ နေစား စီစဉ်ပေးပါသည်။ **ဖုန်း- ၀၉ ၅၀ ၂၈၉၅၈**

**Computer Service**

Software Installation system service, virus clean & system clean, network installation and services. PCS-4500

**Ph: 09 73630129**

**Study Guide**

၉၊ ၁၀ တန်း(တက္ကသိုလ်ဝင်တန်း) အိမ်အရောက်စာသင်အတွေ့အကြုံရှိ ဆရာဝန်ကိုယ်တိုင် စာသင်၊ စာဝိုင်းကျက်ပေးသည်။

**ဖုန်း- ၀၉ ၅၄၁၃၉၀၇**

**သင်တန်း**

Mathematics သီးသန့်သင်သည်။ Secondary, IGCSE.

**Ph: 09 73109570**

**"ပြည့်ဖြိုး"ကွန်ပျူတာပညာဒါန**

Computer Basic+i-office, DTP, Graphic Design.

အမှတ်(၂)၊ ပထမထပ်၊ လှည်းတန်း(၁)လမ်း၊ကမာရွတ်။

**သင်တန်း**

ကွန်ပျူတာအခြေခံကို ပိုင်နိုင်စွာအသုံးပြုတတ်စေရန်နှင့် လုပ်ငန်းခွင်တွင် အခက်အခဲမရှိ အသုံးပြုတတ်စေရန် ရည်ရွယ်ပြီး သင်ကြားပေးပါသည်။ **ဖုန်း- ၀၉ ၄၅၀၀၁၂၃၉၅**

**ခွေးချစ်သူများအတွက်**

ခွေးချစ်သူများအတွက် နှစ်လသားအရွယ် Imported မှပေါက်သော အိမ်မွေး Shih tzu လေးများ ရောင်းရန်ရှိသည်။

**ဖုန်း-၀၉ ၅၀၇၄၈၉၆**

**သင်တန်း**

International Schools များမှ ကလေးများကို သင်္ချာဘာသာရပ်အတွက် အထူးလေ့ကျင့်သင်ကြားပေးပါသည်။ B.Ed ဘွဲ့ရဆရာ/ဆရာမများမှ အိမ်အရောက်သင်ပေးပါသည်။

**ဖုန်း- ၀၉ ၇၃၄၉၄၃၇၇**

**ဆရာဦးကြည်စင်**

Speaking, Grammar, IELT, TOEFL, GCE, SAT, IGCSE, Eassay.

**Ph: 09 421067375**

**ဝန်ဆောင်မှု**

ထိုင်းနိုင်ငံသို့သွားရောက် ဆေးစစ်/ဆေးကုသမှုခံယူမည့်သူများအတွက် အဆင်ပြေစေရန် ဆေးရုံရွေးပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နေစားစီစဉ်ပေးခြင်းများဆောင်ရွက်ပေးပါသည်။

**ဖုန်း- ၀၉ ၄၂၀၀၃၀၇၈၂**

**ရောင်းမည်**

ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်းရှိ ပေ(၇၀×၄၀)ရှိမြေနှင့် အုတ်ခံ(၂)ထပ်အိမ်။သိန်း(၂၅၀)

**ဖုန်း- ၀၉ ၄၂၁၀၈၃၄၀၀**

**ငှားရမ်းနိုင်ပါသည်**

မြို့တွင်း၊ မြို့ပြင် ခရီးစဉ်မျိုးစုံ အတွက် (Hi-Ace, Super Custom) နှင့် ကားမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များကို ဖိတ်ခေါ်ပါသည်။

**ဖုန်း- ၀၉ ၇၃၁၇၃၄၈၁**

**သင်္ချာသီးသန့်သင်ပေးသည်**

Primary I to VI နှင့် အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းသားများကို အိမ်လိုက်သင်ကြားပေးပါသည်။ **ဖုန်း- ၀၉ ၄၉၃၀၄၀၉၁**

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်းနှင့် နဝမတန်း (ရူပဗေဒ)အထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၉၃၁၅၀၄၅**

**သင်ကြားသည်**

GTC 1st year to BE (Civil) ဘာသာစုံသင်ကြားပေးသည်။

Grade II မှ Grade V အထိ ဘာသာစုံသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၂၁၁ ၂၃၉၆၉**

**DynamicWin Computer Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။

**ဖုန်း-၀၉-၇၃၀၁ ၂၄၆၉၊ ၂၅၄၅၀၃**

**IGCSE**

Maths & Accounting (၃ဘာသာ) နှင့် Question Study(သီးသန့်) သင်ကြား/လေ့ကျင့်လိုသော ကျောင်းသား/ ကျောင်းသူများအတွက်

**ဖုန်း- ၀၉ ၅၀၉၇၆၈၀**

**ကွန်ဒို ရောင်း/ငှားမည်**

- (ရောင်း)ဖုန်းပါ၊ ထောင့်ခန်း၊ ၂၅×၄၇၊ (၁၂၅၀)သိန်း။ အလယ်ခန်း၊ ၂၂×၄၇၊(၁၁၅၀)သိန်း။တိုက်သစ် - (အငှား) ၂ခန်းတွဲ၊ ၅၇×၄၇၊ မာစတာ(၃)ခန်း၊ ဖုန်း(၂)လုံး၊ ဓာတ်လှေကားပါ။

**ဖုန်း- ၀၉ ၄၃၂၀၂၈၈၄**

**ဆက်သွယ်နိုင်ပါသည်**

မုန့်အမျိုးမျိုး၊ ရေခဲမုန့်အမျိုးမျိုး၊ ခေတ်ပေါ်စားစရာ၊ အအေးအမျိုးမျိုး ထုတ်လုပ်၍ ကိုယ်ပိုင်လုပ်ငန်းထူထောင်ချင်သူများ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း- ၀၉ ၅၀၄၇၃၁၄**

**Special Trip Travels**

Company များ အသင်းအဖွဲ့များအတွက် Package အဆင့်မြင့်ခရီးစဉ်များကို ဈေးနှုန်းချိုသာစွာနှင့်စီစဉ်ပေးသည်။

**ဖုန်း- ၀၉ ၅၁၉၇၃၈၀**

**ရောင်းမည်**

- တ/ဥ၊ လမ်းသန့်၊ (၁၀)ရပ်ကွက်၊ ပေ(၂၀×၆၀)၊ နှစ်ထပ်တိုက်ခံ၊ရေမီး နှစ်(၆၀)ဂရန်၊(၄၇၅)သိန်း။

**ဖုန်း- ၀၉ ၄၉၂၂၄၇၆၈**

**"စံ"ပညာရေးဝန်ဆောင်မှု**

တက္ကသိုလ်ဝင်တန်းများအတွက် အိမ်ဝိုင်းဘာသာစုံ Guide ပေးသည်။

**ဖုန်း- ၀၉ ၅၀၅၁၀၅၆**

**ရောင်းမည်**

ပေ(၂၀×၆၀)၊ (၂၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ တောင်ဒဂုံ၊ ဂရန်/အဝိစိတွင်းပါ။

**ဖုန်း- ၀၉ ၅၁၀ ၂၀၁၄**

**Teaching & Guide**

အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။ Grade I to Grade X

ဒေါ်ခင်နှင်းယု **B.A(English)**

**Ph: 09 450040328**

7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## JOKE

### ဘယ်လိုသိလဲ

မိန်းကလေးတစ်ယောက် ၂၄ နာရီဖွင့်သော စတိုးဆိုင်တစ်ဆိုင်သို့ဝင်၍ အောက်ပါပစ္စည်းများဝယ်ယူသည်။
- ဆယ်ပြာတစ်တုံး၊ သွားတိုက်တံတစ်ချောင်း၊ ပေါင်မုန့်တစ်လုံး၊ နွားနို့တစ်ဘူး၊ တစ်ယောက်စာ ညစာတစ်ဘူး

ငွေရှင်းသောအခါ ကောင်တာမှ အမျိုးသားက ငွေပြန်အမ်းရင်းမိန်းကလေးကို ပြုံးပြကာ "တစ်ယောက်တည်းပဲလား" ဟုမေးလိုက်သည်။

မိန်းကလေးကလည်း ပြုံးစစနှင့် ယခုလိုပြန်မေးသည်။ "ရှင်ဘယ်လို ခန့်မှန်းနိုင်တာလဲ" ဟုဆိုရာ အမျိုးသားက "မင်းရုပ်ရည်ကိုကြည့်ပြီး ပြောတာပါ" ဟု ဆိုပါလေ၏။

### အခန်းတိုင်းအတွက်

စိတ်ကသိကအောက်ဖြစ်နေသော အိမ်ငှားတစ်ဦးက အိမ်ရှင်အား လှမ်း၍ဖုန်းဆက်သည်။ "ဒီမှာ လာကြည့်ပါဦး။ ရှင့်အိမ်က အခန်းတိုင်းမှာ မိုးယိုနေတာ၊ ကျွန်မတို့ အိပ်ခန်းတောင် မလွတ်ဘူး"။

အိမ်ရှင်ကလည်း တုံ့ပြန်မှုမှာ "အေးလေ ရှင်တို့ကို စပြီးအိမ်ငှားကတည်းက အခန်းတိုင်းမှာ ရေရစေမယ်လို့ပြောခဲ့တယ်လေ" ဟူ၍။

## စာ-၂၉၊ ဒီမိုကရေစီနှင့် ဆန္ဒထုတ်ဖော် ယဉ်ကျေးမှု မှ

နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှာ လက်တွေ့ဆောင်ရွက်လာသောအခါ အားနည်းချက်များရှိပါက ပြင်ဆင်နိုင်သည်။ "ဥပဒေဆိုတာ ဘယ်တော့မှ ပြည့်စုံတယ်မရှိဘူး။ ကျင့်သုံးနေရင်းနဲ့ လိုအပ်တာ ဖြည့်စွက်တာ လုပ်ရတယ်။ နည်းဥပဒေဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်တာ။ နည်းဥပဒေမှာ ချွတ်ချော်မှု၊ အားနည်းမှု၊ လိုအပ်မှုပေါ်လာရင်လည်း အလွယ်တကူ ဖြည့်စွက်လို့ရတယ်၊ ထပ်ပြီးတော့ ထုတ်လို့ရတယ်" ဟု အထက်တန်းရှေ့နေ ဦးသန်းမောင်ကပြောသည်။

ဆန္ဒပြမှုများကို ဗျူရိုကရက်ဆန်သော ဒေသအာဏာပိုင်အချို့က စိုးရိမ်သကဲ့သို့ဆန္ဒပြမှုများကြောင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ နောက်ကြောင်း မပြန်ရန် ပူပန်သူများလည်းရှိသည်။

"ကျွန်တော်တို့ ဘာကြောင့်ဆန္ဒပြသလဲဆိုတာက အရေးကြီးတယ်။ ဆန္ဒပြစရာမလိုသ၍ ကာလပတ်လုံး ကျွန်တော်တို့ဆန္ဒမပြပါဘူး။ ဆန္ဒပြတာတွေမှာ ပထမဆုံးနစ်နာသူရှိရမယ်။ အဲဒီနစ်နာသူက အခြားသော နည်းလမ်းနဲ့ ဆန္ဒဖော်ထုတ်ခွင့်မရှိတဲ့အခြေအနေမှာ သက်ဆိုင်ရာတွေကို တင်ပြပြီးလို့ ဘာမှမထူးတဲ့ အခြေအနေမှာ ဆန္ဒပြကြတာ" ဟု လယ်သမားများ၏ နစ်နာချက်များနှင့် ပတ်သက်၍ ဆက်တိုက်ဦးဆောင်ဆန္ဒဖော်ထုတ်ပေးနေသောဦးဝင်းချိုကလည်း ဆန္ဒပြရခြင်းအခြေအနေကို ရှင်းပြသည်။

ကလေးမြို့ ကျောက်မျက်ရတနာဈေး တစ်ဈေးတည်းဖြစ်ရေး ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်ခဲ့သော ကျောက်မျက်ရတနာလုပ်ငန်းရှင် ဒေါ်နှင်းဝေက ၎င်းတို့၏ ဆန္ဒနှင့် နစ်နာမှုများကို သက်ဆိုင်ရာသို့ စာတင်ပြသော်လည်း မထူးသည့်အဆုံး ဆန္ဒပြခြင်းဖြစ်ကြောင်း ဖွင့်ဟသည်။ နိုင်ငံရေးနှင့် မပတ်သက်ဖူးပဲ တစ်ကြိမ်မျှ ဆန္ဒမပြဖူးဘဲ နစ်နာမှုများကြောင့် ဇူလိုင် ၂၃ ရက်က ဆန္ဒပြသူ၏အတွေ့အကြုံကို ပြန်လည်ဝေမျှသည်။

"စပီကာလည်း မကိုင်ဖူးဘူး။ ကြောက်တယ်။ ရင်ထဲက လုံးဝခံစားရလို့လုပ်တာ။ ဒီလိုဆန္ဒဖော်ထုတ်ခွင့်ရတဲ့အတွက်တအားဝမ်းသာတယ်။ ခံစားနေရတာ ရင်ထဲတော့ တစ်ဝက်လောက် ပေါ့သွားတယ်"။

၎င်းတို့တောင်းဆိုချက်ကို သက်ဆိုင်ရာကမည်သို့မျှမဆောင်ရွက်ပေးလျှင် နောက်တစ်ကြိမ် ဆန္ဒဖော်ထုတ်မည်ဟုဒေါ်နှင်းဝေကဆို၏။

လူထုဆန္ဒဖော်ထုတ်မှု၊ ဆန္ဒပြမှုများမှာ ဒီမိုကရေစီအတွက် အရေးပါပြီး မရှိမဖြစ်ကိစ္စဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒဲရစ်မစ်ချယ်ကလည်း 7Day News နှင့် အင်တာဗျူးတွင် မှတ်ချက်ပြုသည်။ ဆန္ဒဖော်ထုတ်မှုများမှာ လူထု၏ ရည်ရွယ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ လူထုအကျိုးစီးပွားမြှင့်တင်ရေးအတွက် အစိုးရကဆောင်ရွက်ရမည်ကိုသိရန်၊ အရပ်ဘက်အဖွဲ့အစည်းများ စုစည်းရန်လည်းဖြစ်ကြောင်း ၎င်းကပြောသည်။ "အမေရိကန်မှာဆို အရပ်ဘက်လူ့အဖွဲ့အစည်းတွေက အစိုးရထဲက ပုဂ္ဂိုလ်တွေအပေါ် တင်းတင်းကျပ်ကျပ် ထိန်းကွပ်ထားပါတယ်။ သူတို့က မေးခွန်းတွေထုတ်တယ်။ ဝေဖန်ရေးလုပ်တယ်။ ဒါဟာဒီမိုကရေစီနဲ့ လွပ်လပ်ခွင့်အရ လုပ်တာ။ ဒါကို မြန်မာအစိုးရထဲကလူတွေ နားလည်ထားဖို့လိုတယ်" ဟု ဒီမိုကရေစီရှေ့ဆောင်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံသား သံအမတ်ကြီးက ဆက်ပြောသည်။

သို့သော် 'ဘာမှမရှိရာမှ' ဆန့်ကျင်ဘက်လုံးလုံးရှိရာသို့အပြောင်းအလဲများ မြန်မြန်ဆန်ဆန် ပြုလုပ်ချိန်တွင် မတည်ငြိမ်မှုများ ဖြစ်နိုင်၍ ဂရုပြုသင့်ကြောင်း နိုင်ငံတကာ ပဋိပက္ခများ လေ့လာရေးအဖွဲ့ ICG ၏ အဆိုအား ကိုးကား၍ စာရေးဆရာ ကျော်ဝင်းက အကြံပြုသည်။

"ကျွန်တော်တို့ဆီမှာ နှစ် ၅၀ လောက်က ပိတ်ဆို့ခံထားရတာ။ လူတွေဘက်ကလည်း ပြောချင်ဆိုချင် သဘာဝကျတယ်။ တာဝန်ရှိတဲ့သူတွေဘက်ကလည်း လုံးဝပိတ်ဆို့ထားရင် မဖြစ်ဘူး။ ဖွင့်တော့ဖွင့်ပေးရမှာ။ ဒါပေမဲ့ အဖွင့်လွန်ပြန်ရင်လည်း ဘရိတ်ပေါက်သွားနိုင်တဲ့ အန္တရာယ်ရှိတော့ ထိန်းထိန်းသိမ်းသိမ်း သွားကြရမယ် ထင်ပါတယ်။ လူထုဘက်က ဆန္ဒဖော်ထုတ်တာက တစ်ပိုင်းပေါ့။ တစ်ခုလုံးနဲ့တော့ ချိန်စဉ်းစားဖို့လိုတယ်။ တစ်ခုလုံးဆိုတာက အခုလောလောဆယ် ရောက်နေတဲ့ အနေအထားက ကျွန်တော်တို့တစ်သက်မှာ တစ်ခါပဲကြုံရတဲ့ အကောင်းဘက်ကို ဦးတည်နိုင်တဲ့ အခွင့်အလမ်း။ အဲဒီတစ်ခုလုံး အကျိုးစီးပွားနဲ့ ချိန်ဖို့လိုတယ်။ အစိုးရဘက်ကလည်းဖွင့်သင့်သလောက် ဖွင့်ပေးရမယ်။ နှစ်ဖက်စလုံး ထိန်းထိန်းသိမ်းသိမ်း သွားနိုင်ရင် တဖြည်းဖြည်း နှစ်ဖက်လုံး ရင့်ကျက်လာမှာပဲ" ဟု ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် ပတ်သက်၍ စာအုပ်များရေးသားခဲ့သော စာရေးဆရာ ကျော်ဝင်းက ပြောသည်။

စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းစ အခြေအနေတွင် ဒီမိုကရေစီနစ်နှင့်အညီ ဆန္ဒပြခြင်း၊ ဆန္ဒဖော်ထုတ်ခြင်းများ၌ လူထုက စည်းကမ်းရှိရန်၊ ဆန္ဒမစောရန်လိုသကဲ့သို့အာဏာပိုင်များကလည်း ခေတ်နောက်ပြန်မဆွဲဘဲ ဒီမိုကရေစီ အလေ့အထများကို သိရှိ၊ လက်ခံကျင့်သုံးနိုင်ရန်လိုသည်။ နှစ်ဖက် ပူးပေါင်းမှုဖြင့် ဒီမိုကရေစီ အလေ့အထများနှင့် ယဉ်ပါးလာကာ ပိုမိုရင့်ကျက်လာမည်ဖြစ်ကြောင်း ဥပဒေပညာရှင်များနှင့် နိုင်ငံရေးသမားအများစုက ပြောသည်။

နိဂုံးချုပ်ရသော် ဒီမိုကရေစီနိုင်ငံများတွင် စည်းကမ်းတကျ ဆန္ဒပြခြင်း၊ ဆန္ဒဖော်ထုတ်ခြင်းများသည် စိုးရိမ်စရာမဟုတ်ဘဲ ဒီမိုကရေစီ အလေ့အထများသာဖြစ်သည်ကို နားလည်လက်ခံနိုင်ရန် အရေးကြီးသည်။ ။

TRADEMARK CAUTION

NONG SHIM CO., LTD a company incorporated in Korea at 370 Shindaebang-dong, Dongjak-gu, Seoul, Korea is the Owner and Sole Proprietor of the following Trademark:-

NONGSHIM

Reg : No.4/4803/2006
Reg : No.4/9420/2009

In respect of : Int'l class 30: "Dry cakes, Hardtack, Peanut confectionery, Malt biscuit, Doughnuts, Almond confectionery, Waffles, Wafers, Prawn Crackers, Crackers, Corn chips, Popcorn, Bread rolls, Spring rolls, Jam buns, Green tea, Red Ginseng tea, Coffee substitutes, Coffee beverages with milk, Coffee, Coffee-based beverages, Black tea [English tea], Cookies, Biscuits, Breads, Cakes, Chewing gums (non medical purpose), Ice-Creams, Chocolates, Candies, Puddings, Noodles (Uncooked), Rice, Ramyun (Instant noodle), Packed instant noodle, Pasta".

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 2.Aug.2012

## စာ(၄၁) အဏ္ဏဝါဂေဟစနစ်ထိန်းသိမ်းရန် အင်္ဂလန်အခြေစိုက် အဖွဲ့အစည်းတစ်ခု ငွေကြေးနှင့်နည်းပညာများကူညီ မှ

ကျွန်းစုမြို့နယ်ကို ရွေးချယ်ထားရခြင်းနှင့်ပတ်သက်ပြီး၎င်းက "ကျွန်းစုမြို့နယ်ဆိုတာက တခြားနေရာတွေထက်စာရင်ပင်လယ်နဲ့လည်း ထိဆက်တယ်။ သွားလာရေးလည်း လွယ်ကူတာကြောင့် ရွေးဖြစ်တာပါ။ ရေသတ္တဝါတွေကို ကာကွယ်ထိန်းသိမ်းဖို့ နေရာတစ်ခုလည်း သတ်မှတ်ဖို့ရှိတယ်။ ဘယ်နေရာရယ်လို့ လောလောဆယ်တော့ အတိအကျမပြောနိုင်သေးပေမယ့် လေ့လာရေးဆင်းပြီးတာနဲ့ သတ်မှတ်မှာပါ" ဟု ဆိုသည်။

အင်္ဂလန်အခြေစိုက် FFI အဖွဲ့အစည်းက ငွေကြေးနှင့် နည်းပညာများ ကူညီပေးမည်ဖြစ်ကာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)က ရေလုပ်သားများနှင့် ထိတွေ့ဆက်ဆံခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။ စီမံကိန်းကာလမှာ ၂၀၁၃ ခုနှစ်အထိ ကြာမြင့်မည်ဖြစ်ပြီး ဂေဟစနစ်ပျက်စီးခြင်း၊ သန္တာကျောက်တန်းများ အခြေအနေ၊ ပင်လယ်မြက်ခင်းပြင်များ၏ အခြေအနေကို လေ့လာကြမည်။ ထို့ပြင် မျိုးသုဉ်းပျောက်ကွယ်လုရှိနေပြီဖြစ်သော ရေဝက်၊ လင်းပိုင်၊ ပင်လယ်မျှော့၊ ကျွန်းတစ်ဝိုက်တွင် ပေါများခဲ့သည့် ငါးမန်းမျိုးစိတ် ရှားပါးလာခြင်းတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးဟန်ထွန်းကဆိုသည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) ဥက္ကဋ္ဌ ဒေါက်တာတင်လှက "FFI အဖွဲ့နဲ့ အတူတူတွဲပြီး ထိန်းသိမ်းရေးလုပ်သွားမှာပါ။ သူတို့ဘက်က ငွေကြေးနဲ့နည်းပညာထောက်ပံ့မှုရှိပါတယ်" ဟု ပြောသည်။

၎င်းတို့အနေဖြင့် ဂေဟစနစ်ထိန်းသိမ်းခြင်း အသိပညာပေးဟောပြောမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အဏ္ဏဝါဂေဟစနစ်ကိုခြိမ်းခြောက်နေသော အချက်များကို ရှာဖွေခြင်း၊ ဒေသခံများ၏ ငါးဖမ်းခြင်းလုပ်ငန်းနှင့် လူမှုရေးဆိုင်ရာတို့ကို လေ့လာခြင်း၊ ငါးဖမ်းဆီးခြင်းတို့ကို လေ့လာခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

FAUNA & FLORA International (FFI) သည် ၁၉၆၀ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် နိုင်ငံတကာ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အာဖရိကဒေသများတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၉၀ ဝန်းကျင်တွင် ဗီယက်နမ်နှင့် အရှေ့တောင်အာရှနိုင်ငံများသို့တိုင် လေ့လာကူညီမှုများ ပြုလုပ်ခဲ့သည်။ ယခု ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကျွန်းစုဒေသများ၌ ရေသတ္တဝါမျိုးသုဉ်းမှုထိန်းသိမ်းရေးနှင့် အဏ္ဏဝါဂေဟစနစ် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အကူအညီပေးသွားမည်ဖြစ်သည်။

ခေတနာအထူးပြုနိမ့်ဗှာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်

သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ+ ၁၄/၁၅ ရက် ၉ သိန်း (စရိတ်ငြိမ်း)
တာ့ချ်မဟာ+ဝေသာလီ+ရာဇဂြိုလ်+ကိုးလ်ကတ္တား

ရန်ကုန်မြို့တွင်း နေ့စဉ်အိမ်အရောက်ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များ အဆင့်မြင့်လုံးချင်းအိမ်များတွင် အခမဲ့တည်းခိုနိုင်ပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်သူများ ၅၀၀၀၀ိ/ လျှော့ပေးသည်။ ဦးစီးလိုက်ပါသူအား (၁၆)ဦးလျှင် (၁)ဦးအခမဲ့ ၊ (၁၀)ဦးလျှင်(၅၀%) ၊ (၅)ဦးလျှင်(၁၅%) လျှော့ပါမည်။ (၄၅)ခုံပါသော လေအိတ်ကားကြီးတွင် (၃၂)ဦးသာ ပို့ဆောင်ပါမည်။ လေယာဉ်လက်မှတ်နေရာသေချာစေရန် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။ အောက်ပါရက်စွဲများအတိုင်း ပြောင်းလဲမှုမရှိ ထွက်ခွာပါမည် –

| | | | | | |
|---|---|---|---|---|---|
| ၁၂–၁၀–၂၀၁၂ | ၂၆–၁၀–၂၀၁၂ | ၂–၁၁–၂၀၁၂ | ၉–၁၁–၂၀၁၂ | ၃၀–၁၁–၂၀၁၂ | ၇–၁၂–၂၀၁၂ |
| ၁၄–၁၂–၂၀၁၂ | ၂၁–၁၂–၂၀၁၂ | ၄–၁–၂၀၁၃ | ၁၁–၁–၂၀၁၃ | ၁၈–၁–၂၀၁၃ | ၁–၂–၂၀၁၃ |
| ၈–၂–၂၀၁၃ | ၁၅–၂–၂၀၁၃ | ၁–၃–၂၀၁၃ | ၈–၃–၂၀၁၃ | ၁၅–၃–၂၀၁၃ | ၅–၄–၂၀၁၃ |

ရုံးချုပ် – ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗိလာအိမ်ရာ၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။
☎ ၀၁–၆၅၅၅၂၀ ၊ (ဖက်စ်) ၆၅၅၈၈၅ ၊ ၀၉–၅၆၀၀၁၂၃ ၊ ၀၉–၅၁၂၂၁၉၈

ရုံးခွဲ(၁) – အမှတ်(၂၈၉)၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း(ခုံးကျော်တံတားအနီး)၊ ကျောက်တံတား၊ ရန်ကုန်။
☎ ၀၁–၃၇၇၆၁၅ ၊ ၀၉–၇၃၂၂၇၅၃၅ ၊ ၀၉–၂၄၅၀၇၈၃

ရုံးခွဲ(၂) – Gandamar Wholesale၊ မြေညီထပ်၊ ဝေဇယန္တာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်း၊ ရန်ကုန်။
☎ ၀၁–၆၅၇၇၉၄ ၊ ၀၉–၅၆၀၀၄၄၄

Email: khinnandartravels@gmail.com Website: www.khinnandartravel.com

Environment
7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ ယခုနှစ်ကုန်ထွက်ရှိမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၆**

အရပ်ဘက်လူ့အဖွဲ့အစည်းလေးခုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းရေးဆွဲနေသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ ယခုနှစ်ကုန်တွင် ထွက်ရှိမည်ဖြစ်ကြောင်း နည်းဥပဒေရေးဆွဲရေးတွင် ပါဝင်သော အရပ်ဘက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများက အတည်ပြုပြောသည်။

ယခုနှစ်ကုန်တွင်နည်းဥပဒေထွက်ရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်စပ်သော သယံဇာတထုတ်ယူသည့် ဝန်ကြီးဌာနများကို ဇူလိုင်လ ၂၇ ရက်မှ စက်တင်ဘာလအထိ အကြံပြုချက်များ တင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဖိတ်ခေါ်ထားသည်။ အရပ်ဘက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့လေးခု၏ အကြံပြုချက်ကို အစည်းအဝေးကျင်းပပြီးနောက် ၁၅ ရက် အချိန်ပေးခဲ့သော်လည်း ယင်းအချိန်မှာ လုံလောက်မှုမရှိကြောင်း ပါဝင်ရေးဆွဲသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့လေးဖွဲ့မှ သိရသည်။

"မနက်ဖြန်နောက်ဆုံး အကြံပေးစာတင်ရမယ်။ နောက်ထပ်အစည်းအဝေး ထပ်လုပ်ဖြစ်မှာလားဆိုတာတော့ ပြောလို့မရသေးဘူး" ဟုမြန်မာနိုင်ငံပြန်ပြည့်မြစွမ်းအင်အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလူမှုအဖွဲ့အစည်း ၁၆ ဖွဲ့ရှိသည့်အနက် လေးဖွဲ့ကိုဖိတ်ခေါ်ခြင်းဖြစ်ပြီး ယင်းအဖွဲ့လေးဖွဲ့က အချိန်အခက်ခဲကြောင့် ယင်းသို့ခေါ်ယူမှုအပေါ် ကြိုဆိုသော်လည်း ထိုထက်ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် ခေါ်ယူသင့်ကြောင်း ပြောဆိုကြသည်။

"ပွင့်ပွင့်လင်းလင်း ဆွေးနွေးခိုင်းပါတယ်။ အကြံဉာဏ်တွေလည်း ပေးခိုင်းတယ်။ နည်းဥပဒေနဲ့ ပြစ်မှုပြစ်ဒဏ်အပိုင်းတွေတော့ သူတို့ထဲက ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေ ရေးဆွဲကြတယ်" ဟု ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးအသင်းတွင် ပါဝင်သူဦးမောင်မောင်ပြုံးကပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအသစ်ကို ယခုနှစ် မတ်လ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို ယခုနှစ်ကုန်တွင် ထွက်ရှိရန် ပြင်ဆင်နေခြင်းဖြစ်သည်။

"ရေရှည်ဖွံ့ဖြိုးရေးကိုဦးတည်ပြီးသွားမယ့်အတွက် ကျွန်တော်တို့ သတ္တုတွင်းဘက်ကလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပြီး တိုင်းပြည်အတွက် အကျိုးရှိတဲ့ သယံဇာတထုတ်ယူဖို့ သတ္တုတွင်းက လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေအချို့အချက်တွေကို ပြင်ဆင်ဖို့ တင်ပြသွားမှာပါ"ဟုပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေပြဋ္ဌာန်းရေးအတွက်ရည်ရွယ်ကျင်းပသောအစည်းအဝေးတွင် တက်ရောက်ခဲ့သူ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလ ၁၃ ရက်တွင် ကျင်းပသည့် အစည်းအဝေးသို့ ဝန်ကြီးဌာန ၁၃ ခုမှ တက်ရောက်သည်ဟု သိရှိရပြီး နည်းဥပဒေပြင်ဆင်ရေးဆွဲချိန်ကို နှစ်လနှင့် သုံးလအကြား အချိန်ယူရမည်ဖြစ်ကြောင်း ယင်းပွဲတက်ရောက်သူများထံမှ သိရှိရသည်။

## ENVIRONMENT Cartoon



စက်ဘီးစီးရင် လေထုညစ်ညမ်းမှု မရှိဘူး။ မှန်မှန်စီးရင် အသက် ၁၀နှစ် နပျိုတယ်။

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ၁၂ ဖွဲ့ အင်းလေးကန်ထိန်းသိမ်းရေး ဆောင်ရွက်မည်



အင်းလေးကန်တွင်းတစ်နေရာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၅**

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် လက်မှတ်ထိုးထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရပ်ဘက်လူမှုအဖွဲ့ ၁၂ဖွဲ့တို့နှင့် ပူးပေါင်းကာ အင်းလေးကန်ထိမ်းသိမ်းရေး လုပ်ငန်းများ ယခုလကုန်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း UNDP မှ အင်းလေးကန်စီမံကိန်းတာဝန်ခံဦးထွန်းပေါ်ဦးက ပြောကြားသည်။

အင်းလေးကန်ထိန်းသိမ်းရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာများ ယခုနှစ်ဆန်းပိုင်းက ဖိတ်ခေါ်ခဲ့ပြီး ၅လ အကြာတွင် အရပ်ဘက် သဘာဝထိန်းသိမ်းရေး လူမှုအဖွဲ့အစည်း ၁၂ဖွဲ့ကို ရွေးချယ်၍ တစ်နှစ်စီမံကိန်း လုပ်ကိုင်ရန်လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့များနှင့် ပူးပေါင်းကာ အင်းလေးကန်၏ အဓိကရေဝေရေလဲဒေသဖြစ်သည့် ကလောချောင်း ရေဝေရေလဲထိန်းသိမ်းရေးကို နော်ဝေအစိုးရနှင့် UNDP က ထောက်ပံ့သော ကန်ဒေါ်လာနှစ်သန်းခြောက်သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းကာလ ၂နှစ်အတွင်း UNDP က ကလောချောင်း ရေဝေရေလဲဒေသများမှ အရေးကြီးသည့် နေရာများကိုရွေးချယ်ကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော တောင်ယာစိုက်ပျိုးနည်းများ၊ သစ်တောပြုန်းတီးမှုလျော့နည်းသက်သာစေရန် ဝင်ငွေရလုပ်ငန်းများတည်ထောင်ပေးခြင်း စသည့်လူမှုစီးပွားထောက်ပံ့မှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယခုထိန်းသိမ်းမည့် ကလောချောင်း ရေဝေရေလဲဒေသသည် ဧရိယာစတုရန်းမိုင် ၂၅၆ မိုင်ကျယ်ဝန်းကြောင်း သိရသည်။

# အဏ္ဏဝါဂေဟစနစ်ထိန်းသိမ်းရန် အင်္ဂလန်အခြေစိုက် အဖွဲ့အစည်းတစ်ခု ငွေကြေးနှင့်နည်းပညာများကူညီ

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဇူလိုင်-၂၆**

မြန်မာနိုင်ငံ၏ ကျွန်းစုဒေသများတွင် အဏ္ဏဝါဂေဟစနစ်နှင့် ရေသတ္တဝါများ ထိန်းသိမ်းရေးဆောင်ရွက်ရန် အင်္ဂလန် အခြေစိုက် FAUNA & FLORA နိုင်ငံတကာ အဖွဲ့အစည်းမှ ငွေကြေးနှင့် နည်းပညာများ ကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း (BANCA)နှင့် အင်္ဂလန်အခြေစိုက် FAUNA & FLORA Internation (FFI) တို့ ပူးပေါင်း၍ ကျွန်းစုမြို့နယ်တွင် အဏ္ဏဝါဂေဟစနစ် ထိန်းသိမ်းရန် စီစဉ်လျက်ရှိရာ အဆိုပါ ပရောဂျက်ကို လာမည့် စက်တင်ဘာလအတွင်း စတင်သွားမည်ဖြစ်ကြောင်း ဦးဟန်ထွန်းကပြောသည်။

စာ(၄၀) သို့



Tourism

7DAY NEWS JOURNAL

Vol.11, No.21 • AUGUST 2 , 2012

# ဟိုတယ်ကြီးအချို့ ဝန်ကြီးဌာနသတ်မှတ်အခန်းခအတိုင်း စာချုပ်သစ်များပြန်ချုပ်ပေး

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၈**

ရန်ကုန်မြို့ရှိ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံထားသော ဟိုတယ်ကြီးအချို့က ခရီးသွားကုမ္ပဏီများသို့ ဟိုတယ်အခန်းခ ရောင်းချမှု စာချုပ်သစ်များ ထပ်မံချုပ်ဆိုပေးလာကြောင်းသတင်းရရှိသည်။

"ဝန်ကြီးဌာနက သတ်မှတ်ပေးတဲ့ တစ်ခန်းကို ဒေါ်လာ ၁၅၀ (ဟိုတယ်တွင် အများဆုံးရှိသော အခန်း)နဲ့ ချက်ထရီယမ်၊ ဆီဒိုးနား၊ ပါ့ခ်ရွိုင်ရယ်နဲ့ ထရိတ်ဒါးဟိုတယ်တွေက စာချုပ်အသစ်တွေ ထုတ်ပေးတာပါ" ဟု Nature Dream ခရီးသွား ကုမ္ပဏီမှ ဒေါ်စပယ်အောင်ကပြောသည်။

ဟိုတယ်များ အခန်းခဈေးကြီးခြင်းနှင့် အခန်းများ ရောင်းချမပေးခြင်းတို့ကြောင့် ခရီးသွားကုမ္ပဏီများ လုပ်ငန်းရပ်ဆိုင်းရတော့မည့် အခြေအနေကို သက်ဆိုင်ရာသို့ နှစ်ကြိမ်တင်ပြခဲ့ရာ ဝန်ကြီးဌာနက တစ်ခန်းလျှင် အမေရိကန်ဒေါ်လာ ၁၅၀ အမြင့်ဆုံးဖြင့် ဇူလိုင်လနောက်ဆုံးထား၍ စာချုပ်သစ်များ ချုပ်ဆိုရန် ဟိုတယ်များသို့ ယခုလ လယ်ပိုင်းက ညွှန်ကြားခဲ့သည်။

ထိုကဲ့သို့ စာချုပ်သစ်များ ထပ်မံချုပ်ဆိုလာ၍ ယခင်က ဈေးကြီးသဖြင့် ခရီးစဉ်ဖျက်သွားခဲ့သော ဧည့်သည်များအား ပြန်လည်ဆက်သွယ်မှုများပြုလုပ်နေကြောင်း ဒေါ်စပယ်အောင်က ပြောသည်။

"ဈေးနှုန်းကတော့ အဆင်ပြေသွားပြီ။ အခန်းရ မရပဲ စောင့်ကြည့်ရဦးမယ်"ဟု ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကသုံးသပ်သည်။

၂၀၁၁ ခုနှစ်နှောင်းပိုင်း မြန်မာနိုင်ငံသို့နိုင်ငံခြားသားများလာရောက်မှု မြင့်တက်လာပြီး ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးများ၏ အခန်းခဈေးနှုန်းများ ဒေါ်လာ ၂၀၀ အထက်မြင့်တက်ခဲ့ပြီးအခန်း မလုံလောက်မှုများရှိခဲ့သည်။

ထိုကဲ့သို့ နိုင်ငံခြားသားပိုင်ဟိုတယ်များက အခန်းခဈေးနှုန်းများအား ဝန်ကြီးဌာနက သတ်မှတ်ပေးသောဈေးနှုန်းဖြင့် စာချုပ်သစ်များ ချုပ်ဆိုလာသော်လည်း တိုင်းရင်းသားပိုင်ဟိုတယ်များကမူ ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းမှု မပြုလုပ်သေးကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင် နိုင်ငံခြားသားပိုင် ဟိုတယ် ၁၀ လုံး၊ စုစုပေါင်းအခန်း ၁,၈၇၀ ခန်းရှိပြီး တိုင်းရင်းသားပိုင် ဟိုတယ် ၁၇၉ လုံး၊ စုစုပေါင်း အခန်း ၆,၁၄၆ ခန်းရှိသည်။




# ဝန်ကြီးများရုံးကို ပြတိုက်အဖြစ် မွမ်းမံရာတွင် နိုင်ငံတကာပညာရှင်များ ပါဝင်မည်



**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

ဝန်ကြီးများရုံးကို ပြတိုက်အဖြစ် လုပ်ကိုင်ခွင့်အား အနော်မာ အနုပညာအဖွဲ့ကရရှိခဲ့ပြီး ပြင်ဆင်မွမ်းမံရန် ရရှိထားသည့် ၁၈ လတာကာလအတွင်း အဆောက်အအုံပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ အတတ်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ဒါရိုက်တာဒေါ်လဲ့ရည်စိုးထံမှ သိရသည်။

"ပြုပြင်ဖို့အတွက် အခုကစပြီး ပညာရှင်တွေနဲ့ ညှိနှိုင်းနေပါတယ်။ Yangon Heritage Trust (ရှေးဟောင်းအဆောက်အအုံတွေ ထိန်းသိမ်းတဲ့အဖွဲ့)နဲ့ တိုင်ပင်နေပါတယ်။ သမိုင်းပညာရှင်တွေ၊ ရှေးဟောင်းသုတေသနပညာရှင်တွေနဲ့လည်း တိုင်ပင်ဖို့ရှိပါတယ်။ နိုင်ငံတကာက ပညာရှင်တွေကလည်း နည်းပညာတွေ အကူအညီပေးဖို့ရှိပါတယ်။ အများသဘောတူတဲ့ ပညာရှင်တွေ ဆုံးဖြတ်တဲ့ပုံစံကို ဦးစားပေးရွေးချယ်လုပ်ကိုင်သွားပါမယ်" ဟု ၎င်းကပြောသည်။

ဝန်ကြီးများရုံးအဆောက်အအုံမှာ သက်တမ်းကြာမြင့်နေသည့်အပြင်ယိုယွင်းပျက်စီးမှုများလည်း ရှိနေပြီး အစိုးရထံမှ နှစ် ၃၀ ငှားရမ်းလုပ်ကိုင်ခွင့်ရရှိထားသော်လည်း ပြုပြင်ရမည့်စရိတ်နှင့် ပြန်လည်ရရှိမည့်ဝင်ငွေမှာ မညီမျှနိုင်ခြင်းကြောင့် အကျိုးအမြတ်မသေချာသည့်လုပ်ငန်းဟု စီးပွားရေးအသိုင်းအဝိုင်းက ခန့်မှန်းပြောကြားမှုများရှိနေသည်။

ပြုပြင်ထိန်းသိမ်းမှုအတွက် ကုန်ကျစရိတ်ကို လတ်တလောတွင် မခန့်မှန်းနိုင်သေးသော်လည်း ပြုပြင်ခြင်းလုပ်ငန်းများအတွက် စတင်ဆွေးနွေးလုပ်ဆောင်နေပြီဖြစ်သည်။ Yangon Heritage Trust မှ အဖွဲ့ဝင် ဒေါ်မိုးမိုးလွင်က "နောက်လထဲမှာ ဗြိတိန်က ရှေးဟောင်းအဆောက်အအုံကျွမ်းကျင်သူ (Conservation Expert) နှစ်ယောက်လာပါမယ်။ အစ်မတို့ဘက်ကလည်း ဒီရုံးကြီးကို ဘယ်လိုပြုပြင်မလဲ၊ ဘယ်လိုထိန်းသိမ်းသွားမလဲ၊ ဘယ်အပိုင်းကိုတော့ မထိသင့်ဘူး၊ ဘယ်အပိုင်းကိုပြင်သင့်သလဲ၊ ခံနိုင်ရည်အား ဘယ်လောက်ရှိမလဲ ဒါတွေကို အကြံဉာဏ်ပေးရမယ်။ Guideline လေးတွေချပေးရမယ်"ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် အခန်းကဏ္ဍအပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းဆိုင်ရာ ပြတိုက်၊ ဝန်ကြီးများရုံး အဆောက်အအုံအကြောင်းပြတိုက်၊ ပန်းချီပြတိုက်၊ မော်ဒန်ပန်းချီပြတိုက်၊ ပန်းပုပြတိုက်တို့ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြခန်းများအဖြစ် ရိုးရာပန်းဆယ်မျိုးပြခန်း၊ ချိတ်ထဘီ၊ ပိုးထည်၊ ချည်ထည်၊ ကြာရိုးချည်ထည်စသည့်ရိုးရာအဝတ်အထည် အသုံးအဆောင်များပြခန်း၊ မြန်မာနိုင်ငံ၏ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်ပညာရှင်များ၏ အထိမ်းအမှတ်ပြခန်းများ ထည့်သွင်းပြသရန် စီစဉ်ထားကြောင်း သိရသည်။

"ဝန်ကြီးများရုံးကို ယဉ်ကျေးမှုစင်တာတစ်ခုလုပ်ဖို့ ရည်ရွယ်ထားတာပါ။ အဓိကက ဗိုလ်ချုပ်နဲ့အာဇာနည်ခေါင်းဆောင်တွေ ကျဆုံးခဲ့တဲ့အခန်းနဲ့ အပြင်အဆင်တွေ၊ ဗိုလ်ချုပ်ရုံးခန်း၊ ဗိုလ်ချုပ်အသုံးအဆောင်၊ လက်ရေးစာမူ၊ ဓာတ်ပုံ၊ အသံဖိုင်တွေကိုစုဆောင်းပြီး မူရင်းအတိုင်း ပြသထားမယ်။ ဗိုလ်ချုပ်အထိမ်းအမှတ် ဖယောင်းရုပ်တုလည်းထားမယ်"ဟု ဒေါ်လဲ့ရည်စိုးက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012



The Cartoon Logo


























7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ထိုင်းနိုင်ငံတွင် အလုပ်လုပ်စဉ် ကလေးမွေးသော ရွှေ့ပြောင်းအလုပ်သမများ တရားဝင် နေထိုင်ခွင့်ရမည်

**ဘန်ကောက်၊ ဇူလိုင် - ၂၄**

ထိုင်းနိုင်ငံတွင် အလုပ်လုပ်စဉ် ကိုယ်ဝန်လွယ်ထားရသော တရားမဝင်ရွှေ့ပြောင်းအမျိုးသမီးလုပ်သားများသည် ကလေးနှင့်အတူ ထိုင်း၌ တရားဝင်နေထိုင်ခွင့်နှင့် မီး ဖွားခွင့်ရတော့မည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားရေးရာဌာန ဦးဆောင်ညွှန်ကြားရေးမှူး ပရာဝစ်ကီယန်ဖိုလ်က ပြောသည်။

သို့သော် ထိုသို့ ဥပဒေစည်းမျဉ်းအပြောင်းအလဲကို မည်သည့်အချိန်တွင် ပြုလုပ်မည်ကိုမူ မသိရသေးပေ။ ယခုသတင်းမှာ မကြာသေးမီက အလုပ်သမားရေးရာဌာန၏ ကြေညာချက်တစ်ခုဖြစ်သော ကိုယ်ဝန်ဆောင်ရွှေ့ပြောင်းအလုပ်သမများသည်မိခင်နိုင်ငံသို့ပြန်ကာမီးဖွားပြီးမှ လုပ်ငန်းခွင်ပြန်ဝင်ရမည်ဖြစ်ကြောင်း ကြေညာချက်ကိုအင်န်ဂျီအိုများ အပါအဝင်လှုပ်ရှားတက်ကြွသူများက ဝေဖန်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အင်န်ဂျီအိုအဖွဲ့များက ထိုအတိုင်းသာဆိုလျှင် ကိုယ်ဝန်ရှိ၍ မိခင်နိုင်ငံသို့ ပြန်ပို့ခံရသော မြန်မာအလုပ်သမများ၏ အခြေအနေမှာ နှစ်စဉ်ဆိုးရွားဖွယ်ရှိသည်ဟု ဝေဖန်ခဲ့သည်။

ဦးဆောင်ညွှန်ကြားရေးမှူး ပရာဝစ်က ထိုင်းအစိုးရသည် ရွှေ့ပြောင်းအမျိုးသမီးလုပ်သားများကိုသက်ဆိုင်ရာ နိုင်ငံသားဟုတ်၊ မဟုတ် စစ်ဆေးပြီးနောက် ထိုင်းတွင် အလုပ်လုပ်ခွင့်၊ မီးဖွားခွင့်နှင့် လူမှုဖူလုံရေး အစီအစဉ်အရ မီးဖွားခွင့်ဆိုင်ရာ ကူညီထောက်ပံ့မှုများအပြည့်အဝ ပေးမည်ဟု ဆိုသည်။ ထိုသို့သော မိခင်များမှ မွေးသော ကလေးများသည်လည်း အလုပ်စာချုပ်ကုန်ဆုံး၍ မိခင်နိုင်ငံသို့ မပြန်ခင်အထိ ၎င်းတို့သက်ဆိုင်ရာ သံရုံးများတွင် စစ်ဆေးခံစေပြီးနောက် ထိုင်းတွင် မိဘများနှင့် နေခွင့်ပြုမည်ဟု သိရသည်။

ခန့်မှန်းချက်များ အရ ထိုင်းတွင် ယခုဥပဒေကြမ်းအတည်ဖြစ်ခဲ့ပါက အကျိုးရှိမည့် အလုပ်သမဦးရေ တစ်သိန်းခန့်ရှိမည်ဟု သိရသည်။ ၎င်းတို့မှာ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လာရောက် အလုပ်လုပ်နေသူများဖြစ်သည်။ *—Ref: The Nation*






# သမ္မတဟောင်း အာရိုယိုကို ဖိလစ်ပိုင် တရားရုံး အာမခံပေး

**မနီလာ၊ ဇူလိုင် - ၂၅**

ဖိလစ်ပိုင်နိုင်ငံမှ ပါဆေးစီးတီးဒေသဆိုင်ရာ တရားရုံးသည် မဲလိမ်မှုစွဲချက်များဖြင့် ထိန်းသိမ်းခံနေရသော သမ္မတဟောင်း ဂလိုရီယာ အာရိုယို၏ အာမခံလျှောက်ထားမှုကို ခွင့်ပြုပေးခဲ့သည်။

တရားရုံးက အာရိုယိုကို သူမကို ထိန်းသိမ်းထားရာ စစ်ဆေးရုံမှ အာမခံငွေ ပီဆိုတစ်သန်း (ဒေါ်လာ ၂၃,၈၀၀) ပေးဆောင်ပြီးပါက ထွက်ခွာနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့သော် တရားရုံးက အာရိုယိုသည် ဆေးရုံမှ ဆင်းသွားနိုင်သော်လည်း နိုင်ငံတွင်းမှ ထွက်ခွာခွင့်မရှိဟုပြောခဲ့သည်။ အာရိုယို (၆၅ နှစ်)သည် ပြီးခဲ့သည့် နိုဝင်ဘာလက ဖိလစ်ပိုင်မှ ထွက်ခွာရန်ကြိုးစားစဉ် မနီလာလေဆိပ်၌ တားဆီးခံခဲ့ရပြီးနောက် ဆေးရုံတွင် ထိန်းသိမ်းခံခဲ့ရသည်။ အစိုးရက သူမကို ၂၀၀၇ လွှတ်တော်ရွေးကောက်ပွဲများအတွင်း မဲလိမ်မှုစွဲချက်များဖြင့် စွပ်စွဲထားပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက်ကျခံရနိုင်ကြောင်း သိရသည်။

*—Ref: AFP*



# စင်ကာပူ ငီအန်းပိုလီတက္ကနစ် ကျောင်းသားများ ကြွားဝါတတ်ဆုံးဟုဆို

**စင်ကာပူ၊ ဇူလိုင် - ၂၄**

စင်ကာပူ၏ The New Paper စာစောင်ကပြုလုပ်ခဲ့သောစစ်တမ်းတစ်ခုအရငီအန်းပိုလီတက္ကနစ်မှ ကျောင်းသားများသည် အကြွားဝါဆုံးကျောင်းသားများအဖြစ် သတ်မှတ်ခံရကြောင်း သိရသည်။

စစ်တမ်းတွင် စင်ကာပူရှိ ပိုလီတက္ကနစ်ကျောင်း တစ်ခုစီမှ ကျောင်းသား ၁၀၀ နှင့် ကျောင်းသူ ၁၀၀ စီကို ဆံပင်အလှပြုပြင်ပုံ၊ ဈေးဝယ်ထွက်ခြင်း၊ အသုံးပြုသောအလှအပ ပစ္စည်းများအကြောင်းနှင့် အလှအပအတွက် သုံးစွဲသောငွေကြေးပမာဏတို့နှင့် ပတ်သက်၍ မေးခွန်းများဖြေဆိုစေခဲ့သည်။ ထိုအခါ ငီအန်းပိုလီတက္ကနစ်မှကျောင်းသားများမှာ အမှတ် ၄၃ ဒသမ ၁ မှတ်ရခဲ့ပြီး တီမားဆက်ကျောင်းသားများမှာ ၄၃ မှတ်၊ နန့်ယန်းကျောင်းသားများမှာ ၄၂ မှတ် အသီးသီးရခဲ့သည်။

မကြွားဝါတတ်သည့် ပိုလီတက္ကနစ်ကျောင်းများမှ ကျောင်းသားကျောင်းသူများက ၎င်းတို့သည်အလှအပ၊ အဝတ်အစားထက်၎င်းတို့၏စာအုပ်များကိုသာ ပိုမိုစိတ်ဝင်စားကြောင်း ဖြေခဲ့ပြီး ငီအန်းကျောင်းသားများကမူ ၎င်းတို့သည် မိမိကိုယ်ကို လှပအောင်တင်ဆက်ပြသရသည်ကို ကြိုက်နှစ်သက်ကြောင်း ဖြေဆိုခဲ့သည်။

*—Ref: Asiaone*



# Leader's Profile

## အိန္ဒိယ သမ္မတသစ်

# မစ္စတာ ပရာနက်မူခါဂျီး

ရဲမင်း

မစ္စတာ ပရာနက်ကူးမားမူခါဂျီးသည် အိန္ဒိယနိုင်ငံ၏ သမ္မတဖြစ်သည်။ မစ္စတာမူခါဂျီးသည် အိန္ဒိယ အမျိုးသားကွန်ဂရက်ပါတီ၏ ဝါရင့်နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်ကာ ယခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ ဇူလိုင်လ ၂၂ ရက်ကမှပါတီမှနုတ်ထွက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏(၁၃)ယောက်မြောက် သမ္မတအဖြစ် ဇူလိုင်လ ၂၅ ရက်တွင် စတင်တာဝန်ထမ်းဆောင်သည်။

မစ္စတာမူခါဂျီးအား ၁၉၃၅ ခုနှစ်ဒီဇင်ဘာလ ၁၁ ရက်တွင် ဘင်ဂါလီဟင်ဒူကူလင်း ဘရာမင်းမိသားစုမှ မွေးဖွားခဲ့သည်။ မစ္စတာမူခါဂျီး၏ ဖခင်မှာလည်း အိန္ဒိယကွန်ဂရက်ပါတီဝင်တစ်ဦးဖြစ်ပြီး အိန္ဒိယလွတ်လပ်ရေး လှုပ်ရှားမှုကာလတွင် ထောင်ထဲ၌ ၁၀ နှစ်ခန့်နေခဲ့ရသူဖြစ်သည်။

မစ္စတာမူခါဂျီးသည် ထိုအချိန်က ကာလကတ္တားတက္ကသိုလ်နှင့် ချိတ်ဆက်ထားသော ဆူရီဗီဒါဆာဂါကောလိပ်တွင် ပညာသင်ကြားခဲ့ပြီး သမိုင်းနှင့် နိုင်ငံရေးသိပ္ပံအထူးပြု ဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ကာလကတ္တားတက္ကသိုလ်မှလည်း ဥပဒေဘွဲ့ရရှိခဲ့သည်။ ယင်းနောက် မစ္စတာမူခါဂျီးသည် ကာလကတ္တားမြို့စာတိုက်နှင့် ကြေးနန်းဌာနတွင် အထက်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် တက္ကသိုလ်ဆရာ၊ ဂျာနယ်လစ်အလုပ်များ လုပ်ကိုင်ခဲ့သည်။

မစ္စတာ မူခါဂျီးသည် ၁၉၆၉ ခုနှစ်တွင် ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီလက်ထက်၌ နိုင်ငံရေးလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ များမကြာမီမှာပင် မစ္စတာမူခါဂျီးသည် မစ္စအင်ဒီရာဂန္ဒီ၏အားကိုးရသောလက်ရုံးတစ်ဦးဖြစ်လာခဲ့ပြီး အိန္ဒိယအထက်လွှတ်တော်အမတ်တစ်ဦးလည်းဖြစ်လာသည်။ ၁၉၇၃ ခုနှစ်တွင် မစ္စစ်အင်ဒီရာဂန္ဒီ၏အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့ပြီး ဝန်ကြီးဌာနများစွာတွင် ပြောင်းလဲတာဝန်ထမ်းဆောင်ရင်း ၁၉၈၂-၈၄ တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၉၈၀ မှ ၁၉၈၅ ခုနှစ်အထိ အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။

မစ္စတာရာဂျစ်ဂန္ဒီလက်ထက်တွင်မူ မစ္စတာမူခါဂျီးသည် ကွန်ဂရက်ပါတီမှပထုတ်ခံရသည်။ မစ္စစ်အင်ဒီရာဂန္ဒီအား ဆက်ခံသင့်သူအဖြစ် ၎င်းကိုယ်၎င်း ရှုမြင်ခဲ့ရာ မစ္စတာရာဂျစ်ဂန္ဒီနှင့် ပါဝါချင်းယှဉ်ပြိုင်ရင်း ရှုံးနိမ့်ခဲ့ပြီးနောက် ကွန်ဂရက်ပါတီခွဲတစ်ခုထူထောင်ခဲ့သည်။ သို့သော်နောက်ပိုင်းတွင် ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီနှင့် ညှိနှိုင်းရာတွင် ပြေလည်ခဲ့ပြီး ၎င်း၏ ပါတီအား အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီနှင့် ပြန်လည်ပေါင်းစည်းခဲ့သည်။

မစ္စတာမူခါဂျီးသည် ဝန်ကြီးချုပ်နာရာဆင်ဟာရာအိုလက်ထက်တွင်လည်း အစိုးရအဖွဲ့၌ ပါဝင်ခဲ့ပြီး ၁၉၉၀ ခုနှစ်များအတွင်း အမျိုးသားစီမံကိန်းဌာန ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများကိုကိုင်တွယ်ခဲ့သည်။ ထို့အပြင် မစ္စတာမူခါဂျီးသည် ယခုကွန်ဂရက်ပါတီဥက္ကဋ္ဌ မစ္စဆိုနီယာဂန္ဒီတစ်ယောက် အိန္ဒိယနိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုရှိလာရန် အဓိကပုံဖော်ခဲ့သူ ဗိသုကာလည်းဖြစ်သည်။ မစ္စတာမူခါဂျီးသည် ၁၉၈၂-၈၄ ခုနှစ် ဘဏ္ဍာရေးဝန်ကြီးတာဝန်ထမ်းဆောင်စဉ် ၎င်းကိုယ်တိုင် လက်မှတ်ရေးထိုး၍ အိန္ဒိယဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့သော မစ္စတာမန်မိုဟန်ဆင်းဝန်ကြီးချုပ်လက်ထက်တွင်လည်း ကာကွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၄ တွင် အထူးချွန်ဆုံး ဘဏ္ဍာရေးဝန်ကြီးအဖြစ် သတ်မှတ်ခံရသူ အိန္ဒိယဝါရင့်နိုင်ငံရေးသမားကြီး မစ္စတာပရာနက်မူခါဂျီးသည် အိန္ဒိယတပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်ဖြစ်သော အိန္ဒိယသမ္မတရာထူးကို ဇူလိုင်လ ၂၅ ရက်တွင် ကျမ်းသစ္စာကျိန်ဆို၍ စတင်ထမ်းဆောင်နေပြီဖြစ်သည်။

—*Ref: Wikipedia*

### နောက်ကျောဖုံး - ကြွေးမြီအကျပ်အတည်းနှင့်ပတ်သက်၍ အချိန်ဆွဲနေ၍ မရကြောင်း ယူရိုအုပ်စုအကြီးအကဲ ပြောကြား မှု

"ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတာကို တိတိကျကျ ဆုံးဖြတ်ဖို့ လိုပါသေးတယ်။ ရှေ့လာမယ့် နေ့တွေမှာ ဘာတွေဖြစ်ပေါ်တိုးတက်လာမလဲဆိုတာ မူတည်ပြီး ကျွန်တော်တို့ ဘယ်လိုတုံ့ပြန်မလဲဆိုတာ ဆုံးဖြတ်ရမှာပါ" ဟု မစ္စတာဂျန်ကာက ပြောကြားသည်။

—*Ref: AP*



### နောက်ကျောဖုံး - ရာထူးမှဖယ်ရှားရေး ကြိုးပမ်းမှုကို ရိုမေးနီးယားသမ္မတ ကျော်လွှားနိုင်ခဲ့ မှ

ဗစ်တာပွန်တာ၏ကြိုးပမ်းမှုကို ဥရောပ သမဂ္ဂက ပြင်းထန်စွာဝေဖန်ပြောကြားခဲ့ပြီး ယင်းကြိုးပမ်းမှုမှာ ဥပဒေစိုးမိုးမှုကို အားနည်းစေကြောင်း ပြောကြားသည်။

သမ္မတ ဘာဆက်စကူးနှင့်ပတ်သက်၍ အငြင်းပွားမှုကြောင့် ပေါ်လစီများချမှတ်ရေးတွင် နှောင့်နှေးခဲ့ရပြီး ရိုမေးနီးယားနိုင်ငံ သုံးငွေတန်ဖိုး စံချိန်တင် ကျဆင်းမှုများဖြစ်ပေါ်ခဲ့သည်။ ရိုမေးနီးယားနိုင်ငံက ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့မှ ရယူရန်စီစဉ်ထားသည့် ချေးငွေကန်ဒေါ်လာ ၅ ဘီလီယံမှာလည်း မရေမရာဖြစ်သွားခဲ့ သည်။

သမ္မတအား ဖယ်ရှားရေး သဘောထားခံယူချက် ဆန္ဒမဲပေးမှုတွင် မဲပေးခွင့်ရှိသူ၏ ၄၆ ရာခိုင်နှုန်းသာလာရောက်မဲပေးခဲ့ခြင်းကြောင့် မဲခွဲမှု အတည်ဖြစ်ရန်လိုအပ်သော မဲအရေအတွက် ၅၀ ရာခိုင် နှုန်းကို မရရှိခဲ့ပေ။

"ဒီမိုကရေစီ မီးတောက်ဆက်လက်ထွန်းလင်းနေပါတယ်။ ရိုမေးနီးယား နိုင်ငံသားတွေကအ တင်းအဓမ္မ အာဏာသိမ်းမှုကို ပယ်ချခဲ့ပါတယ်" ဟုသမ္မတဘာဆတ်စကူးက ပြောကြားသည်။

—*Ref: Reuters*

## ဩစတြေးလျ သတ္တုတူးဖော်ရေးကုမ္ပဏီများ မြန်မာနိုင်ငံတွင် အခွင့်အလမ်းများ ရှာဖွေ

**ရန်ကုန်၊ ဇူလိုင် - ၂၆**

ဩစတြေးလျ သတ္တုတူးဖော်ရေးကုမ္ပဏီများသည် မြန်မာနိုင်ငံသို့ လာရောက်ကာ သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများရှာဖွေနေကြသည်။ ဘရစ်ဘိန်းမြို့အခြေစိုက် Global Resources ကော်ပိုရေးရှင်းနှင့် Sterling Mining Group ကုမ္ပဏီအကြီးအကဲများသည် ရန်ကုန်မြို့တွင် ရောက်ရှိနေပြီး ဩစတြေးလျရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေး အခွင့်အလမ်းများ ရှာဖွေနေသည်။

အရှေ့တောင်အာရှဒေသ၏နောက်ဆုံးဖွင့်လှစ်လာသောဈေးကွက်သို့ ဩစတြေးလျ သတ္တုတူးဖော်ရေးကုမ္ပဏီငယ်များ ဝင်ရောက်လုပ်ကိုင်ရန် အခြေအနေကောင်းကြောင်း Global Resources ဥက္ကဋ္ဌ မစ္စတာအဲဗရက်ကပြောသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ ကျော်စစ်အုပ်ချုပ်ရေးအောက်တွင် ရောက်ရှိနေခဲ့ပြီးနောက် မကြာသေးမီကမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် Myanmar Mining Summit တွင် ဩစတြေးလျ သတ္တုရှာဖွေရေး ကုမ္ပဏီများ အများအပြားတက်ရောက်နေပြီး နိုင်ငံတကာမှ ကုမ္ပဏီကြီးများ ဝင်ရောက်ခြင်းမရှိသေးသောကြောင့် အသေးစားသတ္တုတူးဖော်ရေး ကုမ္ပဏီများအတွက် အကောင်းဆုံးအနေအထားဖြစ်သည်ဟု ဩစတြေးလျသတင်းဌာနကဖော်ပြသည်။

—*Ref: News.com*

## အီးယူစီးပွားရေးအကျပ်အတည်း တောင်ကိုရီးယားအား ထိခိုက်

**ဆိုးလ်၊ ဇူလိုင် - ၂၆**

ရင်းနှီးမြှုပ်နှံမှုများလျော့နည်းလာပြီး ဥရောပစီးပွားရေးအကျပ်အတည်းကြောင့် နိုင်ငံခြားသို့ကုန်ပစ္စည်းတင်ပို့မှု ကဏ္ဍကို ထိခိုက်ခဲ့ရာတောင်ကိုရီးယားနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုယခုနှစ်ဒုတိယသုံးလပတ်တွင် နှေးကွေးလာခဲ့သည်။

ဧပြီ-ဇွန် သုံးလပတ်အတွင်း နိုင်ငံ၏ ဂျီဒီပီမှာ ၀ ဒသမ ၄ ရာခိုင်နှုန်းသာ ကြီးထွားခဲ့ သည်။ ယင်းမတိုင်မီပထမသုံးလပတ်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ နိုင်ငံ့စီးပွားရေးမှာလည်း ယမန်နှစ် ယင်းကာလအပိုင်းအခြားနှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်လာသည်။

ယင်းကိန်းဂဏန်းများကြောင့် ယခုလအစောပိုင်းမှာပင် အတိုးနှုန်းများလျှော့ချခဲ့သောဗဟိုဘဏ်အနေဖြင့် ထပ်မံ၍ ပေါ်လစီဖြေလျှော့မှုများ လုပ်ဆောင်ပေးလာဖွယ်ရှိသည်။

ကိုရီးယားဗဟိုဘဏ်သည် သုံးနှစ်အတွင်း ပထမဆုံးအတိုးနှုန်းလျှော့ချမှုအဖြစ် ဘဏ်၏အခြေခံငွေချေးနှုန်းကို ၃ ဒသမ ၂၅ မှ ၃ ရာခိုင်နှုန်းသို့ မမျှော်လင့်ဘဲ လျှော့ချခဲ့သည်။ တောင်ကိုရီးယားဗဟိုဘဏ်က ရှေ့လာမည့် လများတွင်အတိုးနှုန်းများ ထပ်မံလျှော့ချပေးနိုင်ကြောင်း ဆန်းစစ်လေ့လာသူများက ပြောသည်။

"စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဒီလောက်တောင် နှေးကွေးနေတယ်ဆိုရင်တော့ အခြေအနေတော်တော်ဆိုးတယ်ဆိုတာကို ပြသနေပါတယ်" ဟု SK အာမခံကုမ္ပဏီမှ ယမ်ဆန်ဟွန်းက ပြောကြားပြီး ထို့အတွက် စက်တင်ဘာ (သို့မဟုတ်)အောက်တိုဘာလ ခန့်တွင် ဗဟိုဘဏ်က အတိုးနှုန်းထပ်မံလျှော့ချပေး နိုင်သည်ဟု ၎င်းက ဆိုသည်။

—*Ref: BBC*

### နောက်ကျောဖုံး - အလက်ပိုမြို့ကို ထိုးစစ်ဆင်ပါက အမှားကြီးမှားသွားလိမ့်မည်ဟု ကန်ကာကွယ်ရေးဝန်ကြီး ဆီးရီးယားကို သတိပေးပြောကြား မှ

ထိုအတောအတွင်းမှာပင် အစိုးရတပ်ဖွဲ့များကို ယှဉ်နိုင်ရန် လက်နက်ကြီးများ ထောက်ပံ့ပေးရန် သူပုန်အဖွဲ့များက တောင်းဆိုနေကြသည်။

"အလက်ပိုမြို့တိုက်ပွဲဟာ ကိုယ့်ပြည်သူတွေအပေါ် အကြမ်းဖက်သွေးထွက်သံယိုမှုတွေ ပြန်ပြီး ကျူးလွန်တဲ့ အာဆတ်အစိုးရရဲ့ ကြေကွဲစရာ နမူနာပဲဖြစ်ပါတယ်" ဟုမစ္စတာယီယွန်ပါနက်တာက တူနီရှားနိုင်ငံသို့ အသွားစစ်လေယာဉ်ပေါ်တွင် ပြောကြားခဲ့သည်။

မိမိပြည်သူများအပေါ် ယင်းသို့ ဆက်လက်တိုက်ခိုက်နေပါက ယင်းမှာအာဆတ်၏ခေါင်းတလားအတွက် နောက်ဆုံးသံချက်ဖြစ်လိမ့်မည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

—*Ref:AFP*

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012



# ခံစားမှုအပြည့်နဲ့ ဒီမိုကရက်တစ်ဦး ဖြစ်ခဲ့တာပါ

## ရိုမေးနီးယားဝန်ကြီးချုပ် ဗစ်တာပွန်တာနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ရိုမေးနီးယားဝန်ကြီးချုပ် ဗစ်တာပွန်တာဟာ ဥရောပသမဂ္ဂ (အီးယူ)ရဲ့ အစိုးရအကြီးအကဲတွေထဲမှာ အသက်အငယ်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အသက် ၃၉ နှစ်ရှိပြီဖြစ်တဲ့ ဗစ်တာပွန်တာဟာ ရိုမေးနီးယားရဲ့ လက်ဝဲယိမ်းနဲ့အမျိုးသားရေးဝါဒီ ညွန့်ပေါင်းအစိုးရကို ဦးဆောင်နေသူဖြစ်ပြီး နိုင်ငံတွင်းမှာ နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ်နိုင်ဖို့ ဖိနှိပ်တဲ့ အမိန့်ဒီဂရီတွေ အများကြီးထုတ်ခဲ့တယ်လို့လည်း တော်တော်များများက ယုံမှတ်ပြောဆိုတာ ခံနေရပါတယ်။ ဥရောပသမဂ္ဂဟာလည်း ဒီကိစ္စမှာ ၎င်းကို ပြင်းထန်စွာဝေဖန်ခဲ့ပြီး ဥရောပတရားရေးကော်မရှင်နာမင်းကြီး ဗီဗီယန်ရက်ဒင်းကဆိုရင် အဲဒါဟာ ‘အာဏာသိမ်းမှုပုံစံတစ်မျိုး’လို့ခေါ်ဆိုခဲ့ပါတယ်။ ဒါ့အပြင် ယခင် ရိုမေးနီးယား နိုင်ငံခြားရေးဝန်ကြီးဟောင်း အန်ဒရေပလေဆူကလည်း မကြာသေးမီက စပိုင်းဂဲလ်မဂ္ဂဇင်းမှာ ‘သူ့တိုင်းပြည်ဟာ အာဏာရှင်စနစ်ရဲ့ လမ်းကြောင်းပေါ်ရောက်နေပြီ’ လို့ရေးခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေပါမောက္ခဟောင်းတစ်ဦးဖြစ်ပြီး ရှေ့နေတစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးတဲ့ ပွန်တာကတော့ ဒီလိုမျိုး လုပ်ဖော်ကိုင်ဖက်ဟောင်းတစ်ဦးဆီက စကားလုံးတွေကို လက်ခံဖို့ ခက်လှတယ်လို့ပြန်ပြောခဲ့ပါတယ်။ ယခု စပိုင်းဂဲလ်နဲ့ အင်တာဗျူးဟာဖြင့် ၎င်းအပေါ် ဆန့်ကျင်ကန့်ကွက်မှုတွေ ဖြစ်ပေါ်ခဲ့အပြီး သူ့အနေအထားနဲ့ ပတ်သက်လို့ ပွင့်ပွင့်လင်းလင်း ပြောဆိုကာ လက်ခံတွေ့ဆုံခဲ့တဲ့ နိုင်ငံတကာမီဒီယာတစ်ခုနဲ့ ပထမဆုံးသောအင်တာဗျူးပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူဟာ အင်တာဗျူးပြုလုပ်ရာမှာလည်း သူ့ရဲ့ ပီအိတ်ချ်ဒီ သုတေသနကျမ်းကို ခိုးချပြီး ရေးခဲ့တာဆိုတဲ့ စွပ်စွဲချက်တွေနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို အဖြေပေးဖို့ ငြင်းဆန်နေဆဲဖြစ်ကြောင်း စပိုင်းဂဲလ်ကဖော်ပြခဲ့ပါတယ်။

**ဝန်ကြီးချုပ်ခင်ဗျာ ဥရောပ တစ်တိုက်လုံးက ဝန်ကြီးချုပ်ဟာ ဘယ်လိုလူမျိုးလဲ။ ဒီမိုကရက်လား၊ အာဏာပိုင်စနစ်နဲ့ အုပ်ချုပ်သူလား (သို့မဟုတ်) အာဏာသိမ်းဖို့ ပြင်ဆင်နေသူတစ်ဦးလားဆိုတာကို သိချင်နေပါတယ်။**

ကျွန်တော် ၁၇နှစ်သားမှာ ကွန်မြူနစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဖို့ လမ်းတွေပေါ်ထွက်ဆန္ဒပြခဲ့ကတည်းက ကျွန်တော်ဟာ ခံစားမှုအပြည့်နဲ့ ဒီမိုကရက်တစ်ဦးဖြစ်ခဲ့တာပါ။ ၂၀၀၇ မှာ ဥရောပသမဂ္ဂထဲ ရိုမေးနီးယားဝင်ဖို့ စေ့စပ်ဆွေးနွေးမှုတွေလုပ်နေစဉ်အတွင်းမှာလည်း ကျွန်တော့်ပါတီရဲ့ လူငယ်အဖွဲ့ကို ကျွန်တော်ပဲ ခေါင်းဆောင်ခဲ့တယ်။ ကျွန်တော်က ဥရောပသားအဖြစ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်သက်ဝင်ထားသူပါ။ ညီညွတ်တဲ့ဥရောပတိုက်ဆိုတာ ရိုမေးနီးယားရဲ့ အနာဂတ်ပါပဲ။ ဒီအချက်က ဝန်ကြီးချုပ်တစ်ဦးအဖြစ် ကျွန်တော့်တာဝန်ကို ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ ပြသပါလိမ့်မယ်။

**ဥရောပကော်မရှင်ကတော့ ကိစ္စတွေကို ကွဲပြားစွာ ရှုမြင်နေပါတယ်။ ဝန်ကြီးချုပ်ဟာ မကြာခင်က ဘရပ်ဆဲလ်ကို ခရီးထွက်ဖို့ ပန်ကြားခံခဲ့ရပြီး အဲဒီမှာ ဝန်ကြီးချုပ်ဟာ ဥပဒေစိုးမိုးမှုနဲ့ ဒီမိုကရေစီကို ဖျက်ဆီးတယ်ဆိုပြီး လူသိရှင်ကြား ရှုတ်ချခံခဲ့ရပါတယ်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမန်နူရယ်ဘာရိုဆိုကလည်း ဝန်ကြီးချုပ်ဟာ သူတို့ရဲ့ ယုံကြည်မှုကို လှုပ်ခါစေခဲ့တယ်လို့ပြောခဲ့တယ်။ ဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်တွေကို ပြင်ဖို့တောင်းဆိုခဲ့တယ်။ ဒီအချက်က ဝန်ကြီးချုပ်အတွက် အမှတ်ရစရာကိစ္စတစ်ခုမဖြစ်ပေဘူးလား။**

ဟုတ်ကဲ့ဖြစ်ပါတယ်။ ဒီကိစ္စဟာ နာကျင်စေပြီး သွေးလန့်စရာတစ်ခုအဖြစ် ကျွန်တော့်ဆီရောက်ခဲ့တယ်။ ကျွန်တော် နိုင်ငံရေးနယ်ထဲနေတာ ၁၂နှစ်ရှိခဲ့ပြီ။ အမြဲပဲ ကိုယ့်ကိုယ်ကိုယ် ဥရောပကို ကိုးကွယ်ဖို့လုပ်ခဲ့တယ်။ အခုတော့ အဲသလိုဖြစ်ခဲ့ပြီ။ ဒါပေမဲ့ အီးယူထဲမှာအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနဲ့ပတ်သက်လို့ အဲဒီလို သံသယတွေရှိနေရင် (သံသယပျောက်အောင်) စည်းကမ်းနဲ့ နေထိုင်သွားရမှာပဲ။ သူ့ ချဉ်းကပ်နည်းက ကိစ္စတွေအားလုံး အစီအစဉ်တကျဖြစ်ဖို့ အပြုသဘောဆောင်ဆုံးနည်းပါ။ မစ္စတာ ဘာရိုဆိုမှန်ပါတယ်။

**တချို့အချက်လေးတွေ မေးချင်ပါတယ်။ ဥပမာအားဖြင့် ဝန်ကြီးချုပ်ဟာ အခြေခံဥပဒေခုံရုံးရဲ့ လုပ်ပိုင်ခွင့်အာဏာကို ထူးထူးခြားခြားပဲ ကန့်သတ်ခဲ့တာကိုပေါ့။**

အဲဒါ ကျွန်တော်ရဲ့ ရည်ရွယ်ရင်း ဘယ်တော့မှ မဟုတ်ခဲ့ပါဘူး။ အဲဒါနဲ့ ဆက်နွယ်တဲ့ အမိန့်ဒီဂရီတစ်ခုဟာ ကျွန်တော့်ရဲ့ ကြိုးပမ်းမှုကြောင့် သက်တမ်းကုန်သွားခဲ့တာပါ။ ကျွန်တော့်အစိုးရဟာ တရားစီရင်ရေးစနစ်ရဲ့ လွတ်လပ်အမှီအခိုကင်းမှုကို လေးစားလိုက်နာဖို့ ကတိပေးပြီးသားပါ။

**အီးယူက ဝန်ကြီးချုပ်ဟာ အရေးပေါ် အမိန့်ဒီဂရီတွေ ထုတ်ပြန်ခဲ့အပြီး အဲဒါတွေကလည်း(ရှိနေတဲ့) ဥပဒေတွေ ရုပ်သိမ်းပိုင်ခွင့် အာဏာကို ဝန်ကြီးချုပ်က ရသွားစေတယ်လို့ ပြောထားပါသေးတယ်။**

ဒီအပိုင်းမှာလည်း ကျွန်တော် ရှင်းချင်တာ ကျွန်တော်တို့ဟာ အခြေခံဥပဒေရဲ့ မူဘောင်ထဲကနေပဲ ပြုမူဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ဟာ ဘရပ်ဆဲလ် (အီးယူ)က တောင်းဆိုချက်ကို ဖြည့်ဆည်းချင်ပါတယ်။ အဲဒီ တောင်းဆိုချက်က ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအဖွဲ့အစည်းအဆောက်အအုံတွေကို စောင့်ကြည့်ဖို့ နိုင်ငံရေးအရ လွတ်လပ်တဲ့ စောင့်ကြည့်သူတစ်ဦး ထားရှိပေးဖို့ကိစ္စပါ။ ဒါပေမဲ့ ဒါက ပါလီမန်အဖွဲ့ဝင်တွေအတွက် ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ကို ကျွန်တော့်ကိုယ်ပိုင်အဖြစ် မဖန်တီးနိုင်ပါဘူး။

**ရိုမေးနီးယားမှာမွေးတဲ့ နိုဗယ်ဆုရှင် ဟာတာမျူလာက တခြားအနုပညာရှင်တွေနဲ့ တွဲဖက်ပြီး ရိုမေးနီးယားနိုင်ငံတွင်း အနုပညာလွတ်လပ်ခွင့်အကန့်အသတ်တွေ ရှိနေတာကို ထောက်ပြဝေဖန်ခဲ့ပါတယ်။ သူမက ပြောတာတော့ ရိုမေးနီးယားယဉ်ကျေးမှုအင်စတီကျူ့ဒ်ဟာ အခုဆိုလွှတ်တော်ရဲ့ ထိန်းချုပ်မှုအောက် ရောက်နေပြီး အစိုးရအကြိုက် နိုင်ငံရေးအရောင်ဆိုးခံနေရတယ်လို့ပြောပါတယ်။**

ခင်ဗျားတို့ စိုးရိမ်စရာမလိုဘူးလို့ ကျွန်တော် ကတိပေးပါတယ်။ ယဉ်ကျေးမှုလွတ်လပ်ခွင့်ကို စာပေလွတ်လပ်ခွင့်တွေလိုပဲ အာမခံချက်ပေးထားဆဲပါ။ ခင်ဗျားအနေနဲ့ ကျွန်တော်နဲ့ပတ်သက်လို့ ရိုမေးနီးယားမီဒီယာတွေမှာ အဖျက်သဘောဆောင် ရေးသားနေကြတာတွေ အားလုံးကို ကြည့်သင့်ပါတယ်။

**မကြာသေးမီက ထုတ်ပြန်တဲ့ အီးယူအစီရင်ခံစာတစ်စောင်မှာလည်း အီးယူဟာ ရိုမေးနီးယားကို အထူးဂရုတစိုက်စောင့်ကြည့်နေရပြီး စိုးရိမ်နေရကြောင်း ဖော်ပြထားပါတယ်။ ဒါဟာ ယုံကြည်လို့ ကြေညာတဲ့ပုံစံမျိုးနဲ့ မတူလှပါဘူး။ ဘူလ်ဂေးရီးယားလိုပဲ ရိုမေးနီးယားဟာလည်း သူ့ရဲ့ မပြည့်စုံတဲ့ ပြုပြင်ပြောင်းလဲရေးတွေ၊ ခြစားမှုတွေကြောင့် စောင့်ကြည့်ခံနေရပါတယ်။ အီးယူရဲ့ ဒုတိယတန်းစားအဖွဲ့ဝင် တွေလို ဆက်ဆံခံနေရတာမျိုး ပေါ့။**

ဒါက အသစ်အဆန်းမဟုတ်ပါဘူး။ အမှန်က တစ်နှစ် နှစ်ကြိမ်ထွက်တဲ့ ဒီအီးယူအစီရင်ခံစာတွေ ရှိနေရတာဟာ အခြေခံအားဖြင့် ဘာဆက်စကူ (ကွန်ဆာဗေးတစ်သမ္မတ)ရဲ့ တာဝန်ပါ။ သူ့ရာထူးသက်တမ်းအတွင်း ခြစားမှုတွေဟာ ယုတ်လျော့မသွားခဲ့ပါဘူး။ ယှဉ်ကြည့်ရင် ၂၀၀၇မှာ အီးယူထဲ ကျွန်တော်တို့ ဝင်ပြီးချိန်ကစလို့ (နိုင်ငံတကာအကျင့်ပျက်ခြစားမှုညွှန်းကိန်း) Transparency International စာရင်းမှာ အဆင့်ခြောက်ဆင့်ကျခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အစိုးရဟာ ခြစားမှုတွေ တိုက်ဖျက်ဖို့ အားလုံးကို လုပ်ဆောင်သွားမှာပါ။

**ရိုမေးနီးယားဟာ စီးပွားရေးအကျပ်အတည်း ကြုံနေရပါတယ်။ နိုင်ငံသုံးငွေကြေးဟာလည်းဒေါ်လာ၊ ယူရိုတို့နဲ့ယှဉ်ရင်သမိုင်းဝင်အနိမ့်ဆုံးအဆင့်ကိုဆင်းနေတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်နဲ့ ပြိုင်ဘက် (သမ္မတ) ဘာဆက်စကူတို့ကြား အာဏာလွန်ဆွဲပွဲကလည်း စီးပွားရေးကို ချည့်နဲ့အောင် လုပ်တဲ့ပုံပေါ်နေပါတယ်။ အိုင်အမ်အက်ဖ်က ဦးဆောင်တဲ့ လုပ်ငန်းအဖွဲ့ဆီကနေ ဝန်ကြီးချုပ်ရယူထားတဲ့ ချေးငွေ ယူရိုငါးဘီလီယံကလည်း အန္တရာယ်ရှိနေပါတယ်။**

ကျွန်တော် ရာထူးယူတာ ၁၁ ပတ်ပဲရှိပါသေးတယ်။ ရိုမေးနီးယားစီးပွားရေးအကျပ်အတည်းအတွက် ကျွန်တော့်ကို အပြစ်မတင်နိုင်ပါဘူး။ ပြီးတော့ အိုင်အမ်အက်ဖ်ရဲ့ ချေးငွေက စိတ်ချရပါတယ်။ ရိုမေးနီးယားဟာ သူ့ရဲ့ ဘဏ္ဍာရေးဆိုင်ရာကိစ္စတွေကို တကယ်ဖြည့်ဆည်းဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ လုပ်ပြီးသမျှကိုလည်း အတည်ပြုခံရပြီးပြီ။ ကျွန်တော်တို့ကို အဆင့်သတ်မှတ်ချက်တွေကိုလည်း လက်ခံရရှိပြီးပါပြီ။ ဒါပေမဲ့ ရင်ဆိုင်ရမယ့် စီးပွားရေးအကျပ်အတည်းရဲ့အလယ်ကို ကျွန်တော်တို့ရောက်နေတာတော့ မှန်တယ်။ အကျပ်အတည်းကို ကျော်လွှားရင်းနဲ့ ကျွန်တော်တို့ဟာ ဂျာမန်ရင်းနှီးမြှုပ်နှံသူတွေအပေါ် အများကြီးမှီခိုနေရပါတယ်။

**နိုင်ငံရေးရာထူးမရှိဘဲ ဝန်ကြီးချုပ်အနေနဲ့ ရှင်သန်နေနိုင်ပါသလား။**

ဒီအလုပ်ကို ကျွန်တော် အများကြီးမြတ်နိုးသလို နိုင်ငံရေးပြင်ပမှာလည်း ဘဝရှိပါတယ်။

**နိုင်ငံရေးအစား ဘာလုပ်ချင်တာရှိပါသလဲ။ ရှေ့နေလုပ်ခဲ့တဲ့ အရင်အလုပ်မျိုးကို ပြန်သွားမှာလား။**

နိုင်ငံရေးနယ်ပယ်ထဲ မနေရတော့ဘူးဆိုရင် အစိုးရရှေ့နေတစ်ဦးအဖြစ် အလုပ်လုပ်ချင်ပါတယ်။ ကျွန်တော် အရင်က လုပ်ဖူးသလို ခြစားမှုတိုက်ဖျက်ရေးတွေမှာ ဦးဆောင်တရားစွဲဆိုတဲ့ ရှေ့နေတစ်ဦးအနေနဲ့ ဖြစ်ကောင်းဖြစ်မယ်ပေါ့။ သည်ဟိဂ်က နိုင်ငံတကာတရားရုံးတော်ကိုလည်း ကျွန်တော် သွားလုပ်ချင်တယ်။ အာဏာရှင်တွေကို တရားစွဲဆိုရတဲ့ ရှေ့နေတစ်ဦးအဖြစ် လုပ်ရင်းပေါ့။ အဲဒါ သိပ်ကောင်းမှာပဲ။ စုစည်းညီညွတ်တဲ့ ဥရောပတိုက်မှာ နေထိုင်ပြီး လူ့အခွင့်အရေးကို မလိုက်နာတဲ့ အဲဒီ့ဆိုးရွားလှတဲ့ နိုင်ငံရေးသမားတွေကို တရားစွဲဆိုရတာ ကျေနပ်စရာဖြစ်မှာပဲ။

*—Ref: Spiegel interview with Romanian Prime Minister Victor Ponta. 23th July.*

7Day News Journal

# Entertainment

Vol.11, No.21 • AUGUST 2 , 2012



ဓာတ်ပုံ-ရေမောင်မောင်(အမရပူရ)

## ခန္ဓာကိုယ်ကြောင့် လေယာဉ်မှူးဇာတ်ရုပ်အတွက် အခက်အခဲရှိတယ်ဆိုတဲ့ ရဲတိုက်

ကြူကြူဟန်

**ရန်ကုန်၊ဇူလိုင်-၂၄**

ဆာတိုရီထုတ်လုပ်ရေးအတွက် ဒါရိုက်တာရီဇော် ရိုက်ကူးနေသည့် 'ချစ်သူရဲ့အရိပ်'ဇာတ်ကားတွင် ရဲတိုက်က လေယာဉ်မှူးအဖြစ် ပထမဆုံးသရုပ်ဆောင်ထားပြီး သူ၏ခန္ဓာကိုယ်ကြောင့် သရုပ်ဆောင်ရာ၌ အခက်အခဲရှိကြောင်း ရဲတိုက်ကပြောသည်။

"တစ်ခါမှ မရိုက်ဖူးဘူးဗျ။ ကျွန်တော့်ခန္ဓာကိုယ်နဲ့ လေယာဉ်မှူးပုံစံလည်း သိပ်မပေါက်တော့ နည်းနည်းတော့ အခက်အခဲဖြစ်ပါတယ်။ အရပ်ပုတဲ့ကိစ္စကတော့ ဆွဲဆန့်ထုတ်လို့မှမရတာ။ ဆိုလိုတာကဥပမာ-ကိုလွင်မိုးတို့အရင်တုန်းက ရိုက်သွားတဲ့ဟာဆိုရင်လေယာဉ်မှူးဆို ခန့်ခန့်ညားညားကြီးပေါ့။ ကိုယ့်ကိုကျတော့ အဲဒီလောက်အားမရဘူး။ အဲဒါကြောင့်မို့။ ဒါပေမဲ့ အဓိကဇောင်းပေးထားတာ အချစ်အကြောင်းဖြစ်တဲ့အတွက် အဆင်ပြေပါတယ်"ဟု ရဲတိုက်က ပြောသည်။

အသက်အရွယ်ကြီးသည်အထိ လေယာဉ်မစီးဘူးခဲ့သည့် ရဲတိုက်သည် မိတ်ဆွေလေယာဉ်မှူးနှစ်ဦးကြောင့် လေယာဉ်မှူးအခန်းတွင်ထိုင်ကာ လေယာဉ်ပျံသန်းနေသည်ကို နှစ်ကြိမ်ခန့်ကြည့်ရှုခဲ့ဖူးကြောင်း ပြောကြားသည်။

'ချစ်သူရဲ့အရိပ်'ဇာတ်ကားတွင် လှပမှုမရှိသည့် ဘဝကို ပိုင်ဆိုင်ထားသော မိန်းကလေးတစ်ယောက်ကို အချစ်တစ်ခုကြောင့် စာနာနားလည်ပေးသူလေယာဉ်မှူးအဖြစ် ရဲတိုက်က သရုပ်ဆောင်ထားပြီး ဇာတ်ညွှန်း ဆာတိုရီရေးသားသည့်ဇာတ်ကားတွင် သင်ဇာဝင့်ကျော်၊ သန်းသန်းစိုး၊ ထွန်းထွန်းဝင်းတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရသည်။

အာဇာနည်နေ့တွင် ဖြန့်ချိခဲ့သော 'လွမ်းစိမ့်'ဇာတ်ကား၌ အချို့ဇာတ်ဝင်ခန်းများ ဆင်ဆာဖြတ်ခံထားရပြီး လတ်တလော ဆင်ဆာလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး မေးမြန်းရာ "အဲဒါကတော့ သရုပ်ဆောင်တစ်ယောက်အနေနဲ့ပြောရရင် အခုလက်ရှိ ရိုက်နေတဲ့ ဇာတ်ညွှန်းတွေကတော့ အရင်ထက်ပိုပြီးတော့ လွယ်နေတာတွေမှာတော့ပြောင်းနေပြီပေါ့။ ခက်ခက်ခဲခဲ လုပ်ရမယ့်ဟာတွေတော့မပြောင်းသေးဘူး။ ဆင်ဆာကြောင့်ဆိုတာလည်းရှိသလိုတစ်ဖက်ကလည်း ဘတ်ဂျက်အခြေအနေငွေကြောင့် ဆိုတာလည်းရှိတယ်။ ဆင်ဆာကဘာတွေခွင့်ပြုလိုက်လို့ဘာတွေအကုန်လုံးကိုကောင်းကောင်းမွန်မွန်သေသေသပ်သပ်နဲ့ဘယ်လောက်ကုန်ကျခံပြီး ရိုက်နိုင်ပြီလည်းဆိုတာကို မသိသေးဘူး"ဟု ရဲတိုက်ကပြောသည်။

'လွမ်းစိမ့်'ဇာတ်ကားနှင့်ပတ်သက်၍ ပရိသတ်များက ဇာတ်ကားကြည့်ကာလွမ်းရသည်ဟု ပြောသည့်အတွက် ကျေနပ်မိပြီး ရဲတိုက်ကိုယ်တိုင်ကလည်း'လွမ်းစိမ့်'ဇာတ်ကားကို အရမ်းချစ်ပါကြောင်း ပြောပါသည်။



# ပရိသတ်တွေနဲ့ ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့ဖို့ မျှော်လင့်နေပါတယ်

## ပိုးဒါလီသိန်းတန်နှင့်တွေ့ဆုံခြင်း

**အေးသူစံ**

မြန်မာပြည်သိန်းတန်က မြန်မာနိုင်ငံကို ပြန်လာပြီး ဂီတဖျော်ဖြေပွဲများစွာ ပြုလုပ်သွားပြီးတဲ့နောက် သမီးဖြစ်သူ ပိုးဒါလီသိန်းတန်ကိုလည်း ပရိသတ်တွေက တောင့်တလာပြန်ပါတယ်။'ကော်ဖီပူလေးသောက်လိုက်ပါဦး'၊'မေတ္တာရေလှိုင်း'၊'ချစ်ရည်းစား'၊'ကောင်းကင်ပြာ'စတဲ့နာမည်ကျော်သီချင်းပေါင်းများစွာကို သူမရဲ့လူသိများကြတဲ့ ကိုယ်ပိုင်ဟန်နှုတ်ခမ်းထော်ထော်လေးနဲ့သီဆိုခဲ့တဲ့ ပိုးဒါလီသိန်းတန်ဟာ အမေရိကန်ပြည်ထောင်စုမှာ ခင်ပွန်း၊ သမီးသုံးဦးတို့နဲ့အတူ နေထိုင်နေတာ အခုဆို ၁၅နှစ်တာ ကာလရှိခဲ့ပါပြီ။ ၁၉၈၉ ခုနှစ်ကစပြီး စတီရီယိုဂီတလောကထဲကို ရောက်ရှိခဲ့သူ ပိုးဒါလီသိန်းတန်ဟာ အိမ်ထောင်မကျခင် ၁၉၉၆ခုနှစ်အထိ တေးစီးရီးပေါင်း ၁၃ ခွေထွက်ရှိခဲ့သူဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ နှစ်အတန်ကြာ ဝေးကွာနေပေမယ့် သူ့အသံ၊ သူ့သီချင်း၊ သူ့ပုံရိပ်နဲ့ သူ့ဖက်ရှင်တွေက မြန်မာနိုင်ငံက များစွာသောပရိသတ်တို့ကို ဖမ်းစားထားဆဲဖြစ်ပါတယ်။ သူမ ပရိသတ်များစွာနဲ့ ပြန်လည်ဆုံတွေ့ချင်တာရောဖခင်ဖြစ်သူဦးသိန်းတန်ရဲ့ကမ်းလှမ်းမှုကြောင့်ပါဒီနှစ်ဒီဇင်ဘာမှာမြန်မာနိုင်ငံကိုဖခင်နဲ့အတူဖျော်ဖြေပွဲလာရောက်သီဆိုဖို့ စီစဉ်ထားတဲ့ ပိုးဒါလီသိန်းတန်နဲ့ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ဆက်သွယ်မေးမြန်းခဲ့တာတွေကို ပြန်လည်တင်ပြလိုက်ပါတယ်။

**ဒီနှစ်ကုန်ပိုင်းမှာ မပိုးနဲ့ ဦးသိန်းတန်တို့သားအဖ မြန်မာနိုင်ငံ ပြန်လာဖို့ရှိတယ်လို့သိရပါတယ်။ စီစဉ်ထားတဲ့ခရီးစဉ်အကြောင်းလေး ပြောပြပေးပါဦး။**

အခု လာမယ့်ဒီဇင်ဘာမှာ မပိုး ပြန်လာဖို့ အစီအစဉ်ရှိပါတယ်။ မပိုးရဲ့ဒယ်ဒီ ဦးသိန်းတန်နဲ့ အတူတူ မပိုးတစ်သက် တစ်ခါမှ ပွဲမလုပ်ဖြစ်ခဲ့ဘူး။ ဒယ်ဒီက သိပ်မကြာခင်ကပဲ တမ်းတမ်းတတနဲ့ မပိုးကို သူနဲ့အတူ မြန်မာနိုင်ငံမှာ ပွဲလုပ်ဖို့ တောင်းဆိုတယ်။ မပိုးနဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေ အများစုကလည်း ပြန်လာဖို့ ဖိတ်ခေါ်တာကြောင့်

**စာ(၄၉)သို့**



ဓာတ်ပုံ- ရေမောင်မောင် (အမရပူရ)

## အိပ်မက်ဆုံရာမှာ အသံပိုင်းဆိုင်ရာ လေ့ကျင့်ပေးမှုကိုအကြိုက်ဆုံးဆိုတဲ့ နန်းထက်ထက်သူ

ကြူကြူဟန်

**ရန်ကုန်၊ဇူလိုင်-၂၇**

Channel-7 ရုပ်သံလိုင်း၏ ပရိသတ်စိတ်ဝင်စားမှု ရရှိခဲ့သော 'အိပ်မက်ဆုံရာ'အဆိုပြိုင်ပွဲတွင်ပထမဆုရနန်းထက်ထက်သူက အစီအစဉ်နှင့် ပတ်သက်၍ ခိုင်မြဲသာ၏ အသံပိုင်းဆိုင်ရာ သင်ကြားပြသပေးသည်ကို ကြိုက်နှစ်သက်ကြောင်း နန်းထက်ထက်သူက ပြောသည်။

"ဒီပြိုင်ပွဲက ကိုယ့်အတွက် အခြေခံသဘော အကုန်နားလည်သွားတာပေါ့နော်။ ပွဲမှာကြိုက်တဲ့ အချက်ကတော့ ဆရာခိုင်မြဲသာ Train တာပေါ့။ Vocalနဲ့ ပတ်သက်လို့ Train တာ အသံထုတ်ပုံ၊ လေရှူပုံ၊ အဲဒါတွေက အခြေခံက စသင်တာ။ နောက်တစ်ခုက သီချင်းအမျိုးအစားပြောင်းရင် Music ပိုင်းဆိုင်ရာ Melody ပိုင်းဆိုင်ရာလည်း ပြောင်းတာဆိုတော့ သိပ်မကျွမ်းကျင်ပေမယ့်တော်တော်လေးတော့ နားလည်သွားတယ်"ဟု နန်းထက်ထက်သူက ပြောသည်။

နန်းထက်ထက်သူက ပြိုင်ပွဲတစ်လျှောက်တွင် မြန်မာသံနှင့် R & B သီဆိုမှုမှာ အခက်အခဲရှိခဲ့ပြီး ငယ်ငယ်ကတည်းက Rock ဂီတကို သီဆိုနေကျဖြစ်သည့်အတွက် ဗီဇလိုဖြစ်နေကြောင်း သူမကပြောသည်။

နန်းထက်ထက်သူကို အခွေထုတ်ရန် ကမ်းလှမ်းထားသူများလည်းရှိပြီး Channel-7 က ဆုရရှိသူများကို အခွေထုတ်ပေးမည်ဖြစ်၍ ကမ်းလှမ်းမှုကိုလတ်တလောလက်မခံနိုင်သေးကြောင်း သူမကပြောသည်။

ဆုရရှိပြီးနောက် ဂီတကို ဘယ်လိုမျိုး ရှေ့ဆက်လုပ်ဆောင်သွားမလဲဟု နန်းထက်ထက်သူကို မေးမြန်းရာ "ကျွန်တော် ဆက်လုပ် သွားရင် Rock ပဲ ဆက်လုပ်သွားမှာပါ။ အားသန်တာတော့ Rock ပဲပေါ့။ ဒါပေမဲ့ မြန်မာပြည်မှာက မိန်းကလေး Rock ကလည်း ရှားတယ်။ ပရိသတ်လက်ခံနိုင်တဲ့ အနေအထားကလည်း ရှားတယ်ဆိုတော့ အဲဒါတစ်ခုပဲ စဉ်းစားတယ်။ ကျွန်တော် ရူးသွပ်တာက Rock ပဲ ပေါ့"ဟု သူမကပြောသည်။

'အိပ်မက်ဆုံရာ'ပြိုင်ပွဲသည် ပထမဆုံး ဝင်ပြိုင်သော ပြိုင်ပွဲဖြစ်ပြီး ယခင်က သူမ၏ဦးလေး တီးဝိုင်းနှင့်အတူ မွေးနေ့ပွဲ၊ ရှိုးပွဲများတွင်လည်း သီဆိုခဲ့ကြောင်း နန်းထက်ထက်သူက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# နောက်ဆုံးထုတ် အယ်လ်ဘမ်နဲ့ ပြည်တွင်းကေပေါ့ပ်လောကထဲ ပြန်ဝင်လာတဲ့BoA



**ဆိုးလ်၊**
**ဇူလိုင် - ၂၈**

ကိုရီးယားကေပေါ့ပ်ဂီတလောက၏ နာမည်ကျော်အဆိုရှင် BoA သည် ယခုနှစ်ပိုင်းအတွင်း နိုင်ငံတကာဂီတလောက၌ အောင်မြင်မှုရရန် ကြိုးစားနေရာမှ ယခုအခါ နောက်ဆုံးထုတ် အယ်လ်ဘမ် Only One ဖြင့် ပြည်တွင်းကေပေါ့ပ်လောကထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် BoA သည် ပြီးခဲ့သည့် ၂နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုအယ်လ်ဘမ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ကာ ယင်းမှာ သူမ၏ဂီတ သက်တမ်း၌ သတ္တမမြောက် အယ်လ်ဘမ်လည်းဖြစ်သည်။ ယခုအယ်လ်ဘမ်တွင် BoA သည် သူမကိုယ်တိုင် ပထမဆုံးရေးသားသောသီချင်း Only One ကိုလည်း ထည့်သွင်းထားပြီး သူမ၏ အနုပညာအစွမ်းအစကို ထပ်မံစမ်းသပ်ထားသည်။ အယ်လ်ဘမ်ခေါင်းစဉ်သီချင်းမှာ ဟစ်ဟော့ပ်ဆန်ဆန် စည်းချက်များဖြင့်ဖွဲ့စည်းထားပြီး သူမ၏ဆိုသံများ ပေါ်လွင်အောင် အထူးပြုသီဆိုထားသည်။

BoA သည် ဆယ်နှစ်သမီးအရွယ်တွင် S.M. Entertainment ကုမ္ပဏီအကြီးအကဲ အဆိုတော်ဟောင်း လီဆူးမန်၏ ရွေးချယ်မှုဖြင့် စင်တင်ပေးခြင်းခံခဲ့ရပြီး ၂နှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင်ကျော်ကြားခဲ့သည်။ သူမသည် ဂျပန်နိုင်ငံတွင် အထူးအောင်မြင်သော ကေပေါ့ပ်အဆိုတော်ဖြစ်ပြီး အယ်လ်ဘမ်ချပ်ရေတစ်သန်းကျော်ရောင်းချရဖူးသည့် တစ်ဦးတည်းသော နိုင်ငံခြားအဆိုတော်စံချိန်လည်းရရှိထားသည်။

—Ref: Asiaone/Korea Herald




# ရောဘတ်ပက်တင်ဆန်အပေါ် သစ္စာဖောက်မိခြင်းအတွက် ခရစ်စတင်စတီးဝပ် တောင်းပန်

**လော့စ်အိန်ဂျလိစ်၊**
**ဇူလိုင် - ၂၆**



Twilight ဇာတ်ကားများ၏ လူငယ်သရုပ်ဆောင် မင်းသမီး ခရစ်စတင်စတီးဝပ်သည် မကြာသေးမီက ထွက်ရှိခဲ့သော သူမ၏ Snow White and the Huntsman ဇာတ်ကား ဒါရိုက်တာ ရူးပတ်ဆန်းဒါးနှင့် ဖောက်ပြန်ခဲ့မိသည့်အတွက် ပရိသတ်နှင့် သူမ၏ လက်ရှိချစ်သူ မင်းသား ရောဘတ်ပက်တင်ဆန်တို့အား တောင်းပန်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂၅ရက် ထုတ်ပြန်ခဲ့သော စတီးဝပ်၏ ကြေညာချက်၌ "ကျွန်မနဲ့ နီးကပ်စွာရှိခဲ့တဲ့သူတွေနဲ့ အားလုံးကို ဒီကိစ္စက ထိခိုက်စေခဲ့ပြီး နာကျင်မှု၊ စိတ်ရှုပ်ထွေးမှုတွေဖြစ်ခဲ့လို့ လှိုက်လှိုက်လှဲလှဲတောင်းပန်လိုပါတယ်။ ဒီလျို့ဝှက်ချက်ထုတ်ဖော်မှုကိစ္စဟာ ကျွန်မဘဝရဲ့ အရေးကြီးဆုံးအရာတစ်ခုကို အန္တရာယ်ဖြစ်စေခဲ့တယ်။ ကျွန်မအချစ်ရဆုံးနဲ့ အလေးစားရဆုံးဖြစ်တဲ့ ရော့ဘ် (ရောဘတ်ပက်တင်ဆန်)ကိုပါ။ ကျွန်မ သူ့ကိုချစ်တယ်။ ကျွန်မအလွန်ဝမ်းနည်းမိရပါတယ်"ဟု ဖော်ပြထားသည်။

အသက် ၄၁ နှစ်အရွယ် ရူးပတ်ဆန်းဒါးနှင့် စတီးဝပ်သည် ပထမဆုံးသော Twilight ရုပ်ရှင်ကားကို ပက်တင်ဆန်နှင့် ရိုက်ကူးအပြီး ဇာတ်လမ်းဖြစ်ခဲ့ကြောင်း သတင်းများကဆိုသည်။ ပက်တင်ဆန် (၂၆နှစ်)နှင့် စတီးဝပ် (၂၂နှစ်)တို့သည် Twilight ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးလာခဲ့ပြီးနောက် ၎င်းတို့အချစ်ရေးကို လူသိရှင်ကြား ထုတ်ဖော်ခဲ့ကြသည်။ ၎င်းတို့သည် ယခုအခါ ချစ်သူသက်တမ်းသုံးနှစ်ခန့်ရှိပြီဖြစ်သည်။

—Ref: People






7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## စာ-၄၇၊ ပိုးဒါလီသိန်းတန်နှင့်တွေ့ဆုံခြင်း မှ

မပိုးပျော်ရွှင်စွာနဲ့ဒယ်ဒီ့အစီအစဉ်လေးကိုလက်ခံလိုက်တာပါ။ဒယ်ဒီတုန်းကလိုပဲ နယ်လှည့်ဖျော်ဖြေပွဲလေးတွေလည်း သွားဖို့ရှိပါတယ်။

**မပိုးတို့ အမေရိကမှာ အခြေချနေထိုင်ဖြစ်တဲ့ အကြောင်းလေးနဲ့ မပိုးတည်ဆောက်ထားတဲ့ မိသားစုဘဝလေးကို မြန်မာနိုင်ငံပရိသတ်နဲ့ မိတ်ဆက်ပေးပါဦး။**

မပိုး အခု အမေရိကန်နိုင်ငံမှာ ခင်ပွန်း ကိုညီညီ၊ သမီးလေးသုံးယောက်၊ မပိုးမိခင်တို့နဲ့အတူနေထိုင်ပါတယ်။ မပိုးရဲ့ညီမလေးသုံးယောက်ထဲက နှစ်ယောက်ကလည်း ဒီမှာပဲဆိုတော့ မိသားစုကတော်တော် သိုက်သိုက်ဝန်းဝန်းရှိပါတယ်။ မပိုးကတော့ ဒီမှာဘာအလုပ်မှ မလုပ်ဖြစ်ဘူး။ သမီးလေးတွေကို စာသင်ပျိုးထောင်ပေးတဲ့ တာဝန်ပဲရှိတယ်။ မပိုးရဲ့အခုဘဝလေးက ရိုးရှင်းပြီးပြည့်စုံတည်ကြည်အေးချမ်းပါတယ်။

**အမေရိကမှာ နေထိုင်စဉ်အတွင်း ဂီတလှုပ်ရှားမှုလေးတွေ လုပ်ဖြစ်တာတွေ့ရပါတယ်။ ဘယ်လိုပုံစံနဲ့ ကိုယ့်ရဲ့ ဝါသနာကို ဆက်လက်လုပ်ကိုင်နေပါသလဲ။**

ဂီတလှုပ်ရှားမှုနဲ့ပတ်သက်လို့တော့ သာသနာ့သီချင်းလေးတွေပဲဆိုပြီး အသံသွင်းဖြစ်နေပါတယ်။ ကိုယ့်ရဲ့ဝါသနာလေးကိုလည်း အသုံးချရင်း မိတ်ဆွေတွေအတွက် လူမှုရေးပွဲတွေ၊ သာသနာရေးထွန်းကားရေးအတွက် သီဆိုပေးဖြစ်တာပါ။

**အရမ်းအောင်မြင်နေတဲ့အချိန်မှာ ဂီတလောကကို စွန့်ပြီးပြည်ပကိုထွက်ခွာသွားတဲ့အတွက် နောင်တရမိတာမျိုးဖြစ်မိလားအစ်မ။ ကိုယ်က ဒီမှာဆို နိုင်ငံကျော်အဆိုတော်တစ်ယောက်ပဲလေ။**

မပိုးရဲ့ ပရိသတ်တွေ၊ မိတ်ဆွေတွေ၊ သီချင်းတွေနဲ့ ဂီတလောကကိုတော့ အမြဲတမ်း သတိရနေပါတယ်။ လူတစ်ယောက်ဟာ ဘဝတစ်ခု၊ အချိန်တစ်ခုထဲမှာပဲ အသက်ရှင်နိုင်တာပါ။ ပြီးတော့ လောကဆိုတာလည်း ဂီတလောကပဲဖြစ်ဖြစ် ဘာမှမတည်မြဲပါဘူး။ လူတိုင်းမှာ သူ့အချိန်အခါနဲ့သူ ရှိပါတယ်။ အဲဒီတော့ မပိုး အိမ်ထောင်ကျပြီးတဲ့နောက် ဂီတလောကထက် အိမ်ထောင်ရှင်မဘဝ၊ မိသားစုရေးရာကိုပဲ ဦးစားပေးခဲ့တာပါ။

**အမေရိကကနေ မြန်မာနိုင်ငံကို အလည်ပြန်လာဖြစ်သေးလား။ ဂီတဖျော်ဖြေပွဲ ကျင်းပဖို့ရော အဲဒီအချိန်တုန်းက စိတ်ကူးမရှိခဲ့ဖူးလား။**

မပိုး ချစ်တဲ့ မြန်မာနိုင်ငံကို အလည်အပတ်တော့ ရောက်ဖြစ်ပါတယ်။ ပြန်လာပြီး ဂီတပွဲလေးတွေ လုပ်ဖို့ကျတော့ မိခင်တစ်ယောက်၊ အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ အချိန်မပေးနိုင်တာကလွဲလို့ တခြားဘာအခက်အခဲမှ မရှိပါဘူး။ မပိုး သမီးလေးတွေကို ထိန်းမယ့်သူတွေ အများကြီးရှိပေမယ့် ကိုယ်ကိုယ်တိုင် သမီးလေးတွေကို သွန်သင်ပျိုးထောင်ပေးချင်တဲ့ဆန္ဒရှိလို့ပါ။ ဒါပေမဲ့ မပိုးကိုခင်တဲ့ ပရိသတ်တွေအတွက် ကြိုးစားပါ့မယ်။

**မပိုးက အိမ်ထောင်ရှင်မဖြစ်သွားတာကလွဲလို့ ဘာမှမပြောင်းလဲသလိုပါပဲ။ ကိုယ့်ရဲ့ နေ့စဉ်ဘဝကို အစဉ်နုပျိုနေအောင် ဘယ်လိုများ နေထိုင်ဖြတ်သန်းပါသလဲ။**

အစ်မအမျိုးသားက အားကစားကိုယ်ကာယကြံ့ခိုင်မှုကို စိတ်ဝင်စားပြီး ထက်သန်တယ်။ သူက Nike, Inc အားကစားထုတ်ကုန်ကုမ္ပဏီက Retail Technology မှာ ဒါရိုက်တာဖြစ်ပါတယ်။ သူ့က အဲဒီလို အကြီးအကဲတစ်ယောက်ဆိုတော့ အစ်မတို့မိသားစုက အားကစားနဲ့ အမြဲအဆက်မပြတ်ပါဘူး။ မပိုးတို့ရေကူးတယ်၊ ပြေးတယ်၊ အစားအသောက်ဆိုလည်း တတ်နိုင်ရင် အဆီအဆိမ့်များတဲ့ အနောက်တိုင်းအစားအသောက်တွေကို ရှောင်ပါတယ်။ မပိုး သမီးအငယ်လေးကို လိုက်ဖမ်းနေရတာနဲ့ အတော်လေးလေ့ကျင့်ခန်းရနေပြီ။

**ပြည်ပရောက် မြန်မာအဆိုတော်တချို့ ဒီမှာ စီးရီးပြန်ထုတ်တာမျိုးတွေရှိခဲ့တယ်။ မပိုးရော စီးရီးပြန်ထုတ်ဖြစ်မလား။**

စီးရီးအသစ်တွေတော့ အခုလောလောဆယ် အစီအစဉ်မရှိသေးပါဘူး။ စီးရီးအဟောင်းတွေဖြစ်တဲ့ 'မိုးလောက်ကြီးချစ်တယ်'၊ 'ကော်ဖီပူလေး သောက်လိုက်ပါဦး'၊ 'ကောင်းကင်ပြာ'နဲ့ 'ချစ်ရည်းစား' စီးရီးတွေကိုတော့ ခွေကာဗာအဖုံးကို ဓာတ်ပုံအသစ်နဲ့ ပြန်ပြီး Remaster လုပ်ဖို့ စိတ်ကူးနေတယ်။ မိတ်ဆွေတွေ၊ ပရိသတ်တွေက မပိုး သီချင်းအဟောင်းတွေကို ရှာလို့မရတော့ဘူးဆိုပြီး တောင်းဆိုကြလို့ပါ။

**မပိုးတို့ ဖြတ်သန်းခဲ့တဲ့ ဂီတလောက အခြေအနေနဲ့ အခုခေတ်အခြေအနေလေးကို လက်လှမ်းမီသလောက် သုံးသပ်ပေးပါလား။**

အသံသွင်းတဲ့အပိုင်းတွေ၊ ရိုးစီစဉ်တင်ဆက်တဲ့အပိုင်းတွေမှာတော့ မြန်မာဂီတလောကဟာ တိုးတက်မှုတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ဖက်ရှင်နဲ့ပတ်သက်လို့တော့ အင်မတန်သိမ်မွေ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုလေးကို ပျောက်ကွယ်မသွားစေချင်ပါဘူး။

**ပြည်ပရောက် မြန်မာအဆိုတော်တွေနဲ့ တွေ့ဆုံဖြစ်ပါသလား။**

မပိုးဦးလေး ကိုထွဏ်းထွဏ်း (အဆိုတော်ထွဏ်းထွဏ်း)ကလွဲလို့ တခြားဘယ်သူနဲ့မှ သိပ်မတွေ့ဖြစ်ပါဘူး။

**ပြည်ပနိုင်ငံတစ်ခုမှာ အခြေချနေထိုင်ရတဲ့ဘဝနဲ့ ကိုယ့်နိုင်ငံမှာ နေထိုင်ရတဲ့ဘဝ ဘယ်လောက်ထိ ကွာခြားမှုရှိနိုင်ပါသလဲ။**

မြန်မာနိုင်ငံက မိတ်ဆွေ၊ ပရိသတ်တွေကို သတိရပြီး အလှမ်းဝေးနေတာကလွဲလို့ ဘာမှ သိပ်ကွာခြားချက်မရှိပါဘူး။ ဒါပေမဲ့ အခု ဖေ့စ်ဘွတ်ခ်တို့၊ တွစ်တာတို့၊ ယူကျူ့ဒ်တို့လို နည်းပညာတွေနဲ့ ကိုယ့်ပရိသတ်မိတ်ဆွေတွေကို ဆက်သွယ်ထားနိုင်တာကလည်း ဝမ်းသာစရာတစ်ခုပေါ့။ တစ်နေ့တာမှာ မပိုးရဲ့ စိုက်ပျိုးရေးခြံလေးထဲမှာပန်းခင်းလေးတွေစိုက်တယ်၊ မြင်းစီးတယ်၊ သမီးလေးတွေကို သီချင်းဆိုတာ၊ တီးတာ သင်ပေးတယ်။

**နောက်ပိုင်းမှာရော မြန်မာနိုင်ငံမှာ ပြန်လည်အခြေချနေထိုင်ဖို့ ရှိပါသလား။**

မပိုးက ဒီမှာ အရမ်းကို အခြေကျနေပြီဆိုတော့ ပြောရခက်တယ်။ ဒါပေမဲ့ ကိုညီရော၊ မပိုးရောမြန်မာနိုင်ငံကိုအရမ်းချစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြန်နေမယ်ဆိုရင် သမီးလေးတွေကို အရင်ဆုံး မြန်မာစကားပီပီသသပြောတတ်ဖို့ ကြိုးစားရဦးမယ်။ ဟိုနေ့ကပဲ သမီးလေးက "မေမေ ရှောက်ပီးခွေးစား"တဲ့။ နောက်တော့မှ သူက ရှောက်သီးဆေးပြားကို ပြောတာပါလားလို့ သဘောပေါက်ရတယ်။

**မြန်မာနိုင်ငံ ပြန်လာမယ့်ခရီးစဉ်မှာ ခင်ပွန်းနဲ့ သမီးလေးတွေကိုပါ ခေါ်လာပြီး ပရိသတ်နဲ့ မိတ်ဆက်ပေးဖို့ ရှိပါသလားအစ်မ။**

မပိုး မိသားစုလေးနဲ့ ခဏလေးပဲဖြစ်ဖြစ် မခွဲနိုင်သေးဘူး။ အဲဒီတော့ ကိုညီ၊ သမီး မေစပယ်ပိုး၊ ခင်လိမ္မာပိုး၊ ကေရီပိုး အားလုံး လိုက်လာမှာပါ။

**နှစ်အတန်ကြာ ခွဲခွာပြီး အမိမြေကို ပြန်လာရမယ့်သူတစ်ယောက် အနေနဲ့ မပိုးရဲ့ ခံစားချက်လေးကိုပြောပါဦး။**

ကိုယ့်မြန်မာနိုင်ငံအတွက် ဂုဏ်ယူပါတယ်။ ပရိသတ်တွေနဲ့ ပွဲမှာပျော်ရွှင်စွာပြန်လည်ဆုံတွေ့ဖို့မျှော်လင့်နေပါတယ်။ ဒယ်ဒီနဲ့လည်း ပထမဆုံး ဂီတပွဲဆင်နွှဲရမယ့်အတွက် ရင်ထဲမှာ ပြောပြလို့မရနိုင်အောင် ဝမ်းသာမိပါတယ်။

**ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။**




**ကြူကြူဟန်**

■ City FM ၁၀ နှစ်ပြည့်အဖြစ် 'ဆက်ချစ်နေမယ်'စီဒီ၊ဗီစီဒီကိုမဟာမိတ်တေးထုတ်လုပ်ရေးက ဩဂုတ် ၁၁ရက်တွင် ဖြန့်ချိနိုင်ရန် စီစဉ်နေကြောင်းသိရသည်။စိန်ဝေလျှံ၊ပုသိမ်မောင်စိန်းသူ၊ကိုညွန့်ဝေ(ဂီတစာဆို)၊ မောင်သစ်မင်း၊ မင်းချစ်သူ၊ မြင့်မိုးအောင်၊ သောမတ်စ်၊ မေသော်၊ လင်းလင်း၊ ဂျေမီ၊ ဘန်နီဖြိုး၊ လွှမ်းပိုင်တို့က တေးသီချင်းများ ရေးသားထားပြီး ဇော်ပိုင်၊ အောင်ကိုလတ်၊ Rဇာနည်၊ နေတိုး၊ ဘန်နီဖြိုး၊ လွှမ်းပိုင်၊ Dဖြိုး၊ ဉာဏ်လင်းအောင်၊ တင်ဇာမော်၊ ဖြူဖြူကျော်သိန်း၊ ဝိုင်း စုခိုင်သိန်း၊ ချမ်းချမ်း၊ စန္ဒီမြင့်လွင်၊ နေနေ၊ စိုးပြည့်သဇင်၊ နန္ဒာထွန်းတင်တို့က ပါဝင်သီဆိုထားကြသည်။

■ အဆိုတော်ရတနာမိုင်၏ ဒုတိယတစ်ကိုယ်တော်ခွေ 'ပဖဘဗမ'စီးရီးကို သူမ၏ ၂၃ နှစ်ပြည့်မွေးနေ့ဖြစ်သော ဩဂုတ်လ ၁၇ ရက်တွင် Nine Planets Entertainment မှ ဖြန့်ချိမည်ဖြစ်သည်။ အောင်လ၊ ရေမွှန်၊ ဖော်ကာ၊ ကိုငါး(သားကြီး)တို့က တေးသီချင်းများ ရေးသားထားသည်။ Modern Rock, Slow Rock ဂီတအမျိုးအစားများ ပါဝင်သည်။

■အဆိုတော် Lဆိုင်းဇီ၏ တစ်ကိုယ်တော်ခွေ 'ဝေခွဲမရပါလား'စီဒီ၊ဗီစီဒီကို ဩဂုတ်လ ၄ ရက်တွင်မဟာမိတ်ကဖြန့်ချိမည်ဖြစ်သည်။ မောင်မောင်ဇော်လတ်၊ ရွှေဂျော်ဂျော်၊ ကေအေတီ၊ စံပီး၊ Lဆိုင်းဇီတို့က သီ ချင်းများ ရေးသားပြီး စံပီးက Featuring သီဆိုပေးထားသည်။

## တစ်လလျှင် ဗီဒီယိုတစ်ကားသာ ရိုက်တော့မည်ဟု ဒါရိုက်တာဝိုင်းက ဆို

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၂၄**

ဒါရိုက်တာဝိုင်းသည် ၎င်းနောက်ထပ်ဖန်တီးရိုက်ကူးရာတွင် တစ်လလျှင် ဗီဒီယိုဇာတ်ကားတစ်ကားနှုန်းသာ ရိုက်ကူးတော့မည်ဖြစ်ကြောင်း 7Day News သို့ ပြောသည်။

"တစ်လကို ဗီဒီယိုတစ်ကားပဲ ရိုက်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ အင်္ဂလိပ်စာသင်ဖို့၊ စာဖတ်ဖို့နဲ့ ကျွန်တော်ရဲ့ဗီဒီယိုဇာတ်ကားတွေမှာ Trend တွေ ပြောင်းဖို့အတွက် စိတ်ကူးအသစ်တွေ၊ ပုံသဏ္ဌာန်အသစ်တွေ ကျိန်းသေလိုအပ်ပါတယ်။ ဗိုလ်ချုပ်ရုပ်ရှင်အတွက်လည်း အချိန်ပေးရပါမယ်။ ဦးသန့်အတ္ထုပ္ပတ္တိရိုက်ဖို့လည်း ရှိတယ်။ နောက်ပြီး ကျွန်တော်တို့ရုပ်ရှင်လောကအတွက် စနစ်သစ်တစ်ခုပြောင်းလဲဖို့ လိုပါတယ်။ အဲဒါကို လေ့လာဖို့ရှိပါတယ်။ လုပ်စရာတွေက အများကြီးရှိနေလို့ပါ" ဟု ဒါရိုက်တာဝိုင်းက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒါရိုက်တာဝိုင်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဦးသန့်၏ အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရန် သုတေသနလုပ်ငန်းများ၊ ဦးသန့်ထိတွေ့ဆက်ဆံခဲ့သည့် လူပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတွင် ဦးသန့်နေထိုင်ခဲ့သည့် ဘဝကြောင်းခြင်းရာများအတွက် တွေ့ဆုံမေးမြန်းခန်းများကို ဇူလိုင်လကုန်ခန့်ကပင် စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ဇာတ်ကားအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများအတွက် ပန်းတနော်မြို့သို့ ဇူလိုင် ၂၁ ရက်က သွားရောက်ခဲ့ပြီး ဦးသန့်၏ တပည့်ဟောင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Dark Knight Rises | Warner Bros. | ၁၆၀,၈၈၇,၀၀၀ | ၁ |
| ၂။ | Ice Age:Continental Drift | 20th Century Fox | ၈၈,၈၄၀,၃၀၀ | ၂ |
| ၃။ | The Amazing Spider-Man | Sony Pictures | ၂၂၈,၆၁၁,၀၀၀ | ၃ |
| ၄။ | Ted | Universal Pic | ၁၈၀,၄၃၁,၀၀၀ | ၄ |
| ၅။ | Braves | Walt Disney | ၂၀၈,၇၇၄,၀၀၀ | ၅ |
| ၆။ | Magic Mike Witness Protection | Warner Bros; Pic. | ၁၀၁,၉၆၆,၀၀၀ | ၄ |
| ၇။ | Savages | Universal Pic | ၄၀,၀၅၅,၁၀၀ | ၃ |
| ၈။ | Tyler Perry's Madea's Witness Protection | Lionsgate | ၆၀,၂၈၉,၆၀၀ | ၄ |
| ၉။ | Moonrise Kingdom | Focus Features | ၃၆,၀၈၈,၀၀၀ | ၉ |
| ၁၀။ | To Rome With Love | Sony Pic. | ၁၁,၁၀၈,၀၀၀ | ၅ |

## Movie Review

### Total Recall




Rekall ကုမ္ပဏီမှာ အိပ်မက်များကို အမှန်တကယ် အမှတ်ရစရာများဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။ ဒေါက်ကလပ်စ်ကွတ်မှာ စက်ရုံအလုပ်သမားတစ်ဦးဖြစ်သော်လည်း ချောမောလှပသောဇနီးတစ်ယောက်ကို ပိုင်ဆိုင်ထားသည်။ သို့သော် စွန့်စားလိုသော ဒေါက်ကလပ်စ်က ကုမ္ပဏီတွင် စာရင်းပေးပြီး စွန့်စားခန်းဝင်ရာ အစီအစဉ်များ မှားယွင်းပြီး ရဲတပ်ဖွဲ့က အလိုရှိသူတစ်ယောက်ဖြစ်လာခဲ့ရာ ဒေါက်ကလပ်စ်တစ်ယောက် မိမိ၏ ပုံမှန်ဘဝမှာပင် အနှောင့်အယှက်များကြုံတွေ့လာရသည်။

ဒါရိုက်တာ Len Wiseman က ရိုက်ကူးထားသော စိတ်နယ်လွန်ခရီးသွားအကြောင်း ဇာတ်ကားတွင် Colin Farrel, Bryan Cranstan, Jessica Biel, Kate Beckinsale တို့ပါဝင်သရုပ်ဆောင်ထားပြီး ဩဂုတ်လ ၃ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# တိုက်စစ်မှူးကျော်ကိုကို ဒူးဒဏ်ရာ သက်သာလာသော်လည်း ပြန်ကစားနိုင်မည့် အခြေအနေမသိရသေး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇူလိုင်-၂၈**



မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အဓိကတိုက်စစ်မှူး ကစားသမားဖြစ်သူ ကျော်ကိုကိုသည် ပြီးခဲ့သည့် အာရှယူ-၂၂ပွဲစဉ်မှ ရရှိခဲ့သော ဒူးတံကောက်ကြောဒဏ်ရာအခြေအနေ သက်သာလာသော်လည်း မည်သည့် အချိန်ကာလအထိ အနားယူရဦးမည်ကို မသိရှိရသေးကြောင်း သတင်းရရှိသည်။

ကျော်ကိုကိုသည် ယင်းဒဏ်ရာအား အာရှယူ-၂၂ ခြေစစ်ပွဲ၏ တောင်ကိုရီးယားနှင့် ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်း၏ ခြေစစ်ပွဲနှစ်ပွဲအား လွဲချော်ခဲ့သည့်အပြင် ဇေယျာရွှေမြေအသင်း၏ မြန်မာနေရှင်လိဂ်ပွဲစဉ်များကိုလည်း ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိသေးဘဲ အနားယူနေရသည်မှာ တစ်လခန့်ရှိနေပြီဖြစ်သည်။

“ကျွန်တော့်ဒဏ်ရာကို ပြီးခဲ့တဲ့ ရက်ပိုင်းက MRI ရိုက်ပါတယ်။ အရိုးအကြောအထူးကုဆရာဝန်က နှစ်ပတ်လောက်ကြာရင် ကောင်းလာမယ်လို့လည်း ပြောပါတယ်။ ခုချိန်မှာတော့ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း အပေါ့စားလေ့ကျင့်ခန်းလေးတွေတော့ လုပ်နေပါတယ်။ ပုံမှန်တော့ လမ်းလျှောက်နိုင်ပြီဖြစ်ပေမယ့် ၁၀၀ ရာခိုင်နှုန်းအပြည့် ပြေးတာမျိုးတော့ မလုပ်နိုင်သေးပါဘူး။ ဘယ်လောက်အချိန်အထိ အနားယူရဦးမယ်ဆိုတာတော့ ကျွန်တော်လည်း မခန့်မှန်းတတ်သေးပါဘူး” ဟု ကျော်ကိုကိုက ဇူလိုင်လ ၂၈ ရက်တွင် ပြောသည်။

ထို့ကြောင့် လာမည့်အောက်တိုဘာလအတွင်း မြန်မာ့လက်ရွေးစင်အသင်းဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသည့် ဆူဇူကီးဖလားခြေစစ်ပွဲစဉ်တွင် တိုက်စစ်မှူးကျော်ကိုကို ပါဝင်ရေးမှာ သေချာမှုမရှိသေးဘဲ မြန်မာအသင်းရှေ့တန်းတွင် အားနည်းမှုများ ရှိလာနိုင်ကြောင်း ပရိသတ်အချို့ကဆိုသည်။

ကျော်ကိုကိုအနေဖြင့်မူ အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် မျှော်လင့်လျက်ရှိပြီး ခြေစစ်ပွဲစဉ်များအား လွဲချော်ခဲ့ပါကလည်း နောက်ဆုံးအဆင့်ပွဲစဉ်များတွင်မူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများ ကစားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၈**

၂၀၁၂ ဆူဇူကီးဖလား ခြေစစ်ပွဲယှဉ်ပြိုင်ကစားရန်ရှိနေသည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာအသင်းသည် ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားပြီး လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ဂျေလိဂ်အသင်းများနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် သဘောတူညီမှု ရရှိခဲ့ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်တင်ဘာလ ၁၈ ရက်မှ ၂၉ ရက်အထိ ကြာမြင့်မည့် ဂျပန်လေ့ကျင့်ရေးခြေစမ်းခရီးစဉ်အတွင်း မြန်မာအသင်းသည် ဂျေလိဂ်အသင်းသုံးသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ “စက်တင်ဘာ ၂၁၊ ၂၅၊ ၂၈ ရက်တွေမှာ ဂျေလိဂ်အသင်းသုံးသင်းနဲ့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားဖို့ သဘောတူညီမှု ရရှိထားပါတယ်။ အာရှမှာ ဘောလုံးအဆင့်အတန်းမြင့်တဲ့ ဂျပန်လို နိုင်ငံလိုမျိုးမှာ သွားရောက်လေ့ကျင့်ခြေစမ်းခွင့်ရရှိတဲ့အတွက် ဆူဇူကီးခြေစစ်ပွဲအတွက် ပြင်ဆင်နေတဲ့



မြန်မာအသင်းအတွက် အလွန်အကျိုးရှိစေမှာ ဖြစ်ပါတယ်”ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်အောက်တိုဘာလအတွင်းရန်ကုန်မြို့တွင်ကျင်းပမည့် ၂၀၁၂ ဆူဇူကီးဖလားခြေစစ်ပွဲ၌ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တီမောအသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းအား နည်းပြချုပ်အဖြစ် ပြီးခဲ့သည့် အာရှယူ-၂၂ ခြေစစ်ပွဲအောင် အသင်းအား ကိုင်တွယ်ခဲ့သည့် ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာက တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ဧပြီလအတွင်းက မြန်မာယူ-၂၂အသင်းသည်လည်း တောင်ကိုရီးယားနိုင်ငံ မုခ်ပိုမြို့တွင် လေ့ကျင့်မှုများ သွားရောက်ပြုလုပ်ခဲ့ဖူးပြီး အာရှယူ-၂၂ ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဆူဇူကီးခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမလူစာရင်းအား ဩဂုတ်လဆန်းပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအား ဂျပန်ခရီးစဉ်မတိုင်မီ အာဆီယံနိုင်ငံအသင်းတစ်သင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ အိမ်ရှင်အဖြစ် မြန်မာ လက်ခံကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် - ၂၆**

အရှေ့တောင်အာရှလူငယ်(အမျိုးသား)ဘော်လီဘောပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂နှစ်တစ်ကြိမ်ကျင်းပသည့် အဆိုပါပြိုင်ပွဲသည် ယခုနှစ်တွင် (၁၇)ကြိမ်မြောက်ပြိုင်ပွဲဖြစ်လာခဲ့ပြီး ဩဂုတ်လ ၂၂ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအား အသက် ၂၀နှစ်အောက် သတ်မှတ်ထားပြီး ယခုနှစ်ပြိုင်ပွဲတွင် အိမ်ရှင် မြန်မာမှ နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စုစုပေါင်း ငါးသင်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါအသင်းများသည် ပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းသည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အိမ်ရှင်အသင်း၏ ဖိတ်ကြားချက်အရ နယူးဇီလန်လူငယ်ဘော်လီဘောအသင်းသည် ပြိုင်ပွဲဝင်အသင်းများနှင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းလည်း မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

“နယူးဇီလန်လူငယ်အသင်းကတော့ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တာမဟုတ်ဘဲ အသင်းတွေနဲ့လက်ရည်စမ်းယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲမှာတော့ အိမ်ရှင် မြန်မာ(က)၊ (ခ) နှစ်သင်းနဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စုစုပေါင်း ငါးသင်းယှဉ်ပြိုင်ကြမှာပါ”ဟု အဖွဲ့ချုပ် တာဝန်ရှိသူက ပြောသည်။

နယူးဇီလန်လူငယ်ဘော်လီဘောအသင်းသည် ဩဂုတ်လ ၁၇ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့်လည်း လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှ ဘော်လီဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံက ယခုနှစ်တွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သော်လည်း မြန်မာလူငယ်ဘော်လီဘောအသင်းသည် ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၆ ခုနှစ်တို့တွင် သုံးနှစ်ဆက်တိုက် ရွှေတံဆိပ်ရရှိခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် (၁၆)ကြိမ်မြောက် ပြိုင်ပွဲတွင်မူ မြန်မာအသင်းသည် တတိယသာ ရရှိခဲ့ပြီး ထိုင်းအသင်းက ဗိုလ်စွဲထားကာ အင်ဒိုနီးရှားအသင်းက ဒုတိယရရှိထားသည်။ ယခုနှစ်ပြိုင်ပွဲအတွက် ပဏာမမြန်မာလူငယ်ဘော်လီဘောအသင်းအားကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။





နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများ သက်သာပျောက်ကင်းစေရန်
အကောင်းဆုံး
“ကျားဘမ်း” ပလာစတာ
WARM
TIGER BALM PLASTER RD
COOL
TIGER BALM PLASTER
Myanmar Reg: No.1407AA1734
Myanmar Reg: No.1407AA1733
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 227028, 212433
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM®
PLASTER




TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
လက်မောင်းပတ် ဒစ်ဂျစ်တယ်
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
၃ နှစ် အာမခံ
မှန်ကန်တိကျသော တိုင်းတာချက်
ရိုးရှင်းလွယ်ကူသော အသုံးပြုနည်း
ခေတ်မီဆန်းသစ်သော နည်းပညာ
TERUMO ACTIVITY MONITOR
Check Total Calorie Consumption
to Control Meals & Exercise
နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအခြေအနေနှင့်
ကယ်လိုရီ သုံးစွဲမှု ပမာဏကို တိုင်းတာဖော်ပြပေးမည့် ကိရိယာ
TERUMO
MEMORY
SET
MODE
Lightweight 22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
၃ နှစ် အာမခံ
• သွေးဖောက်ရာတွင် နာကျင်မှုမရှိခြင်း၊
• မှန်ကန်တိကျသော အဖြေကို အချိန် (၁၀) စက္ကန့်အတွင်း သိရှိနိုင်ခြင်း၊
• သွေးချိုတိုင်းတာမှုရလဒ်ကို mg/dl (သို့) mmol/L ဖြင့် ဖော်ပြပေးနိုင်ခြင်း၊
• Memory အရေအတွက် အကြိမ် (၁၅၀) အထိ ထိန်းသိမ်းထားနိုင်ခြင်း၊
ခန္ဓာကိုယ် အပူချိန်ကို နားမှတစ်ဆင့်
တိကျလျင်မြန်စွာ တစ်စက္ကန့်အတွင်း တိုင်းတာနိုင်သည့်
TERUMO Ear Thermometer
EM-30CP LB/R
၂ နှစ် အာမခံ
Just 1 second
အသက်အရွယ်မရွေး အသုံးပြုနိုင်သည်။
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 227028, 212433
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲအတွက် မြန်မာနှင့်ထိုင်း ဘန်ကောက်တွင် ပူးတွဲလေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာစစ်တုရင်အားကစားသမားများသည် ပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းစစ်တုရင် အားကစားသမားများနှင့် ဘန်ကောက်မြို့တွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲမတိုင်မီ ဩဂုတ် ၁ ရက်မှ ၂၅ ရက်ထိ ဘန်ကောက်မြို့တွင် ထိုင်း-မြန်မာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

၂နှစ်တစ်ကြိမ်ကျင်းပသည့် အဆိုပါ ပြိုင်ပွဲတွင် အမျိုး သား၊ အမျိုးသမီး(အသင်းလိုက်) ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရပြီး မြန်မာနိုင်ငံမှ အားကစားသမားလေးဦး အမျိုးသားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ကမ္ဘာ့စစ်တုရင်အိုလံပစ်ပြိုင်ပွဲသို့မြန်မာနိုင်ငံမှ ၂၀၀၀ ပြည့်နှစ်က ပထမအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့အဆင့်ပြိုင်ပွဲဖြစ်တဲ့ ဒီပြိုင်ပွဲမှာ ကမ္ဘာ့ထိပ်တန်းအဆင့်ချန်ပီယံအဆင့် ကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့အတွက် ကျွန်တော်တို့အတွက် အလွန်အကျိုးရှိတဲ့ ပြိုင်ပွဲဖြစ်မှာပါ" ဟု ၂၀၀၀ ပြည့်နှစ်ပြိုင်ပွဲ၌ မြန်မာစစ်တုရင်အားကစားသမားအဖွဲ့တွင် ပါဝင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဝင်းဇော်ထွန်းက ပြောသည်။ ဝင်းဇော်ထွန်းသည် ယခုနှစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲဝင်မြန်မာအားကစားအဖွဲ့တွင်လည်း ပါဝင်သူဖြစ်သည်။

မြန်မာစစ်တုရင် အားကစားအဖွဲ့သည် ထိုင်းနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ သုံးပတ်ကျော်ကြာ ပြုလုပ်အပြီးတွင် တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်မြို့သို့ တစ်ဆက်တည်းသွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ဝန်းကျင်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




## အားကစားသတင်းတိုများ

### မြန်မာလိဂ်လက်ကျန်ပွဲစဉ်များ တစ်ပတ်စော၍ပြီးမည်

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ လက်ကျန်ပွဲစဉ်အချို့ကို ပွဲချိန်ရေးဆွဲပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ မူလပွဲချိန်ဇယားပြီးဆုံးချိန်ထက် တစ်ပတ်ခန့်စော၍ ပြီးဆုံးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်အောက်တိုဘာအတွင်း ဆူဇူကီးဖလားပြိုင်ပွဲခြေစစ်ပွဲယှဉ်ပြိုင်ရန်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်ချိန် ပိုမိုရရှိစေရန်အတွက် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများနှင့် ကလပ်အသင်းတာဝန်ရှိသူများ တိုင်ပင်ညှိနှိုင်းဆွေးနွေးကာ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မူလက ပွဲစဉ် ၂၄ နှင့် ၂၅ ကြားတွင် မြန်မာလိဂ်ပြိုင်ပွဲကို သုံးပတ်ခန့်ရပ်နားထားသော်လည်း ပြင်ဆင်ရေးဆွဲမှုအရ ဆက်တိုက်ယှဉ်ပြိုင်ကစားစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ထို့ကြောင့် မူလပွဲစဉ်ရေးဆွဲမှုအရ စက်တင်ဘာ ၁၆ ရက်တွင် ပြီးဆုံးမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် တစ်ပတ်ခန့်စောကာ စက်တင်ဘာလ ၉ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

### လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ၊ မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲအမျိုးအစားသုံးမျိုး ထည့်သွင်းကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားအားလုံးသည် အပျော်တမ်းအဆင့် (H'Cap 0-12) ရှိရမည်ဖြစ်ပြီး၊ Senior Professional ပြိုင်ပွဲအတွက်ကိုမူ ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် ၅၀ ပြည့်ပြီးသူများသာ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးကျပ်ငါးသောင်းပေးသွင်း၍ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း ၀၉ ၂၀၃၇၆၇၁ နှင့် ပြိုင်ပွဲကျင်းပမည့် ဂေါက်ကွင်းတို့တွင် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါ လက်ရည်စစ်ပွဲ အောင်မြင်သူ Professional နှင့် Senior Professional များသည် မြန်မာပီဂျီအေနှင့် စီနီယာပီဂျီအေပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

### ဖူဆယ်နည်းပြသင်တန်း အောက်တိုဘာ ဖွင့်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)တို့ ပူးပေါင်းဖွင့်လှစ်မည့် တတိယအကြိမ်မြောက် ဖူဆယ်နည်းပြသင်တန်းကို လာမည့်အောက်တိုဘာတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါသင်တန်းသို့တက်ရောက်လိုသူများသည် ဩဂုတ် ၁၆ရက်နောက်ဆုံးထား ဘောလုံးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းကာလ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ သင်တန်းသို့ဖီဖာမှ တာဝန်ရှိသူတစ်ဦးလည်း လာရောက်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

### ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများ မန္တလေးဘောလုံးအကယ်ဒမီသို့ လာရောက်လေ့လာ

ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ဩဂုတ် ၂ ရက်တွင် မန္တလေးဘောလုံးအကယ်ဒမီသို့ လေ့လာရေးခရီး လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ကမ္ဘောဒီးယားဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့သည် ဩဂုတ် ၁ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဘောလုံးအကယ်ဒမီ မရှိသေးသည့် အတွက် မန္တလေးမြို့ရှိ မြန်မာ့ဘောလုံးအကယ်ဒမီသို့လာရောက်လေ့လာခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## အိန္ဒိယဒေသအချို့ မိုးခေါင်မည်ကို စိုးရိမ်နေ



**နယူးဒေလီ၊ ဇူလိုင် - ၂၆**
အိန္ဒိယနိုင်ငံ၏ အနောက်တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် မိုးခေါင်မည်ကို စိုးရိမ်ပူပန်နေကြသည်။ ဇွန်လလယ်ပိုင်းတွင် အိန္ဒိယတစ်နိုင်ငံလုံးသို့ လွှမ်းခြုံသွားရမည့် မိုးရွာသွန်းမှုမှာ ၂၀ ရာခိုင်နှုန်း လျော့နည်းလျက်ရှိရာ အစိုးရဌာနများက အရေးပေါ်အစီအစဉ်များပြင်ဆင်နေကြသည်။

ပုံမှန်ဆိုလျှင် ဇူလိုင်လတွင် အိန္ဒိယတစ်နိုင်ငံလုံး၌ မုတ်သုံမိုးများ ဖြိုင်ဖြိုင်ရွာသွန်းပြီး မိုးတိမ်ကင်းစင်သော ကောင်းကင်နှင့် ပတ်ကြားအက် လယ်ကွင်းများကို မမြင်တွေ့ရတော့ပေ။ ယခုအချိန်အထိမူ ရာသီဥတုမှာ မကောင်းလှပေ။

ကာနာတကာ၊ မဟာရက်ရှ်ထရ၊ ဂူဂျာရက်၊ ရာဂျက်စသန်ပြည်နယ်များအား မိုးခေါင်ရေရှားမှုဖြစ်နိုင်သည့် စောင့်ကြည့်ဒေသများစာရင်းတွင် ထည့်သွင်းထားသည်

ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်အတွင်းစုစုပေါင်း မိုးရွာသွန်းမှုမှာ ၂၂ ရာခိုင်နှုန်း လျော့နည်းနေပြီး စိုက်ပျိုးရေးအဓိက ပြည်နယ်များတွင် ၄၀ ရာခိုင်နှုန်း အထိ လျော့နည်းနေကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားသည်။

ဝန်ကြီးချုပ် မန်မိုဟန်ဆင်းကလည်း သတိပေးစကားပြောကြားထားပြီး မိုးခေါင်ရေရှားမှုဖြစ်နိုင်သော ပြည်နယ်များတွင် ရေပြတ်လပ်မှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးနှင့် ဘေးဒုက္ခဖြစ်လာပါက လယ်သမားများအတွက် မျိုးစေ့များ၊ ကျွဲနွားအစာများဖြန့်ဝေနိုင်ရေးပြင်ဆင်ထားရန် အစိုးရဌာနများအား ညွှန်ကြားထားသည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေ သန်း ၆၀၀ မှာ စားဝတ်နေရေးအတွက် လယ်ယာလုပ်ငန်းပေါ်တွင်မှီခိုနေရပြီး အိန္ဒိယစီးပွားရေးတွင် စိုက်ပျိုးရေးလုပ်ငန်းက ၁၅ ရာခိုင်နှုန်း ပါဝင်ထောက်ပံ့ထားသည်။

—*Ref: AFP*

## တောင်တရုတ်ပင်လယ်အတွင်း လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားလာနိုင်

**မနီလာ၊ ဇူလိုင် - ၂၄**
တောင်တရုတ်ပင်လယ်အတွင်း တရုတ်နှင့် အာရှနိုင်ငံများ နယ်မြေပိုင်နက်အငြင်းပွားနေမှုသည် လက်နက်ကိုင်ပဋိပက္ခသို့ဦးတည်သွားနိုင်ကြောင်းနိုင်ငံတကာပညာရှင်အဖွဲ့ International Crisis Group (ICG) ကပြောသည်။ ထိုအငြင်းပွားမှုများအား ဖြေရှင်းနိုင်ရေးအလားအလာမှာလည်း မကြာသေးမီက အာဆီယံဆယ်နိုင်ငံက ပင်လယ်ပြင် သွားလာလှုပ်ရှားမှုဆိုင်ရာကျင့်ထုံးတစ်ရပ်ချမှတ်ရေး အစီအစဉ်ပျက်သွားပြီးနောက် မှေးမှိန်ခဲ့ကြောင်း အဖွဲ့ကဆိုသည်။

ICG ၏ အာရှဆိုင်ရာ ဒါရိုက်တာပေါလ်ကွင်းဂျတ်ကလည်း "ဖြေရှင်းချက် ချမှတ်ရေးအတွက် သဘောတူညီမှု မရှိရင် တောင်တရုတ်ပင်လယ်ဟာ လက်နက်ကိုင်ပဋိပက္ခတွေထဲ အလွယ်တကူကျရောက်သွားနိုင်ပါတယ်။ အာဆီယံက တောင်တရုတ်ပင်လယ်ပြင်ပေါ်လစီကိုမဖော်ထုတ်နိုင်သမျှ အငြင်းပွားမှုတွေကိုဖြေရှင်းဖို့ ဥပဒေတွေ သက်ဝင်အောင်လုပ်လို့မရနိုင်ပါဘူး" ဟုပြောသည်။

အာဆီယံဒေသတွင်းရှိ ဘရူနိုင်း၊ မလေးရှား၊ ဗီယက်နမ်တို့အပြင် တရုတ်တိုင်ပေကလည်း ဖိလစ်ပိုင်နှင့်အတူ တောင်တရုတ်ပင်လယ်အတွင်း နေရာများကို ပိုင်ဆိုင်ကြောင်း အရေးဆိုထားသည်။ တရုတ်နိုင်ငံကလည်း တောင်တရုတ်ပင်လယ်အတွင်း နေရာအားလုံးနီးပါးကို ၎င်းတို့ပိုင်ဆိုင်ကြောင်း ကြေညာထားပြီး ထိုနေရာသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝရာ၊ ငါးဖမ်းလုပ်ကွက်များရှိရာ ကမ္ဘာ့ကုန်သွယ်ရေးအတွက် အဓိကရေကြောင်းလမ်းများ တည်ရှိရာနေရာဖြစ်သည်။

—*Ref: AP*

## ဆီးရီးယား-တူရကီ နယ်စပ်ဂိတ်များကို တူရကီပိတ်ဆို့

**အန်ကာရာ၊ ဇူလိုင် - ၂၅**
ဆီးရီးယား-တူရကီကူးလူးဆက်ဆံသော နယ်စပ်ဂိတ်များကို တူရကီနိုင်ငံကပိတ်ထားလိုက်ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံ၏ ဘဏ္ဍာရေးနှင့် စက်မှုလုပ်ငန်း အချက်အချာကျရာ အလက်ပိုမြို့သို့ ဆီးရီးယားတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကိုပို့လွှတ်နေသည်ဟူသော သတင်းများ ထွက်ပေါ်နေစဉ် တူရကီက နယ်စပ်ဂိတ်များကို ပိတ်ထားလိုက်ခြင်းဖြစ်သည်။

ကြားခံဇုန်တစ်ရပ်ထူထောင်ရန်ဆီးရီးယား သူပုန်တပ်ဖွဲ့များက နယ်စပ်ဒေသများကို သိမ်းပိုက်လိုက်သောကြောင့် ယင်းနယ်စပ်ဂိတ်များကို ပိတ်ထားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟုလည်း ယူရိုသတင်းဌာနကဆိုသည်။

နယ်စပ်ဖြတ်ကျော်သွားရခြင်းမှာ တူရကီကုန်တင်ကားသမားများအတွက် ပိုမိုအန္တရာယ်များလာကြောင်း၊ ကျန်ရှိသော နယ်စပ်ဂိတ်ပေါက်သုံးပေါက်ကို ပိတ်လိုက်ပြီးနောက် တူရကီနှင့် ဆီးရီးယားနိုင်ငံကြားတွင် ယာဉ်အသွားအလာရှိတော့မည်မဟုတ်ကြောင်းတူရကီအမျိုးသားသတင်းစာက ဖော်ပြသည်။ ဒုက္ခသည်များမှာ မှောင်ခိုလမ်းကြောင်းများမှ ဝင်ရောက်ကြသည်ဟု သတင်းတွင် ဖော်ပြသည်။

တူရကီသည် ဆီးရီးယားနိုင်ငံနှင့် ၉၀၀ ကီလိုမီတာအရှည်ရှိသော နယ်စပ်ချင်း ထိစပ်နေပြီး နှစ်နိုင်ငံကြား နယ်စပ်ဝင်ပေါက် ၁၃ ခုရှိသည်။

—*Ref: UPI*




7 DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012




## Apple အမြတ်ငွေ ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ တိုးသော်လည်း ခန့်မှန်းဝင်ငွေထက် လျော့နည်း

**ဆန်ဖရန်စစ္စကို၊ ဇူလိုင် - ၂၅**

အမေရိကန်နည်းပညာကုမ္ပဏီကြီး Apple သည် ယခုနှစ် ခြောက်လတာကာလအတွင်း iPad များ ရောင်းအားကောင်းမှုကြောင့် အမြတ်ငွေ ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံရခဲ့သော်လည်း ဝေါလ်စထရိဂျာနယ်၏ ခန့်မှန်းချက်ပမာဏကို မမီခဲ့ကြောင်း သိရသည်။ ဇွန်လအထိ ဘဏ္ဍာရေးကာလအတွင်း ၂၀၁၁ နှစ်ကထက် အမြတ်ငွေ ၂၀ ဒသမ ၅ ရာခိုင်နှုန်းပိုရခဲ့သော်လည်း ခန့်မှန်းချက်ဝင်ငွေ ဒေါ်လာ ၁၀ ဒသမ ၃၆ ဘီလီယံအောက်လျော့နည်းခဲ့သည်။ ဝင်ငွေခန့်မှန်းချက်မှာ ဒေါ်လာ ၃၇ ဘီလီယံကျော် ခန့်မှန်းခဲ့သော်လည်း လက်တွေ့တွင် ဒေါ်လာ ၃၅ ဘီလီယံခန့်သာရခဲ့သည်။ Apple သည် iPad လုံးရေ ၁၇ သန်း၊ iPhone လုံးရေ ၂၆ သန်းနှင့် Mac ကွန်ပျူတာလုံးရေ လေးသန်းခန့် ရောင်းချခဲ့ရပြီး အိုင်ပက်ရောင်းချရမှုတွင် စံချိန်တင်ခဲ့သည့်အတွက် အံ့သြမိကြောင်း ကုမ္ပဏီအကြီးအကဲ တင်မ်ကွတ်က ပြောကြားခဲ့သည်။

Apple သည် ယခုအခါ ကယ်လီဖိုးနီးယား ဖက်ဒရယ်တရားရုံးတွင် လျော်ကြေးဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရလိုမှုဖြင့် Samsung နှင့် မူပိုင်ခွင့်အငြင်းပွားမှုတရားရင်ဆိုင်လျက်ရှိသည်။ ကုမ္ပဏီနှစ်ခုစလုံးသည် ၎င်းတို့၏ Smart Phone နှင့် Tablet များတွင် မူပိုင်ခွင့် ချိုးဖောက်မှုဖြင့် အပြန်အလှန်ပြစ်တင်ဝေဖန်ထားကြသည်။ *—Ref: AFP*

## Samsung Galaxy Tab ကို အီးယူတွင်မရောင်းရန် ဂျာမန်တရားရုံး ပိတ်ပင်




**ဒူဆယ်ဒေါ့ဖ်၊ ဇူလိုင် - ၂၅**

ဂျာမနီနိုင်ငံ ဒူဆယ်ဒေါ့ဖ်ဒေသဆိုင်ရာတရားရုံးသည် ဆမ်ဆောင်းကုမ္ပဏီထုတ် ၇ လက်မအရွယ် Galaxy Tab အား ဥရောပသမဂ္ဂပိုင်နက်အတွင်း ရောင်းချခြင်းမပြုရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ Galaxy Tab 7.7 မော်ဒယ်ကို ဂျာမနီတွင် မရောင်းချရန် မူလကပိတ်ပင်ထားမှုကိုလည်း ဥရောပသမဂ္ဂနယ်တစ်ခုလုံး၌ပါ တိုးချဲ့ပိတ်ပင်သင့်ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။ တရားရုံးက ဆမ်ဆောင်း၏ Galaxy Tab သည် အက်ပဲလ်၏ ၂၀၀၄ တွင်မှတ်ပုံတင်ထားသော မူပိုင်ခွင့်များကို ချိုးဖောက်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဆမ်ဆောင်း၏ မျက်နှာပြင်အရွယ်ပိုကြီးသော Galaxy Tab 10.1 မှာမူ ယခင်ပုံစံနှင့်ကွာခြား၍ ပိတ်ပင်ခံရခြင်းမှ လွတ်ကင်းခဲ့သည်။

*—Ref: UPI*






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

# ဆီးရီးယားတွင် တိုက်ခိုက်မှုများဆိုးရွားလာစဉ် သံအမတ်နှစ်ဦး အစိုးရအား စွန့်ခွာ

**ဒမတ်စကပ်စ်၊ ဇူလိုင် - ၂၆**

သမ္မတဘာရှားအယ်လ်အာဆတ်အပေါ် ဖိအားများမြင့်တက်လာစဉ်မှာပင် ဆီးရီးယား ဝါရင့် သံအမတ်နှစ်ဦးသည် အစိုးရအားစွန့်ခွာ၍ ဘက်ပြောင်းလာကြောင်း အမေရိကန်အစိုးရက အတည်ပြုပြောကြားသည်။



အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဆိုက်ပရက်ပ်နိုင်ငံမှ သံအမတ်နှစ်ဦးသည် ကာတာနိုင်ငံသို့ ထွက်ပြေးသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းသံအမတ်နှစ်ဦးမှာ ဇနီးမောင်နှံများဖြစ်သည်။

ဘဏ္ဍာရေးလုပ်ငန်းများအတွက် အချက်အခြာကျရာ အလက်ပိုမြို့တွင်လည်း သူပုန်များ၏ထိုးစစ်များကို ရပ်တန့်သွားရန် အစိုးရတပ်ဖွဲ့များက ကြိုးစားနေပြီး တိုက်ပွဲများပြင်းထန်နေစဉ်မှာပင် ယခုသတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအတောအတွင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အပြန်အလှန်ပြစ်တင်စွပ်စွဲပြောကြားနေပြီး သံတမန်ရေးလိပ်ခဲတည်းလည်း အခြေအနေကို မဖြေရှင်းနိုင်သေးဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စောစောပိုင်းတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ကမ္ဘာကြီးအနေဖြင့် ဆီးရီးယားသတ်ဖြတ်မှုများကို ရပ်တန့်ရန် ယခုပင်အရေးယူရမည်ဟုတိုက်တွန်းပြောကြားခဲ့သည်။

ထိုအတောအတွင်း ဆီးရီးယားအစိုးရက နိုင်ငံ၏ ဒုတိယမြို့တော်နှင့် စီးပွားရေး လုပ်ငန်းများတည်ရှိရာ အလက်ပိုမြို့သို့ သံချပ်ကာကားများနှင့် တပ်ဖွဲ့ဝင်များ အလျင်အမြန်စေလွှတ်နေသည်။ ယင်းမြို့အား သူပုန်များက သိမ်းပိုက်ထားခဲ့ခြင်းဖြစ်သည်။

—*Ref: BBC*

## ရုပ်ရှင်ရုံတွင်း ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ကော်လိုရာဒိုပြည်နယ်တွင် သေနတ်ရောင်းအားမြင့်တက်လာ

**အော်ရိုရာ၊ ဇူလိုင် - ၂၅**

ကော်လိုရာဒိုပြည်နယ်ရှိအော်ရိုရာမြို့မှ ရုပ်ရှင်ရုံတစ်ရုံတွင် သေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် လူ ၁၂ ဦးသေဆုံးခဲ့ပြီးနောက် ပြည်နယ်အတွင်း သေနတ်ရောင်းအားမြင့်တက်လာကြောင်း ဒေသခံဒင်ဗာပို့စ် သတင်းစာကဖော်ပြသည်။

သတင်းစာ၏ ဖော်ပြချက်အရ ပစ်ခတ်မှုဖြစ်ပြီးနောက် သေနတ်ရောင်းအားမှာ ၄၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်ရရေးအတွက် လေ့ကျင့်သူများလည်း ပိုများလာကြောင်းဆိုသည်။

အမေရိကန်နိုင်ငံတွင် ပြည်နယ် ၅၀ ၌ ၄၉ ခုတွင် လူထုအား တရားဝင်သေနတ်ကိုင်ဆောင်ခွင့်ပေးထားပြီး သေနတ်ကိုင်ခွင့် မရှိသည့်တစ်ခုတည်းသော ပြည်နယ်မှာ အီလီနွိုက်ပြည်နယ်ဖြစ်သည်။ ကော်လိုရာဒိုပါကားမြို့မှ သေနတ်အရောင်းဆိုင်အလုပ်သမားတစ်ဦးကလည်း "ဒါဟာရူးချင်စရာပါ။ လူတော်တော်များများဟာ ဆိုင်ရှေ့မှာစောင့်နေကြပြီး ကျွန်တော်သေနတ်ကိုင်ဆောင်သင့်တယ်လို့မတွေးမိခဲ့ဖူးဘူး။ ဒါပေမဲ့ အခုတော့လိုအပ်လာပါပြီလို့ ပြောလာကြပါတယ်" ဟု သတင်းစာသို့ ပြောသည်။

ကော်လိုရာဒိုသေနတ်ပစ်မှုတွင် အဖမ်းခံထားရသည့် သံသယတရားခံ ဂျိမ်းစ်ဟုမ်းစ်ကို စစ်ဆေးချက်အရ ၎င်း၌တရားဝင်ကိုင်ဆောင်ထားသော သေနတ်လေးလက်ရှိကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် ၎င်းသည် နှစ်လတာကာလအတွင်း အင်တာနက်မှ ကျည်ဆန် ၆,၃၀၀ တောင့်ခန့် ဝယ်ယူခဲ့ကြောင်း သိရသည်။

—*Ref: AFP*



7 DAY NEWS JOURNAL
# International
Vol.11, No.21 • AUGUST 2 , 2012

## အလက်ပိုမြို့ကို ထိုးစစ်ဆင်ပါက အမှားကြီးမှားသွားလိမ့်မည်ဟု ကန်ကာကွယ်ရေးဝန်ကြီး ဆီးရီးယားကို သတိပေးပြောကြား


Photo : AP

**တူနီးရှား၊ ဇူလိုင် - ၃၀**

ဆီးရီးယားအစိုးရအနေဖြင့် အလက်ပိုမြို့တွင် ပြည်သူလူထုအပေါ် ပြန်၍ထိုးစစ်ဆင်ခဲ့လျှင် အမှားကြီးမှားလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လီယွန်ပါနက်တာက သတိပေးပြောကြားသည်။ ယင်းမှာ သမ္မတအာဆတ်၏ခေါင်းတလားအတွက် နောက်ဆုံးသံချက်ဖြစ်မည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးက ပြောခြင်းဖြစ်သည်။

အလက်ပိုမြို့အား အစိုးရတပ်ဖွဲ့များက ဒုတိယနေ့အဖြစ် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေချိန်မှာပင် အရပ်သားနှစ်သိန်းကျော် ထွက်ပြေးခဲ့ရပြီဖြစ်ပြီး အများအပြားမှာ သူပုန်များကိုဖြုတ်ချရန် အစိုးရကချထားသည့်တင့်ကားများ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များကြား ပိတ်မိနေကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ စာ(၄၅)သို့

## တရုတ်မျိုးချစ်စိတ်ဓာတ် သင်ခန်းစာများကို ဟောင်ကောင်တွင် ကန့်ကွက်ဆန္ဒပြ

**ဟောင်ကောင်၊ ဇူလိုင် - ၃၀**

တရုတ်မျိုးချစ် စိတ်ဓာတ်သင်ခန်းစာများ စတင်သင်ကြားမည့် အခြေအနေတွင် ဟောင်ကောင်၌ ကျောင်းဆရာများနှင့် ကျောင်းဆရာအများအပြား အပါအဝင် လူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း သိရသည်။ ယင်းသင်တန်းများက အတွေးအခေါ်များ အတင်းသွတ်သွင်းခံရမည်ကို ကန့်ကွက်သူများက စိုးရိမ်နေကြသည်။

ယင်းပြဋ္ဌာန်းချက် အသစ်နှင့်ပတ်သက်၍ ဟောင်ကောင် အစိုးရရုံးချုပ်သို့ ချီတက်ဆန္ဒပြကြရာတွင် ကျောင်းသားများ၊ ဒီမိုကရေစီအရေးလှုပ်ရှားသူများလည်း ပါဝင်ခဲ့သည်။ စာသင်ကျောင်းများ ပြန်လည်ဖွင့်မည့် စက်တင်ဘာလတွင် အဆိုပါသင်ခန်းစာများစတင်ရန် အာဏာပိုင်များက တိုက်တွန်းနေကြသည်။

ယင်းမှနေ၍ ကလေးငယ်များအား တရုတ်ကွန်မြူနစ်ပါတီကိုထောက်ခံရန် အတွေးအခေါ်များအတင်းသွတ်သွင်းပေးလိမ့်မည်ဟု ကန့်ကွက်သူများကစိုးရိမ်နေကြသည်။ အစိုးရကမူ ယင်းသို့ ပြောဆိုမှုများကို ငြင်းဆန်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေးအတန်းများမှာ တရုတ်အမျိုးသားဂုဏ်ကို တည်ဆောက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယခုကန့်ကွက်ဆန္ဒပြမှုများမှာ တရုတ်နိုင်ငံက ဟောင်ကောင်အား ဗြိတိန်နိုင်ငံမှ လွှဲပြောင်းရယူပြီး ၁၅ နှစ်ကြာတွင် တရုတ်ပြည်မကြီးက ပိုမိုလွှမ်းမိုးလာခြင်းအပေါ် မကျေနပ်မှု ကြီးထွားလာနေခြင်းကို ပြသသည့် လက္ခဏာဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။ —*Ref: AP*

## ရာထူးမှဖယ်ရှားရေး ကြိုးပမ်းမှုကို ရိုမေးနီးယားသမ္မတ ကျော်လွှားနိုင်ခဲ့

**ဘူချာရက်စ်၊ ဇူလိုင် - ၃၀**

ရိုမေးနီးယား သမ္မတထရာအီယန်ဘာဆက်စကူးသည် ၎င်းအားရာထူးမှ ဖယ်ရှားရေးမဲခွဲဆုံးဖြတ်မှုကို ကျော်လွှားနိုင်ခဲ့ကြောင်းသိရသည်။ ၎င်းအားရာထူးမှ ဖယ်ရှားရေးမဲပေးသူအရေအတွက်လိုအပ်သောပမာဏမရရှိခဲ့သောကြောင့် ဖြစ်သည်။

ကွန်ဆာဗေးတစ် သမ္မတဘာဆက်စကူးအား ဖယ်ရှားရေး လက်ဝဲယိမ်းဝန်ကြီးချုပ် စာ(၄၅)သို့


Photo : AFP

## ကြွေးမြီအကျပ်အတည်းနှင့်ပတ်သက်၍အချိန်ဆွဲနေ၍မရကြောင်း ယူရိုအုပ်စုအကြီးအကဲ ပြောကြား

**ဘာလင်၊ ဇူလိုင် - ၃၀**

ကြွေးမြီအကျပ်အတည်းနှင့်ပတ်သက်၍ ဥရောပသည် ပြတ်ပြတ်သားသားဆုံးဖြတ်ချက် ချရမည့်အချိန်ရောက်နေပြီဖြစ်ကြောင်းနှင့် ရှေ့လာမည့်ရက်ပိုင်းအတွင်းမည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ဆိုသည်ကိုဆုံးဖြတ်ရလိမ့်မည်ဖြစ်ကြောင်း ယူရိုအုပ်စုအကြီးအကဲ မစ္စတာဂျင်န်ကလော့ဒ်ဂျန်ကာက ပြောကြားသည်။

မစ္စတာဂျန်ကာ၏ မှတ်ချက်များ ဂျာမန်သတင်းစာတွင် မဖော်ပြမီ ဥရောပဗဟိုဘဏ်အကြီးအကဲနှင့် နိုင်ငံရေးခေါင်းဆောင်များကလည်း ယူရိုငွေအား ကယ်တင်ရန် လိုအပ်သမျှအားလုံး လုပ်ဆောင်သွားမည်ဟုကတိပေးပြောကြားမှုများရှိခဲ့သည်။

ယင်းမှတ်ချက်စကားများကြောင့် ဥရောပဗဟိုဘဏ် (သို့မဟုတ်) ယူရိုဇုန်ကယ်ဆယ်ရေးရန်ပုံငွေအဖွဲ့က စပိန်အစိုးရ၏ ငွေတိုက်စာချုပ်များကို ဝယ်ယူလိမ့်မည် သို့မဟုတ်ပါက အီတလီအစိုးရ၏ ငွေတိုက်စာချုပ်များကိုဝယ်ယူလိမ့်မည်ဟူသော မျှော်လင့်ချက်များ ကြီးထွားလာခဲ့သည်။ စာ(၄၅)သို့



**NEWS ANALYSIS**
တောင်ကိုရီးယား မူးယစ်ရမ်းကား ဇာတ်လမ်း
စာ(၃၆)သို့



ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.21 • AUGUST 2 , 2012

## ပြည်ထောင်စုဝန်ကြီးများ ပြည်သူများနှင့် ထိတွေ့ရန် သမ္မတညွှန်ကြားထားဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၃၁**

နိုင်ငံတော်သမ္မတက ကဏ္ဍအလိုက် တာဝန်ယူထားသော ပြည်ထောင်စုဝန်ကြီးများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေး ထိတွေ့ရန် ညွှန်ကြားခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ပြောကြားသည်။

ကျန်ရှိနေသည့်အစိုးရသက်တမ်းကာလသုံးနှစ်ခွဲကျော်အတွင်း စီးပွားရေးမူဝါဒများ ချမှတ်နိုင်ရန် ပြည်သူလူထု နေ့စဉ်ကြုံတွေ့နေရသည့် စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကုန်ဈေးနှုန်း စသည့်ကိစ္စရပ်များ ပြေလည်စေရေး ဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ ယခင်အစိုးရက တံတား၊ ဆည်စီမံကိန်းများကို အဓိကထား ဖော်ဆောင်ခဲ့သော်လည်း ယင်းစီမံကိန်းများမှာပြည်သူလူထုအတွက် စားဝတ်နေရေးကို အဆင်မပြေနိုင်ခဲ့သည်ကိုတွေ့ရကြောင်းပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

"တိုင်းပြည်ရဲ့ စီးပွားရေးကကောင်းတာနဲ့ မကောင်းတာကို ချိန်ကြည့်ရင် မကောင်းတဲ့ဘက်ကို ဦးတည်နေတာ ပိုများလာတယ်"ဟုပြည်ထောင်စုဝန်ကြီးက ပုသိမ်မြို့တော်ခန်းမတွင် ပြုလုပ်သည့်တွေ့ဆုံပွဲ၌ပြောကြားသည်။

တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍတွင် လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးစရိတ်များကြီးမြင့်၍ အမြတ်ရရှိမှုနည်းသဖြင့်တောင်သူလယ်သမားများ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း၊ ယင်းကြောင့် တိုင်းပြည်၏ စီးပွားရေးကိုဖွံ့ဖြိုးလာရန် နိုင်ငံတော်သမ္မတကြီးက ဝန်ကြီးဌာနများကို ပြည်သူလူထု အဆင်ပြေစေရန် ယခုကဲ့သို့ တွေ့ဆုံပွဲများ ကျင်းပစေခြင်းဖြစ်ကြောင်း သိရသည်။

## လုံခြုံရေးအပြည့်အဝရှိကြောင်း တာဝန်ရှိသူပြောကြား

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၃၀**

ပါကစ္စတန်အခြေစိုက် တာလီဘန်အဖွဲ့တစ်ဖွဲ့က မြန်မာနိုင်ငံကို ခြိမ်းခြောက်မှုများပါဝင်သည့် ထုတ်ပြန်ချက်တစ်စောင်ကို ပြည်ပမီဒီယာအချို့တွင် ဖော်ပြခဲ့ပြီးနောက် ပြည်သူအချို့ပူပန်မှုများရှိ၍ လုံခြုံရေးနှင့်ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးကို မေးမြန်းရာ "လုံခြုံရေးအပြည့်အဝရှိပါတယ်" ဟု ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်ကလည်း ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်လုံခြုံရေး အပါအဝင် ရည်ရွယ်ချက် ၄ ခုကို အောင်မြင်အောင် ဆောင်ရွက်နေသည့် အတွက် ပြည်သူများအနေဖြင့် စိုးရိမ်ရန်မလိုကြောင်း ပြောသည်။

"ပထမအချက်က နိုင်ငံတော်လုံခြုံရေး နောက်တစ်ချက်က တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်း အဲဒီရည်ရွယ်ချက်လေးရပ်ကို အောင်မြင်အောင် ဆောင်ရွက်နေတဲ့အတွက် စိုးရိမ်စရာမရှိပါဘူး"ဟု ဗိုလ်မှူးချုပ် ကျော်ဇံမြင့်ကလည်း အထက်ပါမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသည်။

ပါကစ္စတန်ရှိ တာလီဘန်အစွန်းရောက်အဖွဲ့တစ်ဖွဲ့ဖြစ်သော Tehreek-e-Taliban Pakistan (TTP) အဖွဲ့မှ ရိုဟင်ဂျာအရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် ခြိမ်းခြောက်မှုများပါဝင်သည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း AFP သတင်းဌာနနှင့် ပြည်ပသတင်းဌာနအချို့တွင် ဇူလိုင်လနောက်ဆုံးပတ်က ဖော်ပြခဲ့သည်။

သို့သော် ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ တရားဝင်ပေးပို့လာသော စာကဲ့သို့အထောက်အထားများရရှိထားခြင်းမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောသည်။

## စီးပွားရေးပြုပြင်ပြောင်းလဲမှု အလုပ်ရုံဆွေးနွေးပွဲ သမ္မတဦးဆောင်ကျင်းပမည်

**ပြည်သိမ်း**

**ရန်ကုန်၊ဇူလိုင်-၃၁**

စီးပွားရေးပြုပြင်ပြောင်းလဲမှုများကပြုလုပ်နိုင်ရန် အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတဦးစီး၍ နေပြည်တော်၌ ကျင်းပရန် စီစဉ်ထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

ယင်းအစည်းအဝေးပွဲ ကျင်းပနိုင်ရန်အတွက်ဌာနဆိုင်ဝန်ထမ်းများနှင့် ပြည်သူလူထု၏ တင်ပြချက် အကြံဉာဏ်များကို ရယူနိုင်ရန် ကဏ္ဍအလိုက် တာဝန်ယူထားသည့် ဝန်ကြီးများက ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၄ ခု)တွင် တွေ့ဆုံပွဲများ ကျင်းပရန်စီစဉ်ထားသည်။ ယင်းတွေ့ဆုံပွဲများမှ ရရှိလာသည့် ရလဒ်ကို နေပြည်တော်တွေ့ဆုံပွဲတွင် ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ ထင်မြင်ချက်တွေရဖို့ သမ္မတကြီးက ဝန်ကြီးတွေကိုတိုင်းဒေသကြီးနဲ့ပြည်နယ်အနှံ့သွားဖို့ လမ်းညွှန်ထားခဲ့တယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဆိုသည်။

လက်ရှိနိုင်ငံတော်အစိုးရကို လွှတ်တော်၊ မီဒီယာ၊ ပညာရှင်များ၊ ပြည်ပမှရောက်ရှိလာသည့် အဖွဲ့များ စသဖြင့် အဖွဲ့အစည်းအသီးသီးမှ အကြံပြုချက်များ ပေးလျက်ရှိသည်။

ယင်းအကြံပြုချက်များကို အကောင်အထည်ဖော်ဖို့ရာတွင် ငါး ပွက်ရာ ငါးစားချသကဲ့သို့ ဖြစ်မည်ကို စိုးရိမ်နေသည်။ ယင်းကြောင့် ယခုကဲ့သို့ အခြေအနေမှန်ကိုသိရှိရန် တွေ့ဆုံပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

## လဆန်းပိုင်းမှ စတင်ကာ မိုးပြန်လျော့နိုင်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၃၁**

ဩဂုတ်လဆန်းမှစ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ပြန်လည်လျော့နည်းနိုင်ကြောင်း မိုးလေဝသပညာရှင်များက ဇူလိုင် ၃၁ ရက်က ခန့်မှန်းပြောကြားသည်။

"မုတ်သုံက အကျပြန်ရောက်သွားပြီ။ ဒီနေ့(ဇူလိုင် ၃၁)ကစပြီး လျော့နေပြီ"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးချစ်ကျော်က ခန့်မှန်းပြောဆိုသည်။

"မြစ်ရေကြီးမှုက မြစ်ဝကျွန်းပေါ်မှာ အလားအလာအမြင့်ဆုံး အလွန်ဖြစ်ဖို့ များတယ်။ မြစ်ကြီးတွေ မကြီးတောင် လယ်ကွင်းတွေ ရေလျှံနိုင်တယ်။ ဒါပေမဲ့ လက်ရှိအနေအထားကတော့ မိုးကလျော့လာပြီ" ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

ထို့အပြင် တောင်တရုတ်ပင်လယ်ပြင်မှ မုန်တိုင်းကြောင့် ပြီးခဲ့သည့်နှစ်ရက်ခန့်မှစ၍ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင် မိုးရွာသွန်းခဲ့ပြီး ကျိုင်းတုံနှင့်လားရှိုးမြို့အနီးတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။

"ငါးသိုင်းချောင်း(ငဝန်မြစ်) ရေကြီးတာကတော့ အပေါ်က ဆင်းလာတာ၊ ပဲခူးကတော့ ဇောင်းတူဆည်က ရေလွှတ်တာ လည်းပါတယ်"ဟု ဦးချစ်ကျော်က ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## တက္ကသိုလ်ပညာရေး ဥပဒေကြမ်းပြင်ဆင်ရေးဆွဲရေး ဒေါ်အောင်ဆန်းစုကြည် ထောက်ခံ

**သီဟ**

**နေပြည်တော်၊ ဇူလိုင် - ၃၁**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ရေးဆွဲသည့် ၂၀၁၂ခုနှစ် တက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ခုလုံး ပြန်လည်ပြင်ဆင်ရေးဆွဲရေးကို တောင်ဒဂုံမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက တင်သွင်းရာ ပြည်သူ့လွှတ်တော် ၁၈ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ထောက်ခံခဲ့ကြကြောင်းသတင်းရရှိသည်။

ပညာရေးမြှင့်တင်မှုကော်မတီက ရေးဆွဲသည့် အဆိုပါဥပဒေကြမ်းအား ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်က အပိုဒ်လိုက် ပြင်ဆင်ရန် ပြင်ဆင်ထားသော်လည်း ဒေါ်တင်နွယ်ဦး၏ဥပဒေတစ်ခုလုံးပြင်ဆင်ရေးတင်သွင်းမှုအား ထောက်ခံခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်တွင်းရှိ ပညာရေးနယ်ပယ်မှ ပညာရှင်များနှင့် အခြားစိတ်ဝင်စားသူများ ပါဝင်၍ ခေတ်နှင့်လျော်ညီသည့် တက္ကသိုလ်ပညာရေးဥပဒေတစ်ခု ထပ်မံရေးဆွဲပေးရန်လည်း တိုက်တွန်းပြောကြားခဲ့ကြောင်းသိရသည်။

"ဒီနေ့ အခင်းအကျင်းက ခေတ်နောက်ပြန်ဆွဲနေတဲ့ နဂိုဘောင်ထဲက မထွက်နိုင်တဲ့သူတွေနဲ့ သူရဦးရွှေမန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်တဲ့ ဒီမိုကရေစီခေတ်သစ်ကို သွားကြတဲ့သူတွေရဲ့ လွန်ဆွဲပွဲမှာ ဒီမိုကရေစီခေတ်သစ်ကို သွားတဲ့သူတွေရဲ့ အောင်ပွဲပါပဲ"ဟု သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းကပြောသည်။ ထပ်မံရေးဆွဲမည့် တက္ကသိုလ်ပညာရေးဥပဒေတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ရေးဆွဲနိုင်ဖွယ်ရှိကြောင်းလည်း သတင်းရရှိသည်။

## သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းစာချုပ်များ၌ ပြည်တွင်းကို ဦးစားပေးချုပ်ဆိုနေဟုဆို

**ထူးသန့်**

**နေပြည်တော်၊**

**ဇူလိုင် - ၃၀**

အစိုးရသစ်လက်ထက် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်ယူခြင်းအတွက် သက်ဆိုင်ရာ ကန်ထရိုက်တာများနှင့် စာချုပ်ချုပ်ဆိုရာတွင် ပြည်တွင်းသုံးစွဲမှုအတွက် ဦးစားပေးချုပ်ဆိုကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင်ပြောကြားသည်။

အဆိုပါစာချုပ်များအရ ကန်ထရိုက်တာများအနေဖြင့် ရှာဖွေတွေ့ရှိသော သဘာဝဓာတ်ငွေ့များကို မြန်မာနိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများသို့ဦးစားပေးဖြန့်ဖြူးရန်ဖြစ်ပြီး ယင်း စက်မှုလုပ်ငန်းများက ရယူနိုင်ခြင်းမရှိပါက နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီမှု ရယူကာ လိုအပ်သလို စီမံနိုင်ကြောင်း ထည့်သွင်းချုပ်ဆိုထားသည်ဟုဆိုသည်။

မြန်မာနိုင်ငံအတွင်းရှိ အရှုံးပေါ်နေသော စက်ရုံကြီးအများစုမှာ သဘာဝဓာတ်ငွေ့စွမ်းအင် လုံလောက်စွာမရသဖြင့် စွမ်းအားပြည့် မလည်ပတ်နိုင်ဘဲ အရှုံးပေါ်နေခြင်းဖြစ်ကြောင်း၊ သွင်းကုန်စက္ကူအစားထိုးရန် ရည်ရွယ်၍ တည်ဆောက်ခဲ့သော သာပေါင်းပျော့ဖတ်နှင့် စက္ကူစက်ရုံများလည်းပါဝင်ကြောင်းစက်မှုဝန်ကြီးဌာနမှသိရသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း သဘာဝဓာတ်ငွေ့မှထုတ်လုပ်မှုသည် ၂၀ ဒသမ ၄ ရာခိုင်နှုန်းသာရှိပြီး ရေအားလျှပ်စစ်မှ ထုတ်လုပ်မှုမှာ ၇၆ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ ကျောက်မီးသွေးဖြင့် ထုတ်လုပ်မှုသည် ၃ ဒသမ ရာခိုင်နှုန်းသာရှိသေးသဖြင့် နောင်တွင် ကျောက်မီးသွေးမှ ပိုမိုထုတ်လုပ်ရန်ရှိကြောင်းလည်း ဦးသန်းဌေးက ဆက်လက်ပြောကြားသည်။

အချပ်ပို

7 DAY NEWS JOURNAL

Vol.11, No.21 • AUGUST 2 , 2012

## ဒေသအရင်းအမြစ်မှ စွမ်းအင်ထုတ်၍ တနင်္သာရီတိုင်းတွင် မီတာခလျှော့ချရေးဆောင်ရွက်မည်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇူလိုင် - ၃၀

မီတာခများ လျှော့ချနိုင်ရန် ဒေသထွက်အရင်းအမြစ်များမှ ထွက်ရှိသော စွမ်းအင်များကို အသုံးပြု၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များ၏ မီတာခနှုန်းထားကို ၂၀၀ကျပ်ထိ လျှော့ချသွားမည်ဖြစ်ကြောင်း အဆိုပါတိုင်းဒေသကြီး၏ လျှပ်စစ်ဝန်ကြီး ဒေါက်တာဝင်းဇော်က ပြောသည်။

"တနင်္သာရီတိုင်းဒေသကိုလျှပ်စစ်မီးပေးနိုင်ဖို့အခုစီမံကိန်းငါးခုနဲ့ ဆောင်ရွက်ဖို့လုပ်နေတယ်။ အားလုံးပြီးသွားရင်တော့ မဟာဓာတ်အားလိုင်းတစ်ခုတည်းမှာထည့်ပြီးတော့ တိုင်းတစ်တိုင်းလုံးကို ဈေးနှုန်းတစ်ခုတည်းနဲ့ ပေးနိုင်အောင်လုပ်သွားမယ်။ ဓာတ်အားလိုင်းနဲ့ ဆောင်ရွက်တဲ့အခါကျရင် ၂၀၀ကျပ်အောက်လည်းရောက်ရင်ရောက်သွားမယ်"ဟုဝန်ကြီးကပြောသည်။

လက်ရှိကာလတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားခနှုန်းထားများမှာ တစ်ယူနစ်လျှင် ၄၅၀ ကျပ်ကောက်ခံနေရာမှ ၂၀၀ကျပ်ထိ လျှော့ချကောက်ခံမည်ဖြစ်၍ ဒေသခံများအနေဖြင့် ၂၅၀ ကျပ်သက်သာသွားမည်ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။ အဆိုပါတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များကို လက်ရှိတွင် ဖိုးသီးချိုကုမ္ပဏီမှ ဒီဇယ်ဖြင့် လျှပ်စစ်မီးပေးနေပြီး တစ်ယူနစ်လျှင် ၄၅၀ ကျပ်ထိ ကောက်ခံနေခြင်းဖြစ်သည်။

ထားဝယ်တွင်လျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် စီမံကိန်းများမှာ ကံဘောက်ဒေသတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကြယ်နီလာကုမ္ပဏီတို့ ပူးပေါင်း၍ ၂၀ မဂ္ဂါဝပ်စက်တစ်လုံး၊၃၀မဂ္ဂါဝပ်စက်တစ်လုံးနှစ်ခုပေါင်း၅၀မဂ္ဂါဝပ်ရှိသောသဘာဝဓာတ်အားပေးစက်ရုံ၊ သဘာဝစွမ်းအင်လှိုင်းကုမ္ပဏီဖြင့်လည်း ၆ မဂ္ဂါဝပ်ရှိသော စက်လေးလုံးဖြင့် လည်ပတ်မည့်အညာဖျားရေအားလျှပ်စစ် စီမံကိန်းနှင့် ထားဝယ်ခရိုင် မေတ္တာမွန်မြို့နယ်ခွဲတွင်လည်း ၂၀၀မဂ္ဂါဝပ်ရှိသောလေအားလျှပ်စစ်စက်ရုံကို Gunkl Engineering Public ကုမ္ပဏီတို့ဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြိတ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားခများကို လျှော့ချနိုင်ရန်လည်း ၅၀မဂ္ဂါဝပ်ရှိသော ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကိုတည်ဆောက်ရန် သန်းဖြိုးသူကုမ္ပဏီနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပြီးခဲ့သည့် (၂၇)ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း မြိတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးကပြောသည်။

ထို့ပြင်တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းမြို့တွင်လည်း ရွှေပြည်သာစက်မှုဇုန်တွင် ၈မဂ္ဂါဝပ်ရှိသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို သန်းဖြိုးသူ ကုမ္ပဏီနှင့်၊ ITD ကုမ္ပဏီနှင့် ထားဝယ်ရေနံ့ဆိပ်ကမ်းအတွက် တည်ဆောက်မည့် ၉၀၀ မဂ္ဂါဝပ်ရှိမေယွန်းရေအားလျှပ်စစ်စီမံကိန်းကိုလည်း တည်ဆောက်ရန် တိုင်းတာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

သန်းဖြိုးသူကုမ္ပဏီနှင့်တည်ဆောက်မည့်ကျောက်မီးသွေးစက်ရုံကို ၁၈လအတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်းဖြင့်မလွှတ်နိုင်မီအချိန်တွင်သက်ဆိုင်ရာဒေသအလိုက်ဦးစားပေး၍ ဓာတ်အားပေးသွားမည်ဖြစ်ကြောင်းလျှပ်စစ်ဝန်ကြီးကပြောသည်။

"ဓာတ်အားလိုင်းနဲ့ မပြောင်းနိုင်ခင်မှာတော့ ဓာတ်အားထုတ်လုပ်တဲ့ အရင်းအမြစ်ပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားချက်တွေရှိနိုင်တယ်။ ဓာတ်အားလိုင်းနဲ့ လွှတ်နိုင်အောင် ဈေးနှုန်းတစ်ခုစီနဲ့ဝယ်ပြီး ဈေးတစ်ခုတည်းနဲ့ပြန်ထုတ်ပေးသွားမှာပါ။ ဒါကိုအကောင်အထည်ဖော်နိုင်အောင် လျှပ်စစ်ပညာရှင်တွေ ဝန်ကြီးချုပ်နဲ့လည်း တွေ့ဆုံဆွေးနွေးပြီးစဉ်းစားတာတွေလုပ်နေပါတယ်။ ဓာတ်အားလိုင်းကို ၂နှစ်အတွင်း အကောင်အထည်ဖော်လုပ်ဆောင်သွားမှာပါ"ဟုအထက်ပါဝန်ကြီးကပြောသည်။

**ဝန်ထမ်းအလိုရှိသည်**

၁။ B.E(Civil) ကျား/မ (၂)ဦး

၂။ A.G.T.I(Civil) ကျား/မ (၃)ဦး

၃။ အသက်(၃၀)နှစ်အထက်ဖြစ်ရမည်။

၄။ လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်ရှိရမည်။

၅။ လုပ်သက်အတွေ့အကြုံအလိုက်လုပ်ခလစာညှိနှိုင်းပေးမည်။

၆။ ကိုယ်ရေးရာဇဝင်၊သန်းခေါင်စာရင်း၊လေဘာမိတ္တူ၊ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်၊ ဓါတ်ပုံ(၂)ပုံနှင့်အတူ Asia Myanmar Consortium Development Co.,Ltd ရုံးချုပ်၊ အမှတ်–၆၄၀၊ပထမထပ်၊ မဟာဗန္ဓုလလမ်း၊လသာမြို့နယ်သို့ကြော်ငြာပါသည့်နေ့မှစ၍(၂)ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

၇။ ဆက်သွယ်ရန်ဖုန်း–၃၉၅၆၉၁

## နယ်စပ်သို့ ဆန်ကြမ်းတင်ပို့မှု ရပ်နားထားခြင်းကြောင့် ဈေးပြန်ကျ

ပြည်သိမ်း

ရန်ကုန်၊
ဇူလိုင် - ၂၉

ထိုင်း-မြန်မာနယ်စပ် မြဝတီသို့ ဆန်တင်ပို့မှုရပ်နားထားရခြင်းကြောင့်ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်း ပြန်လည်ကျဆင်းလာကြောင်း ပြည်တွင်းဆန်ဈေးကွက်မှ သတင်းရရှိသည်။

ယခင်လများက မြဝတီနယ်စပ်မှ ပြည်ပသို့တင်ပို့ရန် ဆန်ဝယ်ယူမှုများကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးမြင့်တက်ခဲ့သည်။

လက်ရှိအချိန်တွင် ဆန်ဈေးမှာ တစ်အိတ်လျှင် ကျပ် ၁၄,၀၀၀ ဝန်းကျင်သာရှိသည်ဟုသိရသည်။

ဩဂုတ်လတွင် ဆန်တန်ချိန် ငါးသောင်းတင်ပို့ရန် စီစဉ်ထားသော်လည်း ပြည်တွင်းဈေးကွက်မှ ဝယ်ယူမှုနည်းနေကြောင်း လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

"လက်ရှိအိတ်စပို့ရှိသေးပေမယ့် ပြည်တွင်းဈေးနဲ့ကဆိုရင် မကိုက်ဘူး။ အရင်းပဲရှိတယ်" ဟု ဝါးခယ်မ ရောင်းဝယ်ရေးကုမ္ပဏီမှဒေါက်တာစိုးထွန်းကဆိုသည်။

ပြည်ပဈေးကွက်တွင်မြန်မာဆန်ဈေးသည်တစ်တန်လျှင်ကန်ဒေါ်လာ ၃၅၀ မှ ၃၅၅ သာဈေးရနိုင်သေးကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှအထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောကြားသည်။ ယခုတင်ပို့မည့် တန်ချိန်ငါးသောင်းသည်အာဖရိကဈေးကွက်သို့ တင်ပို့မည်ဖြစ်ပြီး ယခုဘဏ္ဍာရေးနှစ်တွင်တန်ချိန် သုံးသိန်းနီးပါးပြည်ပဈေးကွက်သို့တင်ပို့ပြီးဖြစ်ကြောင်း ဦးရဲမင်းအောင်ကဆိုသည်။

"စပါးပေါ်ချိန်မှာ အိတ်စပို့ရှိနေရင် ပြည်တွင်းဈေးကောင်းမှာပဲ။ လယ်သမားလည်းဈေးကောင်းရနိုင်တယ်။ အခုက လယ်သမားလက်ထဲမှာ စပါးမရှိမှဈေးကတက်လာတယ်"ဟုဒေါက်တာစိုးထွန်းကဆိုသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင်ဆန်ကြမ်းစပါးဈေးမှာ မြဝတီနယ်စပ်သို့ပို့စဉ်က တင်းတစ်ရာလျှင် ၄၁၀,၀၀၀ကျပ်ထိ ရှိသော်လည်း ယခုရက်ပိုင်းတွင် တင်းတစ်ရာလျှင် ကျပ် ၃၇၀,၀၀၀ထိ ဈေးနှုန်းပြန်ကျလာကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။

## သတ္တိအောင်က ကင်ညာမွေထိုင်းချန်ပီယံကို အလဲထိုးနိုင်သော်လည်း ကြယ်လင်းအောင် အရှုံးပေးခဲ့ရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင်- ၂၉

သုံးနိုင်ငံမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲကြီးတွင် မြန်မာလက်ဝှေ့သမားသတ္တိအောင်က ကင်ညာနိုင်ငံသားမွေ့ထိုင်းချန်ပီယံကို အလဲထိုးအနိုင်ယူခဲ့သော်လည်း ကြယ်လင်းအောင်(မြန်မာ)ကမူ ကမ္ဘာ့မွေထိုင်းချန်ပီယံမာဆွတ်(အီရန်)ကို အရှုံးပေးခဲ့ရသည်။

ဇူလိုင် ၂၉ ရက်က သိမ်ဖြူမိုးလုံလေလုံပြိုင်ပွဲရုံတွင် ကျင်းပခဲ့သည့် အဆိုပါ ပြိုင်ပွဲတွင် လေးချီပွဲစဉ်များဖြစ်သည့် ခွန်ကျော်ထက်နှင့် နောင်လုံမင်း၊ စောမင်းအောင်နှင့် ခွန်ရှိုင်းထက်၊ အားမာန်နှင့် ခိုင်လေးတို့ပွဲစဉ်များတွင် အနိုင်အရှုံးမပေါ်ဘဲ သရေရလဒ်သာဖြစ်ခဲ့သည်။

ငါးချီစိန်ခေါ်ပွဲများတွင်မူ ပရိသတ်များ ပိုမိုအကြိုက်တွေ့ခဲ့ကြပြီး နေရှုဘီ(ခ)နေလင်းအောင်က စောသဲဦးကို ဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ဂေါ်မူဒိုက ဝီလျံကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ယူခဲ့သည်။ ဒေါင်းသည်းခြေနှင့် လုံးချောလေးပွဲစဉ်တွင်မူ အကြိတ်အနယ်ထိုးသတ်ခဲ့ကြသော်လည်း သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည်။

သတ္တိအောင်(မြန်မာ)နှင့် လီယိုနတ်အင်ဂါဂါ(ကင်ညာ)တို့ ပွဲစဉ်တွင်မူ သတ္တိအောင်က လက်ရည်အသာဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ကာ တတိယအချီအရောက်တွင် သတ္တိအောင်၏ ခေါင်းတိုက်ချက်ကြောင့် ကင်ညာလက်ဝှေ့သမား ငိုင်ကျသွားခဲ့ပြီး အရှုံးပေးခဲ့ရခြင်းဖြစ်သည်။

ကြယ်လင်းအောင် (မြန်မာ) နှင့် မာဆွတ်(အီရန်)တို့ ပွဲစဉ်တွင်မူ မြန်မာလက်ဝှေ့သမားက ၎င်းထက် အရပ်ပိုမိုမြင့်မားသော ပြိုင်ဘက်လက်ဝှေ့သမားကို ရိုးစင်းသော ထိုးကွက်များဖြင့် ယှဉ်ပြိုင်ခဲ့ပြီး တတိယအချီအရောက် မာဆွတ်၏ တံတောင်ရိုက်ချက်ကြောင့် ကြယ်လင်းအောင်နဖူးဟက်တက်ကွဲခဲ့ကာ တာဝန်ကျဆရာဝန်က ဆက်လက်ထိုးသတ်ခွင့်မပြုသောကြောင့် ဆေးရှုံးခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ကြယ်လင်းအောင်နှင့်မာဆွတ် အကြိတ်အနယ်ထိုးသတ်နေစဉ်**

## ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခွင့်ရရှိမည့် အေဂျင်စီများ မီဒီယာများမှတစ်ဆင့် ကြေညာသွားမည်

အောင်သူရ

ရန်ကုန်၊
ဇူလိုင်-၃၀

ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခွင့်ရရှိမည့် အေဂျင်စီများ၏ အမည်များအား သတင်းစာ၊ ဂျာနယ်နှင့် ရုပ်သံမီဒီယာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်က ပြောသည်။

တင်ဒါအောင်မြင်သော ကုမ္ပဏီများအား ဩဂုတ်လ ဒုတိယပတ်အတွင်း ကြေညာပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသော ကုမ္ပဏီ ၂၀ ခုထဲမှ မြဝတီတွင် ၁၀ ခု၊ ကော့သောင်းနှင့် တာချီလိတ်တို့တွင် ၅ ခုစီထားရှိသွားမည်ဟု ဦးမျိုးအောင်က ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံသို့ အလုပ်သမားများ စေလွှတ်နိုင်မည့် အေဂျင်စီများအား တင်ဒါစနစ်ဖြင့် ခေါ်ယူရာတွင် ကုမ္ပဏီ ၅၁ခု လာရောက်လျှောက်ထားကျပြီး ထိုအထဲမှ ကုမ္ပဏီ ၂၀ခန့်အား ရွေးချယ်သွားမည်ဖြစ်သည်။

တင်ဒါလျှောက်ထားသော ကုမ္ပဏီများထဲတွင် တစ်ဦးချင်းလျှောက်ထားသူများရှိသကဲ့သို့ Myanmar Oversea Employmet Agency (MOEA) အသင်းကလည်းအသင်းအနေဖြင့်လျှောက်ထားခဲ့သည်။

တင်ဒါခေါ်ယူပြီး ရွေးချယ်ခြင်းနှင့်ပတ်သက်၍ "ပွဲစားတွေ ပျောက်ချင်လို့ သုံးသိန်းခွဲ သုံးသိန်းပေးနေရတာ ပျောက်ချင်လို့ တင်ဒါအောင်ပြီး အလုပ်သမားခေါ်မယ်ဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားရုံးတွေကနေ စုပေးမယ်"ဟု ဦးမျိုးအောင်က ပြောသည်။

လက်ရှိတွင် နှစ်နိုင်ငံ အစိုးရခြင်း သဘောတူညီမှုဖြင့် မြဝတီမြို့မှ စေလွှတ်လျက်ရှိပြီး ယခုရက်ပိုင်း၌ အလုပ်ခေါ်စာရရှိမှု နည်းသွားသဖြင့် အလုပ်သမားများစွာ မြဝတီမြို့တွင် သောင်တင်နေကြသည်။

သက်ဆိုင်ရာကပြုစုထားသော စာရင်းများအရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာလုပ်သား နှစ်သန်းကျော်ရှိပြီး ထိုအလုပ်သမားအရေးနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် မကြာမီက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

# ပို့ကုန်သွင်းကုန် ပါမစ်အတွက် အွန်လိုင်းဝန်ဆောင်ခ e-payment စနစ်ဖြင့် ပေးရမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၂၈**

ပို့ကုန်၊ သွင်းကုန်လိုင်စင် ပါမစ်အတွက် အွန်လိုင်းဝန်ဆောင်ခများကို ယခုနှစ်စက်တင်ဘာ ၁ ရက်မှစ၍ e-payment စနစ်ဖြင့် ပေးဆောင်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးခိုင်ဝင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ သွင်းကုန်လိုင်စင်ပါမစ်ကြေးများကို e-payment စနစ်ဖြင့် ကျင့်သုံးခဲ့ပြီး အွန်လိုင်းဝန်ဆောင်ခကိုမူ ငွေသားဖြင့် လက်ခံခဲ့ရာမှ ငွေသားအစား e-payment စနစ်ဖြင့်ပြောင်းလဲပေးသွင်းတော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ သွင်းကုန်လိုင်စင်တွေ ပတ်သက်ပြီး တစ်နေ့ကို ၂၀၀၊ ၃၀၀ လောက် ထုတ်ပေးနေရတာ။ လက်ခံရတဲ့ ငွေအရေအတွက်ကလည်း များတယ်။ နောက်ပြီး ကားသွင်းတဲ့ကိစ္စတွေကိုလည်း လက်ခံရတယ်ဆိုတော့ အခုလို စနစ်ပြောင်းလိုက်တာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးခိုင်ဝင်းက ပြောသည်။

ယခင် e-payment စနစ်တွင် အွန်လိုင်းစနစ်ဖြင့် နည်းလမ်းသုံးခုဖြင့် ဝန်ဆောင်မှုလုပ်ဆောင်လျက်ရှိရာ လိုင်စင်တစ်စောင်လျှင်ငွေကျပ် ၂,၅၀၀၊၃,၀၀၀၊ ၄,၀၀၀ တို့အား ဝန်ဆောင်ခပေးဆောင်ရသည်။

"e-payment စနစ်ကို ကျန်တဲ့ဘဏ်တွေမှာ တခြားလိုအပ်တဲ့အချက်တွေ မပြည့်စုံသေးလို့မြန်မာနိုင်ငံသားများဘဏ်တစ်ခုမှာပဲ ဖွင့်လို့ရတယ်" ဟု ၎င်းက ပြောသည်။

# အလွဲသုံးစားလုပ်သည့် မီးရထားဝန်ထမ်း ၄၅ ဦးကို တာဝန်မှ ရပ်စဲသည်အထိ အရေးယူ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၃၀**

မြန်မာ့မီးရထားမှ အလွဲသုံးစားလုပ်သည့် ဝန်ထမ်း၄၅ဦးကို တာဝန်မှရပ်စဲကာ အလုပ်ဖြုတ်သည်အထိ အရေးယူလိုက်ကြောင်း မြန်မာ့မီးရထားရုံးချုပ်(နေပြည်တော်)အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ထို့အပြင် မိုးညှင်းတွင် တာဝန်ထမ်းဆောင်နေသော တိုင်းအဆင့် အရာရှိတစ်ဦးကိုလည်း လက်ထောက်တိုင်းအဆင့်သို့ လျှော့ချလိုက်ကြောင်း သိရသည်။ ထိုကြောင့် ဝန်ထမ်း ၄၆ဦးကို အရေးယူလိုက်ခြင်း ဖြစ်သည်။

"မီးရထားမှာ အရေးယူမှုတွေ လုပ်ဖူးတယ်ဆိုပေမယ့် ဒီတစ်ကြိမ်က အရေးယူတဲ့လူအရေအတွက် အများဆုံးပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ၎င်းဝန်ထမ်းများမှာ စက်သုံးဆီ အလွဲသုံးစားပြုလုပ်မှုဖြင့် အရေးယူလိုက်ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထား နေပြည်တော်ရှိ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

"အရေးယူတာက လမ်းထဲ ကို ကျောက်ချရတဲ့ ရထားတွေကလည်း ကျောက်မချဘဲ ကျောက် ချတယ်ဆိုပြီး ဆီထုတ်ယူတဲ့သူတွေရယ်၊ လူစီးရထားရှေ့မှာ လှည့်တဲ့ရထားကလည်း မလှည့်ဘဲ ဆီထုတ်ယူတဲ့သူတွေကို အရေးယူလိုက်တာ" ဟု ၎င်းကပြောသည်။

၎င်းတို့ကို စက်ခေါင်းမောင်းသူအချင်းချင်းအဆင်မပြေဖြစ်၍ တိုင်ကြားရမှုသိရ၍ ဒုတိယအထွေထွေမန်နေဂျာများ သွားရောက်စစ်ဆေးအတည်ပြုကာ အရေးယူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒါတွေကို အရေးယူနိုင်ဖို့ မန်နေဂျာနဲ့ အထွေထွေမန်နေဂျာ ၁၀ ဦးလောက်က ဆုံးဖြတ်ပြီး ဝန်ကြီးရုံးကို တင်ပြပြီး အရေးယူလိုက်တာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ လက်ရှိတွင် ၎င်းတို့ကိုမိမိတို့ သုံးစွဲထားသော ငွေပမာဏအတိုင်း ပေးလျော်ရန် ပြောကြားထားပြီး ပေးလျော်နိုင်ခြင်း မရှိပါ က ထောင်ကျသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ လျော်ကြေးပေးရမည့်အများဆုံးဝန်ထမ်းမှာ ကျပ် ၆၂ သိန်းဖြစ်သည်။

# ရွေးကောက်ပွဲအချိုးကျစနစ်ကို ရခိုင်ပါတီ ကန့်ကွက်

**အောင်ခိုင်၊ ချယ်ရီမြင့်**

**ရန်ကုန်၊ ဇူလိုင်-၃၀**

အချိုးကျကိုယ်စားလှယ် (PR) စနစ်သည် ရခိုင်ပြည်နယ်နှင့် သင့်လျော်မှုမရှိကြောင်း သဘောထားကြေညာချက်တစ်စောင်ကို ဇူလိုင် ၂၇ ရက်က ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခဲ့ကြောင်း ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်နိုင်က ပြောသည်။

PR စနစ်ကျင့်သုံးလျှင် ယာယီ သက်သေခံလက်မှတ်ကိုင်ဆောင်ထားသော တရားမဝင်ဝင်ရောက်နေထိုင်သူများကို အထူးအခွင့်အရေးပေးသကဲ့သို့ဖြစ်သွားနိုင်သည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"၁၃ ရက်က ရွေးကောက်ပွဲစနစ်ပြုပြင်ရေးစာတမ်းကို ပေးပို့တာက ကော်မရှင်အနေနဲ့ လေ့လာနိုင်အောင်ပါ။ ပါတီတွင်း ဆွေးနွေးချက်အရ PR စနစ်ကို လက်မခံနိုင်ပါ" ဟု ပြောသည်။

ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က "PR စနစ်က စောလွန်းတယ်။ ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင်အားလုံးက သဘောမတူပါဘူး။ လက်ရှိစနစ်နဲ့ အသားကျအောင်လုပ်သင့်တယ်"ဟု ပြောသည်။တိုင်းရင်းသားပါတီအချို့အနေဖြင့် ဒေသအခြေအနေများကြောင့် လက်ရှိတွင် လက်မခံနိုင်ခြင်းဖြစ်ကြောင်း၊ အချိုးကျစနစ်ကို ပြည်သူများကောင်းစွာ နားလည်ပြီး လက်ခံနိုင်အောင် ပြုလုပ်သင့်ကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးသုဝေကသုံးသပ်သည်။

"တိုင်းရင်းသား လူနည်းစုတွေရဲ့ အကျိုးကို ထိခိုက်မယ်ဆိုရင်တော့ လက်မခံနိုင်ပါဘူး" ဟု ချင်းအမျိုးသားပါတီဥက္ကဋ္ဌဦးဇိုဇမ်က ပြောသည်။

အချိုးကျစနစ် PR သည် လေ့လာသင့်ပြီး ၎င်းတို့အနေဖြင့်မူအားဖြင့် လက်ခံနိုင်ကြောင်း ဦးဇိုဇမ်က ဆက်လက်ပြောသည်။

အချိုးကျကိုယ်စားပြုစနစ်ကို ဆွေးနွေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဒီမိုကရေစီမိတ်ဆွေများ ပါတီ ၁၀ ခုတို့ ဇူလိုင် ၂၇ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

# လေယာဉ်လက်မှတ်များကို မြန်မာ့လေကြောင်းက အရောင်းကိုယ်စားလှယ်များသို့ ရောင်းချခွင့်ပြုမည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၂၉**

မြန်မာ့လေကြောင်းမှ လေယာဉ်လက်မှတ်ဝယ်ယူသည့်စနစ်ကို ပြုပြင်ပြောင်းလဲမည်ဖြစ်ပြီး ပုဂ္ဂလိကလေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များ ခန့်ထားဆောင်ရွက်တော့မည်ဟု မြန်မာ့လေကြောင်းမှ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

မြန်မာ့လေကြောင်း၏ လေယာဉ်လက်မှတ်ကိုယ်စားလှယ်ယူလိုသူများကို သြဂုတ်လမှစ၍ လျှောက်လွှာများ လျှောက်ထားနိုင်ရန် နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ကြော်ငြာသွားမည်ဟု သိရသည်။

ကိုယ်စားလှယ်အဖြစ် လျှောက်ထားလိုသူများသည် ယူမည့်လက်မှတ်စောင်ရေအလိုက် သတ်မှတ်သော စရန်အာမခံငွေကို ပေးသွင်းခြင်းစနစ်ဖြင့် ဆောင်ရွက်မည်ဟုလည်း သိရသည်။

လက်ရှိ မြန်မာ့လေကြောင်း၏ လေယာဉ်လက်မှတ်များကို ရန်ကုန်မြို့ရှိ ရုံးချုပ်တွင် နှစ်ပတ်ကြိုတင်ရောင်းချသော စနစ်ဖြင့်သာ ရောင်းချနေခြင်းဖြစ်၍ ခရီးသည်များ လက်မှတ်ဝယ်ယူရာတွင် အဆင်မပြေမှုများ ရှိနေသည်ဟု သိရသည်။

ထိုစနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်ခန့်ထားဆောင်ရွက်ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

မြန်မာ့လေကြောင်းမှ လက်မှတ်ရောင်းချသည့်စနစ်ကို ခရီးသွားအေးဂျင့်များအား ကိုယ်စားလှယ်ခန့်ထားဆောင်ရွက်ပါက ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားဧည့်သည်များနှင့် လေယာဉ်လက်မှတ်များအားလုံးအတွက် ပို၍အဆင်ပြေသွားမည်ဖြစ်သည်ဟု ပုဂံမင်းသမီး ခရီးသွားအေဂျင်စီမှ ဝန်ဆောင်မှုပေးသူတစ်ဦးက ပြောကြားသည်။

ခရီးသွား ရာသီမဟုတ်သည့် မိုးရာသီတွင်ပုဂ္ဂလိကလေကြောင်းလိုင်းများက လေကြောင်းခရီးစဉ်များကို လျှော့ချထားရာ မြန်မာ့လေကြောင်းလက်မှတ်ဝယ်ယူရန် အချိန်ကုန်မခံချင်သည့်သူ အားလုံးအတွက် အရောင်းကိုယ်စားလှယ်များထံ ဝယ်ယူ၍ အဆင်ပြေသွားမည်ဟုလည်းသိရသည်။

"မြန်မာ့လေကြောင်းမှာ လက်မှတ်ဝယ်ရတာက အချိန်အရမ်းကြာတော့ အခုအစီအစဉ်က ပုဂ္ဂလိကလေကြောင်းလိုင်းကို ဈေးကြီးလို့ မစီးနိုင်သူတွေရော၊ ပုဂ္ဂလိက မတွဲတဲ့နေရာတွေကို သွားချင်တဲ့ ပြည်ပခရီးသွားတွေရော အားလုံးအဆင်ပြေသွားမှာ သေချာတယ်။ အရမ်းကောင်းတဲ့အစီအစဉ်ပါ"ဟုပုဂ္ဂလိကလေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ် တစ်ဦးက ပြောကြားသည်။



**မြန်မာ့လေကြောင်းလေယာဉ်တစ်စီး**

ထို့ပြင် မြန်မာ့လေကြောင်းက မကြာမီအချိန်တွင် ဒေါ်လာ ၁၅ သန်းတန် ကနေဒါနိုင်ငံလုပ် CRG-900 လေယာဉ်နှစ်စီးကိုလည်း ဝယ်ယူအားဖြည့်သွားရန် ရှိသည်ဟု အဆိုပါအစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

မြန်မာ့လေကြောင်းက ပြည်တွင်း ခရီးစဉ်များအဖြစ် မြို့ ၂၆ မြို့သို့ ပျံသန်းပေးနေပြီး လေယာဉ်လက်မှတ်ခနှုန်းထားများကိုလည်း လေယာဉ်ဆီဈေးနှုန်းအတက်အကျကိုလိုက်၍ ဈေးပြောင်းလဲလျက်ရှိကြောင်းသိရသည်။

ပြည်တွင်း ခရီးစဉ်များပြေးဆွဲနေသော လေကြောင်းလိုင်းစုစုပေါင်းမှာ မြန်မာ့လေကြောင်းအပါအဝင် ၆ လိုင်းရှိပြီး အဲပုဂံ၊ အဲကမ္ဘောဇ၊ အဲမန္တလေး၊ ရန်ကုန်အဲဝေးနှင့်အေးရှားဝင်းလေကြောင်းလိုင်းတို့ ဖြစ်သည်။

# ရှုခင်းသာ အပန်းဖြေအားကစားကွင်း မကြာမီပိတ်သိမ်းမည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၃၁**

သာကေတမြို့နယ်ရှိ ရှုခင်းသာအပန်းဖြေအားကစားကွင်းကို ယခုလကုန်တွင် အပြီးပိတ်သိမ်းသွားမည်ဖြစ်ပြီး အဆိုပါပန်းခြံမှ ဝန်ထမ်းများအား ပြည်သူ့ဥယျာဉ်ရှိ ရေလွှာလျှောနှင့် အားကစားကွင်းတွင် ပြန်လည်ခန့်ထားရန် စီစဉ်နေကြောင်း ယင်းအပန်းဖြေအားကစားကွင်းများကို ကန်ထရိုက်စနစ်ဖြင့်လုပ်ကိုင်နေသည့်သိဂီရွှေရည်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

"ရှုခင်းသာဘက်က ဝန်ထမ်းတွေ ဒီကိုရွှေ့ပြောင်းဖို့ရှိနေတာတော့ ရှိပါတယ်။ ဒီလကုန်မှ သိရမှာပါ။ ကျွန်တော့်ဆီတော့ ခုထိ ညွှန်ကြားချက် မရောက်လာသေးပါဘူး။ လက်ရှိကျွန်တော်တို့က ပြည်သူ့ဥယျာဉ်မှာ ရေကူးကန်နဲ့ အားကစားကွင်းတို့ကို လုပ်ခွင့်ရထားတာပါ။ အခုလက်ရှိဝန်ထမ်းအင်အားက ၄၀ လောက်ရှိပါတယ်" ဟု ပြည်သူ့ဥယျာဉ်ရှိ အားကစားကွင်းနှင့် ရေကူးကန်မန်နေဂျာ ဦးရေခဲက ပြောသည်။

"ကျွန်တော်တို့ ဘိုးလင်းစင်တာကတော့ ရှုခင်းသာအားကစားကွင်းထဲမှာ မပါပါဘူး။ ရှုခင်းသာကတော့ ဒီလကုန်မှာသေချာပေါက်ပိတ်တော့မှာပါ။ ခုတောင် ပစ္စည်းတွေ သိမ်းဆည်းနေပါပြီ"ဟု Asia Point ဘိုးလင်းစင်တာမှ တာဝန်ရှိသူတစ်ဦးက ရှုခင်းသာပန်းခြံပိတ်သိမ်းမည့်အကြောင်း အတည်ပြုပြောကြားသည်။

အဆိုပါ ရှုခင်းသာ အပန်းဖြေအားကစားကွင်းကို ၁၉၉၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုကဲ့သို့ ပန်းခြံပိတ်သိမ်းပြီး နောက် ဟိုတယ်အဖြစ် ပြန်လည်ဆောက်လုပ်ရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသော်လည်းယင်းအားကစားကွင်းမှ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာပြန်လည်ဖြေကြားခြင်း မရှိသေးပေ။

"ရေကူးကန်ဘက်ကို ရှုခင်းသာက ဝန်ထမ်းတွေပြောင်းရွှေ့မယ်ဆိုတာ သတင်းကြားပါတယ်။ ဒီလကုန်ဝန်ထမ်းတွေလာပြီး အလုပ်ဆင်းမယ်လို့သိရပါတယ်"ဟု အဆိုပါ ကုမ္ပဏီနှင့် နီးစပ်သူတစ်ဦးကပြောသည်။

7DAY NEWS JOURNAL
Vol.11, No.21 • AUGUST 2 , 2012

## စတော့ရှယ်ယာဈေးကွက်အတွက် အများပိုင်ကုမ္ပဏီ တိုးလာရန် လိုအပ်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၂၅**

ဂျပန်နိုင်ငံ၏ ဒိုင်ဝါကုမ္ပဏီနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်တစ်ခုကို တည်ထောင်မည်ဖြစ်သဖြင့် ပြည်တွင်း၌ အများပိုင်ကုမ္ပဏီများကို ပိုမိုတည်ထောင်သင့်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

အများပိုင် ကုမ္ပဏီမှာ ပြည်တွင်း၌ လေးငါးခုသာ ရှိသဖြင့် မကြာမီဖြစ်ပေါ်လာတော့မည့် မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်အတွက် အဆင်သင့် မဖြစ်သေးကြောင်း အထက်ပါပုဂ္ဂိုလ်တို့က သုံးသပ်ကြသည်။

"စတော့အိတ်ချိန်းတစ်ခု လုပ်ဖို့ဆိုတာက အများပိုင်ကုမ္ပဏီတွေများများ ပေါ်ပေါက်လာမှရမယ်။ ဒီမှာက လက်ချိုးရေလို့ရနေတယ်။ စတော့အိတ်ချိန်းစပြီဆိုရင် အများပိုင်ကုမ္ပဏီတွေက အဆင်သင့်ရှိနေမှ တွင်တွင်ကျယ်ကျယ်လုပ်နိုင်မယ်"ဟု အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ်၏ Customer Service Department မှ ဒါရိုက်တာဦးသက်လွင်ရွှေက သုံးသပ်သည်။

ဗဟိုဘဏ်၏ တာဝန်ရှိသူတစ်ဦးကမူ "မြန်မာနိုင်ငံရဲ့ အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ပါတယ်။ ဒီ စတော့အိတ်ချိန်းက မြန်မာနိုင်ငံရဲ့ စီးပွားရေးကို အပြောင်းအလဲဖြစ်လာစေမယ့် အရာတွေထဲက တစ်ခုဖြစ်လာမှာပါ"ဟု ဆိုသည်။

စတော့အိတ်ချိန်းတစ်ခုသည် ပြည်တွင်းစီးပွားရေး ဈေးကွက်တစ်ခုလုံးအတွက် မရှိမဖြစ်လိုအပ်သည့် အရာဖြစ်သဖြင့် အများပိုင်ကုမ္ပဏီများကိုတည်ထောင်ရာတွင်လည်း ဝန်ထမ်းများပါဝင်နိုင်သည့်လုပ်ငန်းမျိုးကိုဆောင်ရွက်သင့်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့က အကြံပြုသည်။

"တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍမှာက စတော့အိတ်ချိန်းဆိုတာ တကယ်လိုအပ်တယ်။ ဘဏ်လုပ်ငန်းတစ်ခုတည်းနဲ့ ရေရှည်လည်ပတ်သွားလို့မရနိုင်ဘူး။ လူတွေက သူတို့ရဲ့ ဝင်ငွေတွေကို စတော့ဈေးကွက်ထဲမှာ ထည့်ဝင်ခြင်းနဲ့ အရင်းအနှီးတွေ စုဆောင်းမိအောင်လုပ်နိုင်ပါတယ်" ဟု ကမ္ဘောဇဘဏ်၏ International Banking ဌာနမှ မန်နေးဂျင်းဒါရိုက်တာ ဦးညီမြင့်က သုံးသပ်ပြောကြားသည်။

ပြည်တွင်း၏ စတော့အိတ်ချိန်းတစ်ခုတည်ထောင်သည့်အခါတွင် လိုအပ်နေသည့် အားနည်းချက်များနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက "စတော့မှာလူတွေထည့်ဝင်ခြင်းအားဖြင့် အရင်းအနှီးတွေ တိုးလာမှာလေ။ ဒီလိုလူတွေရဲ့ အရင်းအနှီးတွေ များဖို့ကလည်း ပတ်ဘလစ်ကုမ္ပဏီတွေ အများကြီးလိုတယ်။ ဒီမှာက နည်းနေသေးတယ်။ အဓိကက အများပါဝင်တဲ့ ကုမ္ပဏီတွေ ဖြစ်ဖို့ပဲ" ဟု သုံးသပ်ပြောကြားသည်။

နိုင်ငံခြားကုမဏီတစ်ခုနှင့် ဗဟိုဘဏ်တို့ပူးပေါင်းတည်ထောင်မည့် ပြည်တွင်းစတော့အိတ်ချိန်းတစ်ခုထူထောင်ခြင်းနှင့်ပတ်သက်ပြီး စတော့ရှယ်ယာလုပ်ငန်းကို လက်ရှိလုပ်ကိုင်နေသည့် FMI (First Myanmar Invistment) လုပ်ငန်းစုမှ တာဝန်ရှိသူတစ်ဦးက "အခုလို နိုင်ငံခြားကုမဏီတစ်ခုနဲ့ ပူးပေါင်းပြီး စတော့အိတ်ချိန်းတစ်ခုတည်ထောင်တာဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဈေးကွက်အတွက် အလားအလာအများကြီးကောင်းပါတယ်။ အဓိကလိုအပ်ချက်တွေထဲမှာ အရေးကြီးတာကတော့ အများပိုင်ကုမဏီတွေ များများထွက်လာဖို့ပါပဲ။ မြန်မာနိုင်ငံရဲ့ အများပိုင်ကုမဏီအရေအတွက်ဟာ အရေအတွက်အားဖြင့် အရမ်းကိုနည်းပါးနေသေးပါတယ်" ဟု သုံးသပ်ပြောကြားသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းတစ်ခုပေါ်ပေါက်လာတော့မည့်အကြောင်းအရာနှင့် ပတ်သက်ပြီး စီးပွားရေးပညာရှင်ဒေါက်တာအောင်ထွန်းသက်က "ထုတ်လုပ်မှုတိုးတက်ဖို့နဲ့ လူတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့အတွက်က စတော့အိတ်ချိန်းတွေပေါ်မှာလည်း မူတည်ပါတယ်။ ဘဏ်လုပ်ငန်းတစ်ခုထဲမှာ လူတွေက ငွေစုနေတာနဲ့ အဆင်မပြေဘူး။ ပြီးတော့ ဒီလို စတော့ဈေးကွက်တစ်ခုအတွက် အများပိုင်ကုမ္ပဏီတွေ ဒီထက်ပိုလိုအပ်တယ်။ စတော့ဈေးကွက်တစ်ခုရှိမှ ရင်းနှီးမြှုပ်နှံမှုတွေ ပိုတက်လာမယ်" ဟု သုံးသပ်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဒိုင်ဝါကုမ္ပဏီသည် ယခုကဲ့သို့ ဗဟိုဘဏ်နှင့် ပူးပေါင်းကာ ပြည်တွင်းစတော့အိတ်ချိန်းဈေးကွက်လုပ်ငန်းကို ဆောင်ရွက်ရန်အပြင် မြန်မာနိုင်ငံ၏ အိုင်စီတီနှင့် ဆက်သွယ်ရေးကဏ္ဍတွင်လည်း အမေရိကန်ဒေါ်လာ သန်း ၃၈၀ ကျော် ပမာဏခန့်ကို ရင်းနှီးမြှုပ်နှံဦးမည် ဖြစ်သည်။

## မျက်နှာဖုံး - မွေးဖွားနှုန်းများသော ဘင်္ဂါလီများကို အိမ်ထောင်ပြုခြင်း၊ သားသမီးယူခြင်းများကို ဥပဒေဖြင့်ကန့်သတ်ရန် မရှိ မှ

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အညီ နေထိုင်ပြုမူသွားရန် ဝိုင်းဝန်းပြောကြားရမည် ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြောသည်။

"ဒီပြဿနာကို ကြည့်လိုက်တဲ့အခါ လောလောဆယ်တော့ ခိုးဝင်တာ မတွေ့ဘူး။ လူဦးရေပေါက်ဖွားတာများတယ်။ လူဦးရေပေါက်ဖွားတာများတော့ ဆင်းရဲတာပေါ့။ ကျွေးရ၊ မွေးရတာ ခက်တာပေါ့။ ကျွန်တော်တို့ မြန်မာမှာတော့ မိန်းမတစ်ယောက်ပဲ ယူကြတာပဲ။ ဥပဒေကမိန်းမတစ်ယောက်ထဲပဲ ယူရမယ်လို့ မရှိဘူး။ ဟိုကတအားများတယ်။ လေးယောက်ယူခွင့်ရှိတယ်။ အဲ့တော့ မြန်မာနိုင်ငံမှာနေပြီး မြန်မာနိုင်ငံသားဖြစ်ချင်တယ်ဆိုရင်ဥပဒေအရမရှိသော်လည်း မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာတွေကိုတော့ လိုက်နာဖို့သင့်တာပေါ့။ ဒါတွေက ကျွန်တော်တို့ဝိုင်း လုပ်ကြရမယ့် ဟာတွေ။ ခင်ဗျား မိန်းမ လေးယောက်မယူနဲ့လို့ဥပဒေမှာထုတ်လို့မရတာ။ ကလေးတွေအများကြီးမမွေးနဲ့လို့ ထုတ်လို့မရဘူး။ သို့သော်လည်း မြန်မာနိုင်ငံထဲမှာ နေတော့မယ် မြန်မာနိုင်ငံသားဖြစ်ချင်တယ် ဆိုရင်တော့ ဒီ Custom (ထုံးတမ်းအစဉ်အလာ)လိုက်ဖို့လိုတာပေါ့။ ဒီလူတွေက နှစ်ပေါင်းများစွာ အတူနေခဲ့ကြပြီလေ"ဟု ဦးခင်ရီက ပြောသည်။

ရခိုင်ပြည်နယ်တွင် အနာဂတ်၌ပဋိပက္ခများ ထပ်မံမဖြစ်ပွားရန် ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲနေပြီဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးကလည်း ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများ၏ လူဦးရေမွေးဖွားနှုန်းများသည်ကို မိသားစု တစ်စုတည်း လူဦးရေ ၈၂ ဦးရှိသော မိသားစု ဥပမာပေး၍ ပြောသည်။ ရွှေယောက်ဒူလာအမည်ရှိ ဘင်္ဂါလီအမျိုးသားမှာ ဇနီးလေးဦးရှိပြီး သားသမီး ၂၈ ဦး၊ မြေး ၄၉ ဦး၊ စုစုပေါင်း မိသားစုဝင် ၈၂ ဦး ရှိသည်။ ယခုအခါရခိုင်ပြည်နယ်တွင်ဘင်္ဂါလီလူဦးရေတစ်သန်းခန့်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကလည်း ဇူလိုင် ၃၀ တွင် ရခိုင်ပြည်နယ်၌ လူဦးရေမညီမျှမှုများရှိနေပြီး အထူးသဖြင့် မောင်တောနှင့် ဘူးသီးတောင်ဒေသတွင်ဘင်္ဂါလီလူဦးရေ၉၄ ရာခိုင်နှုန်း၊ ရခိုင် လူဦးရေ ၆ ရာခိုင်နှုန်း အချိုးရှိ၍ ပိုသတိထားရန်လိုကြောင်း ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက်ပြုလုပ်သော အစည်းအဝေးတွင် ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများဖြစ်ပွားခဲ့သော်လည်း နိုင်ငံသားခံယူခွင့်၊ မှတ်ပုံတင်ထုတ်ပေးရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်း၊ မူဝါဒပြောင်းလဲရန် လောလောဆယ် မရှိကြောင်းလည်း ဦးခင်ရီက ပြောသည်။ မူဝါဒများကို ပြင်ဆင်မည်ဆိုပါက လွှတ်တော်တွင် ပြင်ဆင်ရမည်ဟုဆိုသည်။

၁၈၂၄ အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲအပြီး ရခိုင်ပြည်နယ်ကိုဗြိတိသျှက ကိုလိုနီပြုပြီးနောက် လယ်ယာလုပ်သားနှင့် ကာယလုပ်သားအတွက် ဘင်္ဂါလီလူမျိုးများ စတင်ရောက်လာခဲ့သည်။ မှတ်ပုံတင်ဥပဒေအရ၁၉၄၈မတိုင်ခင် မြန်မာနိုင်ငံ၌ နေထိုင်သော ဘင်္ဂါလီ မိဘနှစ်ပါးက မွေးဖွားလာသူ တတိယမျိုးဆက် မြေးအဆင့်ကိုသာ နိုင်ငံသားအဖြစ် လက်ခံကြောင်း နိုင်ငံတော် သမ္မတက UNHCR မှ Mr. Antonio ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် တွေ့ဆုံစဉ် ဇူလိုင် ၁၁ ရက်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှား သံအမတ်က မြန်မာလူမျိုးများထဲတွင် ရိုဟင်ဂျာ ရှိ၊ မရှိမေးမြန်းရာ ဦးခင်ရီက မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးစုမည်သည့် အချိန်တုန်းကမှ မရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ "ကျွန်တော်တို့ မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်တယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်အခြမ်း ရခိုင်ပြည်နယ်ဟာ ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ခဲ့တယ်။ အဲဒီတော့ လယ်ယာလုပ်ငန်းတွေအတွက်၊ ကာယလုပ်သားတွေအတွက် လိုအပ်ချက်ကို တစ်ဖက်နိုင်ငံမှာရှိတဲ့ အင်္ဂါလီလူမျိုးတွေ ကျွန်တော်တို့နိုင်ငံကို အတားအဆီးမဲ့ဝင်လာခဲ့တဲ့အချိန် ကျွန်တော်တို့ဆီမှာ တောက်လျှောက် ဗြိတိသျှလက်ထက်က ရှိခဲ့တဲ့ စာရင်းဇယားတွေ၊ ၁၉၇၀၊ ၁၉၈၃ ခုနှစ်မှာ ကောက်ခဲ့တဲ့ Census (သန်းခေါင်စာရင်း)တွေအရ ကျွန်တော်တို့ဆီမှာ ရိုဟင်ဂျာလူမျိုးဆိုတာ တရားဝင် ဖော်ပြတာဘယ်တုန်းကမှမရှိခဲ့ဘူး။ ဘင်္ဂါလီလူမျိုးသာ ဖော်ပြတာ ရှိခဲ့ပါတယ်။ ကျွန်တော်တို့မှာ တရားဝင်လူမျိုးစုကြီး ၈ စု ရှိပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားနွယ်ဖွား ၁၃၅ မျိုး ရှိပါတယ်။ အဲဒီထဲမှာ ရောဗြိတိသျှစာရင်းဇယားမှာရော၊ ၁၉၇၀၊ ၁၉၈၃ သန်းခေါင်စာရင်းမှာရော ဘယ်တုန်းကမှ ရိုဟင်ဂျာဆိုတာ မရှိခဲ့ပါဘူး" ဟု ဦးခင်ရီက ပြောကြားသည်။

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ခံရာတွင်လည်း ရိုဟင်ဂျာပါမည် မဟုတ်ကြောင်း ၎င်းကပြောသည်။

## မျက်နှာဖုံး - The Voice နှင့် Envoy ဂျာနယ်တို့အား ထုတ်ဝေခွင့် ယာယီရပ်ဆိုင်း မှ

စည်းကမ်းချက်များ ချိုးဖောက်ခဲ့သဖြင့် ဂျာနယ်ထုတ်ဝေခွင့်ကို လာမည့်အပတ်မှစတင်၍ ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးတင့်ဆွေကဇူလိုင်၃၁ရက်တွင်သတင်းဂျာနယ်များမှအယ်ဒီတာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။ Envoy သတင်းဂျာနယ်မှာလည်း အလားတူစည်းကမ်းချက်များ ချိုးဖောက်ခဲ့သဖြင့်လာမည့်အပတ်မှစတင်၍ ထုတ်ဝေခွင့်ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"ဖွန်လကတည်းက သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို မလိုက်နာလို့လို့ ပြောတယ်။ ပြည်တွင်းမီဒီယာတွေအားလုံးက တိုင်းပြည်ကို အကျိုးယုတ်အောင်၊ ဆူပူအောင်၊ နိုင်ငံတော်ပုန်ကန်မှုတွေဖြစ်အောင် The Voice အပါအဝင် ဘယ်ဂျာနယ်မှ မလုပ်ကြပါဘူး။ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲကာလမှာ မီဒီယာက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကူးပြောင်းအောင် ဝိုင်းပြီးကူညီနေတဲ့လူတွေချည်းပါ။ဒီမိုကရေစီရဲ့ သဘောသဘာဝမှာလည်း မီဒီယာလွတ်လပ်ခွင့်ရှိရမှာဘဲလေ"ဟု The Voice Weekly ဂျာနယ် အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက ပြောကြားသည်။

ယခုအကြိမ်သည် The Voice ဂျာနယ်အတွက် ၅ ကြိမ်မြောက် ထုတ်ဝေခွင့်ပိတ်ပင်ခံရခြင်းဖြစ်သည်။ လက်ရှိ ပြည်တွင်းဂျာနယ်ဈေးကွက်အတွင်း သတင်းဂျာနယ် ၄၉ စောင်လည်ပတ်ထုတ်ဝေလျက်ရှိသည်။

## PSA က ရခိုင်သို့ ငွေလှူ

**ရန်ကုန်၊ဇူလိုင် - ၃၀**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိသည့် PSA မြန်မာမိသားစုက ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ပြန်လည်ထူထောင်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေကျပ် သုံးဆယ့်ခုနစ်သိန်းနှစ်သောင်း ရခိုင်သဟာယအသင်းသို့ 7Day News မှတစ်ဆင့် လှူဒါန်းခဲ့သည်။

ရခိုင်သဟာယအသင်းသည် ရခိုင်ပြည်နယ်အတွင်း၌ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ယခုအချိန်အထိ ငွေကျပ် သိန်းကိုးရာ့ရှစ်ဆယ်ကျော်နှင့် အခြားလူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါအသင်းသည်စစ်တွေ၊ဘူးသီးတောင်၊ရသေ့တောင် အစရှိသည့် မြို့နယ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်လျက်ရှိသည်။

**နှင်းသခင်ကုမ္ပဏီမှ အောက်ပါအချက်အလက်များနှင့်ပြည့်စုံသော ဝန်ထမ်းများအလိုရှိပါသည်**

| | | |
|---|---|---|
| ၁။ | အဝေးပြေး Express Car Driver | ကျား(၁၂)ဦး |
| ၂။ | Bus Attendant | မ(၈)ဦး |
| ၃။ | လက်မှတ်အရောင်းဝန်ထမ်း | မ(၃)ဦး |

**အမှတ်စဉ်(၁)** အတွက် ယာဉ်မောင်းကျွမ်းကျင်ပြီး ယာဉ်မောင်းသက်တမ်း(၁၀)နှစ်ရှိပြီးယာဉ်လိုင်စင်(င)အဆင့်အရှိသူ၊ အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။ အလုပ်ချိန်အတွင်း ဆေးလိပ်၊ အရက်(လုံးဝ)မသောက်ရ၊ ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်သူ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရမည်။

**အမှတ်စဉ်(၂)** အတွက် ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်၍ အပြောအဆိုပြေပြစ်ပြီး သွက်လက်ချက်ချာသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ၊ Customer Relationship ကောင်းမွန်သူဖြစ်ပြီး၊ မိမိကိုယ်ကိုမိမိယုံကြည်မှုရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာအသင့်အတင့်ပြောဆိုနိုင်ရမည်။ အသက်(၂၅)နှစ်အထက်မကြီးသူ ၊ အရပ်၅ပေ၂လက်မနှင့်အထက်ရှိသူ ၊ အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။

**အမှတ်စဉ်(၃)** အတွက် ဘွဲ့ရ၊ အသက်(၂၅)နှစ်ထက်မကြီးသူ၊ ရုပ်ရည်သန့်ပြန့်၍အပြောအဆိုပြေပြစ်ပြီး သွက်လက်ချက်ချာသူ၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားကြိုးစားသူဖြစ်ရမည်။ လိုအပ်လျှင် ဂိတ်တွင်ညအိပ်နိုင်ရမည်။ ဂိတ်ရှိသောမြို့များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ အရောင်းလုပ်ငန်းအပေါ် စိတ်ဝင်စားသူ၊ ညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။ မြောက်ဥက္ကလာပနှင့် မင်္ဂလာဒုံမြို့နယ်များတွင် နေထိုင်သူကို ဦးစားပေးမည်။

လျှောက်ထားသူသည် ကိုယ်ရေးအကျဉ်း၊ ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ ၊ ဘွဲ့လက်မှတ်၊ အခြားအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်မိတ္တူ ၊ ရပ်ကွက်ထောက်ခံစာ၊ အိမ်ထောင်မရှိကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်အတူ အထက်ပါအချက်အလက်များပြည့်စုံပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**တိုက်(B/8)၊ ရွှေမာလာရိပ်မွန် ၊ ရွှေကုံကော်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**Ph : 01-513832 , 09-43081415 , 09-420096076 , 09-425305436 , Fax : 01-501020**